
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်မြတ်နိုး

# အမုန်းမရှိတဲ့ အချစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၃၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၆၀၃၀၈

ထုတ်ဝေသူ ◊ ဒေါ်ပိုင်းသဇင်ဌေးလှိုင်
အောင်ပိုင်မင်းစာပေ၊ အမှတ်(၂၂၂)၊
စက်ရုံလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ◊ ဦးဇော်မင်းအေး(မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ အမှတ် (၃၈၆)၊
အင်ကြင်းမြိုင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် ◊ ဦးကျင်ရင်
ရွှေခြသေ့်ပုံနှိပ်တိုက်၊
အမှတ် (၂၂၅)၊ (၃၂)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ◊ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မေလ
အုပ်ရေ ◊ ၅၀၀
တန်ဖိုး ◊ ၁၀၀ ကျပ်

ဖြန့်ချိရေး ◊ ပိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ (၃၁)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄


BURMESE CLASSIC .com


ပထမဘဝရဲ့ အချစ်သည်
အသည်းနှလုံးရဲ့ တစ်နေရာမှာ
ရှိခဲ့သော်လည်း
ကြိုးစားမေ့ပျောက်ခဲ့သည်
ဟန်ဆောင်မေ့ထားခဲ့ပါသည်
ဒုတိယဘဝရဲ့အချစ်က
ပိုမိုခိုင်မြဲတဲ့ အချစ်မို့
ဟန်ဆောင်မေ့မထားနိုင်ပါ။

မိုးလင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးရဲ့
လျှို့ဝှက်သိပ်သည်းတဲ့
သွေးကြောတစ်နေရာ
စီးမျောနေတဲ့အချစ်က
မျှော်လင့်ခြင်းမဲ့တဲ့
အပြုံးရောင်အချစ်လေးပါ။

ထားရွှေခင်



အချစ်ဆိုတာ နွယ်ပင်လိုပဲ
ရစ်ပတ်တွယ်ငြိတတ်လား
ဒါဆို
အချစ်နွယ်ပင်ပေါ်မှာ
အချစ်ဒန်းလေးတစ်ခု ဖန်တီးတည်ဆောက်ပြီး
အချစ်ဒန်းလေးပေါ်မှာထိုင်ပြီး
တအားကို လွှဲစီးပစ်လိုက်မယ်

မိုးနှင်းဆက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

၂၀၀၂ မတ်တူးအဖြူရောင် နောက်ဆုံးပေါ်ကားလေး တစ်စီး လေးညှို့မှလွှတ်လိုက်သည့် မြားတစ်စင်းလို ပြေးနေသည်။ ကားလေးရဲ့ ဦးတည်ရာလမ်းကြောင်းကတော့ ရန်ကုန်အပြည် ပြည်လေဆိပ်ရှိရာသို့ပင် ဖြစ်သည်။ ကားလမ်းဘေးဘီဝဲယာမှာ ရှိတဲ့ အိမ်များ၊ ရှုခင်းများကိုကျော်ဖြတ်၍ တရိပ်ရိပ်ပြေးနေသည်။ လှပလွန်းတဲ့ ကားလေးထဲမှာတော့ သီချင်းသံကျယ်ကျယ်နှင့်အတူ ကားမောင်းနေသူ မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။ ကားရဲ့ အရှိန်ဖြင့် ဆံနွယ်လေးများ လေထဲတွင်ဝဲပျံ၍ သူမရဲ့မျက်နှာ ဘေးတစ်ဖက်တစ်ချက်ကို ရောက်လာလိုက်နှင့် ဦးခေါင်းလေးကို ဝင့်လိုက်ရင် ဆံနွယ်လေးများက အတောင်ပံလေးဖြန့်ကား၍ ဝဲပျံနေသည့် .လိပ်ပြာလှလှလေးတစ်ကောင်ကို ကြည့်ရသလိုနှင့် ကြည့်ရသလိုမျိုး ကြည့်ကောင်းလွန်းလှပါသည်။ သူမရဲ့ မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကိုတော့ အမျိုးအစားကောင်းလွန်းလှသည့် မျက်မှန်အမည်း ရောင်တပ်ထားသည်။ ဖြူနုသော အသားအရည်လေးနှင့် မျက်မှန် လေးမှာလည်း ပဏာတင့်၍နေသည်။ ကားမောင်းနေသည့် သူမမှာ ကားအမြန်မောင်းရတာကိုပင် ကျေနပ်နေသည့် ပုံစံမျိုးဖြင့် မြူးမြူးကြွကြွ နှုတ်မှလည်း သီချင်းလေးကို လိုက်ဆိုနေသည်။

သူမလေးရဲ့ ကားလေးက မင်္ဂလာဒုံလေဆိပ်ဝန်းထဲသို့ ဝင်ရောက်လာလျှင်ပင် လူများစွာတို့ရဲ့ မျက်လုံးများမှာ ပထမဦးဆုံး လှပလွန်းသော ကားလေးကို ကြည့်နေမိကြသည်။

ကားပါကင်နေရာမှာ ထိုး၍ ကားပေါ်မှဆင်းလာသည့် သူမလေးကို ကြည့်လိုက်တဲ့အခါမှာတော့

'တီ… တီ…'

ကားတံခါးကို ရီမုတ်ကွန်ထရိုးလေးဖြင့် လှမ်းပိတ်နေ သည့် မိန်းမချောလေးတစ်ယောက်။ အရမ်းကိုလှပတဲ့ သမင်ပျိုမ လေးအသွင်ဖြင့် ပခုံးသိုင်းလွယ်အိတ်ကြီးကြီးကိုလွယ်၍ လေဆိပ် ထဲသို့ မျက်နှာလေးကိုဝင့်၍ ဆံနွယ်ကောက်ကောက်လေးများကို နောက်ကျောသို့ ပို့လိုက်ရင်းဖြင့် ဝင်လိုက်သည်။

လူတွေအများအပြားရဲ့မျက်ဝန်းတွေက သူမလေးပေါ်မှာ ရောက်နေသည်။





နောက်ဆုံးပေါ် အသားကပ်ဘောင်းဘီသရီးကွာတား အနက်ရောင်လေးအပေါ်မှာ ဂါဝန်ပုံစံ အဖြူခံပေါ်မှာ အနက်စပေါ့ လုံးလေးများပါသော ရင်ဆက်အင်္ကျီအရှည်လေးနှင့် ဖြစ်သည်။ သူမလေးရဲ့ပုံစံလေးမှာ အရမ်းကို ချောမောလှပ ကြည့်ကောင်း ပါသည်။

မြင့်မားသော သူမရဲ့ အရပ်အမောင်းကို ထပ်၍ပံ့ပိုးပေး တာကတော့ ချွန်မြနေသော ဒေါက်ဖိနပ်လေး စီးထားခြင်းပင် ဖြစ်သည်။

လှပတဲ့မျက်နှာလေးနှင့် စွဲမက်ကြည့်ကောင်းတဲ့ ကောင်မ လေးရဲ့အမည်ကတော့ 'မိုးနှင်းဆက်'ပင် ဖြစ်သည်။

သူမလေးက လက်မှာဝတ်ထားတဲ့ အချိန်တိကျမှန်ကန်တဲ့ အိုမီကာနာရီလေးကို တစ်ချက်ကြည့်လိုက်တော့ လေယာဉ်က ဆိုက်နေပြီဖြစ်နေသဖြင့် လာကြိုသူများစွာကို တွေ့ရသည်။ လေယာဉ်ပေါ်မှဆင်းလာတဲ့ လူများစွာတို့ကို Custom မှ တာဝန်ရှိ သူတွေက ပစ္စည်းများစစ်ဆေးနေကြသည်။ ခရီးသည်များကလည်း မိမိပစ္စည်းများ၊ အိတ်များကို စောင့်၍ယူနေကြသည်။

ဟော… ဟိုမှာ ကိုကိုကြီး မိုးလင်းဆက်။

ကိုကိုကြီး မိုးလင်းဆက်ကို မိုးနှင်းဆက်က လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး လှမ်းပြလိုက်ပါသည်။

ကိုကိုကြီးကလည်း လက်လေးပြန်၍ လှမ်းပြလိုက်ပါသည်။

မိုးနှင်းဆက် လာကြိုသူကတော့ သူမရဲ့ တစ်ဦးတည်းသော ဒီလောကမှာ ပြေးကြည့်မှ သံယောဇဉ်တွယ်စရာ ချစ်လှစွာသော ကိုကိုကြီးပင်ဖြစ်သည်။ ကိုကိုကြီးသည် ကုမ္ပဏီအလုပ်ကိစ္စတစ်ခုအတွက် စင်ကာပူသို့သွားရာ ဒီနေ့ ပြန်ရောက်မယ်ဟု သူမကို ဖုန်းဆက်၍ လာကြိုဖို့ပြောသဖြင့် လာကြိုခြင်းဖြစ်သည်။ များပြားလှတဲ့ လူတွေကြားမှာ တွေ့ပါပြီ။

သူမရဲ့အစ်ကိုဖြစ်သော မိုးလင်းဆက်။

လေဆိပ်ထဲမှ ထွက်လာသော ကိုကိုကြီးကို သူမပြေး၍ ကြိုလိုက်သည်။

'ကိုကိုကြီး…'

မိုးနှင်းဆက်က ပြုံးရွှင်သောမျက်နှာလေးဖြင့် ခေါ်လိုက်သည်။

ကိုကိုကြီးကလည်း နှင်းဆက်ရဲ့ ပခုံးလေးကို လှမ်းဖက်၍ ပြန်လည်နှုတ်ဆက်လိုက်သည်။ ကိုကိုကြီးနှင့် နှင်းဆက်တို့ မောင်နှမနှစ်ယောက်သည် အသက် ၁၅နှစ်တိတိ ကွာသည်။ ဒါ့ကြောင့်





ကိုကိုကြီးက သူမလေးကို မီးလေး… မီးငယ်လေးနှင့်သာ ခေါ်ခဲ့သည်။ မိုးနှင်းဆက် ငယ်ငယ်ကဆိုရင် တချို့ မသိသည့် မိတ်ဆွေ များဆိုရင် သူမတို့မောင်နှမနှစ်ယောက်ကို သားအဖလို့ တောင် ထင်ကြသောသူများပင်ရှိသည်။

မေမေက သူ ၁၀ တန်းရောက်မှ ညီမလေး မိုးနှင်းဆက်ကို မွေးဖွားခဲ့သည်။ ကားအက်ဆီးဒင့်တစ်ခုဖြင့် တမလွန်ဘဝကို ရောက်သွားတဲ့ ဖေဖေနှင့် မေမေ မရှိတော့ကတည်းက မိုးလင်းဆက်သည် ညီမလေးကို သမီးလေးတစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့သည်။

ညီမလေးရဲ့ အသေးစိတ်ကိစ္စများကအစ သူပဲ အစစအရာရာ လိုလေသေးမရှိအောင် ပြုစုယုယမှုတွေနှင့် ကြီးပြင်းလာအောင် ပြုစုခဲ့သည်။ ညီမလေးသာ သူ့ဘဝဟုဆိုကာ လူပျိုကြီးဘဝကို ကျေနပ်စွာခံယူခဲ့သည်။

'ကိုကိုကြီး'

ကားနားရောက်တဲ့အထိ ဘာစကားမှ မဆိုသည့် ကိုကိုကြီးကိုကြည့်၍ မိုးနှင်းဆက် ကိုကိုကြီးရဲ့လက်မောင်းကို ဖက်တွယ်ထားရင်းမှ ဒ္ဂကိုဆောင့်၍ ခေါ်လိုက်သည်။ မိုးလင်းဆက်ရဲ့စိတ်ထဲတွင် မြန်မာပြည်ကို ရက်ပိုင်းမျှသာ ခွဲရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုညှို့ မြေပေါ် ခြေချလိုက်တာနှင့်ပင် စိတ်ချမ်းသာသွားသည်ဟု တွေးနေမိသည်။

'ကိုကြီး'

'ဗျာ'

'ဘာတွေစဉ်းစားနေတာလဲ'

'ညီမလေး ကိုကြီးလွမ်းလို့နဲ့တူတယ်၊ ပိုပြီးဝလာသလိုပဲ၊ ဟား… ဟား… ကိုကိုကြီး မီးငယ်လေးအတွက် ဝယ်လာတာတွေ တော်ပါ့မလားလို့ ကိုကိုကြီး တွေဝေနေတာပါ'

လို့ သူ့ညီမဖြစ်သူကို ကျီစယ်လိုက်သည်။

'ဟာ… ကိုကိုကြီးကလည်း…'

သူ့ညီမလေး နှင်းဆက်ရဲ့ ပြုံးပျော်နေသည့် မျက်နှာလေးကိုကြည့်၍ သူ စိတ်ချမ်းသာရပါသည်။ ညီမလေး ပျော်ရွှင်နေတာကိုပဲ ကြည့်ချင်နေပါသည်။

ကိုကြီးနှင့် မိုးနှင်းဆက် နှစ်ဦးသား ကားပေါ်ထိုင်ပြီး ကားစထွက်လိုက်သည်။ မိုးနှင်းဆက်က ကားလေးကို အရှိန်ဖြင့် လေဆိပ်ထဲမှအထွက် ကားတစ်စီးနှင့် တိုက်မိမလို ဖြစ်သွားခဲ့သည်။





ဟိုဘက်ကားက ဘရိတ်အမြန်အုပ်သလို မိုးနှင်းဆက်လည်း ဘရိတ်အမြန်အုပ်လိုက်၍ ကားနှစ်စီး မဟာမိတ်ဖြစ်ခွင့် မရလိုက်ပေ။

မိုးနှင်းဆက် သူမဘက်မှအမှားကို တစ်ဖက်ကားကို လက်လေးလှမ်းပြ၍ သူမကားလေးကို နောက်သို့ဆုတ်ပေးလိုက်သည်။

တစ်ဖက်ကားပေါ်မှ ပုဂ္ဂိုလ်က မကျေနပ်ပေမယ့် ချောချောလှလှ မိန်းကလေးဖြစ်နေ၍ မပြောသာသော်လည်း သူမလေး ဘေးနားမှကားကိုအဖြတ် 'ကားအကောင်းစားကြီးဆိုတာ သတိထားဦး' ဆိုတဲ့ အသံကျယ်ကျယ်ကြီးကိုတော့ ကြားလိုက်ရသည်။

မိုးလင်းဆက်က…

'မီငယ်လေး… ညည်းကို ကိုကိုကြီးပြောနေတာ ကြာပြီနော်၊ ဘယ်လောက်ပဲပြောပြော ကားအမြန်မောင်းတဲ့ အကျင့်ကို မပြင်သေးဘူးနော်'

'ကိုကြီးပြောလို့ မရရင်တော့ ကားကို ပြန်သိမ်းလိုက်မှာနော်'

'ကိုကြီးကလည်း ဒါပဲပြောနေတယ်၊ မီးအမှားမှ မဟုတ်တာ၊ သူလည်း ဒီဘက်ကားကို ကြည့်ပါဦးလား'



www.burmeseclassic.com

www.burmeseclassic.com



‘ဘယ်သူပဲမှားမှား မောင်းတဲ့လူက ဂရုစိုက်ရမှာပဲ’

‘အိမ်ကထွက်ပြေးမှာလည်း မဟုတ်ဘူး’

မိုးလင်းဆက် ပြောနေသော်လည်း မိုးနှင်းဆက် ကားကို အရှိန်မလျှော့သေးပေ။ ကိုကြီး စိတ်တိုစွာဖြင့်…

‘မီးလေး… ကားကို အခုအရှိန်လျှော့လိုက်စမ်း’

အရှိန်အများများဖြင့် မောင်းနေရာမှ ကိုကြီးက ကားကို အရှိန်လျှော့ဆိုလို့ လီဗာကိုလျှော့လိုက်ရာ မိုးလင်းဆက်မှာ သူမကို ဆူနေ သဖြင့် သတိမထားမိလိုက်ဘဲ…

နဖူးနှင့် ဒက်ချ်ဘုတ် ထိမိမတတ်ဖြစ်သွားသည်။

‘ညည်းနော်… ညည်း သတိထား’

မိုးနှင်းဆက် ကိုကြီးပုံကိုကြည့်၍ ရယ်ချင်စိတ်ကို ထိန်း သော်လည်း…

‘ဟင်း… ဟင်း…’

‘ဟား… ဟား…’

သူတို့မောင်နှမနှစ်ယောက် ပျော်ရွှင်စွာ ရယ်မောကြ သည်။ လူကြီးရှက်တော့ ရယ်ဆိုတာ ဒါပဲဖြစ်မယ်။

ကားလေးကတော့ မနှေးလွန်း မမြန်လွန်းသော အရှိန် ဖြင့် သူမတို့အိမ်ရှိရာ ပါရမီလမ်းမှာရှိတဲ့ အိမ်ဂေဟာဆီသို့ မြား





ကလေးတစ်စင်းနှယ် မောင်းနေသည်။

ကိုကိုကြီး မိုးလင်းဆက်သည် စိတ်ဆိုးလျှင်ဖြစ်စေ နှင်းဆက်ကို ချစ်ပါသည်။ ဆူစရာရှိလျှင် ညည်းဆိုသည့် စကား လုံးသုံး၍ပြောသည်။ နှင်းဆက်သည် အားကိုးတွယ်တာစရာ ဒီ အစ်ကိုကြီးတစ်ယောက်သာရှိသဖြင့် ချစ်ခဲ့ရသလို ကိုကြီး စိတ်ဆိုး ရင်လည်း သူ ကြောက်ရွံ့မိတဲ့စိတ်ကလေး ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့ အိမ်မှာ ကိုကိုကြီးရှိနေ၍ မိုးနှင်းဆက် မနက်ပိုင်းဘယ်မှ ထွက်ခွင့်မရပေ။

ကိုကြီးက အလုပ်ကို အရမ်းကြိုးစားသည်။ ပိုက်ဆံရှိပေမယ့် ကိုကိုကြီးနှင့် သူမသည် ဘယ်ပေ့ာမှ လူတစ်ဖက်သားကို မောက်မာစွာ မဆက်ဆံတတ်ပေ။ ရိုင်းစိုင်းမှု မရှိခဲ့ပေ။ မိုးလင်းဆက် ကုမ္ပဏီနှင့် မိုးနှင်းဆက်ကုမ္ပဏီဆိုပြီး တည်ထောင်ထားကာ သူ့ရဲ့အလုပ်ကြိုးစားမှု၊ တိကျသေချာစည်းစနစ်ကျမှုနှင့် ဝန်ထမ်းများကို ဖော်ရွေစွာ ဆက်ဆံမှုတွေကြောင့် ကုမ္ပဏီများမှာ အောင်မြင်သထက် အောင်မြင်လာခဲ့သည်။

မိုးလင်းဆက်ကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်အလှဆင်ပစ္စည်းများ လုပ်ကိုင်သဖြင့် နာမည်ကြီးကုမ္ပဏီတစ်ခု ဖြစ်ခဲ့သည်။





မိုးနှင်းဆက်ကုမ္ပဏီကိုတော့ ညီမလေးအတွက် ရည်ရွယ်ကာ နိုင်ငံခြားမှ မိန်းမအသုံးအဆောင်ပစ္စည်းများ ခေါင်းမှ ခြေဖျားအထိ မိန်းမအသုံးအဆောင်ပစ္စည်းများ တင်သွင်း၍ Shopping Mall တစ်ခုကြီးမှာလည်း မိုးနှင်းဆက်နာမည်ဖြင့် ဆိုင်ဖွင့်ထားခဲ့သည်။ မိုးနှင်းဆက်ကတော့ ထိုဆိုင်ကို စိတ်မဝင်စားပေ။

ညီမလေးကတော့ ဆိုင်ကို သွားချင်တဲ့အချိန်မှသွားသည်။ သူမဟာ အပူအပင်မရှိတဲ့ ကလေးတစ်ယောက်ပုံစံမျိုးပင် ဖြစ်သည်။

ဆိုင်သို့ရောက်ရင်လည်း သူမဝတ်ချင်တဲ့ အဝတ်အစားတွေ၊ အင်္ကျီတွေဖြုတ်၍ယူသလို ဖိနပ်များ၊ လက်ကိုင်အိတ်များဆိုရင်လည်း ဈေးကြီးဆုံး၊ တန်ဖိုးအမြင့်ဆုံး US Madc တွေချည်းပဲ ဖြစ်သည်။

ဆိုင်မှာ တစ်လလုံး ဝယ်ယူတဲ့လူတွေရဲ့ရငွေ ပေါင်းလဒ်သည် မိုးနှင်းဆက်ဝတ်ဖို့ယူသော ပစ္စည်းများစာရင်းနှင့် တန်းတူညီမျှမှု ဖြစ်နေသည်။

ဒါ့ပိုလည်း သူမရဲ့အစ်ကိုဖြစ်သူ မိုးလင်းဆက်ကတော့ ဘာမှမပြောပေ။ သူ့ညီမလေး စိတ်ချမ်းသာရင် ငွေဘယ်လောက်ကုန်ကျပါစေ ပြောစရာမလိုပေ။ သူတို့မောင်နှမ ချမ်းသာသည်



www.burmeseclassic.com

www.burmeseclassic.com



ငွေပမာဏက မရေတွက်နိုင်ပေ။ မိုးလင်းဆက်သည် လုပ်ငန်းတွေကို အများကြီးမခွဲဘဲ ဒီလုပ်ငန်းနှစ်ခုကိုပဲ ဖောက်ချ၍ တိုးပွားအောင်မြင်အောင်လုပ်သဖြင့် လုပ်ငန်းအောင်မြင်သည်။ ချမ်းသာမှုမှာ တစ်နေ့တခြား ဒီရေအလား တိုးပွားခဲ့သည်။

မိုးနှင်းဆက်ကိုလည်း အရမ်းအလိုလိုက်သည်။ သူ့ညီမလေး သူ့ကို ပူဆာလို့မရတဲ့အခါ ကိုကြီးအပေါ် စိတ်ကောက်စိတ်ဆိုးနေရင် သူ့ရဲ့လုပ်ငန်းတွေ အရှုံးပေါ်ကာ အဆင်မပြေသလိုဖြစ်သည်ဟုဆိုကာ ချစ်ညီမလေးကို အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။ ညီမလေး စိတ်မညှိုးနွမ်းအောင် ငယ်ငယ်ကတည်းက အမြဲဂရုစိုက်ခဲ့သည်။ ဒါကိုလည်း မိုးနှင်းဆက်တစ်ယောက် သိ၍နွဲ့ဆိုးနေခြင်းပင်ဖြစ်သည်။

ကျန်တာတွေ ပြောစရာမရှိပေမယ့်လည်း ခက်တာက မီးငယ်လေးဆိုတဲ့ မိုးနှင်းဆက်သည် ပြန်မပြော နားမထောင်ခဲ့ပေ။ သူမရဲ့ ကိုကြီးရှေ့မှာ မိန်းကလေးပီသစွာနေပြ၍ ကိုကြီး မျက်နှာတောင် ဟိုဘက်မလှည့်ချင်သေး။ သူမလုပ်ချင်ရာ လုပ်တော့တာပါပဲလေ။

အဓိကတော့ သူမ ယောကျ်ားလေးအပေါင်းအသင်းများပင်ဖြစ်သည်။ မိန်းကလေးသူငယ်ချင်း မရှိသလောက်ရှားပါး





သည်။ ယောကျ်ားမိတ်ဆွေများကိုလည်း သူမသဘောကျသည့်လူဆိုရင် တွဲသည်၊ သဘောမကျသည့်လူဆို ယောင်လို့ပင်လှည့်မကြည့် ပြုံးမပြတတ်တော့ပေ။

သူမရဲ့ခံယူချက်က ယောကျ်ားလေး သူငယ်ချင်းတွေကအပြိုင်အဆိုင်မရှိဟုဆိုကာ ယောကျ်ားလေးသူငယ်ချင်းသာ ရွေးပေါင်းလေ့ရှိသည့် ဒီအကျင့်ဆိုးကြီးရှိတာကို ကိုကြီး ရိပ်မိသလိုရှိသော်လည်း ပြောလို့မရခဲ့ပေ။

မိုးနှင်းဆက်ကလည်း သူမကိုယ်သူမ တန်ဖိုးထားသည်။ ယောကျ်ားလေးသူငယ်ချင်း များစွာရှိသော်လည်း ချစ်သူရည်းစားမရှိသေးပေ။ သူငယ်ချင်းဘဝမှ မရိုးမသားဆက်ဆံခဲ့ရင်လည်း ဒီလူကို အပေါင်းအသင်းစာရင်းမှ ထုတ်ပယ်ခဲ့သည်။

သူမ ဘယ်သူ့ကိုမှ ချစ်ဖို့စိတ်မကူးခဲ့သောကြောင့် သူငယ်ချင်းအပေါင်းအသင်းများသာ ရှိသည်။ အစ်ကိုဖြစ်သူက ပြောသောအခါ . . .

'အို . . . ကိုကြီးကလည်း၊ ဒါ မီးတို့ ဘော်ဒါကဏ္ဍတွေပါ၊ ကိုကြီး လူငယ်တွေအကြောင်း နားမလည်ပါဘူး၊ ယောကျ်ားလေးတွေနှင့် ပေါင်းရတာ အပြိုင်အဆိုင်မရှိဘူး ကိုကြီး၊ မီးအတွက်က အဖော်တောင်ရသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရခက်တဲ့ သူ့ညီမလေးကို ချော့မော့၍ ပြောပါသော်လည်း…

'ဒါတော့ ဒါပေါ့ မီးရယ်၊ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာ သဘောပေါက်ဦးနော်'

'အင်းပါ ကိုကြီးရဲ့၊ မီးသိပါတယ်၊ မီးကိုယ်မီး အမြဲတန်ဖိုးထားပါတယ်'ဟု အားကျမခံစွာ ပြောခဲ့သည်။

အိမ်မှာ သူတို့မောင်နှမ နှစ်ယောက်နှင့်အတူ ဖေဖေတို့ မေမေတို့ လက်ထက်ကတည်းက ကြီးကြီးမေနှင့် ခြံစောင့်ကြီး ဦးဖိုးမူဆိုတာ ရှိသည်။

ကြီးကြီးမေက လူကြီးဆိုတော့လည်း ညီမလေးနှင့် အတွဲမညီသလို တောင်သူတောင်သား လယ်သမားဘဝမှ လာသောသူဖြစ်သဖြင့် အိမ်ထောင်ထိန်းသိမ်းမှုကိုသာ ကြီးမေ ကျွမ်းကျင်သည်။ ဟိုဒီ လျှောက်သွားဖို့ကို သူ့အရွယ်ကြောင့် ဝါသနာမပါ။ ဘယ်သောအခါမှ ခေါ်လို့မရခဲ့ပေ။

တစ်နေ့တော့ မိုးလင်းဆက်က အိမ်ကို စောစောပြန်ရောက်နေသည်။ ညီမဖြစ်သူ မလာသေးသဖြင့် စိတ်တိုစွာ အပြင်မှ ထွက်စောင့်နေမိသည်။ ပေါ်တီကိုအောက်မှာ ကားကို ဝေါခနဲ ထိုးရပ်လိုက်သည့် မိုးနှင်းဆက်ကို…





'ညီမလေး ဘယ်ကပြန်လာတာလဲ'

လက်ထဲမှ အထုတ်အပိုးများကိုပြ၍…

'Shopping ထွက်တာ ကိုကြီး'

'ညည်းမှာ ဒီလောက် အသုံးအဆောင် အဝတ်အစားတွေ ပေါများနေတာကို၊ ဘယ်တွေများ ထပ်ဝယ်တာတုန်း၊ အိမ်မှာဖြင့် တစ်နေကုန်ပြည့်အောင် နေပါဦးလား'

မိုးနှင်းဆက် မျက်နှာစူပုပ်၍ အိမ်ထဲသို့ ခြေဆောင့်၍ ဝင်ကာ ဆိုဖာပေါ်သို့ သူမရဲ့ကိုယ်လုံးလေးကို ဝုန်းခနဲ ပစ်ထိုင်ကာ….

'ကိုကြီးနော်… ဘာဖြစ်လို့ မီးကို လိုက်ပြောနေတာလဲ'

'တစ်နေ့တစ်နေ့ မီးကိုလည်း ကြည့်ပါဦး'

'ကိုကြီးက ကုမ္ပဏီတွေသွား၊ ဒီလောက်ကြီးတဲ့ အိမ်မှာ ကြီးကြီးမေနှင့် မီး နှစ်ယောက်တည်း၊ ပျင်းဖို့ကောင်းတာ၊ မီး အပြင်မသွားရင် အိမ်ထဲမှာပဲ အမြဲနေရင် ချည့်ပြီး မြန်မြန်သေသွားမယ်နော် ကိုကြီး၊ မီးဘက်ကိုလည်း ကိုယ်ချင်းစာပေးကြပါဦး'

မျက်ရည်များဝဲ၍ ငိုသံနှင့် ပြောတော့…

'ကိုကြီးကရော မီးအတွက် ဘာတွေများအချိန်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ မီးနဲ့ ဘယ်တုန်းက လျှောက်လည်ဖူးလို့လဲ၊ ပြောပါဦး၊ 'ကိုကြီးကိစ္စတွေနဲ့ပဲ အမြဲတမ်း ရှုပ်နေတာပဲ၊ မိး‍ာ ကိုကြီးကို ဘာတွေများ ဒုက္ခပေးနေလို့လဲ'

'ဟော… သူကပြောတာ နည်းနည်း၊ သူ့ကိုပြောတာက များမျ‍ား။

မိုးလင်းဆက်မှာ ညီမလေးကို ပစ်ထားသလိုဖြစ်ခဲ့ပါသည်။ အောင်မြင်နေတဲ့ စီးပွားရေးကို မလစ်ဟင်းအောင်၊ ပိုမိုအောင်မြင်အောင်၊ တိုးပွားမှုရှိအောင် လုပ်ခဲ့သည်။ မနားမနေကြိုးစားခဲ့သည်။ ဒါဟာလည်း ညီမလေးအတွက်ပဲလေ။

မိုးလင်းဆက် အသက် (၃၀)ကျော်ပြီး (၄၀)နားနီးလာသည်အထိ အချစ်ရေးကို မစဉ်းစားခဲ့ပေ။ အသက် (၂၀)ကျော်လောက်တုန်းကတော့ အချစ်ကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ညီမလေးနှင့် သူ ချစ်သူနှင့် လွှန်ဆွဲပွဲမှာ တစ်ယောက်တည်းဖြစ်တဲ့ ညီမလေးဘက်မှ ရပ်တည်ခဲ့သည်။ ဖေဖေ၊ မေမေတို့ကိုယ်စား ညီမလေးကို စောင့်ရှောက်ခဲ့သည်။ သူကတော့ ညီမလေးကို ပစ်မထားရက်ခဲ့ပေ။ အခုတော့ ညီမလေးက သူ့ကို အပြစ်စကားတွေ ပြောနေပြီ။

သူ ညီမလေးကို ထားခဲ့လို့ မဖြစ်ပေ။ ထားခဲ့ဖို့နေနေသာ





သာ ညီမလေးကို မျက်စိအောက်က အပျောက်မခံနိုင်ပေ။

အလုပ်တာဝန်တွေနဲ့ ညီမလေး ဒီနှစ်ခုစလုံး သူ့ဘဝအတွက် အရေးကြီးဆုံးပဲ ဖြစ်သည်။

ချစ်ညီမလေး နှင်းဆက်ရဲ့ မျက်ဝန်းလှလှလေးမှာ သူ့ကိုရန်တွေ့စကားများပြောပြီး မျက်ရည်များဝဲနေတဲ့ ညီမလေးရဲ့ ဆံစနုနုလေးတွေကို တယုတယလေး ပွတ်သပ်ပေး၍ ချော့မိသည်။

'ကိုကြီးက ညီမလေးကို စိုးရိမ်လို့ပါကွယ်'

ကိုကြီးမိုးလင်းဆက်ရဲ့ အပြုအမူလေးများကြောင့် မိုးနှင်းဆက် သူမချစ်သော ကိုကြီးကို ကြာကြာစိတ်မကောက်ရက်ပါဘူး ကိုကြီးရယ်။

ကိုကြီးကိုလည်း သူမ အရမ်းချစ်ခဲ့ပါသည်။ သူမ သိတတ်ကာစမှာ ပထမဦးဆုံး မှတ်မိရမှာ ဖေဖေနှင့် မေမေတို့ရဲ့ မျက်နှာဖြစ်ရမှာ ဖြစ်သော်လည်း သူမ အခါလည်သားကျော်ကျော်လောက်မှာတော့ ဖေဖေနှင့်မေမေ တစ်ဦးတည်းသွေးချိုးဖြစ်တဲ့ မေမေ့အစ်မကြီးဖြစ်သူ ဒေါ်တင်မာလာတစ်ယောက် နေမကောင်းဖြစ်သည်ဟုဆိုကာ လှိုင်ကော်သို့ လိုက်သွားကြရာ အပြန်တွင် ကားဘရိတ်ပေါက်၍ ကားမှာ တောင်အောက်သို့ ရောက်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် မေမေ အပါအဝင် ဒရိုင်ဘာဖြစ်သူပါ ပွဲချင်းပြီးဖြစ်၍ အလောင်းတောင် ပြန်မရခဲ့ကြတာကို သူမလေး ကြီးလာတော့ သိခွင့်ရခဲ့သည်။

ဒါ့ကြောင့် ကိုကြီးရဲ့ ပြုစုယုယမှုများ၊ နွေးထွေးစွာ စောင့်ရှောက်မှုများကြောင့် သူမ လူလားမြောက်ခဲ့ရသည်။ သူမ ဒီနှစ် ကျောင်းပြီးသည်။ ကျောင်းတက်ဖို့မရှိတော့။ ဘာမှ အလုပ်မလုပ်ရသော်လည်း သူမ စီးပွားရေးနှင့်ပတ်သက်သည့် ဒီပလိုမာသင်တန်းတွေဆက်တက်နေဆဲ။ သူမ ကွန်ပျူတာကိုလည်း ကျွမ်းကျင်အောင် တတ်မြောက်သင်ကြားခဲ့သည်။ ဒီတစ်ခုလေးကတော့ သူမလေးကို ချီးမွမ်းရမှာဖြစ်သည်။ ကလေးဆန်စွာနေသော်လည်း အရွယ်အားဖြင့် မငယ်တော့ပါ။





# အခန်း (၃)

ဒီနေ့ ကိုကြီး မနက်အစောကြီးကတည်းက ကုမ္ပဏီကို သွားသဖြင့် မိုးနှင်းဆက်တစ်ယောက်တည်း ပျင်းနေမိသည်။ အပြင်ကို အမြဲသွားလာထွက်နေတာကို ကိုကြီး ဆူထားသဖြင့် ဒီနေ့တစ်နေ့တော့ အိမ်မှာပဲနေမည်ဟု စိတ်ကူးမိသော်လည်း…

'တီတီ… တီတီ'

ဖုန်းသံလေးကြောင့် မိုးနှင်းဆက် သူမရဲ့ဖုန်းလေးကို ကောက်ယူကြည့်လိုက်တော့ သူမရဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဝေယံဆီမှ ဖုန်းဖြစ်သည်။

'ဟယ်လို…'

'နှင်းမ ငြိမ်လှချည်လား၊ အခု ဘယ်ရောက်နေလဲ'

'ဘယ်မှမရောက်ဘူးဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'အိုင် အပြင်ထွက်တာတွေများလို့ ငါ့ရဲ့ ချစ်လှစွာသော တစ်ဦးတည်းသော ချစ်ကိုကြီး ကျေနပ်အောင် အိမ်မှာ တစ်ရက်လောက်နေကြည့်မလို့'

ဝေယံက...

'လုပ်မနေစမ်းပါနှင့်ဟာ၊ အကြောင်းသိတွေ အချင်းချင်း ကိုများ'

'နင် အခု ထွက်လာခဲ့၊ ဒီမှာ အုပ်စုတောင့်နေပြီ'

မိုးနှင်းဆက်က...

'ဘာအစီအစဉ်ရှိလို့လဲ ဝေယံ'

'ငါတို့အုပ်စု မနက်စာ Mr. Guitar မှာ ဆူကီသွားစား မလို့၊ နင့်ကိုစောင့်နေတာ နင် အဲဒီကိုပဲလာလိုက်၊ ငါတို့ အဲဒီမှာ စောင့်နေမယ်'

'နင် အမြန်ဆုံးလှမ်းလာခဲ့တော့ နှင်းဆက်'

'အိုကေ... ငါ အခုပဲ အဝတ်အစားလဲပြီး ထွက်လာခဲ့ မယ်'

ပြောပြီး သူမ ဖုန်းကိုပိတ်၍ အပြင်ထွက်ဖို့ ပြင်ဆင်တော့ သည်။ မိုးနှင်းဆက် ဘောင်းဘီအပျော့သား ခါးခပ်လျော့လျော့ ဘောင်းဘီအပြာနုရောင်လေးကို ခါးပတ်အပြာကြီးပတ်၍ အပေါ်





မှ နောက်ကျင်းအင်္ကျီ အနက်ရောင်လေး လဲလှယ်လိုက်သည်။ လှပတဲ့ အောက်ဖျားအကောက်လေးတွေနှင့် ဆံပင်တွေကိုတော့ ဒီအတိုင်းချထားလိုက်သည်။ သူမရဲ့ ဆံပင်ရှည်တွေကြောင့် နောက် ကျောလုံသွားသလို ဖြစ်သော်လည်း ရှေ့ဘက်မှာတော့ ဖြူဖွေး ဝင်းနှစ်နေတဲ့ သူမရဲ့ အသားအရေလေးများမှာ အင်္ကျီကြောင့် အသားဝင်းဝင်းလေးနှင့် လက်မောင်းသားအိအိလေးများမှာ ကြည့်မိသူတိုင်း မျက်စိလွှဲချင် စရာမရှိပေ။ ခါးခပ်လျော့လျော့ ဘောင်းဘီကြောင့် လက်ဖြင့် ဆံပင်များကို သပ်တင်ပြီး နောက်သို့ လှမ်းလှမ်းပို့တတ်သည့် သူမရဲ့စတိုင်လ်လှလှလေးကြောင့် လှပ်ခနဲ လှပ်ခနဲ ပေါ်သွားတဲ့ နေရာများမှာ မြင်သူတိုင်း ငေးမောကြည့်ရတဲ့ ဆန်းသစ်မှုများနှင့် ခေတ်ရှေ့ကို အလွန်တရာ ပြေးနေသည့် အမူအရာလေးများပင် ဖြစ်သည်။

မိုးနှင်းဆက်က ကားကိုအမြန်မောင်းတတ်တာ အကျင့် ဖြစ်သဖြင့် သူမရဲ့မတ်တူးလေး ဝေယံတို့ရှိတဲ့ Mr. Guitar ရှိရာသို့ တရိပ်ရိပ်ပြေးနေသည်။

များမကြာမီ အချိန်လေးမှာ...

'ဝေါ... ဝေါ...'

ကားအင်ဂျင်သံ ညက်ညက်ကလေးဖြင့် Mr.Guitar



www.burmeseclassic.com

www.burmeseclassic.com



ကို ဝင်လာတဲ့ ကားလေးကို ဝေယံနှင့် အဖော်ကောင်လေးတစ်ယောက် ရပ်ကြည့်နေသည်။

မိုးနှင်းဆက် ကားပေါ်မှဆင်းကာ ပြုံးရွှင်၍ အပြစ်ကင်းအပူအပင်မရှိသော သူမရဲ့ ဟန်ပန်လေးအတိုင်း ဆံနွယ်အိအိလေးများကို ဆတ်ခနဲ ပင့်တင်ကာ…

'ဟိုင်း… ဝေယံ၊ You စောင့်နေတာ ကြာပြီလား'

'သိပ်မကြာသေးပါဘူး၊ အေးဆေးပါ'

ဝေယံက ပြောလိုက်ရာ ဘေးမှအဖော်ဖြစ်သူ…

'ကိုယ်ကတော့ စောင့်ရတဲ့အလုပ်ကို သိပ်စိတ်မရှည်ဘူးနော်'

မျက်ခုံးနှစ်ဖက်ကို အတွန့်ချိုး၍ စူပုပ်၍ ပြောနေသူကို မိုးနှင်းဆက် ကြည့်လိုက်ရာ သူမကလည်း သူ့ပြောစကားကို မကျေနပ်စွာဖြင့်…

'တို့က ဘယ်သူ့ကိုမှ မစောင့်ခိုင်းဘူးနော်'

'မင်းနဲ့ ကိုယ်နဲ့လည်း မသိပါဘူးနော်'

ဘလိုင်းကြီးပြောနေသည့် သူ့ကို စေ့စေ့ကြည့်၍ ပြန်ရန်တွေ့မိသည်။ နှင်းဆက်ရဲ့စကားကြောင့် ထိုကောင်လေးကလည်း မကျေနပ်စွာဖြင့် မိုးနှင်းဆက်နှင့် ထို ခပ်မိုက်မိုက်ပုံစံ ကောင်လေး





နှင့် မျက်လုံးချင်းအားပြိုင်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

မိုးနှင်းဆက် သူ့ရှေ့မှ ကောင်လေးကို ကြည့်မိသည်။ မြင့်မားသော အရပ်အမောင်းနဲ့ အသားအရေ အတော်လေးဖြူဖွေးစိုပြည်ကာ အသားဖြူသူမို့ အသားအရေ နုထွတ်နေခြင်းမျိုးဖြစ်သည်။

နှုတ်ခမ်းမွှေးလေးများ မရေးတရေး မပေါ်တပေါ်လေးတွေနှင့် နားသယ်ဆပ်မှ မွှေးညင်းစိမ်းစိမ်းလေးများနှင့်ဖြစ်သည်။ ရုပ်ရည်ချောမောသည့် စတိုင်လ်လေးတွေအပြည့်နှင့်ပင်ဖြစ်သည်။

ဆံပင်ကလည်း ရွှေရောင်လေးဆိုးထားပြီး ကျစ်ဆံမြီးသေးသေးလေးတွေ ကျစ်ထားသည်မှာ အသည်းယားစဖွယ်ပင်ဖြစ်သည်။

နားတစ်ဖက်မှာ တဖျတ်ဖျတ်လက်နေသည့် နားကပ်သေးသေးလေး ဝတ်ထားပြီး ငွေရောင်ဆွဲကြိုးကြီးကြီးနှင့် လက်ကောက်တွေ၊ လက်စွပ်တွေ ဝတ်ထားသည်။

'ကဲပါ… မင်းမဟာ၊ မင်းတို့ရဲ့ ပါဝါအားပြိုင်မှုတွေ ရပ်လိုက်ကြတော့ကွာ၊ မင်းနဲ့ ငါတို့ သူငယ်ချင်းမလေးနဲ့ မိတ်ဆက်ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



မင်းမဟာက နှင်းဆက် မျက်ဝန်းမှအကြည့်ကို မခွာသေးဘဲ…

'မလိုပါဘူးကွာ၊ ကို့နှစ်ယောက် အခုပဲ မျက်လုံးချင်း အင်ထရိုဝင်လိုက်ကြပြီ၊ အပြွန်း…'

မင်းမဟာ သူ့ရှေ့မှာရှိတဲ့ ကောင်မလေးကိုကြည့်၍ သူ လိုလူနှင့် မျက်လုံးချင်းပြိုင်ကြည့်ရဲသူကို စိတ်ထဲတွင် သဘောကျသွားပြီး တင်းမာမှုကို အလျှော့ပေးလိုက်သည်။ ဘာလဲ… မင်းက မာနမင်းသမီးလား။

မိုးနှင်းဆက်ရဲ့မျက်လုံးများတင်းမာမှုကိုလည်း ပြောင်းလဲ၍

'ဝေယံ You ပြောတော့ အုပ်စုတောင့်တယ်ဆို၊ အခု ဘယ်လိုဖြစ်လို့ နှစ်ယောက်တည်းရှိတာလဲ'

'အေး… ဟုတ်တယ်'

'ပထမ စီစဉ်တုန်းက ဟိုကောင် မိုးသူလေ သူပဲ အစီအစဉ်လုပ်ပြီးတော့ သူတို့ရဲ့ ချစ်ချစ်မဒီတွေ ဖုန်းတွေလည်းဝင်လာရော ငါတစ်ယောက်ပဲ ကျန်တော့တယ်၊ ဒါတောင် ငါက လက်ရှိရည်းစားမရှိသေးလို့နော်၊ နင့်မှာ အဖော်ရှိနေသေးတယ်၊ နင်လည်း အတွဲလေးဘာလေး အမြန်ရှာနော်'





မဟာဘက်ကို မျက်စပစ်၍ပြောသည်။

မိုးနှင်းဆက်သည် ဝေယံမျက်နှာ အမူအရာကြောင့်…

အောင်မယ်… အောင်မယ်… ဒီကောင်က လူကို စ,စရာများ အောက်မေ့နေသလား မသိဘူး။

'နေဦး… တွေ့ဦးမယ်'

'ဝေယံ အစုတ်ပလုတ်ကောင်'

'You သွားသေလိုက်ပါလား'

'ဟား… ဟား…'

ဝေယံက အော်ဟစ်ရယ်မော၍ ဆိုင်ထဲကိုဝင်လိုက်ရာ မိုးနှင်းဆက် မင်းမဟာမျက်နှာကို လှမ်းကြည့်လိုက် နှုတ်ခမ်းတစ်ဖက်ကို တွန့်တယ်ဆိုရုံလေး ပြုံးလိုက်သည်။ သူ့စတိုင်လ်ဖမ်းလေးကို တစ်ချက်တော့ သတိထားမိသွားသည်။

မှာထားတဲ့ ဆူကီ မလာသေးခင်မှာ ဝေယံက စတင်၍…

'နှင်းဆက်'

'Yes'

'သူ့နာမည် မင်းမဟာ'

မင်းမဟာက မိုးကုတ်သားဝေယံရဲ့စကားကို ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖကိုယ်က အခု လှည်းတန်းတိုက်ခန်းတစ်ခန်းမှာ တစ်ဦးတည်းနေတယ်၊ ကိုယ်က ပန်းချီဝါသနာပါတယ်'

'ကိုယ့်မှာ ဖေဖေနှင့် မေမေ ဒီဗိုစ်ကွာရှင်းပြီးသားဖြစ်သွားပြီးကတည်းက တစ်ယောက်တည်းဖြစ်နေတဲ့ ကိုယ့်အဘွားနဲ့ မန္တလေးမှာ လာနေတယ်၊ အခု အဘွားဆုံးသွားတော့ ကိုယ်တစ်ယောက်တည်းမို့ မန္တလေးမှာ မနေချင်လို့ ရန်ကုန်ကို တက်လာခဲ့တာပဲ'

'ရန်ကုန်မှာတော့ ကိုယ်က မဝေယံတို့နှင့် ပထမဦး ကလပ်တစ်ခုမှာတွေ့ပြီး တွဲမိသွားကြပြီး ခင်သွားတာလေ၊ ကိုယ့်အကြောင်းကတော့ ဒါပဲ'

နှင်းဆက်က...

'အိုင့်အကြောင်းကလည်း သိပ်မထူးပါဘူး၊ Youနဲ့ အတူတူပါပဲ၊ ဒါပေမဲ့ တို့က သိပ်ချစ်တဲ့ ကိုကိုကြီးတစ်ယောက်ရှိတယ်'

မင်းမဟာရဲ့ဘဝကို စာနာ၍ ဖေးမစွာ ဖော့ဖော့လေး ပြောမိသည်။

သူတို့တွေမှာထားတဲ့ စားစရာများ စားသောက်ကြရင်း လူငယ်တို့သဘာဝအတိုင်း လျင်မြန်စွာခင်မင်သွားကြသည်။





စားသောက်ပြီး ဝေယံနှင့် မင်းမဟာက ကားတစ်စီးဖြင့် နှင်းဆက်ကို လက်ကလေးများထောင်ပြ၍ နှုတ်ဆက်သွားကြသည်။

မင်းမဟာ လက်ပြပြီးမှ လက်မနှင့် လက်သန်းလေးကိုထောင်၍ ဖုန်းဆက်မယ်ဟု လုပ်ပြသွားသည်။

နှင်းဆက်ကလည်း ပြုံး၍ ခေါင်းလေးညိတ်ပြလိုက်သည်။ နှင်းဆက် အိမ်မပြန်ချင်သေးဘဲ ကားကို မြို့ပြင်ထိရောက်အောင် လျှောက်မောင်းနေမိသည်။ ကားထဲမှာ ကက်ဆက်အကျယ်ကြီးဖွင့်ပြီး မောင်းရတာကိုလည်း ကြိုက်သည်။

သူမဘဝမှာ လိုလေသေးမရှိအောင် ပြည့်စုံကြွယ်ဝနေသဖြင့် ဘာမှ သူမခေါင်းထဲမှာ ထည့်မထားသလို ဘာကိစ္စတွေကိုမှလည်း လေးလေးနက်နက် မတွေးတောခဲ့ပေ။

လေဟုန်ကိုစီးသည့် စင်ရော်ငှက်ကလေးများလို အပူအပင်မရှိ လွတ်လွတ်လပ်လပ် အတောင်ပံကို အစွမ်းကုန်ဖွင့်၍ ပျံသန်းနေပါတော့သည်။

သူမ ခေါင်းထဲ အသိအာရုံထဲမှာ ယခုအချိန်ထိ မင်းမဟာဆိုတဲ့ ကောင်လေးအကြောင်း မရှိသေးပေ။

အိမ်သို့ နှင်းဆက်ပြန်ရောက်တော့ ညအမှောင်ထု ဝင်ရောက်တဲ့အချိန်ဖြစ်၍ ကိုကိုကြီး မိုးလင်းဆက်တစ်ယောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့၍ ကိုကိုကြီး ပြန်ရောက်နေပြီဆိုတာသိ၍သွားပြီး သူမ တော့ ခေါင်းကျိုန်းပြီး နားပူတော့မှာကို တွေးမိသည်။

ကားကို အိမ်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာရှိတဲ့ ကား ဂိုဒေါင်နှစ်ခုရှိသည်။ တစ်ခုက ကိုကိုကြီးရဲ့ ဆိုက်ကနက် ငွေမင် ရောင်ကားကြီး ခန့်ခန့်ညားညား နေရာယူထားသဖြင့် သူမကားကို လွတ်နေတဲ့ ဂိုဒေါင်ထဲသို့ မောင်းဝင်ခဲ့သည်။

အိမ်အပေါက်ဝမှာ ကိုကိုကြီးရဲ့ မတင်းမမာမျက်နှာက သူမကို မကျေနပ်ကြောင်း ပြနေသဖြင့်...

'အဟဲ... ကိုကိုကြီး ဒီနေ့ပြန်လာတာ စောတယ်နော်'

မိုးလင်းဆက်က...

'ဘာစောတာလဲ မီးလေး'

'အချိန်ကိုကြည့်ဦး'

'ည ၆ နာရီကျော်နေပြီ၊ ဘယ်တွေ လျှောက်သွားနေ တာလဲ'

'ကိုကိုကြီး စိတ်ပူနေတယ်ဆိုတာ မသိဘူးလား'

'ဟန်းဖုန်းကိုဆက်တော့လည်း မရဘူး'

'ဟို... ဟို...'

မိုးဆက် စိတ်ထဲတွင် ဖုန်းခေါ် လို့ ဘယ်ရမလဲ။ သူမကား





က မြို့ပြင်အထိရောက်အောင်မောင်းနေသဖြင့် ကားထဲမှာဖြစ်တဲ့ အပြင် ဖုန်းကို သူမရဲ့လက်ကိုင်အိတ်ထဲမှာ ထည့်ထားတော့ မကြားရတာဖြစ်သည်။

ကက်ဆက်သံအကျယ်ကျယ်ကြီးကြောင့်လည်း ဖြစ်မယ်။

'မီးလေး'

'ရှင်...'

'ကိုကိုကြီးပြောနေတာ ကြားလား'

နှင်းဆက်က...

'ကြားပါတယ် ကိုကြီး'

'မြို့ပြင်ကို ကားလျှောက်မောင်းနေတာ'

'ညည်း...ညည်း... ဘယ်လောက်ပဲပြောပြော ဒီလောက် အဝေးကြီးကိုကွာ၊ ဘယ်သူ့ကိုမှမပြောဘဲ ထွက်သွား ရလား၊ တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ဘယ်တော့မှ ရှေ့နောက် မစဉ်းစားဘူး'

မိုးလင်းဆက် စကားပင်မဆုံးသေး။ နှင်းဆက်ရဲ့ မကျေ မနပ်သံလေးဖြင့်...

'ကိုကိုကြီး'

'ဘာလဲ... ဘာဆင်ခြေတွေပေးဦးမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မီး ကားမောင်းကျွမ်းတာ သိရဲ့သားနဲ့'

မကျေမနပ်ပြောမိသည်။

မိုးလင်းဆက်ကလည်း အလျှော့မပေးပေ။

'ကားမောင်းကျွမ်းကျင်တာ ကျွမ်းကျင်တာ သတ်သတ်ပဲလေ၊ အခုလို စိတ်ထင်တိုင်း ကားလျှောက်မောင်းနေရင် မလွယ်ဘူး၊ အဝတ်အစား ဝတ်တာကိုလည်း ကိုကိုကြီး မပြောသာပေမယ့် တစ်ယောက်တည်းသွားရင် ဒါမျိုးပုံစံ မီးလေး မဝတ်သင့်ဘူး'

နှင်းဆက်ကလည်း…

'ဒါမျိုး မဝတ်စေချင်ရင် ကိုကိုကြီး ဆိုင်မှာလည်း မရောင်းနဲ့ပေါ့'

ဆောင့်ဆောင့်အောင့်အောင့်လေး ပြောသည့် ညီမငယ်ကိုကြည့်၍…

'ဒီကောင်မလေး ပြောလေ ကဲလေပါပဲလား'

ကုမ္ပဏီတွေမှာ ဦးဆောင်နေတဲ့ မန်နေဂျင်းဒါရိုက်တာတစ်ယောက်ဖြစ်တဲ့ မိုးလင်းဆက်ဆိုတဲ့သူဟာ ကျန်တဲ့လူတွေကို အုပ်ချုပ်လို့ရပေမယ့် သူ့ညီမလေးမိုးနှင်းဆက်ကိုတော့ လက်မြှောက်ထားရသည်။ ဒါဟာ ညီမလေးကို ချစ်လို့ပဲမဟုတ်လား။





'မဖြစ်ဘူး၊ မဖြစ်ဘူး… ဒရိုင်ဘာတစ်ယောက် ထားပေးမှပဲဖြစ်မယ်'

'ကိုကိုကြီး…'

'ဒရိုင်ဘာမောင်းတဲ့ကား မီး မစီးဘူးနော်၊ ကိုကိုကြီးဇွတ်ကြီး ဒရိုင်ဘာထားရင် နောက်မှ အဆိုးမဆိုနဲ့၊ ဒါပဲ'

ပြတ်သားစွာပြော၍ လှည့်ထွက်ကာ အိမ်ပေါ်ထပ် ပြေးတက်သွားသည့် ညီမလေးကိုကြည့်၍ မိုးလင်းဆက်တစ်ယောက် သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်ပါသည်။

ညစာစားဖို့ ထမင်းဝိုင်းတွင် မိုးလင်းဆက်တစ်ယောက် ညီမလေး နှင်းဆက်ကို မတွေ့၍…

'ကြီးမေ… မီးလေး ထမင်းစားပြီးသွားပြီလား'

'သားကြီး… မင်း ညီမလေးကတော့ သိတဲ့အတိုင်းပဲလေ၊ သူ့ကို သားကြီးက ဆူလိုက်တော့ စိတ်ကောက်ပြီး အခန်းအောင်းနေတာ ဖြစ်မှာပေါ့ကွယ်၊ ကြီးမေ မီးငယ်လေးကို သွားခေါ်ပေးမယ်'

ကြီးမေ သူ တစ်ခါတလေ စိတ်ပျက်မိသော်လည်း ချော့ရတာ အမြဲဖြစ်နေလို့ မဆန်းတော့ပေ။

'ကြီးမေ သွားမခေါ်နဲ့၊ ကြီးမေသွားခေါ်ရင်လည်း သူအခ



www.burmeseclassic.com

www.burmeseclassic.com



လာမှာမဟုတ်ဘူး၊ ကျွန်တော်ပဲ သွားခေါ်တော့မယ်'
ကြီးမေက သဘောကျစွာဖြင့် ရယ်မော၍…

'သားကြီးရယ်… မီးငယ်လေးကို အရမ်းမဆူပါနဲ့ကွယ်၊ သူလည်း သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ပါတယ်၊ ကလေးက သနားပါတယ်'

မိုးလင်းဆက် ညီမလေးကို သနားတာပါပဲ ကြီးမေရယ်ဟု စိတ်ထဲတွင်ပြော၍ လှေကားထစ်တွေဆီမှတစ်ဆင့် ညီမလေး အခန်းရှေ့ရောက်တော့ အခန်းတံခါး စေ့ထားတာမြင်၍ အခန်းထဲသို့ဝင်၍…

'မီးလေး…'

ကိုကိုကြီး ခေါ်သံကိုကြားသော်လည်း မျက်လုံးကို စုံမှိတ်၍ မထူးဘဲနေမိသည်။

'မီးလေး ထ၊ မအိပ်သေးဘူးဆိုတာကို ကိုကြီး သိတယ်နော်၊ ထမင်းစားမယ်၊ ကိုကိုကြီး ဗိုက်ဆာနေပြီ၊ ကိုကိုကြီး မီးလေးနဲ့ အတူတူစားချင်လို့ စောင့်နေတာ၊ မီးလေးလည်း ထမင်းဆာနေပြီ မဟုတ်လား၊ ထနော် လိမ္မာပါတယ်ကွာ၊ ကိုကြီး ညီမလေးက လိမ္မာပါတယ်ကွာ'

အိပ်ရာပေါ်မှ ဆွဲထူမိသည်။





နှင်းဆက်လည်း ဗိုက်အရမ်းဆာနေပြီ။ ဆက်ပြီး ဟန်မဆောင်ချင်၍ မျက်စိကိုဖွင့်၍…

'ဒါဆိုရင် ကိုကိုကြီး မီးကို ကတိပေး'

နှုတ်ခမ်းစူကာ ပြောနေသည့် ချစ်ညီမလေးကိုကြည့်၍ မိုးလင်းဆက်က…

'ဘာကတိလဲ'

'ဒရိုင်ဘာ မခေါ်ထားဘူးဆိုတဲ့ ကတိ၊ အဟွန့်…'

သူတို့မောင်နှမနှစ်ယောက်စလုံး ဒရိုင်ဘာနှင့်မောင်းသောကားကို ယခုအချိန်ထိ မစီးဖူးကြသေးပေ။

နှင်းဆက် ငယ်ငယ်တုန်းက သူကိုယ်တိုင် ကျောင်းလိုက်ပို့ ကျောင်းကြို လုပ်ပေးသည်။ မိုးဆက်ကလည်း ကိုကြီး မအားမလပ် အလုပ်တွေများနေတဲ့အချိန် လူကြုံနှင့် အကြိုလွှတ်လိုက်ရင်ပဲ စိတ်ကောက်ငိုယိုတာ ချော့လို့မရတဲ့အထိပင် ဖြစ်သဖြင့် သူကိုယ်တိုင်ပဲ ကားမောင်းရတော့သည်။ နှင်းဆက် အရွယ်ရောက်လာတဲ့အချိန် ကားမောင်းတတ်သည့်အချိန်မှစ၍ သူမကားကို သူမလေးကိုယ်တိုင် မောင်းတော့သည်။

ဒီညီမဆိုးလေးကို သမီးလေးပမာ ချစ်ခဲ့ရပါသည်။ ဟလိုလိုက် အကြိုက်ဆောင်ပေး၍ ယခုထက်ထိ လူပျိုကြီးဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကနေမကျွတ်သေးပေ။ ဒါကို မီးလေးက တွေးမိပုံမရသေးပါချေ။ ညီမလေးဘဝ တည်ငြိမ်လေးနက်သွားအောင် သူ တစ်ခုတော့ စီစဉ်ပေးမှ ဖြစ်တော့မယ်ဆိုတာ သိလိုက်ရသဖြင့် သူ့ရဲ့ ခေါင်းထဲတွင် တစ်ခါမှ မတွေးသော အတွေးတစ်ခု ဝင်လာခဲ့သည်။

စိတ်ကြည်လင် ပျော်ရွှင်စွာ ထမင်းစားသည့် ညီမလေးရဲ့ ပန်းကန်ထဲသို့ ညီမလေးအကြိုက် ပုစွန်ထုပ်ဟင်းလေးများ ခပ်ထည့်ပေးနေတဲ့ ကိုကြီးမျက်နှာမှာတော့ တစ်စုံတစ်ခုကို တွေးတောနေမိပါသည်။

ကိုကြီးကို သူမလေးကလည်း ဟင်းတွေပြန်ထည့်ပေးသည်။ စိတ်ထဲတွင်လည်း…

မီးလေ ကိုကြီးကို နောက် ဘယ်တော့မှ မကြိုက်တာ မလုပ်ဖို့ စဉ်းစားထားလိုက်သည်။

ကိုကိုကြီး မီးကြောင့် စိတ်မဆင်းရဲစေရပါဘူး။

မောင်နှမနှစ်ယောက် ထမင်းစားပြီးသွားတော့ တီဗီထိုင်ကြည့်နေကြသည်။

နှင်းဆက်တစ်ယောက် ကားကို တဝကြီးလျှောက်မောင်းခဲ့သဖြင့် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲမှုကြောင့် တီဗီဖန်သားပြင်ပေါ်မှာရှိတဲ့ ရုပ်များကို မမြင်တော့ပေ။





ကိုကိုကြီးက…

'မီးလေး အိပ်ချင်ရင် အခန်းထဲသွားအိပ်တော့'

'ဟုတ်ကဲ့ ကိုကိုကြီး'

သူမ အခန်းထဲရောက်ရော အိပ်ရာပေါ်သို့ ဝုန်းခနဲ ပစ်လှဲလိုက်သည်။

'တီတီ… တီတီ'

သူမရဲ့ခေါင်းအုံးဘေးမှ ဖုန်းမြည်သံလေးကြောင့် မီးဆက် မျက်လုံးတွေ မဖွင့်ဖြစ်သေးဘဲ လက်ဖြင့် ဖုန်းလေးကိုစမ်းကာ ဖုန်းသံလေးက အဆက်မပြတ် မြည်နေတုန်းပါပဲ။

'ဘယ်သူ့ဖုန်းလဲ မသိဘူး၊ အိပ်ချင်ပါတယ်ဆိုမှကွာ'

ဖုန်းကိုဖွင့်၍ မျက်စိများမဖွင့်သေးဘဲ…

'ဟယ်လို ဘယ်သူလဲ'

'ကိုယ့်အသံကိုတော့ မှတ်မိပါတယ်နော်'

'ဘယ်သူလဲ'

တကယ်လည်း အသံကို မမှတ်မိပေ။ မျက်လုံးမှိတ်၍ စဉ်းစားနေမိသည်။ တစ်ဖက်မှ…

'ဒီနေ့မှသိတဲ့ မိတ်ဆွေအသစ်ကိုတော့ မှတ်မိပါသေးတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းမဟာ'

'ဘယ်လိုလဲ မိုးဆက်ရဲ့၊ ကိုယ် ဖုန်းခေါ်နေတာ ကြာပြီ'

'ဟုတ်လား၊ ဆောရီးပဲကွာ'

'ကိုယ် အောက်ထပ်ရောက်နေလို့'

'ကိုယ့်ဖုန်းတွေ မင်းဖုန်းထဲမှာ Miss Call တွေ အများကြီးဖြစ်နေမှာ'

'အင်း… ဟုတ်မှာပေါ့'

'မင်းမဟာ'

'ဘာပြောစရာရှိလို့လဲ'

'ဘယ်လိုလဲ၊ မင်း ကိုယ်နဲ့ ဖုန်းပြောဖို့ရော စိတ်ပါရဲ့လား'

တစ်ဖက်မှ မာဆတ်ဆတ် အသံကြောင့် နှင်းဆက်ရဲ့ မျက်စိများ အိပ်ချင်စိတ်ပြယ်သွားခဲ့သည်။

မင်းမဟာရဲ့ စတိုင်လ်မိမိလေးကိုလည်း မျက်စိထဲ မြင်ယောင်လာသည်။ နှင်းဆက်က…

'စိတ်ပါပါတယ် မင်းနဲ့ ဖုန်းပြောဖို့'

'ကိုယ် ပထမ အရမ်းအိပ်ချင်နေတာ၊ အခုတော့ မအိပ်ချင်တော့ဘူး'





'အဟင်း… ဟင်း…'

မင်းမဟာက…

'ကိုယ် မင်းနဲ့ တွေ့ချင်သေးတယ်'

'တွေ့မယ်လေ'

အလွယ်ပဲ ပြောမိသည်။

'ဒါဆို မနက်ဖြန် ဘယ်အချိန်လောက်တွေ့မလဲ'

'ဖုန်းဆက်မယ်လေ'

'OK'

'Good Night, Good Night'

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်နှုတ်ဆက်လိုက်ကြသည်။

ဖုန်းပြောပြီး နှင်းဆက် မျက်လုံးများကြောင်နေမိသည်။

သူ့ပုံစံလေးနှင့် သူ့စတိုင်လ်လေးကို မျက်လုံးတွေ မြင်ယောင်နေမိသည်။ နှင်းဆက်ရဲ့ မျက်လုံးလေးတွေ ပြုံးနေလားဆိုတာကိုတော့ သူမ သတိမထားမိခဲ့ပါချေ။

မင်းမဟာဆီမှ နှင်းဆက်ထံကို မနက်ပိုင်း ဖုန်းဝင်လာသည်။

နှင်းဆက်နှင့် သူ နှစ်ယောက်တည်း တွေ့ချင်တယ်ပြောသောကြောင့် စိတ်ထဲမှာလည်း မင်းမဟာနှင့် တွေ့ဆုံရန် ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမနေဘဲ သူမလည်း သဘောတူမိသည်။ သူမ နှင်းဆက်သည် သူငယ်ချင်းများဖြစ်တဲ့ ဝေယံတို့ မိုးသူတို့နှင့်သာ အုပ်စုလိုက်သွားလာဖူးသော်လည်း အခုလို မကြာသေးခင်ကမှသိတဲ့ သူနှင့်သွားဖို့ကတော့ သူမစိတ်ထဲ တစ်မျိုးကြီးတော့ဖြစ်နေခဲ့သည်။

ရန်ကင်းစင်တာမှာရှိတဲ့ Cafe Aroma ဆိုင်လေးမှာ ချိန်းသဖြင့် နှင်းဆက်ရဲ့ ကားလေး ရန်ကင်းစင်တာရှေ့မှာ ကားကို ရပ်၍ ကားပေါ်မှဆင်းလိုက်သည်။ သူမရဲ့ ဟန်ပန်စတိုင်လ်လေးကို ရန်ကင်းစင်တာ အတက်အဆင်းလှေကားထိပ်မှာနေ၍ စူးစိုက်၍ ကြည့်နေသူကတော့ မင်းမဟာဆိုတဲ့ ကောင်လေးဖြစ်သည်။

နှင်းဆက်ရဲ့ ပုံစံလေးမှာ အင်္ကျီနှင့် ဘောင်းဘီမှာ အနက်ရောင်ဝမ်းဆက်လေးမှာ ကိုယ်နှင့်အတိ တိုင်းချုပ်ထားသလိုမျိုး။ ဖစ်တင်ပုံစံမျိုး ဖြစ်သည်။ လည်ပင်းနှင့် လက်ကောက် ဝတ်တို့မှာ ပလက်တီနမ်ကို ပုံစံတူတစ်ဆင်စာ ဝမ်းဆက်ဝတ်ထားသဖြင့် အရမ်းကိုပေါ်လွင်နေပါသည်။ ချောမောလှပသည့် သူမရုပ်ရည်ကို ပံ့ပိုးထားတာကတော့ သူမရဲ့ အပြင်အဆင် လှပမှုလေးများပင် ဖြစ်သည်။

ရန်ကင်းစင်တာရှေ့ မိုးဆက်ရောက်တော့ အဝင်ဝနားမှာ စောင့်နေတဲ့ မင်းမဟာကို တွေ့ရသဖြင့် နှင်းဆက်က လှမ်း၍…





'ဟော့… ကိုယ် နောက်မကျပါဘူး'

မင်းမဟာက သွက်လက်၍ အပူအပင်မရှိဟန်လေးများနှင့် မိန်းမလှလေး နှင်းဆက်ကို နှုတ်ခမ်းတွန့်တယ်ဆိုရုံလေး ပြုံး၍…

'နောက်မကျပါဘူး၊ အချိန်ကွက်တိပါပဲ'

မင်းမဟာက ဦးဆောင်၍ Cafe Aroma ထဲမှာ Coffee သောက်ကြရင်း ရယ်စရာ မောစရာလေးများ ပြောဖြစ်ကြသည်။

မင်းမဟာက စကားသိပ်မပြောဘဲ နှင်းဆက်ပြောသည့် စကားများကိုသာ ငြိမ်သက်စွာ နားထောင်တာများသည်။

မင်းမဟာမှာ စိတ်ညစ်စရာ ဘာတွေများရှိနေတယ် မသိပေ။ နှင်းဆက် မင်းမဟာပုံစံကိုကြည့်ရတာ တစ်ခုခုကို တွေးတောနေသည့်ပုံစံမျိုးလေး ဖြစ်သည်။

ဒီလိုနဲ့ တစ်နေ့တစ်နေ့ မနက်ပိုင်းတိုင်းမှာ မင်းမဟာနှင့် မိုးနှင်းဆက်တို့နှစ်ယောက် ရန်ကုန်မြို့ရဲ့ ရှိသမျှ ကော်ဖီဆိုင်နှင့် ဘာဂါဆိုင်တွေမှာ နှစ်ယောက်သားတွေ့ဆုံကာ မနက်ပိုင်းအချိန်တို့ကို ကုန်လွန်စေခဲ့သည်။

နှင်းဆက်က ကိုယ်တိုင်ကားမောင်း၍လာသလို မင်းမဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ယောက်ကတော့ ကားမပါဘဲ ဘယ်လို သူမထက်အရင် ရောက်နေသည်မသိပေ။ နှင်းဆက်တစ်ယောက် စဉ်းလည်း မစဉ်းစားခဲ့ပေ။

နှင်းဆက်တစ်ယောက် သူငယ်ချင်းအရင်းကြီးများဖြစ် သည့် ဝေယံတို့အုပ်စုကို သတိမရတော့ပေ။

ညို့အားပြင်းပြင်းဖြင့်ကြည့်ပြီး နှုတ်ခမ်းတွန့်တယ်ဆိုရုံ လေးပြုံး၍ မျက်နှာမှာ လျှို့ဝှက်မှုတွေနှင့် အပြည့်ဖြစ်နေသည့် မင်းမဟာရဲ့ စတိုင်လ်မိမိလေးကို သဘောကျနေမိသည်။

နှင်းဆက်ရဲ့ သမိုင်းမှာ တော်ရုံတန်ရုံ ပုဂ္ဂိုလ်လောက်က တော့ သူမ ရင်မခုန်ခဲ့ပေ။

မင်းမဟာနှင့် ဘယ်လိုပြောမှာလဲဆိုတော့ စိတ်ထဲတွင် သူနှင့်စကားတွေပြော၍ လျှောက်သွားနေရတာကို ပျော်သလိုဖြစ်နေ မိသည်။

❖



## အခန်း (၄)

တနင်္ဂနွေအားရက်မှာ အိမ်မှာ အလှမွေးထားသော ငါးကန်ကို ရေလဲနေသည့် ကိုကိုကြီးနားကိုသွားကာ...

'ကိုကိုကြီး'

နှင်းဆက်ရဲ့ ခေါ်သံလေးကြောင့် ရေပုံးထဲသို့ အော်စကား ငါးတွေကို ထည့်နေရာမှ မိုးလင်းဆက် လှည့်ကြည့်မိသည်။

'မီးလေး... အိပ်ရာက နိုးပြီလား'

'ဟုတ်ကဲ့'

'မီးနော်... ငယ်တော့တဲ့အရွယ်လည်း မဟုတ်တော့ဘူး၊ အိပ်ရာထ အရမ်းနောက်ကျတယ်နော်၊ ဘယ်လောက်ပဲ ပြောပြော နားမဝင်ဘူး'

ကိုကြီးလင်းဆက်က သူမကိုယ်လည်း ပါးစပ်က ပြော လည်းပြော လက်ကလည်း ဇယ်ဆက်သလို အောက်စီဂျင်ပိုက် ရေသန့်ပိုက်များ တပ်ဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးက ငါးကန်ကို ရေလဲရင် အမြဲပဲ သူကိုယ်တိုင်လဲသည်။ မိုးနှင်းကလည်း ကိုကြီးကို…

'မီးမှာ ဘာအလုပ်ရှိလို့လဲ'

'အလုပ်ရှိမှရယ်လို့ ဘယ်ဟုတ်မလဲ မီးငယ်လေး၊ မနက်စောစောထ ဘုရားဆွမ်းတော်လေးကပ်၊ ဘုရားရှိခိုးပေါ့ မီးရယ်'

ပြောသာပြောရသည်။ သူ့ညီမလေးအကြောင်း စဉ်းစားမိရင် သူ အစု .ရင်တွေပူနေမိသည်။ ဂဟားလျှောက်မောင်းမယ်၊ ဈေးဝယ်ထွက်မည်၊ စားမယ်၊ မနက်ပိုင်း အိပ်ရာက တော်တော်နှင့်မထတတ်တဲ့အကျင့်တွေကို သူက မပြော[illegible] တစ်ချို့ သူမလေး အိမ်ထောင်ရက်သားကျသွားရင် အခက်ဖြစ်တော့မယ်။

မိုးနှင်းဆက်က ကိုကိုကြီး သူ့ကိုဆူပြီး ခေါင်းတခါခါနှင့် သက်ပြင်းမှုတ်ထုတ်လိုက်တာကိုကြည့်၍…

'ကိုကိုကြီး မီးကို ဆူပြန်ပြီ'

'ဒီညီမလေးတစ်ယောက်ရှိတာကို ကိုကိုကြီးက ငြိုငြင်တာလား၊ ကိုကိုကြီး ဟိုမှာကြည့်လိုက်ပါဦး'

မိုးနှင်းဆက် ကိုကိုကြီးကို ညွှန်ပြမိသည်။

နှင်းဆက် ပြသည့်နေရာကို လှမ်းကြည့်လိုက်တော့ မိုး





လင်းဆက်ရဲ့ အချစ်တော်ငါးကြီး Lucky Fish ။

အော်စကာငါးလှလှလေးများက မိုးနှင်းဆက်အကြိုက်ဖြစ်ပြီး Lucky Fish ငါးက ကိုကိုကြီးအကြိုက်ဆုံး ငါးကြီးဖြစ်သည်။

'မီးကို ကိုကိုကြီး ဆူတယ်နော်၊ တွေ့လား ကိုကိုကြီး၊ ငါးကြီး ငြိမ်နေတယ်'

'တော်ပါတော့ မယ်မင်းကြီးမလေးရယ်၊ မဆူတော့ပါဘူး၊ နေတတ်သလိုသာ နေပါတော့၊ ဟင်း… ဟင်း…'

မောင်နှမနှစ်ယောက် သဘောကျစွာ ရယ်မောကြသည်။

ကိုကိုကြီးကို စနောက်ပြီး မိုးနှင်းဆက် နံနက်စာစားဖို့ မီးဖိုဆောင်ဘက်သွား၍…

'ကြီးမေ'

'မီးအတွက် ဒီနေ့ ဘာစီစဉ်ထားလဲ'

သူမလေးမှာ မနက်စာကို တစ်နေ့တစ်မျိုး မထပ်အောင်စားတတ်တဲ့ အကျင့်ရှိသည်။ ဒီနေ့ မနက် ပေါင်မုန့်ထောပတ်သုတ်စားရင် နောက်နေ့ မုန့်ဟင်းခါး၊ ရွှေတောင်ခေါက်ဆွဲ မရိုးအောင် အမျိုးမျိုးပြောင်းစားသည်။

'ဒီနေ့တော့ မီးရေ၊ မီးအကြိုက် မုန့်ဟင်းခါးကို ကြီးမေစီစဉ်ထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းဆက် ညီမလေး စနောက်သွားသဖြင့် Lucky Fish ငါးကြီးရှေ့ကိုရောက်တော့ ညီမလေးက ဒီငါးကြီးကို ရုပ်မလှလို့ မကြိုက်ပေ။ ဒီငါးအကြောင်း ညီမလေး မသိပေ။ ဒီငါးတွေက သခင်ရဲ့အလိုဆန္ဒကို သိတတ်ကြသည်။ အကျိုးစီးပွားတက်အောင်လည်း သူတို့က ကိုယ့်ကို ကူညီပံ့ပိုးပေးတတ်ကြသည်။ ဒါ့ကြောင့်မို့လည်း သူ့ကို Lucky Fish လို့ခေါ်ကြသည်။

နောက်ပြီး သူတို့က အိမ်ကိုလာတဲ့ လူတွေကိုလည်း အိမ်ကိုအကျိုးပြုမည့်သူလား၊ အကျိုးမပြုဘဲ ဆိုးကျိုးကိုပေးမယ့်သူလားဆိုတာကိုလည်း ခွဲခြားပြတတ်တဲ့ အမူအရာတွေ ရှိတတ်ကြတယ်။ အကျိုးပြုတဲ့သူဆိုရင် ငါးက မြူးထူး[illegible]။ ဒုက္ခပေးမယ့်သူ အကျိုးပြုမယ့်သူဆိုရင် ငါးက ဒေါသူပုန်ထပြသည်။

ဒါ Lucky Fish ရဲ့ ထူးခြားချက်တစ်ခုပဲ ဖြစ်သည်။ ဒီငါးကို ပိုက်ဆံရှိတဲ့အိမ်တွေ၊ လုပ်ငန်းရှင်တွေ တကယ့်စီးပွားရေးသမားတွေကသာ အိမ်ရဲ့ဧည့်ခန်းမှာဖြစ်ဖြစ်၊ အိပ်ခန်းထဲမှာဖြစ်ဖြစ် မွေးကြသည်။ ထိုငါးတစ်ကောင်ရဲ့ တန်ဖိုးကလည်း အရမ်းကြီးသည်။ ကြိုက်လည်းကြိုက်သဖြင့် မိုးလင်းဆက် မွေးမြူထားသည်။

ငါးကြီးက မိုးလင်းဆက်ကြည့်နေရင်းမှပင် ရွှင်မြူး၍ မြူးထူးပြနေသည့် ငါးကြီးကိုကြည့်၍ ဒီအတောအတွင်းတော့ သူ့အတွက် Lucky ပဲ ဖြစ်မှာပါ။ ငါးကန်များ ရေလဲလှယ်သည့် အလုပ်လည်းပြီးရော ညီမလေး မုန့်ဟင်းခါးစားနေရာသို့ရောက်သော်-

'မီးလေး ကိုကြီးအတွက်ရော ကျန်သေးလား'

'ကိုကြီး မစားရသေးဘူးလား၊ မီးက စားပြီးလို့ ငါးကန်လှယ်နေတယ်ထင်တာ'

'မစားရသေးဘူး မီးရဲ့'

'ကိုကြီးကလည်း စားသောက်ပြီးမှ အလုပ်လုပ်တာမဟုတ်ဘူး၊ အဲဒါကြောင့် ကိုကြီးကို ပြောတာပေါ့၊ အခုပဲ ဘယ်အချိန်ရှိနေပြီလဲ၊ အလုပ်နှင့်ပတ်သက်ရင် ကိုကြီးတို့ အရမ်းလောဘကြီးတယ်'

ပွစိပွစိနှင့် အခု သူမလေးက ပြန်ဆူနေပြန်ပြီ။

မိုးလင်းဆက်က ကြီးမေကိုကြည့်၍ ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

ကြီးမေက သဘောကျစွာဖြင့် တဟင်းဟင်းဖြင့် ရယ်[illegible]သည်။ လိုက်လည်းလိုက်သည့် မောင်နှမနှစ်ယောက်ဟု [illegible]ကြီးမေ စိတ်ထဲ တွေးတောနေသည်။

❖





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

မိုးလင်းဆက်တစ်ယောက် အလုပ်ကိစ္စတစ်ခုဖြင့် ကန်တော်ကြီးဘက်မှ ကားကိုမောင်းအလာ တစ်ဖက်မှ ကားကို လှမ်းတွေ့၍ ကားထဲမှလှမ်းကြည့်ရာ သိပ်မသဲကွဲသော်လည်း မိုးနှင်းဆက်ရဲ့ ကားဖြစ်မှာသိသလို မှားစရာမရှိသလို ကက်ဆက်သံကျယ်ကျယ်ကြီးနှင့် မြန်လွန်းတဲ့ ကားရဲ့အရှိန်ကြောင့် ညီမလေးဘေးမှာ ပါသွားတာလည်း ယောကျ်ားလေးတစ်ယောက်ပဲဆိုတာ သူသိလိုက်သည်။

ညီမလေးနှင်းဆက်ကို သူပြောမရတာ ဒါပဲဖြစ်သည်။ ကားကို အရှိန်ပြင်းစွာ မောင်းခြင်းဖြင့် ကက်ဆက်အကျယ်ကြီးဖွင့်တဲ့အကျင့်နှင့် ယောကျ်ားလေးသူငယ်ချင်း ထားခြင်းပင်ဖြစ်သည်။ သူကလည်း သူ့အလုပ်နှင့် သူဖြစ်လို့ ညီမလေးကိုလည်း အမြဲစောင့်ကြည့်မပြောနိုင်ခဲ့ပေ။ အိမ်မှာ ကြီးမေကိုတော့ ငယ်နိုင်ဖြစ်သဖြင့် သူက ရှိတယ်လို့တောင် မထင်ပေ။





မိုးလင်းဆက် သူ့ရဲ့ကားကို ကားအသွားအလာရှင်းတဲ့ တစ်နေရာတွင် ထိုးရပ်၍ ညီမလေး မိုးနှင်းဆက်ရဲ့ ဟမ်းဖုန်းကို ခေါ်လိုက်သော်လည်း လူကြီးမင်းနှင့်သာ တိုးနေသဖြင့် သူ လက်လျှော့လိုက်ပြီး စိတ်ရှုပ်ထွေးစွာဖြင့် သူ့ရဲ့ကုမ္ပဏီကို ဖုန်းလှမ်းဆက်၍ သူ့ရဲ့ အားထားယုံကြည်စိတ်ချရတဲ့ ခန်နေဂျာကို ပြုံးအေးကို သူ ဒီနေ့ ကုမ္ပဏီကို မလာတော့ဘဲ အိမ်ကိုတန်းပြန်ကြောင်း ဖုန်းလှမ်းဆက် အကြောင်းကြားပြီး ကားကို အိမ်သို့မောင်းလာခဲ့သည်။

မိုးလင်းဆက်ရောက်ပြီး သိပ်မကြာခင်မှာပဲ ပေါ်တီကိုအောက်သို့ ညီမလေးရဲ့ကားလေး ဝေါခနဲထိုးရပ်လာခဲ့သည်။

'ကိုကြီး'

မျက်နှာထားတင်းတင်းဖြင့် သူမကို ပေါ်တီကိုအောက်မှာစောင့်နေသည်ကို ကိုကြီးအား မိုးနှင်းဆက် မျက်နှာချိုသွေးပြီး ခေါ်လိုက်သည်။ ဒီပုံစံကိုကြည့်တာနှင့် သူ့ကို ဆူတော့မယ်ဆိုတာ သိသည်။

'မိုးနှင်းဆက်'

ဒီအသံဆို ကျိန်းသေပြီ။ သူမကို ခီးလေးလို့မခေါ်တော့ဘဲ နာမည်ခေါ်နေပြီဆိုကတည်းက ကိုကြီးရဲ့ပေါက်ကွဲမှု ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ သူမကလည်း အသံသေးသေးလေးဖြင့် ထူးလိုက်သည်။

'ရှင်… ကိုကြီး'

'ညည်း အခု ဘယ်ကလာတာလဲ'

'ကားလျှောက်မောင်းတာလေ ကိုကြီး'

'တော်စမ်း… ပြောလိုက်ရင် ဒီလိုပဲ အမြဲပြောတယ်'

ဒီတစ်ခါတော့ မိုးလင်းဆက် အလျှော့ပေးလို့မဖြစ်တော့၊ မြန်ဆန်လှတဲ့ ကားအရှိန်ကို သူ့မျက်စိထဲမှ မထွက်ပေ။

'ကန်တော်ကြီးဘက် ဘာသွားလုပ်တာလဲ'

'ဘေးမှာပါတာက ဘယ်သူလဲ'

ပြဿနာပဲ။ ကိုကြီး မဟာနှင့်သွားတာ တွေ့သွားပြီထင်တယ်။

'သြော်… ဒါလား၊ ကိုကိုကြီးကလည်း မီးသူငယ်ချင်း အသစ်တစ်ယောက်ပါ၊ မင်းမဟာတဲ့၊ ခင်တာ သိပ် မကြာသေးဘူး'

ဘာမှမဖြစ်သလို ခပ်ပေါ့ပေါ့လေး ပြောနေသည့် မိုးနှင်းဆက်ကိုကြည့်၍…

'မိုးနှင်းဆက်… အစ်ကိုဖြစ်သူက ယောကျ်ားလေး သူငယ်ချင်းထားတာ မကြိုက်ပါဘူးလို့ ပြောထားတာ တောင် ညည်းက အခု သူငယ်ချင်းအသစ်တောင် ထပ်





ထားလိုက်သေးတယ်၊ တော်တော် အစ်ကိုစကားကို နားထောင်ပါလား ဟင်'

ပြောရင်း ဒေါသတွေပါ မထွက်စဖူး ထွက်နေသည်။ ကိုကြီးကိုကြည့်ကာ နှင်းဆက် လန့်မိသည်။

'မိန်းကလေးဖြစ်ပြီး ဘယ်တော့မှ မိန်းကလေးပီပီသသ မရှိဘူး၊ ကားကလည်း မောင်းလိုက်တာ မိုင်ကုန်ပဲ'

'အေး… ငါက ပြောလို့မရရင်တော့ ကားမောင်းခွင့် ပိတ်လိုက်မယ်၊ ဘယ်ကဘယ်သူမှန်းမသိတဲ့ ယောကျ်ား လေးတွေကိုလည်း ကားပေါ်တင်သွားတယ်၊ ကိုယ့်ကား ကို ကပ်စီးပါတယ်ဆိုမှတော့ အခြေအနေ ဘယ်လိုရှိမယ် ဆိုတာ မပြောဘဲနဲ့သိတယ်'

'ကိုကိုကြီးကလည်း ဘာမှမသိဘဲနဲ့ သူများသားသမီး ကို စွတ်မပြောပါနဲ့၊ မင်းမဟာက ပိုက်ဆံရှိပါတယ်၊ မီးကားကို ကပ်စီးတာလည်း မဟုတ်ပါဘူး၊ ပြောင်းလာ တာ မကြာသေးတော့ ကားမဝယ်ရသေးလို့ပါ'

ဒီတစ်ခုတော့ ကိုကိုကြီး ပြန်ပြောမိသည်။ သူမလည်း မင်းမဟာအကြောင်း သေချာမသိပေ။ မိုးနှင်းဆက်ကလည်း မဟာနှင့်တွေ့ရင် စကားပြောမယ်၊ ကားလျှောက်မောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွေမှာ စားသောက်ရင်လည်း သူမကပဲ ပိုက်ဆံရှင်းတာများ သည်။ မဟာကပဲ ထုတ်ဖို့ လက်နှေးတာလား၊ သူမကပဲ ပိုက်ဆံ ရှင်းတာ မြန်တာလား မသိပေ။

သူမတို့ ဘော်ဒါကဏ္ဍမှာ ဒါတွေမလိုပေ။ မင်းမဟာက ယခုထက်ထိတော့ သူမအပေါ်မှာ ရိုးသားသည်။ သူမကလည်း မင်းမဟာနှင့် တွဲသွားလျှင် ကြည်နူးသလိုရှိသော်လည်း ချစ်ဖို့ ဆိုတာကတော့ ခေါင်းထဲတောင် မထည့်ခဲ့မိပေ။

မိုးနှင်းဆက်တစ်ယောက် ကိုကိုကြီးကို ဘာမှမပြောတော့ ဘဲ ထုံးစံအတိုင်း ခြေဆောင့်၍ အိမ်ထဲသို့ဝင်ခဲ့သည်။

မိုးလင်းဆက်လည်း တဖြည်းဖြည်းနှင့် အရွယ်ရောက် လာတဲ့ ညီမလေးကိုကြည့်၍ စိတ်တွေပူလာမိသည်။ တစ်ခါမှ မတွေးထားတဲ့ ညီမလေးကို အိမ်ထောင်ချပေးဖို့ကိစ္စကို ခေါင်းထဲ ထည့်မိသည်။

တော်ကြာ မတော်တရော်တွေနှင့် တွေ့သွားရင် သူပဲ စိတ်ဆင်းရဲရမယ်၊ ရင်ကျိုးရမယ်၊ ကိုယ်က တယုတယနှင့် အလို လိုက် အကြိုက်ဆောင်ကာ ပိုးမွေးသလို မွေးခဲ့ရတဲ့ ညီမလေးကို တော်ရုံတန်ရုံလူ့လက်ထဲသို့ ပါသွားမှာကို သူ စိုးရိမ်နေမိသည်။ ညီမလေးကတော့ သိပါလေစ။





မကောက်ချိတ်ကလေးကတော့ သူ့အပေါ်မှာ စိတ် ကောက်တော့မှာကိုတော့ သူကြိုမြင်နေခဲ့သည်ဟု စိတ်ထဲတွင် တွေးကာ သက်ပြင်းမောကြီးတစ်ခုကို မှုတ်ထုတ်မိပါတော့သည်။

မိုးနှင်းဆက်တစ်ယောက် အိမ်မှ ကိုကိုကြီးကို စိတ် ကောက်၍ အခန်းထဲက မထွက်ပေ။ အကြောင်းရင်းကတော့ ကိုကိုကြီး မိုးလင်းဆက်တစ်ယောက် ကားဂိုဒေါင်သော့ကို သူမကို ပေးဘဲ ယူထားခြင်းပင် ဖြစ်သည်။

မိုးနှင်းဆက်က သိ၍ ကိုကိုကြီးကိုမေးရာ…

'ကိုကိုကြီး… မီး ကားဂိုဒေါင်သော့ ကိုကိုကြီးဆီမှာ လား'

ကိုကိုကြီး ဖြောင်ပင်မယူကြောင်း ပြောသည်။

'ဒါဆို ဂိုဒေါင်သော့ ဘယ်ရောက်သွားသလဲ'

'မသိဘူးလေ'

မိုးလင်းဆက်တစ်ယောက် သူမကို ဒီလိုမလုပ်လို့ မရ တော့ပေ။ ဘာ့ကြောင့်လဲဆိုတော့ တစ်နေ့တစ်နေ့ ကားကို အရမ်း မောင်းမယ်၊ လျှောက်သွားမယ်၊ အမြဲတမ်း လူက အလုပ်လုပ်နေ ရသော်လည်း ညီမဖြစ်သူကို အမြဲစိတ်ပူနေရသည်။

ညီမလေးက မိန်းကလေးသာဆိုသည်။ ကားမောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ယောကျ်ားလေးဖြစ်တဲ့ သူ့ထက်ပင် ကြမ်းသည်။ အမြန်မောင်းသည်။ ဒါပေမဲ့လည်း တစ်ခါမှ ယာဉ်တိုက်မှုမရှိခဲ့ပေ။ ဒါ့ကြောင့်လည်း သူ တင်းတင်းကျပ်ကျပ် မပြောခဲ့ပေ။

ကားမောင်းတာနှင့် ပတ်သက်လို့ သူ ဘာမှမပြောသာသော်လည်း ယောကျ်ားလေးသူငယ်ချင်းတွေနှင့် လျှောက်သွားတာကိုတော့ သူ လုံးလုံးမှ မကြိုက်နှစ်သက်သလို တားမြစ်ခဲ့သော်လည်း မိုးနှင်းဆက်ကတော့ သူ့ဘက်က ရှိုးသားသည်ဟုဆိုကာ ယောကျ်ားလေး သူငယ်ချင်းများ ထားမြဲထားသည်။ လတ်တလော ကျောင်းပြီးသွားသော်လည်း အပြင်ထွက်မြဲထွက် လျှောက်သွားမြဲ လျှောက်သွားဆဲပင် ဖြစ်သည်။

မိုးလင်းဆက် ညီမလေးနှင်းဆက်အတွက် အရမ်းကိုစိတ်မောနေရသည်။ ညီမအပျိုလေးရှိတဲ့ အစ်ကိုတစ်ယောက်ရဲ့ စိတ်ကို ညီမလေး နားမလည်သေးပါလားကွယ်။ မိုးနှင်းဆက်ရဲ့ ကားကို သိမ်းထားတော့…

'ကိုကြီးက ကိုကြီးကားကို နှမြောလို့လား'

'မီးလေး… စကားပြော ဆင်ခြင်ဦးနော်၊ ကိုကြီးက ကားကို နှမြောတာမဟုတ်ဘူး၊ မီး မသိဘူးလား၊ ကိုကြီး နှမြောတာက ညီမလေးကို၊ ကိုကြီးမှာ ဒီညီမလေး





တစ်ယောက်တည်းရှိတာ၊ ဖေဖေနဲ့မေမေ ကားအက်ဆီးဒင့်နဲ့ဆုံးသွားတာ ညီမလေးလည်းအသိ၊ ညီမလေး အခုလက်ရှိ မောင်းနေတဲ့ပုံစံမျိုးနှင့် ကိုကြီး စိတ်မချတော့ဘူး၊ ဒီတော့ ညီမလေး သွားစရာရှိရင် ကိုကိုကြီးကိုပြော၊ လိုက်ပို့မယ်၊ အခု ဘယ်သွားမှာလဲ၊ လာ… ကိုကိုကြီး လိုက်ပို့မယ်'

မိုးနှင်းဆက်သည် ကိုကိုကြီးစကားကြောင့် စိတ်တော်တော်ညစ်သွားသည်။

'ကိုကြီးပြောတာ အဓိပ္ပာယ်မရှိဘူးနော်'

'ကားမှောက်မှာ ကားတိုက်မှာကြောက်လို့ ကားမမောင်းရဘူးဆို ဘာအဓိပ္ပာယ်မှ မရှိဘူး၊ မိုးပြိုမှာကြောက်တဲ့ တစ်တိတ္တူးငှက်လို ဖြစ်နေပြီ၊ ဒါဆိုလည်း ရတယ်လေ၊ ကိုကိုကြီး ကားပေးမစီးလည်း ရတာပဲ၊ မီးဘာသာမီး တစ်ခုခု စီစဉ်ရတော့မှာပေါ့'

ကိုကြီး မိုးလင်းဆက်ကို မကျေမနပ်ပြော၍ အိမ်ပေါ်သို့ ပြေးတက်သွားတဲ့ ညီမလေးကိုကြည့်၍ သူ၏စိတ်တွေ အလျှော့ပေးမလို ဖြစ်သွားသည်။ စိတ်ကို ပြန်လည်တင်းထားလိုက်သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ဒီနေ့ မိုးနှင်းဆက် ကုမ္ပဏီအစည်းအဝေးတစ်ခုရှိသည်။ ထိုအစည်းအဝေးတွင် ဆိုင်မှာရှိတဲ့ ကုန်ပစ္စည်းအမျိုးအစား စာရင်းအင်းကိုကိုင်ရသော ဒေါ်မာလာက မိုးလင်းဆက်ကို တင်ပြဆွေးနွေးစရာရှိတာတွေ ရှင်းလင်းစရာရှိတာများ တင်ပြခဲ့သည်။ ပြီးတော့ စာရင်းများကြည့်၍ လက်မှတ်များ ထိုးစရာရှိသည်များကို ထိုးပေးခဲ့သည်။

'ဆရာ'

'ဟုတ်ကဲ့… ပြောပါ ဒေါ်မာလာ'

ဒေါ်မာလာက သူ့ထက် အသက်ကြီးသော်လည်း ကိုယ့်အလုပ်ရှင် သူဌေးဖြစ်တဲ့သူကို ရိုသေစွာ ဆက်ဆံတတ်သည်။

'ဒေါ်မာလာ ပြောစရာရှိတယ်ထင်တယ်'

'ဟုတ်ပါတယ် ဆရာ၊ ဆရာ့ကို ကျွန်မအကြံဉာဏ်တစ်ခု ပြောချင်လို့ပါ၊ ဆရာ လက်ခံမလားတော့ မသိဘူး'





'ရပါတယ် ပြောကြည့်ပါ၊ ကျွန်တော် အချိန်ရပါသေးတယ်'

အခု ဆိုင်မှာတင်သွင်းတာက နိုင်ငံခြားဖြစ်အဝတ်အထည်မျိုးစုံ လက်ကိုင်အိတ်မျိုးစုံနှင့် ဖန်စီပစ္စည်းတွေချည်းပဲဖြစ်တယ်။

'အင်း… ဟုတ်တယ်လေ၊ ကျွန်မပြောချင်တာကတော့ ပစ္စည်းတချို့ ထပ်တင်ဖို့ပါ'

'ဘာပစ္စည်းတွေများလဲ ဒေါ်မာလာ'

'အရောင်းဝန်ထမ်းကောင်မလေးတွေက ကျွန်မကို တင်ပြကြတယ်။ တချို့ မိန်းကလေးတော်တော်များများက ပြည်တွင်းဖြစ် ပစ္စည်းလေးတွေ လိုချင်ကြတယ် ဆရာ၊ နောက်ပြီးတော့ ဒီ Shopping Center မှာ ပြည်တွင်းထုတ်တဲ့ ပစ္စည်းတွေဖြစ်တဲ့ တိုက်ပုံ၊ ပုဆိုး၊ ချိတ်ထဘီတို့၊ ရိုးရာအင်္ကျီပုံစံမျိုးစုံပေါ့ ဆရာရယ်၊ အဲဒါလေးတွေကို အခန်းတစ်ခန်းလောက်ကန့်ပြီး သတ်သတ်တင်ရောင်းရင် ပိုပြီးရောင်းအားသွက်မယ် ထင်တယ် ဆရာ'

'နောက်ပြီး လာဝယ်တဲ့ မိန်းကလေးတော်တော်များများက အရောင်းဝန်ထမ်းကောင်မလေးတွေကို မေးကြတယ်။ မရှိဘူးလား၊ အဲလိုဆိုင် မရှိဘူးလား၊ ဒီ Shopping Center မှာ ဒီပစ္စည်းတွေပါ တင်ရောင်းရင် အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်လို့ ပြောကြတယ်။ ဝယ်တဲ့လူတွေလည်း အဆင်ပြေမယ်၊ လျှောက်ကြည့်ပြီး ဝယ်စရာမလိုတော့ ဘူးလို့ ကျွန်မထင်တယ်'

ဒေါ်မာလာက ဆက်လက်၍…

'ဆရာ ကျွန်မရဲ့တင်ပြချက်ကို ဆရာ စဉ်းစားပေးပါ၊ ကျွန်မ ပြောတာ ဆရာ့အတွက်အကျိုးမယုတ်စေပါဘူးလို့ ကျွန်မ ထင်တယ် ဆရာ၊ ပြီးတော့ ဆရာ၊ လူတွေဟာ အမြဲ ပွဲလမ်းသဘင်တို့ အခမ်းအနားတို့ကို တစ်နှစ်ပတ်လုံး ကြုံတွေ့နေရမှာဖြစ်လို့ ကျွန်မတို့ပြောတဲ့ အထည်ပစ္စည်း တွေနှင့်.မလွဲမရှောင်တော့ဝယ်ကြရမှာပဲ ဆရာ၊ များသော အားဖြင့် ပိုးချိတ်၊ ချည်ချိတ်တွေ ပိုပြီးရောင်းအားသွက်လာ တယ် ဆရာ၊ သင့်တင့်တဲ့ဈေး ရှိတဲ့အထည်ကစပြီး ဈေးကြီးတဲ့အထည်ရော မျှတအောင်တင်ရမယ်၊ လူတန်း စားမရွေးဝတ်နိုင်တဲ့အထည်ပစ္စည်းဖြစ်လို့ ဆရာ သေချာ ပေါက် ဈေးကွက်တစ်ခုရှိမှာပါ၊ Customer တွေအတွက် လည်း အရမ်းအဆင်ပြေသွားမှာပါ၊ ဆရာ့ဆိုင် တစ်နှစ်ပတ် လုံး ရောင်းနေရမှာလို့ ကျွန်မ ရဲရဲကြီးအာမခံတယ် ဆရာ'

❖





အခန်း (၇)

'အင်း… စဉ်းစားစရာပါပဲ'

ဒေါ်မာလာ့စကားကိုကြည့်၍ သူ ဒီအကြံဉာဏ်ကို လက်ခံသင့်တယ်လို့ ထင်တယ်။ တော်တော်များများဟာ အခု မြန်မာချည်ထည်နှင့် ထုတ်လုပ်ထားသည့် အဆင်ဆန်းဆန်းပြား ပြားလေးများကို မိန်းကလေးတွေကိုယ်ပေါ်မှာ ဒီဇိုင်းမျိုးစုံ ချုပ်လုပ် ဝတ်ဆင်ကြတာကို သူ မြင်တွေ့ရသည်။

မိုးလင်းဆက်ရဲ့ ပြောစကားကို စောင့်မျှော်နေသည်။ ဒေါ်မာလာကို…

'ဒေါ်မာလာပြောတာကို ကျွန်တော် လက်ခံပါတယ်'

'ဒေါ်မာလာပြောတဲ့ အစီအစဉ်ကို ကျွန်တော် စိတ်ဝင် စားပါတယ်၊ ဒါ့ကြောင့် အသေးစိတ် အစီအစဉ်ကို လေ့လာပြီးရင် သေချာစီစဉ်ဖို့ ကျွန်တော့်ကို တင်ပြပါ၊ ဆိုင်အတွက် လိုအပ်တာကို ကျွန်တော် နောက်နေ့တွေ



www.burmeseclassic.com

www.burmeseclassic.com



စပြီး ဒက်ကရေးရှင်းသမားနှင့် အလုပ်သမားအဖွဲ့ လွှတ်ပေးလိုက်မယ်၊ ကျွန်တဲ့ ဒီနိုင်းကိစ္စနှင့် အဝတ်အထည်အတွက်က ဒေါ်မာလာ ဆောင်ရွက်ပါ'

သူမပြောတဲ့စကားကို သူဌေးက လွယ်ကူစွာလက်ခံသည့်အတွက် ဝမ်းသာသွားသည်။

'ဝမ်းသာလိုက်တာ ဆရာရယ်'

'ဆရာ အဝတ်အထည်အတွက်ကို မပူပါနဲ့ ဆရာ၊ ဟိုအရင်တည်းက ကျွန်မတို့ဆီမှာ မန္တလေးနှင့် အမရပူရရက်ကန်းစင်တွေရဲ့ လိပ်စာတွေ ရှိပါတယ်'

'ပြီးတော့ ကျွန်မတို့ဆီမှာလည်း ရန်ကုန်ရောက်ရင်အမြဲဝယ်နေကျ အမရပူရ ရက်ကန်းရုံပိုင်ရှင်တစ်ယောက်ရှိတယ်၊ ကျွန်မနဲ့လည်း အရမ်းခင်တယ်၊ သူဌေးမဒေါ်ရွှေစင်ဆိုတာ ရှိပါတယ်၊ အခု သူ ရန်ကုန်ကိုရောက်နေတယ်၊ မနေ့ကပဲ ကျွန်မဆီမှာ ပစ္စည်းလာဝယ်သွားသေးတယ် ဆရာ'

'ဆရာ တကယ်လို့ အမရပူရက ရက်ကန်းရုံပိုင်ရှင်နှင့်တွေ့ချင်တယ်ဆိုရင် ကျွန်မ ဆရာနဲ့ ဒီတစ်ပတ်တွေ့ဖို့စီစဉ်ပေးပါမယ်'





မိုးလင်းဆက်က ဒေါ်မာလာ၏ ပြောစကားကို နားထောင်ပြီး…

'နာမည်က ဘယ်သူ၊ ဒေါ်မာလာ'

'ဒေါ်ရွှေစင်တဲ့'

'ဒေါ်ရွှေစင်…'

မိုးလင်းဆက်က နှုတ်မှ တတွတ်တွတ် ရေရွတ်နေသည်ကို 'ဒေါ်ရွှေစင်… ဒေါ်ရွှေစင်' ဒေါ်မာလာ သူ့ပုံစံကိုကြည့်၍…

'ဆရာ့အသိများလား ဆရာ'

'အင်း… ကျွန်တော့်အသိထဲမှာတော့ ဒီနာမည် မရှိဘူး၊ ဒါပေမဲ့ ကျောင်းတက်တုန်းက သူငယ်ချင်းတစ်ယောက်နာမည်နဲ့ တူလို့ပါ၊ ဒါပေမဲ့ သူ့နာမည်က ထားရွှေစင်'

ဟုတ်ပါသည်၊ အရင်က သူနှင့်ပတ်သက်ခဲ့သူဟာ ထားရွှေစင်ဆိုတဲ့ သူမရဲ့ ငယ်ချစ်များလား။ သူမကလည်း မန္တလေးတစ်ယောက်ဖြစ်သည်ဟု စိတ်ထဲမှာတော့ တွေးမိသည်။

'ဒေါ်မာလာ'

'ရှင်… ဆရာ'

'ဒေါ်မာလာ စီစဉ်ပေးပါ၊ ဒေါ်ရွှေစင်နဲ့တွေ့ဆုံဖို့'

'ဟုတ်ကဲ့… စိတ်ချပါ ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



‘ဖြစ်နိုင်ရင် လာမယ့် ကြာသပတေးနေ့ တွေ့ဖို့စီစဉ်ပေးပါ၊ တစ်ဖက်ကမေးမယ့် owner (ပိုင်ရှင်)ရဲ့စကားတွေကိုတော့ ဒေါ်မာလာ ပြောနိုင်ပါတယ်နော်’

‘ဟုတ်ကဲ့… စိတ်ချပြီးနေပါ ဆရာ၊ ဒေါ်ရွှေစင်နဲ့ပြောပြီးရင် ဆရာ့ဆီ ကျွန်မ အကြောင်းကြားပြီးရင် ဆက်သွယ်လိုက်မယ် ဆရာ’

‘OK ဒါဆိုရင် ကျွန်တော် ဟိုဘက်ကုမ္ပဏီကို ပြောလိုက်ဦးမယ်၊ ဟိုကုမ္ပဏီမှာလည်း Customer တစ်ယောက်စောင့်နေလိမ့်မယ်၊ အပွိုင့်မန့်ယူပြီးသားဖြစ်နေပြီ၊ လိုအပ်တာတွေ ဒေါ်မာလာ ကျွန်တော့်ကို ဖုန်းဆက်ပါ’

‘ကဲ… ကျွန်တော်သွားပြီ ဒေါ်မာလာ’

‘ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပြီးနေပါ’

ဒေါ်မာလာရဲ့ ရဲရဲဝံ့ဝံ့ ကတိပေးသံကို သူ စိတ်ချမိပါသည်။ တကယ်လည်း ဒေါ်မာလာက သူထင်ထားတာထက် ထက်မြက်ပါးနပ်မှု ရှိပါသည်။ လုပ်ငန်းပိုင်းမှာလည်း ကျွမ်းကျင်မှုရှိသည်။ သူ့အကျိုးကို တကယ်လိုလားသူတစ်ယောက်လည်း ဖြစ်သည်။

ဒေါ်မာလာသည် ပြောလည်းပြော နှုတ်ဆက်၍ထွက်





သွားသော မိုးလင်းဆက်ကိုကြည့်၍ သူမစိတ်ထဲ သနားမိပါသည်။

ရှိတာမှ သူ့ဟို့မှာ မောင်နှမနှစ်ယောက်သာရှိပြီး ဆရာ့ညီမလေး မိုးနှင်းဆက်ပုံစံလေးဟာ ကလေးသာသာ ပုံစံမျိုးလေးသာဖြစ်ပြီး ဘာဆိုဘာမှ လောကကြီးအကြောင်း မသိသေးသည့် ပုံစံနှင့် ဖြစ်နေသည်။ အပြစ်တော့လည်း မဆိုသာပါ။ ငယ်ငယ်ကတည်းက ဆင်းရဲတယ်ဆိုတာ ချို့နှင့်လားမေးရမယ့်သူမျိုး ဖြစ်သည်။ ပိုက်ဆံက သူ့အစ်ကိုကြီးဆီမှ ရတယ်ထင်နေသည့်လူစားမျိုး ဖြစ်သည်။ သူမရဲ့အစ်ကိုက ဘာမှမခိုင်းသလို သူမကလည်း ပိုင်းလုပ်ဖို့ ဘယ်တော့မှ စိတ်မကူးခဲ့ပေ။

ဆရာမိုးလင်းဆက်ခမျာ တစ်နေ့တစ်နေ့ တစ်ယောက်တည်း လှုပ်ရှားနေရသည်။ ကံကောင်းစွာဖြင့် စီးပွားရေးမှာတော့ ပြေအလား တက်နေတော့သည်။

အေြာ်…ချမ်းသာသည့်သူဌေးတွေများကျတော့ ကံကောင်းရင်တော့ ဘာပဲလုပ်လုပ် အောင်မြင်တာပဲလေဟု ဒေါ်မာလာစိတ်ထဲတွင် တွေးနေမိတော့သည်။ ဒေါ်မာလာ၏ စိတ်ထဲတွင်တော့ သူမသည် ကုမ္ပဏီမှာ ထိုက်တန်သည့် လစာပမာဏရရှိသောသူလည်းဖြစ်သဖြင့် သူဌေး၏ အကျိုးစီးပွားသည် သူမရဲ့အကျိုးစီးပွားလည်းဖြစ်သည်ဟု စိတ်ထဲတွင် ခံယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်နေ့လုံး မိုးလင်းဆက် အရမ်းပင်ပန်းနေပြီဖြစ်သဖြင့် အိမ်ကို အမြန်ရောက်ပြီး အနားယူချင်နေပြီဖြစ်သည်။

သူ အိမ်ရှေ့ရောက်တော့ ခြံစောင့်ကြီး ဦးဖိုးမှု ခြံတံခါးလာဖွင့်ပေးသည်။ မြင့်မားလှတဲ့ တံခါးရွက်ကြီးလည်း ပွင့်သွားရော အိမ်ဝမှာ အဝါရောင်ဂျစ်ကားတစ်စီးကို အဆင်သင့် ထိုးရပ်ထားတာ တွေ့သဖြင့် မိုးလင်းဆက်က…

'အဘဖိုးမှု အိမ်ကို ဧည့်သည်လာလို့လား'

ဦးဖိုးမှုက…

'မရောက်ဘူး လူလေး'

'ဒါဆိုရင် ဒီကားက'

'ဟို… ဂျစ်ကားက မီးငယ်လေးကိုယ်တိုင် မောင်းဝင်လာတာတွေ့တယ်'

'ဗျာ…'

မိုးလင်းဆက် ပါးစပ်အဟောင်းသားဖြင့် ကားကို ပေါ်တီကိုအောက်မှာ ညင်သာစွာထိုးရပ်လိုက်သည်။

မိုးလင်းဆက်က ကားမောင်းညင်သာသည်။ သူကားပေါ်မှဆင်းဆင်းချင်းပဲ ဂျစ်ကားအဝါရောင်တောက်တောက်လေးကို လှည့်ပတ်ကြည့်မိသည်။ ကားလေးက ချစ်စရာလေးပါပဲ။ အရုပ်





ကားလေးနှင့် တူသည်။ မီးလေး ဒီကောင်မလေး သူကားပေးမမောင်းတော့ဘူးဆိုတာနှင့် ဘယ်သူငယ်ချင်းဆီ ကားကို သွားချောဆွဲထားသလဲ မသိဘူး။

ညီမဖြစ်သူအကြောင်းတွေးရင်း သူ သဘောကျစွာ ပြုံးမိသည်။ တွေးပြီး ပြုံးမိနေသည့် မိုးလင်းဆက် အိမ်ပေါ်ကိုတက်လာသည်။

အိမ်ထဲမှထွက်လာသည့် မိုးနှင်းဆက်ကလည်း…

'ကိုကိုကြီး'

'မီးငယ်လေး ဒါ ဘယ်သူ့ကားလဲ'

'မီးကားလေ၊ မီးဝယ်လိုက်တာ'

'ဘာ…'

'ညည်း ဒါဘာသဘောလဲ၊ အစ်ကိုတစ်ယောက်လုံးကို မတိုင်ပင်ဘဲနဲ့ လုပ်ချင်သလိုလုပ်နေတယ်၊ ဟုတ်လား'

'လုပ်ချင်သလိုလုပ်တာ မဟုတ်ဘူး'

'မီးမှာ စီးစရာကားမှ မရှိတာ'

'ညည်း… ညည်း…'

'အဟင့်… ဟင့်… ဟင့်…'

ဟော… ငိုပါပြီ။ သူမ လုပ်ချင်တာလုပ်ပြီးရင် ငိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရန်တွေ့သည့်ပုံစံလေးက ငယ်ငယ်တုန်းကတည်းက ဒီအတိုင်းပဲ သူမလေးအကျင့်ကို သိနေသည်။

အဟင့်… အဟင့်… ကိုကိုကြီးက ကိုကိုကြီးရဲ့ ကား အကောင်းစားကြီးက မီးစီးလို့ တစ်ခုခုဖြစ်သွားမှာ ကြောက်နေတယ် မဟုတ်လား။

'အဲဒါကြောင့်…'

'ဒီဂျစ်ကားကို မီးမုန့်ဖိုးနဲ့ ဝယ်လိုက်တာ ကိုကိုကြီး ပိုက်ဆံနဲ့ မဟုတ်ဘူး၊ သိလား'

သူမ ဝယ်နိုင်ပါသည်။ ကိုကိုကြီးက သူမကို Bank Account ဖွင့်ပေးထားသည်။ သူမရဲ့ ဘဏ်စာအုပ်ထဲတွင် တစ်လ တစ်လ ပုံမှန်(၁၀)သိန်း အမြဲထည့်ပေးထားသည်ဖြစ်သည့်အတွက် သူမဘာသာ သူမ ဝယ်စီးခဲ့သည်။ ဂျစ်ကားဆိုတော့ ပြီးရော။ အကြမ်းခံသည်။ စီးချင်သလိုစီး။ အခုခေတ်က ဂျစ်ကားခေတ် လည်း ဖြစ်သည်။ ဒါ့ကြောင့် ဈေးအနည်းဆုံးဖြစ်တဲ့ ဂျစ်ကားကို သူမ ဝယ်လိုက်ခြင်းပင်ဖြစ်သည်။

ညီမဖြစ်သူရဲ့ ဆိုးသွမ်းချက်နှင့် တစ်ဖွတ်ထိုးဆုံးဖြတ်ချက်ကိုတော့ သူ လက်မြှောက်ထားလိုက်မိပါသည်။

❖





## အခန်း (၈)

ဂျစ်ကားလေး၏ပုံစံလေးဆန်းမှုနှင့် အဝါရောင်တောက်တောက်လေးလည်း ဖြစ်နေ၊ မိန်းကလေးချောချောလေးမောင်းသောကြောင့် တစ်လမ်းလုံး ကြည့်လိုက်ကြတဲ့ လူတွေရဲ့ မျက်လုံးပေါင်းများစွာတို့ကို ဂရုမစိုက်မိဘဲ သူမ ကက်ဆက်ကလည်း ဘောက်စ်အကြီးတပ်ထားသဖြင့် တဒုန်းဒုန်းဖြင့် မောင်းနေသည်။ သူမ ဒီနေ့ အရမ်းပျော်နေသည်။ အေးစိမ့်၍ ငြိမ့်ညောင်းစွာ အိစက်နေသည့် ကားကိုစီးပြီးမှ လေဟာနယ်ထဲမှာ လွင့်မျော၍ စိတ်လွတ်ကိုယ်လွတ်စီးရသည့် ဂျစ်ကား တစ်မျိုးဆန်းသစ်နေသည်။

မိုးလင်းဆက်မှာလည်း သူ့ညီမလေးက သူ့စေတနာကို နားမလည်သောကြောင့် စိတ်မကောင်းဖြစ်မိသည်။ သူစိုးရိမ်တာ ကားကိုမဟုတ်၊ ပစ္စည်းဥစ္စာမဟုတ်ခဲ့ပါ။ သူ့ရဲ့ ချစ်လှစွာသော ညီမလေးရဲ့ အသက်ဆိုတာ ညီမလေး မသိပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ အသက်နှင့် ဘဝအတွက်ဆို ကိုကိုကြီး ဘာနှင့်ပဲလဲရလဲရပါကွယ်။ နှုတ်ခမ်းစူနေတဲ့ ညီမလေးကို သူ့ပခုံးလေးဖက်၍ ချော့မိသည်။

'ကဲပါ... တိတ်... တိတ်'

ညီမလေး ကျေနပ်ရင် ပြီးတာပါပဲကွယ်။ ညီမလေးရဲ့ ကားလည်း ညီမလေးစီးချင်ရင် စီးပါ။ ကိုကိုကြီး ညီမလေးကို ဘာမှမပြောတော့ဘူး။

'ဒါပေမဲ့ ညီမလေး ကိုကိုကြီးကို ကတိပေး'

'ဘာကတိလဲ၊ ပေးနိုင်တဲ့ ကတိတောင်း'

နှုတ်ခမ်းကိုစူ၍ ပြောနေသည့် ညီမလေးမိုးနှင်းဆက်ကို ကြည့်၍ သူပြုံးကာ...

'မီးငယ်လေး ပေးနိုင်ပါတယ်၊ ကားကို ပုံမှန်ပဲ မောင်းပါ့မယ်လို့ ကတိပေး၊ မီးလေး'

'Promise'

'ပရောမစ်'

'ဟင်း... ဟင်း... ဒီကတိကတော့ ပေးတာပေါ့ ကိုကြီးရ'

စိတ်ထဲတွင် ဝမ်းသာ၍...





'ပရောမစ်...'

မောင်နှမနှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။

မိုးနှင်းဆက်ရဲ့ မျက်နှာလေးမှာလည်း စိတ်ကောက် စိတ်ဆိုးနေသော အမူအရာလေးများပျောက်၍ ဝင်းဝင်းပပ လမင်းလေးလို ကြည်စင်သွားတော့သည်။

သူ့ရင်ထဲမှာ အမြဲရှိနေတဲ့ ဆန္ဒကတော့ ညီမလေးကို စိတ်မညစ်စေချင်ပါ။

မိုးနှင်းဆက် ကိုကိုကြီးက ကားကို ပြန်ပေးစီးသော်လည်း တစ်ခါတလေသာစီးပြီး လွတ်လပ်ပေါ့ပါးစွာ ကားလျှောက်မောင်းတဲ့အခါကျရင်တော့ ဂျစ်ကားအဝါလေးသာစီးသည်။ လှပလွန်းတဲ့ ကောင်မလေးနှင့် ဂျစ်ကားဝါလေးကိုတော့ လူတွေသတိပြုမိကြသည်။

မိုးနှင်းဆက် ဒီနေ့ မင်းမဟာနှင့် လျှောက်သွားဖို့ ချိန်းထားသည်။ မင်းမဟာရဲ့ တိုက်ခန်းရှေ့မှာ ကားဟွန်းကိုတီး၍ ကက်ဆက်အကျယ်ကြီးကိုဖွင့်၍ ကားထိုင်ခုံနောက်မှီကို ခေါင်းမှီ၍ မင်းမဟာအလာကို စောင့်နေမိသည်။

'နှင်းဆက်'

မျက်စိကို မှိတ်ထားရာမှ သူမ မျက်လုံးဖွင့်ကြည့်လိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



'မင်းမဟာ'

'You ကလည်း ကြာလိုက်တာကွာ'

'တို့ကလည်း စောင့်ရတဲ့အလုပ်ကို သိပ်ဝါသနာမပါဘူးနော်'

'ဟာ… ရေရေလည်လည် ကောနေပါလား'

'ကြောက်ပါတယ် မမရယ်'

'အဟက်… ဟင်း… ဟင်း… ဟင်း'

နှစ်ဦးသား ရယ်မောသံလေးတွေနှင့်အတူ အပူအပင်မရှိ ဝေဟင်ကို ပျံတက်သွားတဲ့ ငှက်ကလေးများအသွင်ဖြင့်…

မင်းမဟာသည် ကားအမြန်မောင်းသည့် နှင်းဆက်ကို ကြည့်၍ အားကျနေမိသည်။ အဘယ်ကြောင့်ဆိုသော် သူ့မှာ လျှို့ဝှက်ချက်တစ်ခုရှိသည်။ ဒီလျှို့ဝှက်ချက်ကို သူတစ်ယောက်သာ သိသည်။

'မဟာရဲ့'

မိုးနှင်းဆက်ရဲ့ ခေါ်သံကြောင့် လေရဲ့အရှိန်ဖြင့် လွင့်နေသည့် သူမရဲ့ ဆံနွယ်လေးများကို ပင့်ဟင်လိုက်၍…

'ပြောလေ နှင်းဆက်'

'မဟာ နင် ကားမဝယ်သေးဘူးလား'





'ငါ မဝယ်သေးဘူး၊ ဘာဖြစ်လို့လဲ'

'ဪ… ဘာမှမဖြစ်ပါဘူး၊ နင့်မှာလည်း ပိုက်ဆံရှိတာပဲ၊ ကားအမြင့် မဝယ်ရင်တောင် နင် ဂျစ်ကားတစ်စီးလောက် ဝယ်စီးပါလား၊ အခုခေတ်က ဂျစ်ကားခေတ်လေ၊ သိတယ်မဟုတ်လား'

'အေးပါ… ငါ စဉ်းစားဦးမယ်'

'စဉ်းစားမနေနဲ့၊ ငါ အခုစီးနေတဲ့ကားက ပိုနေတယ်၊ နင်လိုချင်ရင် ငါဝယ်ထားတဲ့အရင်းတိုင်းထက် လျှော့ပေးမယ်၊ နင် ယူထားလိုက်'

'ဟာ… ဟို…'

ကားမရှိတဲ့ သူငယ်ချင်းဖြစ်သူ မဟာအတွက် သူမ စိစဉ်ပေး လုပ်ရပ်တစ်ခုအတွက် သူမကတော့ ဝမ်းသာကျေနပ်နေဟန်ကလေးနှင့် ဖြစ်သည်။

မင်းမဟာသည် နာမည်ကသာ ကြီးကျယ်ခမ်းနားနေပေမယ့် သူ့ဘဝအကြောင်း သူသာ အသိဆုံးဖြစ်သည်။ မင်းမဟာသည်လည်း သူဌေးသားတစ်ယောက် မဟုတ်ပါ။ ဝေယံတို့နှင့် ပေါင်းမိတော့ သူတို့ရဲ့ ပုံစံလေးများဟာ သူဌေးသားလေးများဆိုတာ သိသဖြင့် သူပါ သူဌေးသားအယောင်ဆောင်ထားခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူတို့မိသားစုဟာ ချမ်းသာသောသူများ မဟုတ်သလို ဆင်းရဲတဲ့ မိသားစုလည်း မဟုတ်ပေ။ ရှိတာလေးနှင့် ရတာလေး တွေနှင့် လှအောင်နေတတ်ကြသည်။ မိုးကုတ်ဇာတိဖြစ်သော်လည်း ကျောက်တွင်းအလုပ်သမားဖြစ်တဲ့ အဖေ့ရဲ့ရှာဖွေရေးဟာ သား တစ်ယောက်တည်းရှိတဲ့ မင်းမဟာတို့ အိမ်မှာ ပိုပိုလျှံလျှံ မစုမိပေ။ ရိုးအေးလှတဲ့ မိခင်ဖြစ်သူကလည်း အဖေပေးသည့် ငွေကိုသာ ကျစ်ကျစ်ပါအောင်စုရင်း အချိန်တို့ကို ကုန်လွန်ခဲ့သည်။

အဖေနှင့်အမေ စကားများ ရန်ဖြစ်ကြရင်းဖြင့် ကွာရှင်း သည်အထိဖြစ်ခဲ့သည်။ မင်းမဟာ အဝေးသင်တက္ကသိုလ်ဖြင့် ကျောင်းတက်သည်။ အခု ကျောင်းပြီးတော့ ရန်ကုန်မှာ အလုပ်လုပ် မယ်ဟုဆိုတော့ကာ အမေက တားသော်လည်း တားမရသဖြင့် ရှိတဲ့ပစ္စည်းလေး ထုခွဲရောင်းချပေး၍ စပေါ်မပါဘဲ တိုက်ခန်းလေး တစ်ခန်း ငှားနေခြင်းပဲ ဖြစ်သည်။ ဒါပေမဲ့ သူ့မှာ ဘယ်သူမှမသိတဲ့ အချက်တစ်ချက်ရှိသည်။

ဒါကိုမသိတဲ့ မိုးနှင်းဆက်တစ်ယောက် သူ့ကို ကားဝယ် ခိုင်းနေသည်။ သူ ဘယ်လိုပြောရမလဲ။

သူဟာ လိမ်ညာတတ်သူမဟုတ်သလို ကောက်ကျစ် စဉ်းလဲဖို့လည်း သူ မစဉ်းစားမိပါ။

ဖိုးလပြည့်စာပေ



ပိုက်ဆံအရမ်းချမ်းသာပြီး မောက်မာဝင့်ကြွားမှုမရှိတဲ့ မိုးနှင်းဆက်တို့အုပ်စုကိုတွေ့မှ ဥစ္စာရှိ ငွေရှိတိုင်း ရိုင်းစိုင်းတဲ့ သူတွေထဲမှာ သူတို့မပါဘူးဆိုတာ သိလိုက်ရသည်။ သူ့စိတ်ဟာ လည်း အရမ်းချမ်းသာချင်တဲ့စိတ် ရှိနေခဲ့ပါသည်။

ဂျစ်ကားလေးက ရှမ်းကန်စားသောက်ဆိုင်နားမှာ ထိုးရပ် လိုက်ပြီး မင်းမဟာ၊ မိုးနှင်းဆက်နှင့် နှစ်ယောက်အတူ မနက် စာ လာစားကြခြင်းပင်ဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့ရင်ထဲမှာ ခုထက်ထိ အဖြူရောင်သံယောဇဉ်လေးများသာ ဖြစ်ကြသည်။ သူတို့နှစ်ယောက်က ဘယ်လောက်ပဲ ဖြူစင်တဲ့သူငယ်ချင်းနှစ် ယောက်ဟု ပြောရင်လည်း ယုံရန် ခပ်ခက်ခက်ပဲ ဖြစ်သည်။

သူတို့နှစ်ယောက်ရဲ့ ဖြူစင်တဲ့ သံယောဇဉ်ကို အရောင် ပြောင်းလဲအောင် လုပ်ပေးမယ့်သူတစ်ဦး ရှိခဲ့ပါသည်ဆိုတာ နောင် များမှ သူတို့နှစ်ဦး သိခဲ့ရပါသည်။

မိုးနှင်းဆက်ဆိုတဲ့ မိန်းမချောလေးကတော့ မင်းမဟာကို သူငယ်ချင်းတစ်ဦးထက် မပိုခဲ့ဘူးဆိုတာ သူမကိုယ်သူမ သိပါ သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

'တူ… တူ…'

'တူ… တူ…'

မိုးလင်းဆက် သူမရဲ့ လက်ကိုင်ဖုန်းမှ ခေါ်သံလေးကြောင့် ဖုန်းဖွင့်လိုက်ပြီး…

'ဟယ်လို…'

'ဟယ်လို ဆရာ၊ ကျွန်မ ဒေါ်မာလာပါ'

'ဟုတ်ကဲ့… ဒေါ်မာလာ ပြောပါ'

'ဆရာပြောထားတဲ့ ရွှေစင်ရက်ကန်းရုံက သူဌေးမနှင့် တွေ့မယ်ဆိုတာ အဲဒါကို ကျွန်မ (အပွိုင်မန်)တွေ့ဆုံဖို့ ရက်တရက်ယူလိုက်ပြီး ဆရာပြောတဲ့ ကြာသပတေးနေ့ မနက် ၁၀ နာရီခွဲမှာ ကျွန်မတို့ မိုးနှင်းဆက် Show Room ကိုပဲ သူလာလိမ့်မယ် ဆရာ'





'ဆရာ မိုးလင်းဆက်၊ ကျွန်မပြောတဲ့ အချိန်နှင့် ရက် ဆရာ အဆင်ပြေပါ့မလား၊ ဆရာ ပြောင်းချင်သေးလား ဆိုတာ ဆရာ့ကို မေးတာပါ'

'ရပါတယ်… ဒေါ်မာလာပြောတဲ့ အချိန်ပဲ စီစဉ်လိုက်ပါ၊ ကျွန်တော် အဲဒီအချိန်ပဲ လာခဲ့ပါ့မယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ အားလုံး စီစဉ်လိုက်ပါ့မယ်'

'ကောင်းပါပြီ'

'ဆရာ စိတ်ချပြီးနေပါ'

မိုးလင်းဆက်က…

'ကြာသပတေးနေ့မနက် ၁၀ နာရီနော်'

'ဟုတ်ကဲ့ ဆရာ'

'OK, OK'

မိုးလင်းဆက်တစ်ယောက် တွေးတောနေမိတာကတော့ ခြားတော့ မဟုတ်ပါ။ လာမယ့် ကြာသပတေးနေ့ကလည်း ညီမလေး မိုးနှင်းဆက် မွေးနေ့ဖြစ်သည်။ ညီမလေးက အိမ်မှာ ယ်တော့မှ မွေးနေ့ပွဲ မလုပ်ပေ။ အစ်ကို့ဆီက ပိုက်ဆံတောင်း သူငယ်ချင်းများကို သူမ အပြင်မှာပဲ ဝယ်ကျွေးတာများသည်။

သူနှင့် အမြဲ မနက်အစောကြီး မွေးနေ့တိုင်း ဘုရားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး ပုတီးစိပ် ဆုတောင်းသည်။ ပြီးရင် ဘုရားမှာ အလှူငွေ ထည့်သည့်အလုပ်ကိုတော့ ငယ်ငယ်ကတည်းက သူ ညီမလေး မိုးနှင်းဆက်ကို အကျင့်လုပ်ပေးထားသည်။

ညီမလေးအတွက် မွေးနေ့လက်ဆောင်လေး ဝယ်ပေးဦး မှပါပဲဟု တွေးတောနေမိသည်။ မဝယ်ပေးလို့ကတော့ စိတ်ကောက်လိုက်မည့်အဖြစ်တစ်ခုကို တွေးမိလိုက်သည်။

သူ့ရဲ့ ချစ်ညီမလေးကို သူ အရမ်းကိုချစ်ပါသည်။ ညီမလေး ဘာပဲလုပ်လုပ် အပြစ်တစ်ခုရယ်လို့ မသတ်မှတ်ရက်ပါ။ မိုးနှင်းဆက်သည် သူ့ရဲ့ဘဝတစ်ခု၊ ဘာပဲလုပ်လုပ် ညီမလေး အတွက်သာ စဉ်းစားပြီး လုပ်ခဲ့သည်။

တစ်ခါတစ်ခါမှာ သူက စိတ်ပူ၍ ဆုံးမစကားလေးများ အနည်းနည်းလေး ပြောလိုက်တာနှင့် ညီမလေးက သူ့ထက်ပိုပြီး စိတ်ဆိုးစိတ်ကောက်လုပ်သဖြင့် သူ မဆူရက်တော့ပါ။

မိုးနှင်းဆက်ကလည်း စည်းတစ်ခုတော့ ထားခဲ့ပါသည်။ ဘယ်လောက်ပဲ သူမသည် ယောကျ်ားလေးသူငယ်ချင်းများစွာ ထားရှိသော်လည်း သူ့အပေါ် စ၍မရိုးမသား ချဉ်းကပ်လာရင်တော့ ဘယ်တော့မှ အပေါင်းအသင်းမလုပ်တော့သလို လှည့်၍ပင် မကြည့်တတ်တာ သူမရဲ့ အကျင့်တစ်ခုပဲ ဖြစ်သည်။ ဒါ့ကြောင့်





ရင်က သူငယ်ချင်းများစွာ ရှိခဲ့သော်လည်း အခုတော့ လေး ယောက် ငါးယောက်လောက်သာရှိတော့သည်။ သူတို့မှာလည်း ချစ်သူကိုယ်စီရှိကြတဲ့ သူတွေဆိုတော့ သူမကိုလည်း အချိန်မပေး နိုင်ကြတော့ပေ။ ဒါ့ကြောင့်မို့လည်း သူမ မဟာနှင့် ပိုတွဲဖြစ်သွား သည်။ မဟာဘက်က ရိုးသားသလို သူမဘက်ကလည်း ရိုးသား သည်။ မင်းမဟာက သူ့ရဲ့ပန်းချီနှင့် ဒီဇိုင်းပညာကို ကျွမ်းကျင် တတ်မြောက်အောင်သင်၍ အောင်မြင်အောင် ကျော်ကြားအောင် လုပ်ချင်တာ သူ့ရဲ့ (ခရေစီ)စိတ်ကူးပဲဖြစ်သည်။

မိုးနှင်းဆက်က မင်းမဟာနဲ့တွေ့စမှာ ကြွပ်ဆတ်ဆတ် ကျောကျောနိုင်သော်လည်း ဖြူစင်ရိုးသားတဲ့မျက်နှာနှင့် ရိုးသား မှုကြောင့် ခင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မိုးလင်းဆက် အိမ်ကိုပြန်ရောက်တော့ ညီမလေး မိုးနှင်းဆက်လည်း ရောက်နေခဲ့သည်။

'ကိုကြီး ပြန်လာပြီ'

အစ်ကိုဖြစ်သူ လက်ထဲမှ အိတ်တွေ၊ ဖိုင်တွဲတွေကို ဝိုင်းကူယူနေသည်။ ညီမဖြစ်သူကိုကြည့်၍…

'အောင်မယ်… မီးငယ်လေးက လိမ္မာနေပါလား'

'အဟင်း… ဟင်း…'

သူမအစ်ကိုဖြစ်သူ၏ စကားကြောင့် ရယ်မောလိုက်ပြီး-

'လာမယ့် ကြာသပတေးနေ့က ဘာနေ့လဲဆိုတာကို ကိုကြီး သိပါတယ်နော်'

ဟု မိုးနှင်းဆက်က စကားစလိုက်သည်။

'ကြာသပတေးနေ့ ဟုတ်လား'





'ဘာနေ့လဲ'

'ကိုကိုကြီး သတိမထားမိဘူး'

ဟု သူ့ရဲ့ ချစ်ညီမလေးကို စနောက်မိသည်။

မိုးနှင်းဆက်ကလည်း…

'ကိုကိုကြီးနော်၊ ဒါတောင် သတိမရဘူးဆိုရင် ကိုကိုကြီးကို မီး မခေါ်တော့ဘူး၊ ပြောတော့ဖြင့် ဒီညီမလေးကိုပဲ ချစ်ပါတယ် ချစ်ပါတယ်ပြောပြီး ဂရုလည်း မစိုက်ဘူး'

သူ့ကို ခြေဆောင့်၍ ကျောခိုင်းနေသည့် ညီမလေး မိုးနှင်းဆက်ကို…

'မီးငယ်လေး… မကောက်တေးလေး'

'ကိုကိုကြီးကို ကြည့်စမ်း'

သူ့ညီမလေးရဲ့ မေးစေ့ချွန်ချွန်လေးကိုကိုင်၍…

'ကိုကြီးက ညီမလေးရဲ့ မွေးနေ့ကို မေ့မလား မီးငယ်ရဲ့၊ ကိုကြီးမှာ ဒီညီမလေးတစ်ယောက်တည်းရှိတာ၊ မေ့လို့ဖြစ်မလား၊ ကိုကိုကြီးက ငယ်လေးကို စတာ၊ ချစ်လို့ နောက်တာ'

ချက်ချင်းပင် မျက်နှာလေး ဝင်းပသွားသည့် မိုးနှင်းဆက်က သူမရဲ့ ကိုကိုကြီးကို…



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ကိုကိုကြီးက မီးကို ဘာဝယ်ပေးမှာလဲ'

'မီးငယ်လေးပြောလေ၊ ဘာလိုချင်လဲ'

'အင်း…'

စဉ်းစားသလိုလေး ဖြစ်နေသည့် ညီမလေးကိုကြည့်၍ မိုးလင်းဆက် ပြုံးမိသည်။

'ကဲ… မီးငယ်လေး၊ ညည်းဘာသာညည်း အေးအေးဆေးဆေး စဉ်းစား ဟုတ်ပြီလား၊ ပြီးမှ ကိုကိုကြီးကို ပြော၊ ဟုတ်ပြီလား၊ ကားတော့ ထပ်ပြီးမလဲခိုင်းနဲ့တော့'

'ကိုကိုကြီး ရေမိုးချိုးတော့မယ်'

ဟု ဆိုကာ သူမအနားမှထွက်သွားသည့် ကိုကိုကြီးကို ကြည့်၍ သူမ စဉ်းစားနေသည်။

သူမ ကားစမောင်းကာစကတည်းက မွေးနေ့တိုင်း မွေးနေ့တိုင်းကို နှစ်စဉ်နှစ်တိုင်းစီးနေတဲ့ ကားများကို ဈေးအမြင့်ဆုံး သူ့ထက်ကောင်းတဲ့ ကားများဖြင့် လဲခိုင်းခဲ့သည်။

ဒီနှစ် ကိုကိုကြီးဆီမှာ ဘာမွေးနေ့လက်ဆောင်တောင်းရင် ကောင်းမှာလဲ စဉ်းစားနေမိသည်။

ဒီနေ့ မိုးနှင်းဆက်မွေးနေ့ဖြစ်လို့ မနက်စောစော ကိုကိုကြီးနှင့် သူမလေးတို့ ရွှေတိဂုံဘုရားကိုသွား၍ ကိုကိုကြီး နှစ်စဉ်





နှစ်တိုင်း ပုတီးစိပ်၊ ဆုတောင်း၊ ရေသပ္ပာယ်တဲ့ အလုပ်ကောင်းမှုကုသိုလ်အလုပ်ကလေးများ လုပ်ပေးသည်။

မိုးနှင်းဆက်အတွက် သက်စေ့ ငှက်ကလေးများ လွှတ်ပေးခဲ့သလို ငှက်ကလေးများကို အစာကျွေးသည်။ မိုးနှင်းဆက်သူ့မွေးနေ့မှာ ကိုကိုကြီးနှင့်သွားရတဲ့အချိန် အပျော်ဆုံးပဲဖြစ်သည်။ ထိုအချိန်များတွင် သူမစိတ်တွေ လွတ်လပ်ပေါ့ပါးနေတော့သည်။

ဒါက နှစ်စဉ်နှစ်တိုင်း မွေးနေ့တိုင်းမှာ လုပ်နေကျအလုပ်များဖြစ်သည်။ ဒီအကျင့်လေးဟာ ကိုကိုကြီး ငယ်ငယ်ကတည်းက သူမကို အမြဲလုပ်ပေးတာ ဖြစ်သည်။

မိုးနှင်းဆက်ကလည်း ကိုကိုကြီးကို အားကိုးချစ်ခင်ရပါသည်။ ငယ်ငယ်ကတည်းက မိဘနှစ်ပါးကို သူမအပါးမှ ရုတ်တရက်ထွက်ခွာသွားခဲ့ပြီးကတည်းက ကိုကိုကြီးသာ သူမရဲ့ဘဝ၊ သူမရဲ့ မိဘသဖွယ် ဖြစ်ခဲ့ရသည်။ သူမ ဆိုးနွဲ့တာကလည်း ကိုကိုကြီးကို နွဲ့ဆိုးဆိုးတာသာ ဖြစ်ခဲ့ပါသည်။

ကိုကိုကြီးကို ဘယ်သောအခါမှ ရိုင်းပျစွာ မဆက်ဆံခဲ့ပေ။ ကားမောင်းမြန်တာကိုတော့ သူမ ဘယ်လိုမှ ပြင်လို့မရခဲ့ပေ။ ကားစတီယာတိုင်ကို သူမရဲ့လက်တွေ ရောက်သွားပြီဆိုတာနှင့် သူမရဲ့စိတ်တွေဟာ ကားမောင်းပြိုင်ကြတဲ့သူတွေရဲ့ စိတ်ဝင်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်ပြီး ကားမောင်းမြန်ခဲ့ခြင်းပင် ဖြစ်ခဲ့သည်။

ဒါပေမဲ့ သူမ ကံကောင်းတာကတော့ ကားအက်ဆီးဒင့် ဖြစ်ခဲ့တာမျိုး ကားစမောင်းကတည်းက မဖြစ်ခဲ့သေးပေ။

ရန်ကုန်မြို့လို ကားရှုပ်သည့်မြို့မှာ ဘာမှမဖြစ်တာဟာ သူမရဲ့ ကားမောင်းကျွမ်းကျင်မှုကြောင့်ပင် ဖြစ်ခဲ့သည်။

အိမ်သို့ မောင်နှမနှစ်ယောက် ပြန်ရောက်တော့ အချိန်က ၉ နာရီထိုးနေပြီဖြစ်သည်။

'မီးငယ်လေး'

'ရှင်... ကိုကိုကြီး'

'မီးငယ် ဂျစ်ကားဝါလေးရော ကိုကိုကြီး မတွေ့မိပါလား'

'ဟို... ဟို... ဂျစ်ကားလေးကို မီးသူငယ်ချင်း တစ်ယောက်ကို ပြန်ရောင်းလိုက်ပြီ၊ သူ့ဆီမှာလည်း ကား မရှိလို့ ရောင်းလိုက်တယ် ကိုကိုကြီး'

ဘာမှဆက်မမေးတော့သည့် ကိုကိုကြီးကိုကြည့်၍ သူမ သက်ပြင်းမောလေး ချမိသည်။

မင်းမဟာကို သူမရဲ့ ဂျစ်ကားလေးရော၊ စာအုပ်တွေရော ကားနှင့်ပတ်သက်သမျှတွေကို အကုန်ပေးပြီးသွားခဲ့ပြီ။ ဒါပေမဲ့





မင်းမဟာက သူမကို ပိုက်ဆံလည်း မပေးသေးပေ။ သူမအနေ နှင့် သွားတောင်းရင်လည်း ဒီလောက်ငွေလေးနှင့်မို့ မတောင်းချင်ပေ။ မင်းမဟာ ကားဖိုးလာအပေးကို စောင့်နေမိသည်။

မင်းမဟာဘက်က ဖုန်းလည်း မဆက်သွယ်သလို မိုးနှင်း ဆက်လည်း မဆက်သွယ်ခဲ့ပေ။ လွယ်လွယ်လေး ဆုံးဖြတ်ခဲ့သည့် သူမရဲ့လုပ်ရပ် မှားသွားခဲ့ပြီလားဟု တွေးနေရင်းမှာပဲ အိတ်ထဲမှ သီချင်းသံလေးသွင်းထားသည့် ဖုန်းလေး မြည်လာခဲ့သည်။

သူမ မသိတဲ့ နံပါတ်တစ်ခုကို မြင်ရသည်။

'ဟယ်လို...'

'ဟယ်လို... နှင်းဆက်လား'

'မဟာလား... နင် ဘယ်ရောက်နေလဲ၊ ငါ့ဆီလည်း ဖုန်းမဆက်ပါလား၊ ဒီနေ့ ငါမွေးနေ့လေ၊ နင်တို့အုပ်စုကို ငါ ကျွေးမလို့ လာခဲ့လေ'

'ဆောရီးပဲ နှင်းဆက်'

'ငါ မန္တလေးကိုရောက်နေလို့'

'အိုး... ဘယ်လိုဖြစ်လို့ မန္တလေးရောက်သွားတာလဲ မင်းမဟာ'

'တို့အရေးကြီးကိစ္စလေးရှိလို့၊ နှင်းဆက် စိတ်မရှိပါနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ရပါတယ်ဟာ၊ ကိစ္စမရှိပါဘူး၊ နင်လာတော့ နင့်ကို ငါ ထပ်ကျွေးမှာပေါ့၊ သူငယ်ချင်းတွေပဲ'

စိုးရိမ်စိတ်များဖြင့် ဖုန်းဆက်နေသော မဟာမှာလည်း စိတ်အေးသွားသည်။ သူ့ဆီမှာ ကားဖိုးပိုက်ဆံကို မတောင်းခဲ့သော မိုးနှင်းဆက်ကိုလည်း သူ အရမ်းကျေးဇူးတင်ပါသည်။ သူမလေးကိုလည်း မလိမ်ညာရက်ပါ။ ယုံကြည်မှုလွန်ကဲသော မိုးနှင်းဆက်ရဲ့ အားနည်းချက်တစ်ခုကို အခွင့်အရေးယူလိုက်သော မဟာမှာလည်း အပြစ်မရှိခဲ့ပါချေ။

ဘာကြောင့်ဆို သူ့ကို ဒီကားနှင့်ပတ်သက်၍ တစ်စုံတစ်ယောက်က မိုးနှင်းဆက်မသိအောင် ပြုလုပ်ခိုင်းသောကြောင့် ဖြစ်ခဲ့ပါသည်။

❖





## အခန်း (၁၁)

မိုးလင်းဆက်တစ်ယောက် မိုးနှင်းဆက် ကုမ္ပဏီကိုရောက်တော့ ဒေါ်မာလာက ဆီးကြို၍…

'ဆရာ မင်္ဂလာပါ'

'မင်္ဂလာပါ ဒေါ်မာလာ၊ ဒေါ်မာလာ ချိန်းထားတဲ့ အမျိုးသမီး လာပြီလား'

'ဟုတ်ကဲ့… ရောက်နေပြီ ဆရာ'

'သီးသန့်ခန်းထဲမှာ တွေ့ဆုံဖို့ စီစဉ်ပေးထားတယ် ဆရာ'

'ဆရာ ခဏနားဦးမှာလား'

'မနားတော့ပါဘူး၊ တစ်ခါတည်း ဆွေးနွေးလိုက်မယ်'

'ဟုတ်ကဲ့… ဒါဆို ကျွန်မတို့ သွားရအောင်'

ဒေါ်မာလာက ရှေ့မှဦးဆောင်၍ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းထဲရောက်တော့ တံခါးပေါက်ကို ကျောပေး နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့သည်။

ဒေါ်မာလာက စတင်၍ အသံပြုလိုက်သည်။

'ဒေါ်ရွှေစင်… ကျွန်မတို့သူဌေး ရောက်နေပါပြီ'

ဒေါ်မာလာအသံကြောင့် နောက်ကျောပေးနေရာမှ လှည့် လာသည့် သူမရဲ့မျက်နှာကိုလည်း မြင်လိုက်ရာ မိုးလင်းဆက်ရဲ့ နှုတ်ဖျားမှ…

'ထား… ထား… တကယ်ပဲ ထားပါလား'

'နေကောင်းတယ်နော် ကိုမိုး'

လှလှပပလေးပြုံးကာ မေးလိုက်သော ထား။ တစ်ချိန်က ထား၊ သူ့ရဲ့နှုတ်ဖျားမှ အံ့ဩမှုများကြောင့် အသံမထွက်နိုင်ပေ။

'ကောင်းပါတယ် ထား၊ ကိုယ်က ဒေါ်ရွှေစင်ဆိုတော့'

'ဘာလဲ… တို့လို့ မထင်ထားဘူး မဟုတ်လား'

'အင်း…'

အမှန်အတိုင်းပဲ ပြောမိသည်။

ဒေါ်ရွှေစင်က…

'ဟုတ်တယ်… တို့နာမည်အရင်း ထားရွှေစင်ကို ရွှေစင် ဆိုတဲ့ နာမည်ကိုခေါ်စေခဲ့ပြီး ထားကို ဖြုတ်ထားပစ်လိုက်





ဒယ်၊ အဟင်း… ဟင်း'

ဒေါ်ရွှေစင် ညင်ညင်သာသာလေး ရယ်မော၍…

'ထားဆိုတဲ့အမည် ဘာ့ကြောင့်ဖြုတ်ခဲ့တာလဲဆိုတာတော့ တို့ မပြောပြတော့ဘူးနော်'

ပြောနေရင်းမှပင် ဒေါ်ရွှေစင်ရဲ့ လှပတဲ့ မျက်လုံးလေး များမှာ အရည်ကြည်လေးများ လဲ့လာခဲ့သည်။

မိုးလင်းဆက်ရဲ့ စိတ်ထဲတွင်လည်း…

ဩော်… ထားရယ်၊ နှစ်တွေကြာခဲ့တာတောင် ထားရဲ့ စိတ်ထဲမှာ ကိုယ်ရှိနေတဲ့အတွက် ကိုယ် ဝမ်းသာမိပါတယ်။ ထားရဲ့ စကားကြောင့် သူတစ်ချက်တော့ ရင်ခုန်သွားခဲ့သည်။

ဒေါ်မာလာမှာလည်း ရပ်၍ သူဌေးနှစ်ယောက်ရဲ့ ပြော စကားများကို နားထောင်၍ အလိုက်သိစွာပင် သူမ အခန်းပြင်သို့ ထွက်သွားသည်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ ဇာတ်လမ်းရှိခဲ့ ပုံးသည်ထင်ပါတယ်။ ဒါ့ကြောင့် ထင်တယ်။ ဒေါ်ရွှေစင်သည် သူမတို့ဆိုင်သို့ ရန်ကုန်ရောက်တိုင်း ဝင်လေ့ရှိသလို သူဌေးဦးမိုး လင်းဆက်အကြောင်းလည်း ရံဖန်ရံခါ မေးတတ်လေ့ရှိသည်။ ခုမှပဲ သူမ ရိပ်မိသလို ဖြစ်သွားသည်။

'ထား'



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းဆက်က ခေါ်သော်လည်း…

'မိုး… ကျေးဇူးပြုပြီး တို့ကို ထားလို့မခေါ်ပါနဲ့'

ဟု ငိုသံလေးဖြင့် ဟန့်တားလိုက်သည်။

'တို့ဘဝမှာ တစ်သက်မှာ တစ်ခါသာချစ်ခဲ့ရတဲ့သူတစ်ယောက်က 'ထား' 'ထား'လို့ဆိုပြီး တို့ကို ထားခဲ့လို့ တို့က ထားဆိုတဲ့စကားလုံးကို မေ့ပျောက်ထားလိုက်ပြီ'

သူ့ကို ယနေ့တိုင် မမေ့နိုင်သေးတဲ့ တစ်ချိန်က ထား (သို့) ရွှေစင်ကိုကြည့်ကာ…

'ကဲပါဗျာ… မကြိုက်ရင်လည်း မခေါ်တော့ပါဘူး'

'ဒေါ်ရွှေစင်… ဟုတ်ပြီလား'

သူမကို စနောက်သလို ခပ်ရွှတ်ရွှတ်လေး ပြောသည်။

မိုးလင်းဆက်နှင့် ရွှေစင် အကြည့်ချင်းဆုံလိုက်ရာ…

'အို…'

ဒေါ်ရွှေစင်တစ်ယောက် အပျိုဖြန်းလေးတစ်ယောက်လို ရင်ခုန်သွားခဲ့သည်။ သူမကို ရွှန်းလက်သော မျက်လုံးများဖြင့် ရယ်မော၍ ပြောနေသည့် မိုးလင်းဆက်၏ မျက်လုံးများကြောင့်ပင်ဖြစ်သည်။

ဒေါ်ရွှေစင်သည် လူလတ်ပိုင်းအရွယ်ရောက်လာသော်





လည်း ယခင်ကအတိုင်း ဘာမှမပြောင်းလဲသည့် မိုးလင်းဆက်ကို ကြည့်နေသလို မိုးလင်းဆက်ကလည်း ထားတစ်ယောက် သူနှင့်တွေ့တုန်းက ငယ်ရွယ်နုပျိုသော ကျောင်းသူမလေးပုံစံ ပျောက်သွားသော်လည်း ရင့်ကျက်တည်ငြိမ်တဲ့ အလှတရားလေးများဖြင့် ရွှေစင် ဖြစ်နေခဲ့သည်။ ဒေါ်ရွှေစင်သည် အသက်သုံးဆယ်ကျော်လေးဆယ်နားကပ်လာသော်လည်း အဆီအပိုမရှိသည့် ကိုယ်လုံးလှလှလေးဟာလည်း လှပနေဆဲပါပဲ။ မန္တလေးသူဖြစ်သဖြင့် သူမရဲ့ ညိုညက်ညက်ကလေး စိုပြည်နေသည့် အသားအရေနှင့် မျက်ခုံးထူထူလေးနှင့် ဝိုင်းစက်၍ မျက်တောင်စိတ်စိတ်တို့ ဝန်းရံထားသည့် မျက်လုံး၊ စင်းနေသော နှာတံလှလှလေးနှင့် မထူမပါးလေးကိုင်းသဏ္ဌာန် နှုတ်ခမ်းလေးတို့ကို ဘောင်ခတ်ထားတာကတော့ လေးထောင့်နည်းနည်းဆန်သည့် မေးရိုးတို့ပင်ဖြစ်သည်။ ထိုလေးထောင့်ဆန်သော မေးရိုးများကြောင့် သူမဟာ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာပြတ်သားစွာ ချနိုင်တယ်ဆိုတာကိုလည်း သူအသိဆုံးပင်ဖြစ်သည်။

စိုက်ကြည့်နေသည့် မိုးလင်းဆက်ကို ဒေါ်ရွှေစင်က…

'မိုး… ကြည့်လှချည်လား'

'ဩော်… ထား…အဲ… ရွှေစင်က အရင်အတိုင်းပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'Thank you'

'မိုးလည်း အရင်ကထက်တောင် ပိုကြည့်ကောင်းနေပါတယ်'

'Thank you ပါဗျာ'

'မိုး ညီမလေး အခု ဘယ်အရွယ်ရောက်နေပြီလဲ'

သူမ ညီမလေးကို မမေ့သေးပေ။ ဘယ်မေ့နိုင်မလဲ။ ညီမလေးကြောင့်ပဲ သူနှင့် ထားတို့ လမ်းခွဲပြီး အဆက်အသွယ် ပြတ်ခဲ့ကြတာပဲလေ။

မိုးလင်းဆက်က ထားရဲ့ အမေးစကားကို…

'မိုးငယ်လေးက အခု ကျောင်းပြီးသွားပြီ၊ အိမ်မှာတော့ ကားတစ်စီးနှင့် ဟိုသွားလိုက် ဒီသွားလိုက်ပါပဲ ရွှေစင်ရယ်၊ ကလေးလိုပါပဲ'

'မိုးက ညီမလေးကို အရမ်းချစ်တော့လည်း အလိုလိုက်ထားတော့လည်း မိုးတို့လည်း ဘာမှလုပ်စရာ မရှိတော့ဘူးပေါ့၊ ဘာမှလုပ်စရာမလိုအောင်လည်း ချမ်းသာတာပဲ မဟုတ်လား'

'ဒီလောက်လည်း မဟုတ်ပါဘူး'

'ထားရော မန္တလေးမှာ ဘယ်သူနဲ့နေသလဲ'





'အိမ်ထောင်ရော ကျသွားပြီလား'

အို… မိုးရယ်၊ အိမ်ထောင်သည် ဖြစ်သွားခဲ့ရင်လည်း မိုးရှိနေတဲ့ အရပ်ဒေသ မိုးပတ်ဝန်းကျင်ကို ရောက်အောင်လာခဲ့မှာ မဟုတ်ပါဘူးဟု စိတ်ထဲတွင် ပြောနေမိသည်။ တကယ်တမ်း အပြင်မှာတော့…

'တို့ အခုထက်ထိ အရင်အတိုင်းပါပဲ'

'ဒါနဲ့ မိုးနှင့် ထား နောက်ဆုံးတွေ့ကြတုန်းက ထားအိမ်က သဘောတူတဲ့လူနှင့် လက်ထပ်ပေးတော့မလို့ဆို'

'ဟုတ်တယ် မိုး'

'ဒါပေမဲ့ ထားလေ… ထား… ဖေဖေနဲ့ မေမေတို့ကို ထားမချစ်တဲ့သူနဲ့ လက်မထပ်ပါရစေနဲ့ဆိုပြီး နားဝင်အောင်ပြောပြီး လက်မထပ်ဖြစ်ခဲ့ပါဘူးကွယ်'

ထား… ထားလေ မိုးကို တစ်နေ့မှ မေ့လို့မရခဲ့ဘူးဆိုရင် မိုး ယုံမလား ရင်ထဲမှ ပြောနေမိသည်။

'ထားရယ်'

မိုးလည်း ထားရင်ထဲမှာ ပြောနေတဲ့ စကားကို ထားမျက်လုံးများကို ကြည့်တာနှင့် ကြားနေရသလို ခံစားမိပါတယ်။

မိုးတို့လမ်းခွဲခဲ့ကြတာ မုန်းလို့မှမဟုတ်ကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အသံတိတ်၍ ငြိမ်သက်နေကြချိန်မှာပင် ဒေါ်မာလာက အခန်းဝမှ…

'ဆရာ'

'ဩော်… ဒေါ်မာလာ ဝင်ခဲ့ပါ၊ ဝင်ခဲ့ပါ'

'ဆရာတို့ ဆွေးနွေးပြီးကြပြီလား'

ဒေါ်မာလာရဲ့ အမေးကို သူတို့နှစ်ယောက် မဖြေဘဲ ပြုံးရယ်လိုက်ကြသည်။

'ဟွန်း…'

'ဟင်း… ဟင်း…'

'ကျွန်တော်တို့ အလုပ်ကိစ္စ မဆွေးနွေးဖြစ်သေးဘဲ ရှေးဟောင်းနောက်ဖြစ်ကလေးတွေပဲ ပြောနေရသေးတယ်၊ ကျွန်တော်တို့နှစ်ယောက်က ဟို… ဘယ်လိုပြောရမလဲ'

'မိုး'

ဒေါ်ရွှေစင် ဆက်မပြောစေရန် တားသံထွက်ပေါ်ခဲ့သည်။ မိုးလင်းဆက်ကလည်း…

'ကဲပါဗျာ… ကျွန်တော်တို့ နောက်နေ့မှ အလုပ်ကိစ္စ ဆွေးနွေးကြတာပေါ့၊ နောက်ရက်တစ်ရက်ပေါ့ဗျာ၊ အခု တော့ ကျွန်တော် ဒေါ်ရွှေစင်ကို မနက်စာကျွေးဖို့





ကျွန်တော်ပဲ တာဝန်ယူလိုက်မယ် ဒေါ်မာလာ'

ရှက်နေသည့် ဒေါ်ရွှေစင်၏ မျက်နှာနှင့် အမူအရာလေးများကို ကြည့်ခြင်းဖြင့် ဒေါ်မာလာကလည်း မိန်းမသားအချင်းချင်းမို့ သဘောပေါက်လိမ့်မည်။ စိတ်ထဲမှလည်း ပြုံးချင်ချင်…

'ဟုတ်ကဲ့ပါ ဆရာ'

'လာ… ရွှေစင်'

ဟု ခေါ်ကာ ဒေါ်မာလာကို နှုတ်ဆက်၍ ခြေလှမ်းကျဲကျဲများဖြင့် ရှေ့မှထွက်သွားသည့် ဦးမိုးလင်းဆက်နောက်သို့ ထားမှာ စိတ်ညို့ခံထားရရသူပမာ အပြေးလေးလိုက်သွားသည်။ ဒေါ်ရွှေစင်က ဒေါ်မာလာကိုတော့ လက်ကလေးပြ၍ နှုတ်ဆက်လိုက်ပါသည်။ ဒေါ်မာလာက သူတို့နှစ်ဦးကို အံ့ဩသောမျက်လုံးများဖြင့်ကြည့်ပြီး ပြန်၍လက်ပြလိုက်ပါတော့သည်။ အပြင်သို့ရောက်သော် မိုးလင်းဆက်က…

'ထား… ထားမှာ ကားမပါဘူး မဟုတ်လား၊ ကိုယ့်ကားနဲ့ပဲ လိုက်ပို့ပေးမယ်၊ ကားပေါ်တက်'

လက်မဆွဲရုံတမယ် ဖြစ်နေသည့် မိုးလင်းဆက်ကိုကြည့်၍ ထားမှာလည်း ရင်တွေခုန်ကာ ပြုံး၍ ကားတံခါးဖွင့်ပေးနေသည့် မိုးလင်းဆက်ကို ထားတစ်ယောက် ဆွံ့အနေသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို ဘာမှလည်း ပြန်မပြောနိုင်တော့။ သူခေါ်ဆောင်ရာသို့ လိုက်ပါ ခဲ့ပါသည်။ မိုးလင်းဆက်ရဲ့ ကားကြီးမှာ သခင်ရဲ့အလိုကျ မောင်း နှင်နေပါသည်။

မိုးလင်းဆက်မှာလည်း စီးပွားရေးမှ စီးပွားရေးများနှင့် သူ့ရဲ့ချစ်ညီမလေးအတွက်သာ သူ့ရဲ့ အချိန်များအားလုံးကို ပေး အပ်ထားခဲ့သည်။ ကာလတွေ မနည်းတော့ပါပေ။ လူပျိုကြီးလည်း ဖြစ်၊ ငွေကြေးစည်းစိမ် ကြွယ်ဝချမ်းသာသဖြင့် သမီးရှင်များက လည်း သူ့ကို သွယ်ဝိုက်၍တစ်မျိုး၊ တိုက်ရိုက်အောင်သွယ်ခြင်း မျိုးနှင့် ကြုံတွေ့ခဲ့ရသော်လည်း သူ စိတ်မဝင်စားခဲ့ပါပေ။ ဟို အရင် သူ့ရဲ့ အသည်းနှလုံး တစ်ထောင့်တစ်နေရာမှာ အမြဲရှိ တာကတော့ ထားဆိုတဲ့ ဒေါ်ထားရွှေစင်ပဲ ဖြစ်ခဲ့ပါသည်။ ဒါကို သူသာလျှင် အသိဆုံးဖြစ်နေခဲ့ပါသည်။

ဒေါ်ရွှေစင်လည်း သူ့အပေါ်မှာ ဒီလိုမျိုးပဲဖြစ်မယ်ဆိုတာ သူ မမေးဘဲနှင့် သူမရဲ့ အမူအရာလေးများကို ကြည့်တာနှင့် သိသည်။

ယခု ထားကို မမျှော်လင့်ဘဲ ရုတ်တရက်ပြန်တွေ့လိုက် ရတော့ သူ့စိတ်တွေ ပျော်ရွှင်သွားသည်။

မိုးလင်းဆက် အင်းယားလမ်းမှာရှိတဲ့ တိတ်ဆိတ်ငြိမ်





သက်အေးချမ်းတဲ့ စားသောက်ဆိုင်လေးမှာ သူ့ရဲ့ကားကြီးကို ထိုးရပ်လိုက်လျှင်ပင် ညှော်ကြို့ဝန်ထမ်းကောင်လေးများ ဖော်ဖော် ရွှေရွှေဖြင့် နှုတ်ဆက်တာကို သူက ပြုံးပြ၍ နှုတ်ဆက်ပြီး ထား ဒေါ်ရွှေစင်ရဲ့ လက်ကလေးကိုဆွဲ၍ ဆိုင်ထဲသို့ဝင်ခဲ့သည်။

ဒေါ်ရွှေစင်က ရှက်နေမိသည်။ သူဆွဲကိုင်သည့်လက်ကို ရုန်းကြည့်သော်လည်း သူ့ရဲ့လက်ကြီးများကြားမှ သူမရဲ့လက်ကလေး ကို လွှတ်မပေးသည့်အပြင် ပို၍တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

'မိုးရယ်… တို့လက်ကို လွှတ်ပါဦး'

မိုးလင်းဆက်က ရှက်သွားသောမျက်နှာဖြင့်…

'ဟုတ်ပါရဲ့… ဆောရီးနော်…'

ထားရဲ့မျက်စောင်းလေးကို အပြုံးဖြင့် ကျေနပ်စွာ လက်ခံ လိုက်ပြီး ဆိုင်ရဲ့ လှပတဲ့ကျွန်းခုံလေးတွေပေါ်မှာ ထိုင်လိုက်ရင်ပဲ မိုးလင်းဆက်က စတင်၍…

'ကိုယ်ကတော့ ထားလို့ပဲ ခေါ်မယ်နော် ထား၊ ရွှေစင် ဆိုတဲ့နာမည်က ကိုယ့်အတွက် စိမ်းနေလို့'

ဒေါ်ရွှေစင်က ဘာမှမပြောဘဲ ခေါင်းကိုငုံ့၍…

'ထား…'

'ကိုယ့်ကို ကြည့်ပါဦးကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ထား အရင်လို ကိုယ့်အပေါ်မှာ သဘောထားတုန်းပဲ ဆိုတာကို ကိုယ်သိလို့ ကိုယ် အရမ်းဝမ်းသာတာပဲကွာ'

'ကိုမိုးရယ်… ထားက ကိုမိုးကို အမြဲသတိရနေပါတယ်၊ ကိုမိုးအကြောင်းတွေ အမြဲတမ်း ရန်ကုန်လာတိုင်း စုံစမ်းပြီး အမြဲနားစွင့်နေတာပါ၊ ကိုမိုးကသာ…'

'ထားရယ်… ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်က ထား လက်ထပ်သွားပြီပဲ ထင်နေတာ၊ ဒါ့ကြောင့် ကိုမိုး ထားအကြောင်း မေ့ဖျောက်ထားတာပါ၊ ဒါပေမဲ့လည်း ကိုယ့်ရင်ထဲမှာ ထား အမြဲရှိနေတာပါ'

'ဒါ့ကြောင့် ကိုယ့်တစ်သက်မှာ တစ်ခါသာချစ်တဲ့ ထားကို မေ့လို့မရလို့ ကိုယ် အိမ်ထောင်ပြုဖို့ စိတ်မကူးခဲ့ဘူး၊ ထားကို ကိုယ်လည်း လွမ်းနေတာပါကွယ်'

'ကိုမိုးရယ်'

ဝိုင်းစက်နေသော မျက်လုံးလေးများမှ မျက်ရည်များ ဝဲနေသည့် ထားကိုကြည့်ပြီး သူ အရမ်းစာနာ သနားမိပါတယ်။

'ထား ကိုယ်တို့ရဲ့အချိန်တွေ နှမြောစရာကြီး ဖြစ်သွားပြီ'

ထားရွှေစင်က မိုးလင်းဆက်ကို ပိုရန်ကောဟူသော မျက်တောင်လေးဝင့်၍…





'ကိုမိုးကသာ ထားကို မေ့ထားပေမယ့် ထားက ကိုမိုးကို ဘယ်တော့မှ မမေ့ခဲ့ပါဘူး၊ ထားကိုလည်း ခွင့်လွှတ်ပါ ကိုမိုး'

'ကိုမိုးညီမလေးအတွက်လည်း ထား ကိုယ်ချင်းစာပါတယ်'

'ဪ… ထားရယ်၊ ကိုယ် ဒီစကားကိုကြားရတာ ဝမ်းအသာဆုံးပါပဲ'

'ဘာဖြစ်လို့လဲဆိုတော့ ထားလည်း မန္တလေးပြန်ရောက်တော့ ထားရဲ့အစ်မဖြစ်သူ 'ထားခင်ခင်'တို့ ဇနီးမောင်နှံ ဆုံးသွားတော့ ထားရဲ့တူလေးကိုလည်း ထားပဲ ပြုစုယုယပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ရတယ်၊ အခုဆို ထားရဲ့တူလေ၊ ဘုန်းထက်သော်လည်း ကိုမိုးညီမလေးနဲ့ ရွယ်တူပဲ ကိုမိုး'

မိုးလင်းဆက်က စိတ်ဝင်စားစွာဖြင့်…

'ထားရဲ့တူလေး ရှိတယ် ဟုတ်လား၊ အခု သူက ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ ထားနဲ့ အတူတူနေတာလား'

'ဘုန်းထက်သော်လေးကို ထားက အရမ်းချစ်တယ်၊ လိမ္မာရေးခြားလည်းရှိတယ်၊ ရိုးသားတယ်၊ ပြီးတော့ ထားပြောရင် ပိုတယ်ထင်မှာစိုးတယ်၊ အမရုပ်မှာ ထား



www.burmeseclassic.com

www.burmeseclassic.com



တို့ ရက်ကန်းစင်တွေရှိတယ်၊ ရက်ကန်းရုံမှာ သူပဲ ဦးဆောင်တယ်လေ၊ သူက အခု ကွန်ပျူတာနဲ့ ကျောင်း လည်းပြီးသွားပြီ၊ ကျောင်းကို ရန်ကုန်မှာပဲ လာတက်တာ လေ၊ အရမ်းကို ထောင့်စေ့အောင် စီစဉ်နိုင်တယ်၊ ထား အခု သူ့ကို မျက်နှာလွှဲနေရပြီ ကိုမိုး'

'ထားက ကိုဘုန်းလေးကိုပဲ အားကိုးနေရတာ၊ ပြီးတော့ ထားတူလေးက ဈေးကွက်ချဲ့ထွင်တယ်၊ ကိုယ်ပိုင်နာမည် တစ်ခုကလည်း အောင်မြင်တယ်၊ ပုဆိုးအမည်ကို ကိုမိုး ကြားဖူးမှာပါ၊ ကိုဘုန်းလေးကိုယ်တိုင် ဈေးကွက်ဖြန့်ပေး တယ်၊ ကြော်ငြာတွေလုပ်တယ်၊ အခု တော်တော်လေး အောင်မြင့်တယ်၊ အလုပ်အရမ်းလာဘ်မြင်တဲ့ ကလေး တစ်ယောက်၊ အသောက်အစား အပျော်အပါးလည်း မရှိဘူး'

'ထားကလည်း ထားတူလေးအတွက် အချိန်တွေပေးပေး ရသလိုဖြစ်လို့ ကိုမိုးကို မဆက်သွယ်မိခဲ့တာပါ'

မိုးလင်းဆက်သည် 'ထားရဲ့ တူလေးအကြောင်း ကြားရ တာ ဝမ်းသာပါတယ်ကွာ။ ကိုယ် ညီမလေးအတွက်ပဲ ရင်လေးခဲ့ တယ်'ဟု ဆိုမိသည်။





သူတို့နှစ်ယောက်ရဲ့ ပြောစကားများဟာ သူတို့တွေ အတွက် မဟုတ်တော့ဘဲ ကလေးတွေ နှစ်ယောက်အတွက် ဖြစ် သွားသည်။

ကိုမိုးရဲ့ အတွေးထဲတွင် ညီမဖြစ်သူအတွက် ရတက် မအေးနိုင်သည့် ပုံဖြစ်သွားသည်။ အတွေးများနှင့်လည်း ပြည့်နှက် နေသည်။ တွေဝေစဉ်းစားမှုတွေနဲ့ သိပ်ချစ်ရတဲ့ ကိုမိုးကို ထားက အားပေးနှစ်သိမ့်လိုက်ပါသည်။

'ကိုမိုး ဒီလောက်လည်း ပူပန်မနေပါနဲ့၊ ထား ထင်တာ တော့ ကိုမိုးက အစိုးရိမ်လွန်တာ ဖြစ်မှာပါကွယ်'

'ထား မသိပါဘူးကွာ'

ကိုမိုးရဲ့ လက်ကို ဆုပ်ကိုင်၍ ထား အားပေးလိုက်ပါ သည်။ ကိုမိုးကလည်း ထားရဲ့လက်ကို သူ့ရဲ့လက်ဖြင့် အုပ်မိုး ဆုပ်ကိုင်ထားသည်။ ထားရဲ့မျက်နှာလေးကိုကြည့်ရင်း တဒင်္ဂတော့ သောကအပူလေးတွေ မေ့သွားတော့သည်။

ကိုမိုးနှင့် ပြန်လည်ဆုံတွေ့၍ ထား ပျော်ရွှင်ရပါတယ်။

ထား အိပ်မက်တော့ မမက်ပါရစေနှင့်။

အိပ်မက်မှ နိုးထလာခဲ့တဲ့ ထားရဲ့ နှလုံးသားတွေ ပူနွေး ၍ နှလုံးခုန်သံလေးများ တဒုန်းဒုန်းဖြင့် ခုန်မိသော ရင်ခုန်သံများ



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်ရတဲ့ ကိုမိုး မကြားအောင် ထိန်းသိမ်းထားရသော်လည်း ထားတစ်ယောက် ရင်ခုန်သံစည်းချက်များနှင့်အပြိုင် ထားရဲ့ မျက်နှာ၊ ထားရဲ့အပြုံး၊ ထားရဲ့စိတ်ဘို့ဟာ အရမ်းကို ပျော်ရွှင်ကြည်နူးနေမယ်ဆိုတာ ထားကိုယ်ထား သိပါသည်။

ထား အမြဲတမ်းအတွက် ပျော်ပါရစေ ကိုမိုး။

မိုးလင်းဆက်သည် ထားနှင့်တွေ့ဆုံ၍ စကားတွေ ပြောနေသော်လည်း သူ့ညီမလေး မိုးနှင်းဆက်အတွက်သာ သောကတွေ ရောက်နေသည်။

ထားချစ်သူကို ထား သနားမိပါသည်။ ထားက ပိုချစ်ရတဲ့သူဆိုတော့ ကိုမိုးအကြောင်း အမြဲစုံစမ်းနေခဲ့သဖြင့် ကိုမိုးညီမလေး မိုးနှင်းဆက်အကြောင်းကို ကြားသင့်သလောက် ကြားရပါသည်။

မိုးနှင်းဆက်က ခေတ်ဆန်စွာ ဝတ်စားနေထိုင်တာရယ်၊ ယောကျ်ားလေးသူငယ်ချင်းသာရှိပြီး မိန်းမလေးသူငယ်ချင်း မရှိခြင်း၊ ကားကို လျင်မြန်စွာမောင်းခြင်းတို့ကြောင့်သာ ကိုမိုးက စိတ်ပူနေတာပါ။ သူမအတွက် အလုပ်ဆိုတာကလည်း ဘာမှလုပ်စရာမလိုအောင် ပြည့်စုံကြွယ်ဝ ချမ်းသာနေတာပဲမဟုတ်လား။ ထားတို့က သာမန်ဘဝကနေ တက်လာတဲ့ လူတွေဆိုတော့





လည်း ဘယ်တူမှာလဲ။ အခုလက်ရှိလည်း ထားတို့ ချမ်းသာတာဟာ ကိုမိုးတို့ ၁၀ ပုံ ၁ ပုံတောင် မမီပေ။

'ထားရယ်... ကိုမိုးကို စိတ်လည်းမဆိုးပါနဲ့၊ ကိုယ့်ကို ပစ်မထားပါနဲ့၊ ကိုမိုး ဒီရက်ပိုင်းတွေမှာ ညီမလေးနှင်းဆက်အတွက်ပဲ ခေါင်းထဲရောက်နေလို့ပါကွာ'

'ထား စိတ်မဆိုးပါဘူး၊ ထားတို့ ညီမလေး မိုးနှင်းဆက်အတွက် တစ်ခုခုစဉ်းစားကြတာပေါ့ ကိုမိုး'

'ထားရယ်... ကိုယ့်အပေါ် နားလည်ပေးတဲ့ ထားကို ကိုယ် အရမ်းလေးစားမြတ်နိုး ချစ်ခင်ရပါတယ်ကွယ်'

ထားရဲ့ ပခုံးလေးနှစ်ဖက်ကို အလိုက်သင့်လေး ထွေးပွေ့၍ ညင်သာသည့် အနမ်းပွင့်လေးများ ခြွေချမိပါသည်။

'ကိုမိုးရယ်'

ထားသည်လည်း ချစ်ရတဲ့ ကိုမိုးရဲ့ ထွေးပွေ့မှုနှင့် သန့်စင်တဲ့ အနမ်းလေးများကို မြတ်မြတ်နိုးနိုးခံယူရင်း ကိုမိုးကို ပြန်လည်၍ တင်းကျပ်စွာ ဖက်တွယ်ခဲ့ပါသည်။

ကိုမိုးရယ်... ထား လွမ်းခဲ့ရတာလည်း နှစ်တွေ လတွေ မနည်းပါဘူးကွယ်။ ထားချစ်ရတဲ့လူကို ထား စိတ်ချမ်းသာစေချင်ပါတယ်ကွယ်။ ဟိုးအရင်ကတည်းက ကိုမိုး စိတ်ချမ်းသာ…



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ဆုံးဖြတ်ထားခဲ့တာပါပဲကွယ်။

ထားရဲ့ ပခုံးလေးပေါ်မှာ ခေါင်းတင်ပြီး မျက်စိအစုံမှိတ်ပြီး မိုးလင်းဆက်တစ်ယောက် သောကအမောတွေကို သူချစ်ရတဲ့ ထားရွှေစင်ရဲ့ ရင်ခွင်မှာ ကလေးတစ်ယောက်လို မှေးမှီနေတဲ့ ကိုမိုးရဲ့ မျက်နှာကို ကြည့်လိုက်မိရင်းက ကိုမိုးရဲ့ မျက်တောင်တိုတိုစိတ်စိတ်လေးများကို ထား ကျောင်းသူဘဝကတည်းက နှစ်သက်ခဲ့ရပါသည်။ လတ်ဆတ်ဖြူဖွေးသော အသားအရေနှင့် ပါးသိုင်းမွေးလေးတွေကိုလည်း ထား ချစ်ခဲ့ရပါသည်။

ထားလေ... ထား ချစ်ရလွန်းတဲ့ ကိုမိုးရဲ့ ပါးသိုင်းမွေးလေးတွေပေါ်သို့ အနမ်းလေး ပေးမိပါသည်။

'ထားရယ်... ကိုယ့်ကို ပစ်မထားပါနဲ့ကွာ'

ကိုမိုးရဲ့ ညီမလေး မိုးနှင်းဆက်အပေါ်ထားတဲ့ ချစ်ခြင်းကို ထား လေးစားရပါတယ်ကွယ်။

ထားရဲ့ မျက်နက်ဝန်းလေးတွေမှာ သူချစ်ရတဲ့သူကိုကြည့်၍ မျက်ရည်စလေးတွေ ဝေ့လာခဲ့သည်။

ထားတို့ရဲ့ နှစ်ပေါင်းကြာရှည်ခဲ့တဲ့ ချစ်ခရီးလေး ဖြောင့်ဖြူးသာယာမှာပါကွယ်။

❖



## အခန်း (၁၂)

မိုးနှင်းဆက်တစ်ယောက် မင်းမဟာဆီကို ဖုန်းခေါ်တော့လည်း အိမ်တံခါးသော့ပိတ်ထားသည်ဆိုသည့် အဖြေပဲ ရခဲ့သည်။

မင်းမဟာမှာ ယခင်ကလည်း ဖုန်းမရှိသဖြင့် သူ့တိုက်ခန်းအောက်က စတိုးဆိုင်လေးကတစ်ဆင့် ခေါ်ခိုင်းနေတော့ ကြာတော့ ဆိုင်က စိတ်မရှည်တော့ဘဲ...

'ဒီမယ် ကလေးမ၊ မင်းကောင်လေးလာရင် ဖုန်းပြန်ဆက်ခိုင်းလိုက်မယ်၊ ဟုတ်ပြီလား၊ ဦးလေး မအားလို့ နောက်တစ်ခါ မခေါ်ခိုင်းနဲ့တော့'

ဆိုသည့် ငြူစူအသံကို ကြားလိုက်ရသည်။ ဒီနေ့ ပြဿဒါးနေ့လား မသိပေ။

တစ်နေ့လုံး ကိုကိုကြီးဆီ ဖုန်းခေါ်ပြန်တော့လည်း ဖုန်းမကိုင်ပေ။ ကုမ္ပဏီတွေဆီ ဖုန်းဆက်တော့ မန်နေဂျာကြီးက MD မလာသေးပါဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲ… နောက်တစ်ယောက်ဆီဖုန်းဆက်တော့ ဒေါ်မာလာက မနက်က ဆရာ ရောက်လာသည် နောက်သိပ်မကြာပါ။ အလုပ်ကိစ္စဖြင့် အပြင်ပြန်ထွက်သွားသည်။

ဒါပေမဲ့ ဘယ်လောက်အလုပ်များများ ကိုကိုကြီး ဖုန်းတော့ကိုင်သင့်သည်။ တစ်ခါမှ ဖုန်းမပိတ်ဖူးပေ။ ကိုကိုကြီး မေ့နေမှာစိုးလို့ ဒီနေ့ မွေးနေ့လက်ဆောင်ပေးမယ်ဆိုလို့ သူမပါလိုက်ပြီးပူဆာဖို့ ကိုကိုကြီးဆီ ဖုန်းဆက်ခြင်းဖြစ်သည်။ မိုးနှင်းဆက်ရဲ့ ကျန်သူငယ်ချင်းတွေလည်း မအားကြပေ။

ကိုကိုကြီးအတွက်လည်း သူမ စိတ်ပူသွားသည်။

မင်းမဟာကိုလည်း စိတ်တိုမိသည်။

'ဘာများဖြစ်လို့ပါလိမ့်၊ မင်းမဟာတစ်ယောက်လည်း ဘယ်တွေလျှောက်သွားနေလဲ မသိဘူး၊ ဂျစ်ကားလည်း ရရော ဒီကောင့်ကို ဖမ်းလို့မရတော့ဘူး၊ ပြန်လာပါစေဦး၊ ပြန်လာမှတွေ့မယ်'

ဒီနေ့ မွေးနေ့မှာ ဘာတစ်ခုမှ အဆင်မပြေသဖြင့် သူမ စိတ်ရှုပ်ရသည်။ တစ်ခါတလေ အိမ်မှာပဲနေပစ်လိုက်တော့မယ် ဆုံးဖြတ်၍ သူမရဲ့ အခန်းထဲဝင်၍ စိတ်ရှိလက်ရှိ ပြန်အိပ်ပစ်လိုက်သည်။ အိပ်ပျော်သွားရင် အရာအားလုံးမေ့ပျောက်သွားမှာပါ။





ခဏအတွင်းမှာပင် သူမ အိပ်ပျော်ခြင်းကို ရောက်သွားခဲ့သည်။

မိုးနှင်းဆက် ဘယ်အချိန်အထိ အိပ်ပျော်သွားသည်မသိ။ သူမနဖူးပေါ်သို့ နွေးထွေးသည့် ကိုကိုကြီးရဲ့ လက်တစ်ဖက် တင်လိုက်သည်မှပဲ နိုးသွားခဲ့သည်။

'မီးငယ်လေး'

သူမ အပျင်းဆန့်၍ သန်းလိုက်ပြီး…

'ကိုကိုကြီးနဲ့ မခေါ်ဘူး သွား'

သူမ အိပ်ရာပေါ်မှ ရန်တွေ့မိသည်။

'ဟ… ဘာဖြစ်လို့လဲ မီးငယ်ရဲ့'

'အခု ဘယ်အချိန်ရှိပြီလဲ ကိုကိုကြီး၊ နာရီကိုလည်း ကြည့်ပါဦး'

'ညနေ ၅ နာရီကျော်ပြီလေ မီးငယ်လေး၊ ဟွန်း'

သူသိပါသည်။ သူ့ညီမလေး စိတ်ကောက်နေတာ။ မိုးနှင်းဆက်က…

'ဒီနေ့ မီးမွေးနေ့မှာ ကိုကိုကြီး လက်ဆောင်ဝယ်ပေးမယ် ဆိုပြီး မီးစောင့်နေတာကို ကိုကြီး မသိဘူးလား'

'အဟက်… ဟက်…'

'ဘာထူးဆန်းလို့ ရယ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မိုးလင်းဆက် ညည်းလေးက အရင်တုန်းက မွေးနေ့တိုင်း သူငယ်ချင်းတွေနှင့် လျှောက်သွားနေတာဆိုတော့ ကိုကိုကြီးလည်း သတိမထားမိဘူးလေ၊ အရင်အတိုင်းပဲထင်တာပေါ့'

'သွားပါ ကိုကြီးရာ'

သူမ အိပ်ရာပေါ်မှ ထထိုင်လိုက်ပြီး ပြောလိုက်သည်။

'ကိုကိုကြီးက ဘယ်ကိုသွားရမှာလဲ၊ အခု မီးငယ်လေးနေ့လယ်တည်းက အိပ်ပျော်နေတယ်ဆိုလို့ ကိုကိုကြီးက စိတ်ပူပြီး နေမျာမကောင်းဖြစ်နေလားလို့ စိတ်ပူသွားတာပဲ'

'မီးကိုတော့ တစ်ယောက်တည်း ပစ်ထားတယ်၊ ပြီးတော့ အိမ်မှာနေပါလားနဲ့၊ ဟင့်… ဟင့်… ဟင့်…'

သူမပြောရင်း ဝမ်းနည်းစွာ မျက်ရည်များကျလာခဲ့သည်၊ သူကလည်း ထားနှင့်တွေ့ပြီး ညီမလေးအကြောင်းများကို တွေးမိတာကို ချစ်သူ ထားက အမောလေးတွေ ဖြေသိမ့်ပေးသဖြင့် ခဏတော့ ညီမလေးကို မေ့နေခဲ့သည်။

ဒါကလည်း ညီမလေးအတွက်ပဲလေ။ ညီမလေးကတော့ မသိခဲ့ပေ။ သူနဲ့ ထားရဲ့ ကိစ္စများကို သိရင်လည်း သဘောမ…





ကန့်လန့်လုပ်မှာ သူ မြင်ယောင်သဖြင့် ဘယ်သူ့ကိုမှ သူ့အစီအစဉ်ကို ပြောမှာမဟုတ်ပေ။

သူ့ကို ညီမလေး နားလည်ပါစေ။

ကိုကိုကြီးရဲ့ စဉ်းစားနေသည့် ပုံကို မိုးနှင်းဆက် ငိုရှိုက်နေရင်းမှ ကြည့်နေရင်း ဒီနေ့ ကိုကိုကြီးကို မေးဖို့တစ်ခု အခုမှ သွားသတိရသဖြင့် ငိုရှိုက်သံလေးဖြင့်…

'ကိုကိုကြီး၊ ဖုန်းက ဘာဖြစ်လို့ ပိတ်ထားတာလဲ၊ အဲဒါ ဘာဖြစ်တာလို့လဲ ကိုကိုကြီး'

ဟူး… မလွယ်ပါလား။ သူ တစ်ချက်ကလေး သတိလွတ်သွားတာနှင့် ညီမလေးနှင့် တန်းတိုးတာပဲဟု စိတ်ထဲတွင် တွေးမိသွားသည်။

'မီးလေး'

မိုးလင်းဆက်က ချော့မြူသည် သူ့ညီမလေးအား…

'ဖုန်းက ဘာမှမပိတ်ပါဘူး၊ ကိုကိုကြီး ဖုန်းဘတ္တရီအားကုန်သွားလို့ပါကွ'

'ကိုကိုကြီး ဘယ်တုန်းက မေ့ဖူးလို့လဲ'

'ညေ့သည်နှင့် အပြင်သွားတယ်ဆိုတာကရော ဘယ်သူနဲ့လဲ၊ ယောကျာ်းလေးလား၊ မိန်းကလေးလား'



www.burmeseclassic.com

www.burmeseclassic.com



မူပျက်နေသည့် ကိုကိုကြီးကို ကြည့်၍ သူမစိတ်ထဲမှာ တစ်ခါမှ မမေးဖူးတာ မေးမိသည်။

'ယောက်ျားလေးမိတ်ဆွေပါ မီးငယ်လေးရယ်'

'ကဲ… ကဲ… မမလေး၊ ထတော့၊ နောက်မှ စိတ်ကောက်တော့၊ ကိုကိုကြီး ဗိုက်ဆာနေပြီကွ'

'ကိုကိုကြီးက မီးငယ်လေးနဲ့ အတူတူစားဖို့ စောင့်နေတာ'

'တော်ကြာ မီးငယ်လေး ခေါင်းကိုက်နေမယ်'

'ပြီးရင် ကိုကိုကြီးနဲ့ ညဘက် ကားလျှောက်မောင်းမယ်'

ဟု ဆိုကာ ညီမလေးကို ဆွဲထူ၍ ပခုံးလေးကို သိုင်းဖက်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သူ့ညီမလေးကတော့ သူမစိတ်ကောက်ရင် ချော့နေကျအတိုင်း မိုးလင်းဆက်ရဲ့ ခန္ဓာကိုယ်ကို မှီ၍ ကိုကိုကြီးဆွဲခေါ်ရာသို့ အလိုက်သင့်လေး ပါလာခဲ့သည်။

ကိုကိုကြီး ချော့လိုက်ရင်လည်း သူမ ကြာကြာစိတ်မကောက်ရက်ပါ။

ငယ်ငယ်ကတည်းက သူမကို အဖေလိုရော အမေလိုပါ ပြုစုစောင့်ရှောက်လာခဲ့သည့် ကိုကိုကြီးရဲ့ အကြင်နာ မေတ္တာကို သူမလေး ဘယ်မေ့နိုင်ပါ့မလဲ။





မိုးနှင်းဆက်နှင့် ဝေယံ၊ မိုးသူတို့နှင့် ရန်ကင်းစင်တာမှာရှိတဲ့ Cafe Aroma မှာထိုင်ဖို့ ချိန်းကြသဖြင့် သူတို့သုံးယောက်တွေ့ဆုံရာတွင် မိုးနှင်းဆက်က စတင်၍…

'ဝေယံ'

'ဆို'

'You တို့ ဘော်ဒါ မင်းမဟာတစ်ယောက်လည်း မတွေ့ပါလား'

'နှင်းမ… မင်းမဟာနဲ့ ငါတို့က သိပ်ရင်းနှီးတာ မဟုတ်ဘူး'

'ဟဲ့… နင်ပဲ သူငယ်ချင်းဆို'

'အေးလေ… ယောက်ျားလေးအချင်းချင်းဆိုတော့လည်း အခုမှသိတဲ့ ဘော်ဒါတွေဆိုပေမယ့်လည်း သူငယ်ချင်းပဲပေါ့'

သူမစိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။

ဝေယံက ဆက်၍…

'သူ့ကို ငါတို့ကသိပေမယ့် နောက်ပိုင်း မတွဲဖြစ်တော့ဘူး၊ ဟိုတလောက သူနေတဲ့ တိုက်ခန်းရှေ့နားရောက်တော့ ငါ ဝင်ကြည့်တော့ မရှိဘူး၊ အိမ်တံခါးသော့ခတ်



www.burmeseclassic.com

www.burmeseclassic.com



ယားလို့ မေးကြည့်လိုက်တာ သူ့အခန်းအောက်က ဖု
အိမ်က ပြောတာတော့ သူ အိမ်ပြောင်းသွားပြီ ပြေ
တယ်ဟ၊ ဒီ မင်းမဟာ ငါတို့ကိုတော့ သူ့နှုတ်ဆက်ပို့
သင့်တာပေါ့၊ မဟုတ်ဘူးလား'

'နှင်းမ… နင်ရော တွေ့သေးလား၊ ငါတို့က အိမ်က
အလုပ်တွေနဲ့ မအားတာနဲ့ နင်နဲ့လည်း မတွေ့ဖြစ်ဘူး'

'အဲ… ဟို… မတွေ့ပါဘူးဟာ၊ ငါက နင်တို့လောက်
မှ သူနဲ့ မရင်းနှီးတာ'

မှသားစကားကို ခပ်မြန်မြန်လေး ပြောမိသည်။

ပြောမယ့်သာ ပြောနေရသော်လည်း သူ့စိတ်ထဲမှာ မင်း
မဟာကို မေတ္တာပို့နေမိသည်။

ဒါဆိုရင် သူမရဲ့ကားကိစ္စကို ဘယ်လိုလုပ်ရမှာလဲ၊ ဒုက္
ပါပဲ၊ ဒုက္ခမတစဖုး တမိသည်။ ဝေယံတို့ကို ပြောပြရင်လည်း
ကိုယ်ပဲ ညံ့ရာကျဦးမယ်။ မင်းမဟာနဲ့ သူမတို့နှစ်ယောက် တွဲသွား
တွဲလာလုပ်တာကို ဝေယံတို့ မသိခဲ့ပေ။

မိုးနှင်းဆက် စိတ်တွေလည်း မင်းမဟာနှင့်ပတ်သက်၍
မှာ သူ့ရဲ့အပြုံးလေးများ စတိုင်လ်မိမိလေးများကို သဘောက
သော်လည်း ဒီလိုအကျင့်ဆိုးကြီး ရှိနေတာကို အရမ်းရွံမုန်းမိသည်။
သူမရဲ့ကားကို သိန်း (၁၀၀)ကျော်ဖြင့် ဝယ်ယူခဲ့သည်။ တစ်နှစ်





ပုန့်ဖိုး ကုန်သွားပြီ။ ကိုကိုကြီး ဘဏ်စာအုပ်ကြည့်ရင် သိသွားမှာကို
လည်း စိုးရိမ်မိသည်။

ငြိမ်သက်နေ၍ တစ်ခုခုကို တွေးနေပုံရသော သူငယ်ချင်း
လေးကို မိုးသူက…

'နှင်းမ နင် ငြိမ်သွားပါလား'

'ကေ့ောတော့ ကေ့ောပဲနော်'

'နင် မင်းမဟာကိုများ…'

'သွားသေလိုက်ပါလား၊ အစုတ်ပလုတ်တွေ'

'ဒီလိုအကျင့်ရှိတဲ့သူကိုများ ငါ့ခေါင်းထဲမှာ မရှိဘူး'

ယောကျ်ားလေးတစ်ယောက်ဖြစ်တဲ့ မင်းမဟာဆိုတဲ့သူ
ကလည်း သူမလို အရမ်းလှ၍ ငွေကြေးချမ်းသာတဲ့ မိန်းမတစ်
ယောက်ရဲ့ အရေးပေးဆက်ဆံမှုတွေဖြစ်တဲ့ မိုးနှင်းဆက်ရဲ့ ရင်းနှီး
ဆက်ဆံမှုကို သူက အလွယ်တကူ ဥပေက္ခာထားနိုင်မှာ မဟုတ်
ဟု သူမ ယုံကြည်သည်။

ဒါပေမဲ့ မင်းမဟာရဲ့ ပြောင်းလဲမှုကြောင့် သူမပါးစပ်
ထဲမှ လွတ်ခနဲ ထွက်သွားခဲ့မှုကို…

'ဘယ်လိုအကျင့်လဲ'

ဝေယံကပါ တအံ့တသြမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ပါးစပ်မှ လွှတ်ခနဲထွက်သွားတာကို သူငယ်ချင်းများ ရိပ်မိမလိုဖြစ်တာကို ပြန်သတိရလိုက်မိပြီး အအေးကို ပိုက်ဖြင့် မြန်မြန်လေးစုပ်သောက်လိုက်ရာ-

'အဟွတ်… ဟွတ်…'

အအေးသီးသွားသည့် သူမကို သူငယ်ချင်းနှစ်ယောက်လုံး ပျာပျာသလဲ ဖြစ်သွားသည်။

'စိတ်လျှော့… စိတ်လျှော့'

'ငါက ဘာကိုစိတ်လျှော့ရမှာလဲ'

သီးသွားသောအရှိန်ကြောင့် မျက်ရည်များ ဝဲနေသည့် သူမကို သူငယ်ချင်းများက ရအောင်စနောက်ကြသည်။

'ဩော်… အအေးကို ဖြည်းဖြည်းသောက်ရင် ရပါတယ်ဟာ'

သူတို့နှစ်ယောက်ရဲ့ မျက်နှာများလည်း ရယ်ကျဲကျဲပုံစံများဖြင့် စနောက်နေကြသည်။

မိုးနှင်းဆက်လည်း ကိုယ့်အဖြစ်ကို ဝမ်းနည်းသွားသည်။

ဘာ့ကြောင့်လဲဆိုတော့ သူမရဲ့ ဖြူစင်တဲ့ ခင်မင်မှုကို အသိအမှတ်မပြုဘဲနှင့် အမြတ်ထုတ်သလို လုပ်သွားသည့် မင်းမဟာကို သူမရဲ့ကားကိစ္စနှင့်ပတ်သက်၍ နည်းနည်းမကျေနပ်ချေ။





မင်းမဟာ… မင်းမဟာ… နင်နဲ့ ငါတစ်နေ့ရာရာမှာတော့ တွေ့ကြမှာပါ။ နင် ပြေးမလွတ်ပါဘူး။

အအေးသောက်ပြီးကြချိန်မှာ အသီးသီး လမ်းခွဲခဲ့ကြသည်။ သူငယ်ချင်းများဟာ မိုးနှင်းဆက်နှင့် တွဲသွားတွဲလာများ လုပ်သော်လည်း ဒို့ထက်မပိုခဲ့ကြပေ။

မိုးနှင်းဆက်တစ်ယောက် အိမ်မြဲနေခဲ့သည်။ သူမ အိမ်မြဲနေသော်လည်း ကိုကိုကြီး မိုးလင်းဆက်ကတော့ သူမနှင့် ပြောင်းပြန်ဖြစ်နေသည်။

သူမ အပြင်ထွက်ချင်သော်လည်း ကိုကိုကြီးက အိမ်မှာ ညမိုးချုပ်မှ ပြန်လာတဲ့အကျင့်ဖြစ်နေသည်။ ကိုကိုကြီး ဖုန်းကို ခေါ်သော်လည်း ဖုန်းပိတ်ထားဆဲ ဖြစ်သည်။

သူမ အင်္ကျီအဝတ်အစားများလဲ၍ မိုးနှင်းဆက် ဆိုင်သို့ သွားရန် ထွက်လာခဲ့သည်။ ကိုကိုကြီးရဲ့ အမူအရာတွေ ပြောင်းလဲလို့နေသည်။

မိုးနှင်းဆက် ကားကို အရှိန်ပြင်းပြင်းဖြင့်မောင်း၍ ကက်ဆက်ကို အကျယ်ကြီးဖွင့်မိသည်။ သီချင်းက စိုင်းစိုင်းခမ်းလှိုင်နှင့် ကြိုးကြာတို့၏ သီချင်းလေးဖြစ်သည်။ သူမ အရမ်းကြိုက်သည်။ သူမရဲ့ နှုတ်ဖျားမှလည်း လိုက်ညည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



*အသည်းလေးများကို အမြဲ တစ်စစချွေ×××*
*ရှင်တို့အကျင့်ပေါ့.... ဒါ ငြင်းမလား ပြော ×××*
*ကောင်မလေး ငါ့ကို ကြိုက်တယ် ခိုက်တယ် ဆိုပြီးတော့*
*××× ရှင်မာနတက်ရင် မှားမှာပေါ့ရှင် ××× မှားလိမ့်မယ်*

စတီယာရင်ပေါ်မှာ တင်ထင်သည့် လက်ကလေးနှစ်ဖက်ကလည်း ကားကို ကျင်လည်စွာ မောင်းနေသလို သီချင်းသံစဉ်တစ်ခု၏နောက်မှာစီးမျောနေသလို ခေါင်းကလေးက တလှုပ်လှုပ်။

မီးပွိုင့်မိသွားသော ဘေးကားမှလူတွေကို သူမ ငေးမောကြည့်နေကြသည်။ ချော၍ လှ၍ အကြည့်များနှင့် အားကျကျေနပ်၍ကြည့်သော အကြည့်များကို သူမလေးက ဂရုမစိုက်မိပါ။

စတီယာရင်ပေါ် ဆန့်တင်ထားသည့် လက်ကို ဂီယာချိန်ပြီး လီဗာကို ဖိနင်း၍ စက်ရှိန်မြှင့်လိုက်သည်။ ကားလေး တရိပ်ရိပ်ပြေးနေသည်။ နှင်းဆက်တစ်ယောက် သူမရဲ့ ဆိုင်ရှိရာရောက်မှ ကားကို အရှိန်နည်းနည်းလျှော့၍ Shopping Mall အပေါ်သို့ မောင်းဝင်ခဲ့သည်။

ကားကိုရပ်ခဲ့ပြီး သူမရဲ့ ဆိုင်ရှိရာ ပထမထပ်သို့ လှမ်းလာခဲ့သည်။ သူမလေးရဲ့ ဖြူနုနေသော အသားအရေနှင့် လှပသော ရုပ်ရည်၊ မြင့်မားသော အရပ်အမောင်း၊ ဟန်ပန်လေး





ကြောင့် မြင်သူတကာတိုင်း ငေးမောကြည့်ကြတယ်။ သူမကတော့ သူမရဲ့စတိုင်လ်လေးအတိုင်း ဘယ်သူ့ကိုမှ မကြည့်ပါ။ ဆံပင်လေးများကို နောက်သို့ပို့လိုက်နှင့် တစ်လောကလုံးမှာ သူတစ်ယောက်တည်းရှိသည့် ပုံစံမျိုးလေးနှင့် ဖြစ်သည်။

ဆိုင်ရှေ့လည်းရောက်ရော ဆိုင်ရဲ့အပြင်အဆင်နှင့် ပုံစံကြောင့် သူမ မရောက်သေးခင်ကြားမှာ ဆိုင်ပုံစံ ပြောင်းသွားခဲ့သည်။ ဆိုင်ကျယ်ကြီးရဲ့ ညာဘက်ထောင့်နားမှာ သူမရဲ့ အမည်နာမည်နှင့်ပင် အလှမီနီယမ်များဖြင့် မှန်လုံခန်းလေးထဲမှာ မြန်မာရက်ပစ္စည်းများဖြစ်တဲ့ ကြိုးကြီးချိတ်၊ ချိတ်ထဘီများ၊ မိုးနှင်းဆက် ဒါတွေကို သေသေချာချာ မခေါ်တတ်ပါဘူး။ သူမမှာလည်း ဒါမျိုး အဝတ်အစားမရှိခဲ့သလို ကိုင်တွယ်၍ မကြည့်ခဲ့ဖူးပါဘူး။ ဒါတွေ သူမ မသိခဲ့ပါ။

ကိုကိုကြီး စိတ်တွေမှမှန်ရဲ့လား။ ဘာပဲလုပ်လုပ် သူမကိုပြောပြတတ်ခဲ့သည်။ ကိုကိုကြီးက အခုတော့ သူမကိုယ်၌လည်း မတိုင်ပင် မဆွေးနွေးဘဲ ဒီဆိုင်မှာ တိုးချဲ့သောပစ္စည်းတွေတင်တာ သူမကိုတော့ ပြောသင့်သည်ဟု သူမထင်သည်။ ကိုကိုကြီးတစ်ယောက် သူမအပေါ် အချစ်တွေပေါ့နေပြီနဲ့ တူတယ်။

ဆိုင်ထဲရောက်တော့ မြန်မာရက် ပစ္စည်းတွေရှေ့



www.burmeseclassic.com

www.burmeseclassic.com



အရောင်းဝန်ထမ်း ကောင်မလေးတွေကလည်း လူသစ်ကြီးတွေပဲဖြစ်သည်။ ကောင်မလေးများကလည်း အပေါ်မှ ဖြောင်အင်္ကျီအပြာရောင်တူညီဝတ်စုံလေးနှင့် အင်္ကျီကော်လံလည်ထောင်လေးများကို ရင်ဖုံးပုံစံလေးများကို ဝတ်ဆင်ထားသည်။ မချောလေးများသုံးယောက်စလုံးဟာ ထဘီစကပ်နောက်ကွဲလေးများနှင့် အောက်နားအပြာကြီးကြီး ချိတ်အဆင်လေးများ ဆင်တူဝတ်ထားကြ၍ သူမတို့အင်္ကျီရင်ဘတ်မှာ နာမည်လေးတွေ အသီးသီး တပ်ဆင်ထားကြသည်။

ဝန်ထမ်းကောင်မလေးကလည်း မေးသာမေးလိုက်ရတယ်။ သူမရဲ့ အမြဲတမ်း ထင်ရှားပေါ်လွင်နေအောင် ဝတ်စားတတ်သော အကျင့်အတိုင်း ခေတ်မီဆန်းသစ်တဲ့ ပုံစံလေးကိုကြည့်၍ ထပ်မေးမလို လုပ်ပြီးမှ စူးရှစွာကြည့်နေသော မိုးနှင်းဆက်ပုံကြောင့် မမေးတော့ပေ။

မိုးနှင်းဆက်သည် ခံပြင်းစိတ်တိုစွာဖြင့် ကုမ္ပဏီရဲ့ မန်နေဂျာမမ ဒေါ်မာလာဆီသို့ ဝင်ခဲ့သည်။

ဒေါ်မာလာက သူမကို မမြင်ဘဲ တစ်စုံတစ်ရာကို ငုံ့၍ ရေးနေရာမှ…

'မမ'





ဒေါ်မာလာ မော့ကြည့်လိုက်ရာ မိုးနှင်းဆက်ကိုလည်း မြင်လိုက်သောအခါ…

'မိုးနှင်းဆက်ပါလား… လာလေ… ထိုင်'

ဒေါ်မာလာ ထိုင်ရာမှထ၍ မိုးနှင်းဆက်ကိုခေါ်လိုက်သည်။

'နှင်းဆက်လေး… မမဆီကို ဒီနေ့ လာမယ်ဆိုတာကိုလည်း အကြောင်းမကြားပါလား'

ဒေါ်မာလာက ပြေရာပြေကြောင်း ပြောသော်လည်း မိုးနှင်းဆက်က စိတ်ထဲတွင် ဘဝင်မတွေ့သဖြင့်…

'မီး ဆိုင်ကိုလာတာ ဘယ်အချိန်ဖြစ်ဖြစ် လာမှာပေါ့'

'ဩော်… အေး… အေး… အေးပါကွယ်… ဟင်း… ဟင်း… ဟင်း…'

ဒေါ်မာလာတစ်ယောက် သူမ စကားမှားသွားသလိုဖြစ်၍ ပြုံးမြန်လေး သောသောလေးရယ်၍ မိုးနှင်းဆက်ကို ပြောမိသည်။

'မမက နှင်းဆက်ကို ထွက်ကြိုဖို့ပြောတာပါကွယ်'

'မမမာလာ'

မိုးနှင်းဆက်အသံ မာဆတ်ဆတ်လေးထွက်ပေါ်လာသည်။

'နှင်းဆက် ဘာပြောမလို့လဲ၊ ပြောလေ'

'ဒီဆိုင်မှာ ပစ္စည်းအသစ်တွေတင်ရောင်းတာ မီးမသိပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟို... ဟို...'

'အဲဒါ မီးရဲ့ ကိုကိုကြီး၊ တို့ဆရာရဲ့ အစီအစဉ်ပါကွယ်'

ဒေါ်မာလာတို့က ဝန်ထမ်းတွေပဲ၊ ဘာပြောရမှာလဲ။ သူဌေးမိုးဆက်က သူ့ညီမကို ပြောရမှာ သူ့တာဝန်ပဲလေ။ ညီမဖြစ်တဲ့ မိုးနှင်းဆက်ကရော အလုပ်အကြောင်းတွေကို ဘာများလေ့လာဖူးလို့လဲ။ သွားလိုက်၊ လာလိုက်၊ စားလိုက်၊ ရှော့ပင်ထွက်လိုက်နှင့် ဘာဆိုဘာမှ သူမခေါင်းထဲမှာ မထည့်ခဲ့ဘဲနှင့် အခုမှ ဒီအကြောင်း လာမေးနေတယ်။ သူဌေးမိုးလင်းဆက်က ဆိုင်တစ်ဆိုင် ထပ်ဖွင့်တာကို သူမလေးကို ပြောရအောင် ဆရာက ဖြုန်းပစ်တာလည်း မဟုတ်။

အင်း... ခက်ပါသေးတယ်။ အားကိုးရတဲ့ အစ်ကိုတစ်ယောက် ရှိပေလို့ပဲဟု ဒေါ်မာလာ တွေးတောနေမိသည်။

မိုးနှင်းဆက်ကလည်း သူမအတွေးနှင့် သူမဖြစ်နေ၍ ဒေါ်မာလာရဲ့ ဦးခေါင်းထဲမှာ တွေးနေတဲ့ အတွေးနှင့် မျက်နှာပြင်မှာ ပြောင်းလဲသွားတဲ့ အတွေးလှုပ်ရှားမှုများကို မြင်လိုက်ရသည်။

'မမမာလာ'

'ပြောပါ နှင်းဆက်'

'ကိုကိုကြီးရော ဘယ်မှာလဲ၊ ဘယ်သွားလဲ၊ မတွေ့ပါ





လား၊ ဒီကို လာတယ်ဆိုလို့ လိုက်လာတာ'

သူမ အလောတကြီးမေးမိသည်။

'ဆရာမိုးလင်းဆက် လာတော့ လာသွားတယ်၊ ဒါပေမဲ့ ဧည့်သည်တစ်ယောက်နဲ့ ပါသွားတယ်'

မိုးနှင်းဆက်က...

'ယောကျာ်းလေးဧည့်သည်နဲ့လား'

ဒေါ်မာလာတစ်ယောက် မဟုတ်ဘူးဟု ပြောမလိုလုပ်ပြီးမှ သူမပါးစပ်ကို အလျင်အမြန်ထိန်း၍...

'ဟိုဘက်ကုမ္ပဏီကိစ္စအတွက် အစည်းအဝေးတစ်ခုတက်စရာရှိတယ်ဆိုပြီး ထွက်သွားတယ်။ ဒီကို ခဏပဲလာသွားတယ်'

မိုးနှင်းဆက်က ကိုကိုကြီးဖုန်းကို ခေါ်မိသည်။ လူကြီးမင်းနဲ့သာ တိုးနေသဖြင့် သူမ ကိုကိုကြီးကို ဒေါကန်မိသည်။ မနက်ဆို ကိုကိုကြီး အစောကြီးသွားသည်။ သူမက အမြဲအိပ်ရာထနောက်ကျတတ်သည်။ ဟူး... သူမ သက်ပြင်းမောလေး မှုတ်ထုတ်မိသည်။ ကိုကိုကြီးအတွက် သူမ တစ်ခါမှမတွေးဖူးတဲ့ အချက်တစ်ချက် ဦးနှောက်ထဲ လှုပ်ခနဲပေါ်လာခဲ့သည်။

ကိုကိုကြီးများ အချစ်တွေ့နေပြီလား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား… ဘုရား…

ကိုကိုကြီးက ရိုးရိုးအေးအေးကြီးနှင့် တော်ကြာ ကိုကိုကြီး ရုပ်ချောဥစ္စာပေါကို ချဉ်းကပ်တဲ့ မိန်းကလေးတွေ သူမ ငယ်ငယ်ကတည်းကပင် ဖြစ်သည်။ ဒါပေမဲ့ ကိုကိုကြီးက အလေး မမူခဲ့ပေ။ အလုပ်မှအလုပ် ဖြစ်နေခဲ့သည်။

အို… မဖြစ်နိုင်ပါဘူးလေဟု တစ်ယောက်တည်း တွေးပြီးမှ…

'မမမာလာ မီးပြန်တော့မယ်၊ ကိုကိုကြီးလာရင် မီးလာသွားတယ်၊ မီးဆီ ဖုန်းဆက်ဖို့ ပြောပေးနော်'

'ဩော်… အေး… အေး… ကောင်းပါပြီကွယ်'

ဖျတ်ခနဲ ဆံပင်များကို သပ်တင်၍ ဆံနွယ်လေးများ ဝဲခါ၍ ခေတ်မီဆန်းသစ်သော အမူအရာများနှင့် ကောင်မလေးကို ဒေါ်မာလာတစ်ယောက် မျက်စိတစ်ဆုံး ငေးမောကြည့်နေမိသည်။

မိုးနှင်းဆက်တစ်ယောက်ကလည်း လွတ်လပ်ခြင်းကို တပ်တပ်မက်မက်ဖြစ်ခဲ့သောစိတ်ဖြင့် တော်ရုံလောက်ဆို ဂရုမစိုက်ချင်တော့သည့် ညဉ်ကလေးကလည်း ခိုတွယ်နေခဲ့သည်။

မိုးနှင်းဆက် ကားလီဗာကိုတင်၍ အရှိန်ခပ်ပြင်းပြင်းလေး မောင်း၍ သူမ အိမ်သို့ ပြန်လာခဲ့သည်။





အိမ်ရှေ့ ပေါ်တီကိုအောက်မှ အရှိန်ဖြင့်ဝင်လာတဲ့ ကားကလေးတို့ခနဲရပ်သွားကာ ကားပေါ်မှ မိုးနှင်းဆက်ပြေးထွက်ကာ-

'ကြီးမေ… ကြီးမေ'

'ဟဲ့… မီးငယ်လေး၊ ဘာဖြစ်လာတာလဲ'

သူမ ကြီးမေကို ဖက်တွယ်၍ ငိုမိသည်။

'အဟင့်… ဟင့်'

မိုးနှင်းဆက် စိတ်ထဲတွင် ခံပြင်းမိသည်။ ကိုကိုကြီးက ဂိုင်မှာ အခန်းထပ်ဖွင့်တာကိုလည်း သူမကို မပြောပေ။ ဒေါ်မာလာကလည်း သူမအပေါ် ကြည့်တဲ့အကြည့်တွေက ဟွန်း… သူမ သိတာပေါ့။ ဘာမှအသုံးမကျတဲ့ ကောင်မလေးတစ်ယောက် အဖြစ်ကြည့်တာကို သိတာပေါ့။

'မီးငယ်…'

ကြီးမေ စိတ်ပူစပြုနေ၍ ရောက်ကတည်းက သူမရဲ့ ရင်ခွင်ထဲမှာ ဝင်ငိုနေသည့် ကလေးကို စိုးရိမ်စွာဖြင့်…

'မီးငယ်လေး… ကလေး ဘာဖြစ်လာတာလဲကွယ်၊ ကြီးမေ ရင်ထိတ်လိုက်တာကွယ်'

'ကြီးမေရယ်… ကိုကိုကြီးလေ… ကိုကိုကြီး…'

'ဟဲ့… ဘာဖြစ်တာလဲ၊ သားကြီး ဘာဖြစ်…'



www.burmeseclassic.com

www.burmeseclassic.com



'မီးကို မချစ်တော့ဘူး'

'အိုကွယ်… ကြီးမေက ဘာများလဲလို့'

'ဟုတ်တယ် ကြီးမေ၊ မီး တကယ်ပြောတာ'

'ကိုကြီးမှာ ချစ်ရမယ့်သူများ ရှိနေပြီလား မသိဘူး၊ မီးဆိုင်မှာလည်း မရှိ၊ ကုမ္ပဏီမှာလည်း မရှိ၊ မီးကို ဂရုမစိုက်ဘူး'

'မဖြစ်နိုင်ပါဘူးကွယ်'

'မီးလေး စိတ်ထင်လို့ပါ' ဟု နှစ်သိမ့်ပေးကာ သူမပခုံးလေးကို ပွေ့ဖက်ထားမိသည့် မိုးနှင်းဆက်လေးကို ချော့မိသည်။

'သားကြီး အလုပ်ကိစ္စတွေ များလို့ဖြစ်မှာပါကွယ်'

သူတို့မောင်နှမနှစ်ယောက် ချစ်ကြတာကို ကြီးမေ သိပါသည်။ မိုးနှင်းဆက်လေးကလည်း အစ်ကိုဖြစ်သူကို ဆိုးဆိုးနွဲ့နေတာ သူမရဲ့အကျင့်လေးပင်ဖြစ်သည်။ သားကြီးကလည်း တစ်ဦးတည်းသော ညီမလေးကို သူ့မှာရှိသမျှ မေတ္တာတွေ ပုံအောပြီး ချစ်ခဲ့သည်။

အခု မီးငယ်လေးက ဝမ်းနည်းစွာ ငိုကြွေးနေသော အကြောင်းဟာ ဘာအကြောင်းများလဲ ကြီးမေ သိချင်ခဲ့ပါသည်။

❖





## အခန်း(၁၃)

မိုးလင်းဆက်နှင့် ထားရွှေစင်တို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရှေ့ဆက်ရမယ့် ခရီးများအတွက် ရင်လေးတိုင်ပင် ဆွေးနွေး၍နေမိကြသည်။

အဘယ်ကြောင့်ဆိုသော် မိုးလင်းဆက်က သူ့ညီမလေးရဲ့ စိတ်ကို သိသောကြောင့်ပင် ဖြစ်သည်။

သူနှင့် သူ့ညီမလေးသည် တစ်ယောက်ကိုတစ်ယောက် ကတိစကားများ ထားခဲ့ကြသည်။ တက္ကသိုလ် ပထမနှစ်ကျောင်းတက်နေစဉ်မှာပင် သူစိတ်မချစွာဖြင့်…

'မီးငယ်လေး'

'ရှင် ကိုကိုကြီး'

သူ ညီမလေးရဲ့ ချစ်ခင်နှစ်လိုဖွယ်ကောင်းတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ သူ့ဘက်ကို လှည့်ကြည့်၍ သူမမျက်နှာကိုသာကြည့်၍ စကားမဆက်သည့် ကိုကိုကြီးကို စိတ်မရှည်စွာဖြင့်...

'ကိုကိုကြီး မီးကို ဘာပြောမလို့လဲ'

မိုးလင်းဆက်က...

'မီးဆီမှာ ကိုကိုကြီး ကတိတစ်ခုတောင်းမလို့'

မိုးနှင်းဆက်၏ မျက်လုံးလေးများ စိတ်လှုပ်ရှားမှုကြောင့် အရောင်လေးများ တဖျတ်ဖျတ်လက်နေသည်။

'ဘာကတိလဲ ကိုကိုကြီး'

'မီးငယ်လေး ကိုကိုကြီးမသိဘဲ ချစ်သူမထားပါဘူးဆိုတဲ့ ကတိပေး'

'အဟင်း... ဟင်း...'

သူမလေး အူလှိုက်သည်းလှိုက်လေး ရယ်မောကာ...

'ဘာများလဲလို့ ကိုကိုကြီး၊ ဒါများ ပေးတယ်၊ ပေးတယ်၊ Promise ကိုကိုကြီးလည်း ပြန်ကတိပေး၊ မီးကို ဘယ်တော့မှ တစ်ယောက်တည်း မထားခဲ့ဘူးဆိုတဲ့ ကတိ'

ဟော... သူ့အပေါ်မှာ ညီမလေး ပြန်ချည်နှောင်ပြီ။ သူကလည်း တစ်ချိန်က အကြောင်းအရာများကို စိတ်ထဲတွင် ပေါ်လာခဲ့သော်လည်း ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ပြီးဆုံးသွား





ခဲ့တဲ့ အကြောင်းများကြောင့်ပင်။

လျှင်မြန်စွာခေါင်းညိတ်ကာ ကတိပြန်ပေးမိခဲ့သည်။

'ပေးပါတယ် မီးငယ်လေးရာ၊ ကိုကိုကြီးက လူကြီးဖြစ်နေပါပြီ၊ မီးငယ်သာ ကိုကိုကြီးမသိအောင် ဘာမှ မလုပ်နဲ့'

'စိတ်ချပါ ကိုကိုကြီး'

'အခု မီးတွဲနေတာက မီးသူငယ်ချင်းလေးတွေပါ၊ မီးစိတ်ထဲမှာ ဒါတွေမရှိသေးပါဘူး'

ဟု မောင်နှမနှစ်ယောက် အပြန်အလှန် ကတိစကားများ ထားခဲ့ကြပြီ။

ထားရွှေစင်မှာလည်း ပင့်သက်ကလေး ရှိုက်လိုက်မိသည်။ ကိုယ်ချစ်ရတဲ့ ချစ်သူနဲ့ ချစ်ခြင်းကို ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိခြင်းအတွက် ထားစိတ်ထဲမှာ ကျေနပ်မိသော်လည်း ချစ်သူနှင့် လျှောက်လှမ်းဖို့အတွက် အနာဂတ်ကို တွေးကြည့်မိတော့ ရင်ထဲမှာ လေးလံလျက်ရှိသည်။

ထားမှာလည်း ချစ်ရတဲ့ ကိုမိုးနဲ့ စကားတွေပြောနေရသော်လည်း ကိုယ့်အကြောင်းနဲ့ကိုယ် ဖြစ်နေခဲ့သဖြင့် ကိုမိုးရဲ့ ရင်ခွင်ထဲမှာ ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့တူလေး ကိုဘုန်း… ဘုန်းထက်သော်ကို ပြောဖို့ မဝံ့မရဲဖြင့် ရှက်စိတ်ဖြစ်နေသည်။ နှစ်ဦးသား အတွေးကိုယ်စီဖြင့် သက်ပြင်းမောလေးများကို ကိုယ်စီချလိုက်ကြသည်။

ဟူး… မိုးလင်းဆက်ရဲ့စိတ်ထဲတွင် ညီမလေးမိုးနှင်းဆက်ကိုတော့ နားဝင်အောင် ပြောပြရတော့မှာပဲလေဟု မိုးလင်းဆက် တွေးတောနေမိသည်။ ကိုကိုကြီးတော့ ညီမလေးနှင့် ကတိစကားကို စဖောက်မိပြီ။

မိုးလင်းဆက် အိမ်ရှေ့မှာ သူ့ရဲ့ CYGNUS ကားကြီး ရပ်လိုက်ပြီး ကားဂိုဒေါင်ထဲကို မထည့်သေးဘဲထားကာ အိမ်ထဲသို့ လှမ်းဝင်လိုက်ရင်ပဲ ကြီးမေက…

'သားကြီး'

'ဗျာ… ကြီးမေ'

'မိုးငယ်လေးတော့ သားကြီးကို စိတ်ကောက်နေပြီ သားကြီးရေ၊ ချော့ဖို့သာ ပြင်ထားတော့'

'ဘာဖြစ်လို့လဲ ကြီးမေ'

'ကလေးက မင်းဆီကို လိုက်သွားတာလည်း မတွေ့၊ ဖုန်းဆက်တော့လည်း မကိုင်ဘူးဆို'

'ဪ…'





သူ့မျက်နှာမှာ ရှက်ရိပ်ကလေး တစ်စွန်းတစ်စ သန်းသွားသည်။

'ဟို… ကျွန်တော် အရေးကြီးညှိသည်တွေနဲ့ စကားပြောနေလို့ ကြီးမေ'

'အေး… အဲဒါ ကြီးမေကို မပြောနဲ့ သားကြီး၊ မိုးငယ်လေးကိုသာ သွားပြောပြီး ချော့လိုက်ဦး'

'ဟုတ်ကဲ့ပါ ကြီးမေ'

သူ ညီမလေးဆီသွားဖို့ ငါးအလှကန်လေးများက အဖြတ် ညီမလေးရဲ့ အော်စကာငါးလေးများကလည်း လွတ်လပ်ပေါ့ပါးစွာ ရွှင်မြူးနေကြသည်။

သူ့ရဲ့ Lucky Fish ငါးကြီးကို ကြည့်လိုက်တော့ အောင်မယ်… ငါးကြီးက ရွှင်မြူးကခုန်နေသည်။

ဒါ သူ့အတွက် ကံကောင်းခြင်းနိမိတ်ပဲဆိုတာ သိလိုက်ပြီ သူ့စိတ်ထဲမှာ တဒင်္ဂရွှင်လန်းသွားခဲ့သည်။

မိုးငယ်လေးအခန်းထဲသို့ရောက်တော့ မိုးငယ်လေးက သူ့ကို စိတ်ကောက်၍ သူဝင်လာတာ သိသော်လည်း မသိချင်ယောင်ဆောင်နေသည်။

'မိုးငယ်လေး… ကောက်တေးမလေး'



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးရဲ့ ချော့မော့တဲ့လေသံကိုကြားတဲ့အခါ သူမရဲ့စိတ်ထဲမှာ တစ်ခါမှမဝင်ဖူးတဲ့ အားငယ်စိတ်ကလေး ဝင်လာကာ…

'အဟင့်… ဟင့်…'

မိုးနှင်းဆက်၏ လှပသော မျက်နှာလေးမှာ မျက်ရည်များဖြင့် စိုရွှဲလာခဲ့သည်။

မိုးလင်းဆက်က…

'မီးငယ်လေး ကုမ္ပဏီနဲ့ ဆိုင်ခန်းကိုရောက်တယ်ဆိုဟုတ်လား၊ ကိုကြီးကို ဘာလို့မပြောသွားတာလဲ၊ ကိုကြီးကိုယ်တိုင် လာခေါ်မှာပေါ့'

သူ့ညီမလေး ဆံနွယ်အိအိလေးများကို သပ်တင်၍ ချော့မိသည်။

'ဘာမှလာမပြောနဲ့'

ငိုရှိုက်သံဖြင့်…

'ကိုကြီး ဘယ်တုန်းက ဖုန်းပိတ်ဖူးလို့လဲ၊ ကိုကြီး မရှိသားဘူး'

'မီးကို ကတိပေးထားတာတွေကို ကိုကြီး မေ့နေပြီလား'

'မီးငယ်လေးကလည်းကွာ၊ မမေ့ပါဘူး'

သူ့နှုတ်ဖျားမှ ပြောလိုက်ရသော်လည်း သူ့ရင်ထဲမှာ ချစ်





သောထားရဲ့ မျက်နှာလှလှလေးကို မြင်လိုက်မိသည်။ ထားရယ် ကိုယ့်အပေါ်မှာ မင်း နားလည်နိုင်ပါစေ။

သူမစကားကြောင့် စဉ်းစားသလိုဖြစ်သွားတဲ့ ကိုကိုကြီးကိုကြည့်၍…

'ကိုကိုကြီး ဘာတွေစဉ်းစားနေတာလဲ'

သူမအစ်ကို၏ တွေဝေနေပုံကိုကြည့်၍ မျက်ရည်များပတ်မိသည်။ သူမ ကိုကိုကြီးအပေါ် ကြာရှည်စိတ်မဆိုးမိတော့ဂ စိုးရိမ်စိတ်များဖြင့်…

'ကိုကိုကြီး အောက်ဆင်းမယ် လာ၊ ကြီးမေ ထမင်းစားပွဲပြင်ပြီးလောက်ပြီ'

သူမ ကိုကြီးရဲ့လက်ကိုဆွဲ၍ ဆင်းလာခဲ့သော်လည်း ကိုကြီးက အိပ်မက်မှနိုးပြီး လမ်းလျှောက်သူပမာ လိုက်ပါလာခဲ့သည်။

မိုးနှင်းဆက် ကိုကြီးမျက်နှာကိုကြည့်၍ သူမ အခုမှကြီးအကျယ် တုန်လှုပ်မိသည်။ စိုးရိမ်စိတ်များလည်း ဝင်ခဲ့သည်။ ကိုကိုကြီးမှာ သူမထက် ချစ်ရမယ့်သူများ တွေ့နေပြီလား သူမ တွေးတောင် မတွေးရဲပေ။

ကိုကြီးက ထမင်းဝိုင်းတွင်လည်း မီးငယ်လေးအကြိုက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး သူမထမင်းပန်းကန်ထဲသို့ ထည့်ပေးနေသော အကျင့်ကို တောင် မေ့သွားပြီး ထမင်းကို စိတ်မပါလက်မပါဖြင့် ထမင်းများ ကို စားနေသည်။

မိုးနှင်းဆက်က သူမရဲ့ ကိုကိုကြီးကိုကြည့်၍ သူမ ထင်ထားတာတွေ မှန်ကန်နေပြီနှင့်တူသည်။ ဒါပေမဲ့ ပိုမိုသေချာအောင်တော့ စုံစမ်းဦးမှပါပဲလေဟု စိတ်ထဲတွင်တွေးကာ သူမရဲ့ အစ်ကိုကြီးပန်းကန်ထဲသို့ ကိုကြီးအကြိုက် ကြက်သားကြော်လေးများကို ထည့်ပေးမိသည်။ ဒီတော့မှ ကိုကိုကြီးက အသိဝင်လာခဲ့သူ တစ်ယောက်ပမာ သူမလေးကိုကြည့်၍…

'မိုးငယ်လေးက လိမ္မာပါလားကွ'

သူမ ထမင်းစားရင် သူမပန်းကန်ထဲသို့သာ ကိုကိုကြီးနှင့် ကြီးမေတို့နှစ်ယောက်က မိုးနှင်းဆက် ကြိုက်တတ်သော ဟင်းများကို ထည့်ပေးခဲ့ကြသည်။

မိုးနှင်းဆက်က ငယ်ငယ်ကတည်းက သူမကို လိုလေသေးမရှိအောင် ပြုစုပေးလာခဲ့သဖြင့် သူမ စိတ်ကောက်ချင်တိုင်း ကောက်၊ ဆိုးချင်တိုင်း ဆိုးနေမိပြီး ဘာကိုမှ အလေးအနက်မထားခဲ့တဲ့ သူမဟန်ပန်လေးများနှင့် နေခဲ့သည်။ သူမ ကိုကိုကြီးကို ဂရုမစိုက်သလို ပြုစုယုယမှုများလည်း မရှိခဲ့ပါချေ။





မိုးလင်းဆက်က သူ အတွေးလွန်ပြီး ညီမလေးကို မေ့ပြီး ငေးငိုင် ထားအကြောင်း စဉ်းစားမိလိုက်သဖြင့် သတိလက်လွတ် သွားကာ မိုးငယ်လေး ဟင်းပန်းကန်ထဲ ထည့်ပေးလိုက်မှ သူ သတိဝင်လာကာ သူ့ညီမလေးကိုကြည့်၍ စကားဆိုမိသည်။

မိုးနှင်းဆက်က ကိုကြီးပုံစံကိုကြည့်ကာ သူမ ထမင်းလုပ် မျိုချလို့ မရတော့ပေ။ မျက်ရည်များဝဲကာ ဦးခေါင်းကိုငုံ့၍ ထမင်းလုပ်များကို စိတ်မပါ လက်မပါ စားနေတော့သည်။

မိုးနှင်းဆက်က သူ့ညီမလေး သူ့အပေါ်မှာ ပြန်စိတ်ကောက်မှာစိုးသဖြင့် ပြန်၍ချော့ကာ မိုးငယ်လေးအကြိုက် ပုစွန်ထုပ် ကြက်သွန်နီနှင့် သံပရာသီးညှစ်၍ သုတ်ထားသော ပုစွန်သုပ်ကလေး ထည့်ပေးလိုက်သည်။

မိုးနှင်းဆက်ရဲ့ စိတ်ထဲတွင် ကိုကြီးအပေါ် သနားသွားပါသည်။

ကိုကြီးရယ်… မိုးကို စိတ်မဆိုးပါနဲ့။ နောက်ဆိုရင် ကိုကြီး စိတ်ဆိုးအောင် မလုပ်တော့ပါဘူး။ မိုး လိမ္မာအောင်နေပါတော့မယ်ဟု ကတိတွေ အထပ်ထပ် ရင်ထဲမှာ ပေးနေမိသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းဆက်တစ်ယောက် မင်းမဟာအကြောင်းကို စုံစမ်းသော်လည်း သတင်းအစအနပင် မရတော့အောင် စုံးစုံးမြုပ်သွားသည်။ သူငယ်ချင်းဖြစ်သူတွေကို အသိပေးလိုက်ရင်လည်း သူမကိုသာ ဝိုင်း၍ ထောပနာပြုကြမှာပင်ဖြစ်သည်။ ကိုယ့်အပြစ်နှင့်ကိုယ်ပဲ ဖြစ်နေ၍ စိတ်ထဲတွင် ကျိတ်ကာ ပူဆွေးနေရသည်။

သူမ ကားကို အရှိန်ပြင်းပြင်း မောင်းနေရင်းမှပင်...

'မင်းမဟာ... မင်းမဟာ'

သူမ နှုတ်မှရေရွတ်ကာ...

တော်တော်အကြံပက်စက်တာပါလား။ ရုပ်ရည်လေးနှင့်လည်း မလိုက်ဖက်သလို ထင်ရက်စရာ မရှိခဲ့ပေ။ အခုထက်ထိ မိုးနှင်းဆက် မယုံကြည်နိုင်သေးပေ။ မင်းမဟာနှင့် မျက်နှာချင်းဆိုင်တွေ့၍ သူမ ဖြေရှင်းပစ်လိုက်ချင်သည်။

ကိုကြီးသာ သူမရဲ့ ဘဏ်စာအုပ်ကို ယူကြည့်မိရင် သိနိုင်သည်။ စာအုပ်ထဲမှာ သိန်းရာကျော်ထုတ်ယူထားပြီး ပြန်မသွင်းဖြစ်သေးတာ။

'တောက်...'

စဉ်းစားနေရင်းမှာ မင်းမဟာအပေါ် ဒေါသတွေ အစုလိုက်အပုံလိုက် ကျသွားကာ ခံပြင်း၍ တက်ခေါက်လိုက်မိသည်။





မိုးနှင်းဆက်ရဲ့ ရာဇဝင်မှာ ကိုယ်ခံလိုက်ရတာ ဘယ်သောအခါမှ မရှိခဲ့ပေ။ ဒီတစ်ခါ သူမ အထိနာသွားခဲ့သည်။ မသိသော ယောကျ်ားလေးများကို မယုံစားသင့်ကြောင်း မင်းမဟာက သက်သေပြသွားသည်။ မိုးနှင်းဆက်ရဲ့ ငယ်သူငယ်ချင်းများကတော့ မပါပေ။

သူတို့မိဘတွေကလည်း ကျိုကျိုတက် ချမ်းသာကြသည်။

သူမအပေါ်မှာ ရိုးသားကြသည်၊ ဖြူစင်ကြသည့် စိတ်ထားလေးများကို မိုးနှင်းဆက် ကြိုက်သည်။ ဒါ့ကြောင့် ကိုကိုကြီးနှင့် အတိုက်အခံလုပ်ကာ ဘယ်လောက်ပဲဆူဆူပူပူ အခင်အမင်မပျက် အတွဲမပျက်ခဲ့ပေ။

မိုးနှင်းဆက်တစ်ယောက် ကားလျှောက်မောင်းနေရာမှ မီးပွိုင့်တွင် မီးနီ၍ရပ်ထားစဉ် ကိုကိုကြီးကားကို တွေ့လိုက်သည်။

ကိုကိုကြီးရဲ့ ဘေးမှာ မဒီတစ်ယောက်ပါသည်။ ကိုကိုကြီးက ကားမောင်းတိုင်း မျက်မှန်အနက်တပ်သည်။ ခုညားတဲ့ ကိုကိုကြီးရဲ့ဘေးမှာ ထိုင်နေတဲ့ အမျိုးသမီးမှာ မျက်နှာကို သဲကွဲစွာ မမြင်ရသော်လည်း ဆံနွယ်အရှည်အဖြောင့်လေးကို ခပ်မြင့်မြင့်လေး စည်းထားပြီး သူမကပါ ကိုကိုကြီးလို မျက်မှန်အမည်းကို တပ်ထားသည်။ ကိုကိုကြီးထက် ငယ်သလား ကြီးသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မသိပေ။ နှစ်ယောက်သား ရယ်မောပျော်ရွှင်နေကြသည်။ နည်းနည်းလှမ်းနေသဖြင့် မသဲကွဲပေ။

မီးပွိုင့်မှာ မိုးလင်းဆက်တစ်ယောက် ကားကို တစ်ဖက်သို့ ချိုးအကွေ့ ညီမလေးကားကို တွေ့လိုက်ရသည်။ သူ့ကားထဲကို ရော သူ့ကိုပါ မျက်လုံးလေးပြူး၍ စူးစူးစိုက်စိုက် ကြည့်သွားသော မီးငယ်လေးရဲ့အကြည့်ကို သူမြင်လိုက်ရရင်ပဲ သူ အယောင်ယောင်အမှားမှားဖြင့် မီးစိမ်းမပြခင်လေးကိုပဲ သူ့ကားက အရှိန်ဖြင့် ကွေ့ပြီးသားဖြစ်နေသည်။

ထားက လန့်သွားကာ…

'ကိုမိုး ဘယ်လိုဖြစ်တာလဲ၊ အခုမှ မီးစိမ်းတာ၊ တော်သေးတာပေါ့ ကိုမိုးရယ်'

'ထား… ထား…'

မိုးလင်းဆက် ထားကို ခေါ်လိုက်သည်။

ထားရွှေစင်ကလည်း မိုးလင်းဆက်၏ ပုံစံကိုကြည့်၍…

'ကိုမိုး ဘာဖြစ်လို့လဲ၊ ကိုမိုး'

မိုးလင်းဆက်က ကားရှင်းတဲ့ တစ်နေရာသို့အရောက် သူ ကားကို အရှိန်လျှော့ပြီး လမ်းဘေးကို ထိုးရပ်လိုက်သည်။ စိတ်လှုပ်ရှားမှုကြောင့် သူ ဘာစကားမှ မဆိုမိချေ။ ထားက





နားလည်စွာဖြင့် သူ့လက်ခုံပေါ်သို့ သူမရဲ့ လက်ကလေး ဖုပ်မိုး၍ အားပေးလိုက်သည်။

မိုးလင်းထက်ကလည်း…

'ထားရယ်… ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်တို့ကို မီးငယ်လေး မြင်သွားပြီ'

ထားမှာလည်း သွေးဆုတ်သလို ဖြူဖျော့သွားသည့် မိုးလင်းဆက် မျက်နှာကိုကြည့်ကာ…

'ဩော်… ဒါ့ကြောင့်ကိုး'

သူမတို့နှစ်ယောက်မှာလည်း ပြောင်းပြန်ဖြစ်နေသည်။ ထားက အကြောင်းမဟုတ်ဘူး။ ထားတူလေးက အဒေါ်ကို ချစ်ခဲ့သဖြင့် သူမရဲ့ဇာတ်လမ်းကို အစအဆုံး သိထားသူလည်း ဖြစ်သည်။ ထားကို ရွယ်တူလုပ်ငန်းရှင်များက သဘောကျလာရောက်နားဖောက်ခဲ့တာကိုပင် လက်မခံခဲ့ပေ။ တစ်သက်မှာ တစ်ခါသာ ချစ်ခဲ့ရတဲ့ ချစ်ဦးသူ ကိုမိုးကို မေ့လို့မရခဲ့သလို ကိုမိုးအကြောင်းများကိုလည်း အမြဲမပြတ် စုံစမ်းခဲ့သည်။ ဒါပေမဲ့ ချစ်ရတဲ့ ကိုမိုးက သူ့ရဲ့ ညီမလေးကို သူ့ဘဝထဲမှာနှစ်မြှုပ်၍ ညီမမှညီမ ဖြစ်ခဲ့သည်။ ဒါကို သူမ မပြောလိုပေ။ ဒါပေမဲ့ အခုချိန်မှာ ကိုမိုး ပြတ်သားသင့်သည်။ အရွယ်မငယ်တော့သလို ပြီးစ



www.burmeseclassic.com

www.burmeseclassic.com



ဖျိုးထောင်ထားတဲ့ ပန်းပွင့်လေးလည်း ပွင့်ခဲ့ပြီဟု စိတ်ထဲတွင် ပြောနေမိသော်လည်း တကယ်တမ်း ချစ်ရတဲ့ ကိုမိုးကိုပြောမိတာ ကတော့…

'ကိုမိုးရယ် ထားတို့ အချိန်တွေ ရှိပါသေးတယ်၊ သိပ် လည်း မစိုးရိမ်ပါနဲ့'

ဟုပြော၍ သူ့ရင်ခွင်ထဲကို ထားသည် ခေါင်းတိုးဝင်၍ မျက်ရည်များဝဲနေမိသည်။

'ထားရယ်'

'ကိုယ့်ကို နားလည်ပေးလို့ ကျေးဇူးပါပဲကွာ'

မိုးလင်းဆက်က ထားကို သူ့ညီမလေးနှင့် ကတိစကား များထားကြတာကို ထား နားလည်အောင် ပြောပြနေမိသည်။

မီးငယ်လေးကလည်း သူမကတိကိုတည်ကာ ချစ်သူ ရည်းစား ယနေ့အထိ မထားခဲ့ပေ။

မိုးလင်းဆက်နှင့် မိုးနှင်းဆက်တို့ ထားရှိခဲ့တဲ့ ကတိစကား ကို ကြာရှည်မတည်မြဲပါစေနဲ့လို့ပဲ ထားတစ်ယောက် အတွေးကြီး စွာဖြင့် မျက်ရည်များဝဲကာ ဆုတောင်းနေမိသည်။

တစ်ဖက်မှလည်း မိုးနှင်းဆက်တစ်ယောက် မျက်မှောင် ကို တစ်ဖက်နှင့်တစ်ဖက် အလယ်အထိမတတ် တွန့်ချိုးထား





လျက် သူမရဲ့ မျက်လုံးလေးများက စူးရှနေကာ မကျေနပ်ချက် ဖြင့် ကားကို အရှိန်လျှော့လိုက်ပြီး လက်တစ်ဖက် ကားစတီယာ ရင်ကိုကိုင်၍ တစ်ဖက်က ကိုကိုကြီးဖုန်းကို ခေါ်မိသည်။

'တူ… တူ… တူ…'

ဖုန်းခေါ်နေသော်လည်း ဖုန်းမကိုင်ပေ။ ဘယ်လိုဖြစ်တာလဲ။

ကိုကိုကြီးကတော့ သိပ်မဟုတ်တော့ဘူး။ ဒါ့ကြောင့် ကိုကိုကြီးကိုကြည့်ရတာ တစ်မျိုးဖြစ်နေပါတယ်။

အရင်ကထက် ရှိုးစမိုးတွေထုတ်၍ မနက်စောစောထွက်ပြီး ညမိုးချုပ်မှ အိမ်ပြန်လာတတ်တာကို သူမ သတိထားမိခဲ့သည်။

ဒါ့ကြောင့်ကိုး။ ကိုကိုကြီးရယ်… ရက်စက်လိုက်တာ။

မီးရဲ့စိတ်ထဲမှာ ကိုကိုကြီး နောက်ဆို မီးအတွက်နဲ့ စိတ် မညစ်စေရအောင်နေဖို့ ဆုံးဖြတ်ထားခဲ့သည်။

ဒါပေမဲ့ ကိုကိုကြီး မီးထက်ချစ်ရမယ့်သူ တွေ့ထားပြီ ပေါ့နော်။ ဒါ တကယ်ပဲလား။ သူမ မျက်စိမှားတာပဲ ဖြစ်ပါစေ။

သူမကတော့ ချစ်သူမရှာခဲ့ပေ။ ကိုကိုကြီးထက် ပိုချစ်ရ မယ့်သူကိုလည်း မတွေ့ခဲ့သလို သူမဘဝမှာ ကိုကိုကြီးနှင့် ပျော် ပျော်ရွှင်ရွှင်နေမပေ့ါ။ ပြီးရင် ကားလျှောက်မောင်းမယ်။ အဝတ် အစားမက်တဲ့သူမဟာ ချစ်တတ်ဖို့ကို မစဉ်းစားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာလေးမှာ အတွေးများ ရှုပ်ယှက်ခတ်နေသည့် ပုံစံမျိုးဖြစ်နေသဖြင့် စိတ်ထဲမှာ ကားကိုလည်း လျှောက်မောင်းချင်စိတ်မရှိတော့ဘဲ အိမ်သို့ တန်းပြန်လာခဲ့သည်။

သူမရဲ့ ပျော့ရွှင်ကြည်နူးနေသော မျက်နှာလေးမှာ အခု တော့ တိမ်ညိုများ အုံ့ဆိုင်းသလို ညို့မှောင်နေတော့သည်။ နှုတ်ခမ်းလေးနှစ်မွှာကိုလည်း တင်းတင်းစေ့ထားသည်။

သူမ အိမ်ရောက်တော့ ကိုကိုကြီး ပြန်မရောက်သေးပေ။ ကြီးကြီးမေက အိမ်တံခါးလာဖွင့်ပေးသည်။

ကိုကိုကြီးနှင့် သူမ မျက်နှာချင်းဆိုင်ဖို့ အပေါ်သို့ မတက် သေးဘဲ အောက်မှာစောင့်နေခဲ့သည်။

ကြီးမေက…

'မီးငယ်လေး ဒီနေ့ ပြန်လာတာ စောပါလား'

မိုးနှင်းဆက်ရဲ့ အလိုမကျတဲ့ မျက်နှာလေးကိုကြည့်၍…

'မီးငယ်လေး… သမီး… ဘာဖြစ်လာတာလဲ၊ ကြီးမေ ကို ပြောစမ်းပါဦးကွယ်၊ ကြီးမေ ရင်ထိတ်လိုက်တာ'

ကြီးမေက မေးသော်လည်း မိုးနှင်းဆက်က ပြန်မဖြေ ဘဲ သူမရဲ့ မျက်လုံးမှာ မျက်ရည်ဥလေးများ လှုပ်လီလှုပ်လဲ့ တွဲခိုနေသည်။





ကြီးမေက မိုးနှင်းဆက်ရဲ့ ပခုံးလေးကိုကိုင်၍…

'မီးငယ်လေး… ကြီးမေကို…'

သူမ စကားပင်မဆုံးသေး။ ကြီးမေရဲ့ ပုံစံပေါ်သို့ သူမ ရဲ့ မျက်နှာလေးကိုတင်ကာ ရှိုက်ကာရှိုက်ကာ ဝမ်းနည်းအားငယ် စွာ ငိုကြွေးမိပါတော့သည်။

သူမလေးရဲ့ ငိုရှိုက်ပုံကိုကြည့်၍ ကြီးမေ အံ့ဩမိသည်။ မိုးနှင်းဆက်သည် တစ်ခါမှ ရှိုက်ကြီးတငင် မငိုကြွေးဖူးပေ။ ဘာကြောင့်လဲဆိုတာကိုတော့ ကြီးမေ သိမှဖြစ်မယ်။

ဒါကြောင့်မို့…

'မီးငယ်လေး တိတ်… တိတ်ပါကွယ်၊ မီးငယ်လေး ဘာဖြစ်လို့ငိုတာလဲ ပြောပါဦး'

'အဟင့်… ဟင့်…'

ရှိုက်သံတစ်ဝက်ဖြင့်…

'ကြီးမေ… ကို… ကိုကြီးလေ၊ အဟင့်… ဟင့်…'

'သားက ဘာဖြစ်လို့လဲ'

သူမ လူကြီးတစ်ယောက်ပီပီ စိတ်တွေအရမ်းပူသွားမိ သည်။

မိုးနှင်းဆက် မျက်ရည်များကို သူမရဲ့ လက်ခုံလေးများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခပ်ကြမ်းကြမ်းလေးသုတ်၍ ရှိုက်သံလေးများကိုထိန်းကာ…

'ကိုကိုကြီး… ကိုကိုကြီးမှာ ရည်းစားရှိနေပြီလား မသိဘူး ကြီးမေ၊ အမျိုးသမီးတစ်ယောက်နဲ့ အမြဲတွဲတယ်၊ မီး ဖုန်းဆက်ရင် ဖုန်းလည်း ဘယ်တော့မှမကိုင်ဘူး၊ မီးကိုလည်း အရင်လို ဂရုမစိုက်တော့ဘူး'

ပြောနေရင်းမှ မျက်ရည်များဝမ်းနည်းစွာကျလာတော့သည်။

ကြီးမေမှာ ပထမတော့ ဘာမှမသိသော်လည်း မိုးနှင်းဆက် ပြောစကားကိုလည်း ကြားလိုက်သောအခါ သူမ သဘောကျစွာဖြင့် မိုးနှင်းဆက်ရဲ့ ပခုံးလေးကို ဖွဖွလေးဖက်၍ ဆံနွယ်လေးများ သပ်တင်၍…

'မီးငယ်လေးရယ်… ဟင်း… ဟင်း… ကြီးမေမှာ ဘာများလဲလို့ကွယ်၊ သားကြီးလာတော့ သေချာမေးကြည့်ပါဦးကွယ်၊ ကြီးမေက မီးငယ်လေး ဒီလောက်ငိုနေတာကိုတွေ့ပြီး လန့်သွားတာ၊ အဟင်း… ဟင်း…'

ကြီးမေက ရယ်မောနေသဖြင့် မိုးနှင်းဆက်က…

'ကြီးမေ ရယ်နေ၊ သိလား၊ ဒီမှာ မီးက စိတ်ပူလို့သေတော့မယ်၊ ကိုကိုကြီးက ကားပေါ်ကို ဘယ်တုန်းက မိန်းမတင်ပြီး မောင်းဖူးလို့လဲ'





'ကလေးလေးမှ မဟုတ်တာ၊ သူ့ကိုယ် သူ ထိန်းသိမ်းနိုင်ပါတယ်ကွယ်၊ ဒီလောက်လည်း စိတ်မပူနေပါနဲ့'

'အို… ကြီးမေကလည်း ဘယ်ကမိန်းမလဲမှ မသိဘဲနဲ့၊ ကိုကိုကြီးကားပေါ်မှာ လိုက်ပါသွားတာ၊ ဒါ မရိုးဘူး'

ဟုတ်တယ်…ကိုကိုကြီးက ဘယ်တုန်းကမှ မိန်းကလေးကိုလို့ သူမကလွဲရင် ကားပေါ်မတင်ဘူးလေ၊ ကျိန်းသေပါပြီ၊ ဟုတ်လို့ကတော့ ကိုကိုကြီးကို ပြောပစ်လိုက်မယ်။

တကယ်လို့ ကိုကိုကြီးက ဟုတ်ပါတယ်လို့ ပြန်ပြောရင် သူမ ဘာပြောမလဲ။

တွေးရင်းဖြင့်တောင် ရင်မဆိုင်ရဲပေ။

ကိုကိုကြီးကို သူမတစ်ယောက်တည်းသာ ချစ်ချင်ပါသည်။ သူမဘဝမှ အဖေဆိုလည်း ဟုတ်သလို အမေဆိုလည်း ဟုတ်ခဲ့သည်။ ငယ်စဉ်ဘဝထဲမှာ ကိုကိုကြီးရဲ့ လည်ပင်းကိုဖက်က ကိုကိုကြီးက သူမကို ချီပိုးခဲ့သလို အရွယ်ရောက်လာတဲ့အခါ ျုးမှာလည်း ကိုကိုကြီးရဲ့ လက်မောင်းကိုဖက်၍ ချွဲနွဲ့ကာ တွတ်ပီးတွတ်တာများပြော၍ သူငယ်ချင်းသဖွယ်လည်း ပေါင်းခဲ့ပါသည်။

အခု သူမ တစ်ခါမှ ကိုကိုကြီးအတွက် မစဉ်းစားပေးဖူး



www.burmeseclassic.com

www.burmeseclassic.com



သလို သူမ တွေးထားသလိုများ ကိုကိုကြီး ဟုတ်နေပြီလား။

ကြီးမေကို ပြောနေရင်းမှ သူမအနားမှ ကြီးမေ ထသွားကာ သူမဦးခေါင်းလေးကို ချစ်စနိုးလေး အုပ်မိုးကိုင်၍ သူမ လုပ်စရာရှိတာများကိုလုပ်ဖို့ ထသွားတော့သည်။

မိုးနှင်းဆက်သည် အိမ်ရှေ့မှာရှိသော လည်သာဆိုဖာကြီးများပေါ်တွင် ကိုကိုကြီးအကြောင်းကို တွေးရင်းဖြင့် စောင့်နေရင်းဖြင့် အိပ်ပျော်သွားခဲ့သည်။

ကိုကိုကြီး ကားရပ်သံကိုလည်း မကြားတော့ပါ။ ဘယ်၍ ဘယ်မျှ အိပ်ပျော်သွားသည် မသိပေ။

မိုးလင်းဆက်က အိမ်ကို ပြန်ရောက်ရောက်ချင်း ညီမလေးကားကို တွေ့သဖြင့် ညီမလေး ပြန်ရောက်နေတာ သိလိုက်ပြီး သူ ခပ်တည်တည်ဖြင့် ကြီးမေ သော့ဖွင့်ပေး၍ အိမ်ထဲဝင်လိုက်သည်။

အိပ်ပျော်နေသည့် ညီမလေးကိုကြည့်၍ သူ သနားမိပါသည်။ ညီမလေးကို အလိုလိုက်ထားခဲ့သော်လည်း ညီမလေးမှာ ချစ်သူရည်းစား တစ်ယောက်မှမရှိခဲ့ပေ။ သူသာ ဟင်း...။

သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်တာကို ကြီးမေက မြင်၍...





'သားကြီး ခဏ'

'ဗျာ... ကြီးမေ'

ကြီးမေက ရှေ့မှဦးဆောင်၍ ထွက်သွားသည်။ သူတို့ရဲ့ ဧည့်ခန်းဆီသို့ ကြီးမေက ခုံတွင်ဝင်ထိုင်၍...

'သားကြီးကို ကြီးမေ မေးစရာရှိလို့၊ ညှော်ခန်းမှာ မီးငယ်လေး နိုးသွားမှာစိုးလို့ကွဲ့'

ကြီးမေရဲ့ ထူးဆန်းသောစကားကြောင့်...

'ကြီးမေ ဘာပြောမှာလဲ ပြောလေ'

'သားကြီးမှာ ရည်ရွယ်ထားသူများ ရှိနေပြီလားကွဲ့'

'ဗျာ...'

'ဘာဖြစ်လို့လဲ ကြီးမေ'

'ကြီးမေက ဘာမှမဖြစ်ပါဘူးကွယ်'

'ညနေက မီးငယ်လေးကကွယ် ဝမ်းနည်းပြီး ကြီးမေကို ဖက်ပြီး ငိုလိုက်တာ ချုံးပွဲချပဲ၊ ကြီးမေလည်း မီးငယ် ဒီလောက်ငိုတာ တစ်ခါမှမမြင်ဖူးတော့ အံ့သြပြီး စိတ်ပူသွားလိုက်တာကွယ်၊ တကယ်ပါပဲ၊ နောက်မှ မီးငယ်က ဝမ်းနည်းပြီး သားကြီးနဲ့ ကားထဲမှာ အမျိုးသမီးတစ်ယောက်နဲ့ တွေ့တယ်ဆိုပြီး ကြီးမေကို ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက အဲဒါ သားကြီးမှာများ ရည်ရွယ်ထားတဲ့သူများ ရှိနေပြီလား၊ ဒါမှမဟုတ် စီးပွားရေးလုပ်ဖော်ကိုင်ဖက် အမျိုးသမီးတွေထဲကများလားကွယ်၊'

မီးငယ်လေးကတော့ အတော်ကို စိတ်ထိခိုက်နေတာ၊ မင်းကို ရှန်တွေ့မယ်ဆိုပြီး စောစောပြန်ရောက်ပြီး မင်းကို အိမ်ရှေ့မှာစောင့်နေရင်းနဲ့ ကလေးက အိပ်ပျော်သွားတာ၊ မင်း ကြည့်ပြီးချော့လိုက်ချဦးနော် သားကြီး၊ သမီးလေး ဒီလောက်ဝမ်းနည်းတာ ကြီးမေ မတွေ့ဖူးဘူး'

'ကြီးမေ'

သူ ကြီးမေကို စိတ်မကောင်းစွာဖြင့် ခေါ်မိသည်။

မိုးလင်းဆက်က ငယ်ငယ်ကတည်းက ဒီကြီးမေရဲ့ လက်ပေါ်မှာ ကြီးလာတာ သူ့အကြောင်းကိုလည်း ကြီးမေ သိသည်။ ဟိုးအရင်က သူနဲ့ ထားရဲ့ ဇာတ်လမ်းလေးကိုပေါ့။ ထားကို အိမ်ကိုခေါ်လာဖူးတော့ ကြီးမေက မြင်လည်းမြင်ဖူးသည်။

ကြီးမေက သူဆက်ပြောမည့်စကားကို မျှော်လင့်နေသည်။

'ကျွန်တော်နဲ့အတူတွဲပြီးတွေ့တာ တခြားသူ မဟုတ်ဘူး ကြီးမေ၊ ကြီးမေလည်းသိပြီးသား၊ တစ်ချိန်တုန်းက ကျွန်တော် အပြစ်မရှိဘဲစွန့်လွှတ်ခဲ့တဲ့ ကျွန်တော့်ရဲ့ထားပါ ကြီးမေ'





'ဟော… ဟုတ်လား'

ကြီးမေက အံ့သြသော မျက်လုံးများဖြင့်…

'သူနဲ့ မင်းက ဘယ်လိုပြန်တွေ့တာလဲ၊ ထားတို့က ရက်ကန်းစင်တွေ မန္တလေးမှာရှိတော့ ကျွန်တော့်ဆိုင်အတွက် ပစ္စည်းဝယ်တဲ့ကိစ္စနှင့် သူနဲ့ ကျွန်တော် ပြန်တွေ့ကြတာပါ'

'ဒါဆို သူက အခုထိ အိမ်ထောင်မကျသေးဘူးပေါ့'

'ဟုတ်တယ် ကြီးမေ၊ ထားက ကျွန်တော့်ကို စိတ်မနာခဲ့ဘူး၊ သူက သစ္စာရှိရှိနဲ့ ကျွန်တော့်ကို စောင့်မျှော်နေတုန်း ကြီးမေ၊ ချစ်နေတုန်းပါပဲ၊ ကျွန်တော် ဒီတစ်ခါတော့ အပြစ်မရှိတဲ့ ထားကို မစွန့်လွှတ်ပါရစေနဲ့'

'သားကြီးရဲ့ စိတ်ထဲက ခံစားမှုကို ကြီးမေ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့… မီးငယ်လေးနားလည်အောင် တဖြည်းဖြည်း ပြောရမှာပေါ့'

ကြီးမေနဲ့ ကိုကြီးနဲ့ ပြောနေတဲ့စကားတွေကို အိပ်ပျော်သွားရာမှ မိုးနှင်းဆက် နိုးလာပြီး ကြားသိခဲ့သည်။

ကိုကိုကြီးရဲ့ ဒီတစ်ခါတော့ ထားကို မစွန့်လွှတ်ပါရစေနဲ့တော့ဆိုသည့် စကားကို ကြားလိုက်ရ၍ မျက်ရည်များ တသွင်



www.burmeseclassic.com

www.burmeseclassic.com



သွင် သူမရဲ့ ဖြူဖွေးနုညက်နေသည့် ပါးပြင်လေးပေါ်သို့ အဆက်မပြတ်။

'ကို… ကိုကြီး'

ညီမလေး မိုးနှင်းဆက်ရဲ့ ငိုရှိုက်သံနှင့် ခေါ်သံကို ကြီးမေနှင့် သူ လှည့်ကြည့်မိသည်။ ညီမလေးကို မသိစေချင်သော်လည်း ညီမလေးရဲ့ ငိုရှိုက်သံကြားလိုက်ရတာနှင့် သူ့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေသော သွေးတို့ ဆူပွက်သွားသည်။

ညီမလေးနားကို တိုးကပ်၍…

'မီးငယ်လေး… မီး…'

ကိုကိုကြီးက မိုးနှင်းဆက်နားသို့သွား၍ ညီမလေးရဲ့ ပခုံးလေးကို ဖက်တွယ်၍ သူ့ရင်ခွင်ထဲထည့်၍ ကျောလေးကိုပွတ်သပ်၍ ချော့မိသည်။

'မီးငယ်လေးရယ်'

ညီမလေးသည်လည်း သူ့အပေါ်မှာ အရမ်းချစ် အရမ်းတွယ်တာတယ်ဆိုတာ သူသိပါသည်။

ချော့လိုက်ကာမှ အသံလေးများထွက်ကာ ပို၍ပင် ငိုနေတော့သည်။ မီးငယ်လေးရဲ့ အသံထွက်၍ငိုနေပုံစံလေးကြောင့် သူ့စိတ်ထဲမှာ ခံစားမိပါသည်။





'ကိုကိုကြီး မီးငယ်ကို မချစ်တော့ဘူး၊ အီး… ဟီး… ကိုကြီး ညီမလေးကို အရင်ကလို မချစ်တော့ဘူး၊ အဟင့်… ဟင့်…'

'ဟာကွာ… မီးငယ်လေးရာ၊ ဘာမဟုတ်တာတွေ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လျှောက်ပြောနေတာလဲ မီးငယ်၊ ကိုကိုကြီး အချစ်ဆုံးက ဒီလောကကြီးထဲမှာ မီးငယ်လေးတစ်ယောက်တည်းပါကွာ၊ မီးငယ်လေးက လွဲပြီး ကိုကြီး ဘယ်သူ့ကိုမှ မချစ်ဘူး၊ မီးလေးက ကိုကြီး အသက်၊ ကိုကြီး ဝိညာဉ်၊ ကိုကြီး အသက်ရှင်တာ မီးငယ်လေးအတွက်ပဲ'

'အဲ…'

ကိုကြီးရဲ့ စကားကြောင့် ငိုရှိုက်သံလေးများ ရပ်သွားသော်လည်း မယုံသင်္ကာ မျက်ဝန်းအကြည့်လေးဖြင့် သူမ ချစ်ရတဲ့ ကိုကြီးကို မော့ကြည့်မိသည်။

'ကိုကိုကြီး ရက်စက်တယ်၊ ရက်စက်တယ်၊ ကိုကိုကြီးနဲ့ မီးတို့ ထားတဲ့ကတိကို မေ့နေပြီလား'

သူ ညီမလေးနား တိုးကပ်သွား၍…

'မမေ့ပါဘူး မီးငယ်လေးရယ်၊ ကို… ကိုကြီး မီးကို…



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိန်းမယူတော့မယ် မဟုတ်လား'

'အခု မဟုတ်သေးပါဘူး'

သူ စကားမှားသွားသဖြင့်…

'ဟင်… အခု မဟုတ်ဘူးဆိုတော့ နောက်တော့ ဟုတ်မှာပဲ မဟုတ်လား'

'မဟုတ်သေးပါဘူးကွယ်၊ မီးငယ်လေး တိတ်… တိတ်'

ပွေ့ဖက်တဲ့ အစ်ကိုဖြစ်သူရဲ့ လက်ကိုလည်း ဒေါသတကြီးလေး ပုတ်ထုတ်မိသည်။

'ကိုကိုကြီးက ညီမလေးကို ဘယ်တုန်းက စိတ်ဆင်းရဲအောင် လုပ်ဖူးလို့လဲ၊ မီးငယ်လေးကသာ ကိုကိုကြီး စကားကို နားမထောင်တာ မဟုတ်လား'

'အင်း… အခု နားထောင်မယ်'

သူမ ချက်ချင်းပြန်ဖြေမိသည်။

'ကိုကိုကြီး စိတ်ဆင်းရဲအောင် မီး ဘယ်တော့မှ မလုပ်တော့ဘူး၊ အခုအချိန်ကစပြီး လိမ္မာအောင်နေမယ်'

မိုးနှင်းဆက်ရဲ့ မျက်နှာမှာ မျက်ရည်များ မခြောက်တခြောက်ပုံစံလေးကိုကြည့်၍ မိုးလင်းဆက် ညီမလေးကို သနားမိပါသည်။





ထားရယ်… ကိုယ့်ကို ခွင့်လွှတ်ပါဦးကွယ်။

ကိုယ် နောက်တစ်ကြိမ် ထားကို စွန့်လွှတ်ရဦးမယ်နဲ့ တူတယ်။ သူ၏ တွေးတောနေတဲ့ မျက်နှာကိုကြည့်၍…

'ကိုကိုကြီး'

သူ့ရဲ့ ပခုံးကို လှုပ်၍မေးသည့် ညီမလေးကိုကြည့်ကာ…

'မီးကို ကတိပေး'

'ဘာကတိလဲ မီးငယ်လေး'

'ကိုကိုကြီး အဲဒီအမျိုးသမီးနဲ့ မဆက်သွယ်ပါဘူး၊ မီး သဘောမတူဘဲနဲ့ မယူပါဘူးလို့ ကတိပေး'

ထားရယ်… ကိုယ် ဘယ်လိုဖြေရမှာလဲ။

ကိုယ့်မျက်လုံးထဲမှာ ထားရဲ့ သဘောဖြူစင်တဲ့ ပုံလေးကို မြင်နေရတယ်။ ထားတစ်ယောက် ကိုယ့်အပေါ်မှာ ဒီတစ်ခါလည်း ခွင့်လွှတ်နိုင်ပါစေကွယ်။

တစ်ဖက်က ညီမလေး၊ သိပ်ချစ်ရတဲ့ သမီးလေးပမာ ပြုစုစောင့်ရှောက်ထားခဲ့တာ။ အရမ်းကို ချစ်ရပါတဲ့ မီးငယ်လေး။

တစ်ဖက်က သူ့အပေါ်မှာ နှစ်တွေ ဒီလောက်ကြာတာ ကောင်း မပျက်ပြယ် မဟောင်းနွမ်းတဲ့ မေတ္တာနှင့် စောင့်မျှော်နေတဲ့ ရင်ထဲက သူ့ရဲ့ချစ်သူ ထား။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ယောက်မှာ သူ ဘယ်သူ့ကို ရွေးရမှာလဲကွယ်။

'ကိုကိုကြီး'

စိတ်မရှည်စွာ ထွက်ပေါ်လာတဲ့ ကိုကိုကြီးဆိုတဲ့ ခေါ်သံကြားမှ သူ သတိပြန်ဝင်လာသည်။

'သြော်… အင်း… အင်း… ပေးပါတယ် မီးငယ်လေး'

'ဒါမှ တို့ကိုကိုကြီး၊ မီးကို ပစ်မသွားပါနဲ့ ကိုကိုကြီး၊ မီး ကိုကိုကြီးကို ဘယ်သူနဲ့မှ ခွဲဝေမချစ်နိုင်ဘူး၊ ကိုကိုကြီးကို မီးဆီက လုယူတဲ့သူက မီးရန်သူပဲ ဖြစ်ရမယ်လို့ မီး ခံယူထားတယ်၊ မီးလည်း ဘယ်သူ့ကိုမှ မချစ်ဘူး'

'သြော်… ညီမလေးရယ်'

သိတတ်စကတည်းက မိဘမဲ့ညီမလေးမို့ သူ ပို၍ချစ်ရပါသည်။ ညီမလေးမှာ ချစ်သူမရှိသေးချိန်မှာ ဒီလိုပဲ ပြောဦးမှာပေါ့ကွာ။

ညီမလေး မတရားဘူးလို့ ကိုကိုကြီး မပြောလိုပါဘူး။ ညီမလေး တစ်နေ့နေ့မှာ အချစ်ကိုတွေ့လာရင်လည်း ကိုကိုကြီးကို ကိုယ်ချင်းစာနာလာမှာပါကွယ်။

ထားဟာ ညီမလေးထင်သလို မီးငယ်လေးဆီက ကိုကိုကြီးကို လုယူမှာ မဟုတ်ပါဘူးကွယ်။





သူ လုယူချင်မှဖြင့် အစကတည်းက ကိုကိုကြီးနဲ့ သူ ကြောင်းပါပြီးပေါ့ကွယ်။

ဒါပေမဲ့ ကိုကိုကြီးက ညီမလေးရဲ့ မျက်နှာကိုကြည့်ပြီး ကိုကိုကြီး ပစ်မထားရက်ပါဘူးကွယ်။ အခုလည်းပဲ ထားရယ်… ကိုယ့်အပေါ်မှာ နားလည်ပေးပါဦးကွယ်။

ညီမကို ဆံနွယ်များသပ်တင်၍ ချော့နေသော်လည်း မိုးနှင်းဆက်က ကိုကိုကြီး မျက်နှာအမူအရာကို ကြည့်၍ သူ စိတ်မကောင်းဖြစ်မိပါတယ်။

သူမရဲ့ ကိုကိုကြီးဆီက အချစ်ကို ယူသွားတဲ့ ထို ထား ဆိုတဲ့ အမျိုးသမီးကိုလည်း ရင်ထဲမှာ နာကျင်မိသည်။ မကျေနပ်ပါ။

ကိုကိုကြီးရဲ့အတွေးတွေကို သိမ်းပိုက်သွားတဲ့ မိန်းမကို မိုးနှင်းဆက် မုန်းသည်။ မကျေနပ်ပါ။ လုံးလုံးမှ မကျေနပ်ပါ။

ကြီးမေက သူတို့မောင်နှမနှစ်ယောက်ကိုကြည့်၍ ပြေလည်သွားတာကို ဝမ်းသာမိပါသည်။ ငယ်ငယ်ကတည်းက ညီမအပေါ်မှာ ဖခင်တစ်ယောက်ရဲ့ မေတ္တာမျိုးဖြင့် ပြုစုခဲ့သည်။

သားကြီးကိုလည်း သနားလှပါတယ်၊ သူ့ခမျာ ညီမနှင့် ခွဲပွားရေးကို ခေါင်းထဲထည့်ထားပြီး ကျန်တာ ခေါင်းထဲမထည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေ။ အရွယ်တောင် လွန်ခဲ့ပြီပဲ။ ထားဆိုသည့် မိန်းကလေးကို သူမ မြင်ဖူးပါသည်။ မိန်းကလေးပီသသော ရုပ်ရည်လေးနှင့် မိန်းမမြတ်အင်္ဂါအပြည့်နှင့်ဖြစ်သည့် ထားကို မိုးလင်းဆက် တွယ်တာမည်ဆိုလည်း တွယ်တာစရာပဲလေ။

ဒါပေမဲ့ မီးငယ်လေးရဲ့ စိတ်ထဲမှာလည်း အစ်ကိုဖြစ်သူကို ဘယ်သူနှင့်မှ ခွဲဝေ၍ မချစ်နိုင်သေးပေ။

မီးငယ်လေးမှာ ချစ်သူရည်းစားရှိရင်လည်း ဒီကိစ္စက ဖြေရှင်းလို့ လွယ်ကူနိုင်သော်လည်း သူမလေးရဲ့စိတ်သည် ဖြူစင်သန့်ရှင်းတာ သူတို့အသိဆုံး။ ဘယ်သူ့ကိုမှ မချစ်ခဲ့ပေ။

သားကြီးပခုံးပေါ်မှာ မှေးမှိန်နေတဲ့ မီးငယ်လေး ငြိမ်သက်နေသည့် သူတို့နှစ်ယောက်ကို ကြီးမေက…

'သားကြီးနဲ့ မီးငယ်… ထမင်းစားကြမယ်၊ လာကြကလေးတို့၊ ကြီးမေ အားလုံးပြင်ဆင်ပြီးသွားပြီ'

ကလေးတွေ စိတ်မရှုပ်ထွေးစေရန် ကြီးမေက လမ်းကြောင်းပြောင်းပေးတာ။

မိုးလင်းဆက်က သူ့ပခုံးပေါ်မှာ မျက်စိအစုံမှိတ်ထားသည့် မိုးနှင်းဆက်ကို…

'မီးငယ်လေး လာ… ထ… ထမင်းသွားစားကြမယ်'





မိုးနှင်းဆက်က သူမရဲ့ ကိုကြီးခါးကိုဖက်၍…

'ကိုကြီး ကတိနော်'

စိတ်မချစွာ ထပ်မေးနေသည်။

'အေးပါကွာ'

ဟု အသံလေးလေးကြီးဖြင့်သာ ညီမလေးကို ပြောမိသည်။ သူ ညီမလေးကျေနပ်အောင်ပြော၍ ထမင်းကို စိတ်မပါစွာ စားမိသည်။

ထမင်းကို တစ်ပန်းကန်ကုန်အောင် မစားဘဲ ထထွက်သွားသည့် ကိုကိုကြီးကိုကြည့်၍ မိုးနှင်းဆက်လည်း ထမင်းကို ဆက်စားလို့မရတော့သဖြင့် သူမလည်း အပေါ်ထပ်သို့တက်ခဲ့သည်။

ကြီးမေက မောင်နှမနှစ်ယောက်ကို ကြည့်၍ စိတ်မကောင်းပါ။

အိပ်ရာပေါ်သို့ မိုးနှင်းဆက် ပစ်လှဲ၍ သူမရဲ့နဖူးပေါ် လက်တင်၍ စဉ်းစားမိသည်။

သူမရဲ့ လုပ်ရပ်များဟာ မှားများမှားသွားပြီလား။ ကိုကိုကြီးကိုကြည့်၍ သနားမိသည်။

စိတ်ထဲတွင်လည်း ကိုကိုကြီးနဲ့ ချစ်သူအမည်မှာ ထားဆိုတာ သိလိုက်ရ၍ ထိုအမျိုးသမီးကို မုန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝမှာ ဤမျှလောက် စိတ်ရှုပ်ထွေးစရာအကြောင်းတွေကို တွေးတွောရမည်ဟု တစ်ခါမှ မထင်ထားမိပေ။

အချိန်တိုင်း၊ နာရီတိုင်းမှာ ပျော်ရွှင်စွာ ဘဝများဖြင့်သာ နေ့ရက်တွေကို ဖြတ်သန်းခဲ့ရသည်။

ကိုကိုကြီးမှာ ချစ်သူရှိတာ သိလိုက်ရ၍ အံ့ဩဖွယ် အိပ်မက်တစ်ခုကို မက်လိုက်သလို ခံစားမိသည်။

သူမ ရည်းစားထားဖို့ နေနေသာသာ ယောကျ်ားလေးသူငယ်ချင်းများထားတာပင် ကိုကိုကြီး မကြိုက်တဲ့အတွက် သူမ အတတ်နိုင်ဆုံး ထိန်းသိမ်းနေခဲ့ပါသည်။

အခုလို သူမ စိတ်ဆိုး စိတ်ကောက်လျှင် အမြဲ မနေတတ်အောင် ပျာယာခတ်ပြီး အိပ်ပျော်အောင် ချော့သိပ်တတ်သည့် ကိုကိုကြီးဟာ ခုတော့ . . . ခုတော့ . . . .

မီးငယ်လေး . . . မီးငယ်လေး . . . ဟု နှုတ်ဖျားကနေ တတွတ်တွတ်ခေါ်၍ ချော့တတ်သည့် ကိုကိုကြီးဟာ သူမကို ထမင်းစားခန်းကနေ လှည့်၍ပင်မကြည့်ဘဲ အပေါ်သို့ တန်းတက်သွားသည်။ ကိုကိုကြီးရဲ့ စိတ်အာရုံအလုံးစုံကို ထိုအမျိုးသမီး ထားဆိုတဲ့ ကိုကိုကြီးချစ်သူထံမှာ ရောက်သွားတဲ့အတွက် အံ့ဩ မယုံကြည်နိုင်ခဲ့ပါ။ သူမကို ကိုယ်ချင်းစာစိတ် မရှိဘူးပဲပြောပြော





ဒါ ကိုကိုကြီး ရက်စက်တာ၊ မတရားတာပဲ။

စဉ်းစားရင်းပင် သူမ မျက်ရည်များ ဝဲလာခဲ့သည်။

ဟွေးတောနေရတာနှင့် ဦးနှောက်တွေပင် ထူပူလာရသည်။ ဝမ်းနည်းစိတ်တွေနှင့်အတူ အားငယ်စိတ်တွေပါ ရင်တစ်ခုလုံးမှာ လှည့်ပတ်စီးမျောနေသလိုပင်။

ထိုသို့ဖြစ်ရပ်ကို သူမ တစ်ခါမှ သိဖူး မြင်ဖူးခြင်းမရှိခဲ့သဖြင့် သူမရဲ့ စိတ်ထဲမှာလည်း ထားဆိုသော ကိုကိုကြီး၏ချစ်သူအပေါ် ဒေါသတွေ နာကြည်းမုန်းတီးမှုတွေ အတိုင်းအဆမဲ့ ကျရောက်နေရတော့သည်။

သူမ စဉ်းစား စဉ်းစားရင်းပဲ အိပ်ပျော်ခြင်းကို ရောက်သွားတော့သည်။

အိပ်မက်ထဲမှာပင် ထားဆိုသည့် အမျိုးသမီးနှင့် ကိုကိုကြီးတို့နှစ်ယောက် လက်ချင်းတွဲ၍ သူမကိုထားခဲ့ပြီး ရယ်မောထွက်ခွာသွားသဖြင့် သူမ ဝမ်းနည်းစွာ ငိုကြွေးနေရပါသည်။

'အဟင့် . . . ဟင့် . . . ကိုကိုကြီးရယ်၊ မီးကို ပစ်မထားခဲ့ပါနဲ့၊ ထားဆိုတဲ့ မိန်းမကို မီး အရမ်းမုန်းတယ်' ဟု ငို၍ တားနေမိသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းဆက် မနက်စောစော နိုးနေမိသည်။

အရင်အချိန်တွေဆို သူမ ပြန်အိပ်ပစ်လိုက်တာပင် ဖြစ်သည်။ အခုတော့ ကိုကိုကြီးကို စောင့်ကြည့်ဖို့ သူမတာဝန်ဖြစ်နေပြီဖြစ်သဖြင့် သူမ ပြန်မအိပ်တော့ဘဲ အိပ်ရာထဲမှာ တွေးနေမိရင်း ကိုကိုကြီးအကြောင်း တွေးနေမိသည်။

မိုးလင်းဆက်ကလည်း ညက သူ အတွေးတွေလွန်သွားပြီ။ မီးငယ်လေးကိုတောင် သတိမထားမိလောက်အောင် ဖြစ်သွားခဲ့သဖြင့် မီးငယ်လေးကိုချော့ပြီး မနက်စာ အတူစားဖို့ သူ သွားနိုးမိသည်။

'ဒေါက်… ဒေါက်'

'ဟော…'

သူမရဲ့ အခန်းတံခါးခေါက်သံ။

ကြီးမေကတော့ သူမကို ဘယ်တော့မှ လာမနှိုးပေါ ဒါ သူမရဲ့ ကိုကြီးပဲဖြစ်မယ်။

ဟွန်း…

တွေးနေရင်းမှာ မီး နှုတ်ခမ်းလေးတွေ စူထော်သွားသည်။ မျက်လုံးလေးများကလည်း တံခါးရွက်လေးဆီ ဆတ်ခနဲ ကြည့်မိသည်။ တံခါးလာခေါက်သူဟာ ကိုကိုကြီးပဲဟု စိတ်က





တွင် အလိုလို သိလိုက်တဲ့အတွက် တံခါးကို မဖွင့်ပေးဘဲ ထားလိုက်သည်။

'ဒေါက်… ဒေါက်… ဒေါက်…'

တံခါးခေါက်သံ အဆက်မပြတ် ပေါ်ထွက်လာပြီး…

'မီးငယ်လေး'

ကိုကိုကြီးရဲ့ ချော့မြူတဲ့ခေါ်သံ ကြားသော်လည်း သူမ မထူးပေ။

'မီးငယ်လေး'

'… … …'

'မီးငယ်လေး နိုးနေပြီ မဟုတ်လား၊ ကိုကြီးကို တံခါးလာဖွင့်ပေးလေ'

'… … …'

ကိုကိုကြီးရဲ့ အသံကို ကြားလိုက်တဲ့အခါ ဝမ်းသာပျော်ရွှင်သွားသော်လည်း ကိုကိုကြီးကို စိတ်ကောက်မပြေနိုင်သည့်ပုံမျိုးဖြင့် အသံလေးတိတ်၍ အခန်းတံခါးကို မဖွင့်ပေးမိဘဲနှင့် စောင်ကို ခေါင်းအထိခြုံကာ သူမ ငြိမ်သက်နေမိသည်။

'ဒေါက်… ဒေါက်…'

'မီးငယ်လေး… ကိုကိုကြီး အလုပ်သွားရဦးမယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မတ်တစ်ရပ်နေတာ ခြေညောင်းနေပြီကွ'

ကိုကိုကြီးက အလုပ်ကို တိကျစွာလုပ်ကိုင်တတ်သဖြင့် နောက်ကျလို့ မဖြစ်ပေ။ ထို့ကြောင့် အိပ်ရာပေါ်ကနေထပြီး တံခါးရွက်ဆီသို့ လေးလံသော ခြေလှမ်းများဖြင့် တံခါးသော့ကို လှည့်ဖွင့်ပေးလိုက်သည်။

'အဟွန်း…'

'မီးငယ်လေး၊ မနက်စာ ကိုကိုကြီးနဲ့စားမယ်၊ ကြီးမေက မီးငယ်အကြိုက် ရွှေတောင်ခေါက်ဆွဲ လုပ်ထားတယ် မီးငယ်လေး'

ကိုကိုကြီးသည် ညက ဘာမှမဖြစ်သည့် ပုံစံမျိုးဖြင့် သူ့အခန်းထဲ ဝင်လာရင်း အသံအေးအေးချိုချိုလေးဖြင့် ပြော၍ ချော့နေသည့် ကိုကိုကြီးကို ကြည့်မိသည်။

စိတ်ထဲတွင်လည်း ကိုကိုကြီးကိုကြည့်၍ သနားမိသော်လည်း အပြင်မှာတော့ သူမရဲ့ နှင်းဆီဖူးပုံစံ နှုတ်ခမ်းလေးများက မကျေနပ်မှုများကြောင့် စူ၍နေမိသည်။

အိပ်ရာပေါ်သို့ ခွေခွေလေး ပြန်၍လှဲချမိသည်။ သူ့ပုံစံကြောင့် ကိုကိုကြီး သူမနားကို ကပ်လာကာ…

'မီးငယ်လေး'

ဖိုးလပြည့်စာပေ



ညဝတ်အင်္ကျီ ဂါဝန်ရှည်ရှည်လေးဖြင့် ပုံ့ပုံ့လေး ပြန်အိပ်သွားသည့် ညီမချောလေးနားကိုတိုး၍…

'နေမကောင်းဘူးလား'

ကိုကိုကြီးရဲ့ အကြင်နာလက်နွေးနွေးလေးကို ခံသိုက်ရ၍ မျက်ရည်များဝဲကာ စိတ်မကောင်းဖြစ်မိတာပါ။

'မီးငယ်လေးရယ်၊ ကိုကိုကြီး ကတိပေးပြီးသွားပြီပဲကွာ'

'အဲဒါ မီး မယုံဘူး ကိုကိုကြီး၊ နှစ်တွေ၊ အချိန်တွေများစွာ ငယ်ငယ်ကတည်းက ကိုကိုကြီးရဲ့ ချစ်ခင်မြတ်နိုးဂရုစိုက် ကြင်နာမှုတွေကို အချိန်တိုလေးအတွင်းမှာ ရုတ်တရက် လက်လွှတ်ဆုံးရှုံးသွားမှာကိုသိလို့ မီးဝမ်းနည်းနေတာပါ'

'မီးငယ်လေးရယ်'

ကိုကိုကြီးရဲ့ နွေးထွေးတဲ့ လက်များဖြင့် သူမရဲ့ နဖူးပြင်နှင့် လည်ပင်းလေးပေါ်မှာ ကျရောက်နေသည့် ဆံနွယ်လေးများကို သပ်တင်၍…

'ကိုကြီးကို စိတ်ကောက်နေတာဆိုရင်လည်း ကိုကိုကြီးကို နားလည်ပေးပါကွယ်၊ မီးငယ်လေး ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး'

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြုံးနုနုချိုချိုဖြင့် သူမကို မိုးလင်းဆက် ချော့လိုက်သော်လည်း စိတ်ရဲ့ ပင်ပန်းနွမ်းလျှမှုတို့က ကိုကိုကြီးရဲ့ မျက်လုံးများမှာ ပြည့်နှက်နေသည်ဟု သူမစိတ်ထဲမှာ ထင်နေမိသည်။

'ဒါ မီးငယ်ကြောင့် မဟုတ်ပါဘူးနော် ကိုကိုကြီး၊ ထားဆိုတဲ့ အမျိုးသမီးကြောင့် ကိုကြီး ပင်ပန်းနေတာပဲ'

'မီးငယ်လေး'

'... ... ...'

'ကိုကိုကြီးကို စိတ်မကောက်ပါနဲ့ မီးငယ်လေးရယ်၊ မီးငယ် ရင်ထဲမှာ အတွေးထဲမှာ ဘာတွေခံစားနေရမယ်ဆိုတာ ကိုကိုကြီး သိပါတယ်၊

ဒါပေမဲ့ မီးငယ်လေး ကိုကိုကြီးကို နားလည်စာနာမှုပေးပါ၊ ကိုကိုကြီးမှာ စိတ်တွေ အရမ်းပင်ပန်းနေတယ်ကွာ၊ ကိုကိုကြီးကို မီးငယ် စာနာပေးပါ၊ ဖိအားတွေ ထပ်မပေးပါနဲ့'

'စာနာတာပေါ့ ကိုကိုကြီး'

မိုးနှင်းဆက်ရဲ့ စိတ်ထဲတွင် ပြောနေမိသည်။

ကိုကိုကြီးကို တကယ်သနားမိပါတယ်။ ကိုကိုကြီးက တွေဝေနေတဲ့ သူမကိုကြည့်၍...





'မီးငယ်လေး အချိန်နောက်ကျနေပြီ၊ ကိုကိုကြီး သွားတော့မယ်၊ ပြီးရင် လာခဲ့တော့၊ အောက်မှာ ကြီးမေပြင်ဆင်ထားတယ်၊ မီးငယ်စားဖို့အတွက်၊ အောက်ကိုဆင်းပြီး မနက်စာစားလိုက်နော်'

ဟု ဆိုကာ သူမခေါင်းမှ ဆံနွယ်များကို ချစ်စနိုးဖွ၍သွားသည့် ကိုကိုကြီးရဲ့ နောက်ကျောပြင်ကြီးကိုကြည့်၍...

ကိုကိုကြီးရယ် မီးကိုလည်း ကိုကိုကြီး နားလည်ပေးပါ။ ကိုကိုကြီး မီးငယ်ဘဝထဲကနေ ထွက်ခွာသွားမှာကို သူမ သေမလောက် ကြောက်ရွံ့နေမိသည်။

'မီး ကိုကိုကြီးကို အရမ်းချစ်လို့ပါ'

သူမ လှေကားလေးအတိုင်းဆင်းလာတော့ ကိုကိုကြီးရဲ့ Lucky Fish ငါးကြီးက ငြိမ်ငြိမ်သက်သက်လေး လှုပ်ရှားနေသည်။

မိုးနှင်းဆက်ရဲ့ အော်စကာငါးလေးများကတော့ လှုပ်ရှားထူးစွာ အစာတွေစားလိုက်၊ ငါးမှန်ဘောင်နားမှာ နှုတ်ခမ်းလေးဖြင့် တေ့လိုက်နှင့် ပျော်ရွှင်နေကြပုံကိုကြည့်၍ သူမ စိတ်လေးတွေ တဒင်္ဂတော့ ပျော်ရွှင်သွားမိသည်။

❧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

မိုးလင်းဆက် ချစ်ရတဲ့ ထားနှင့်တွေ့ဖို့ ကန်တော်ကြီး ပန်းခြံမှာ ချိန်းလိုက်သည်။ မိုးလင်းဆက်က ကြိုရောက်နေပြီး ထားကို စောင့်နေမိသည်။ အငှားကားလေးပေါ်မှ ထားဆင်းလာတာကိုတွေ့၍ သူ ဝမ်းသာဝမ်းနည်း ဖြစ်မိသည်။

သူ့အနီးသို့ ထား ရောက်လာပြီး ပျက်ယွင်းနေတဲ့ ကိုမိုး မျက်နှာကိုကြည့်၍ ကိုမိုး ဘာဖြစ်နေတာပါလိမ့်။ ကိုမိုးရဲ့ မျက်နှာကိုကြည့်ရတာ ထားရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ ခုံတန်းလေးမှာ နှစ်ယောက်သား ပူးကပ်စွာ ထိုင်မိကြသည်။

ထားရယ်··· ချစ်ရတဲ့ ကိုမိုးက သူမရဲ့ ပခုံးလေးနှစ်ဖက်ကိုဖက်တွယ်၍ သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာ ဖက်တွယ်ထားမိသည်။ ထားကိုလည်း ရုတ်တရက် သူ့ရင်ခွင်ထဲထည့်၍ ဘာမှ မပြောဘဲ အသက်ရှူသံခပ်ပြင်းပြင်းဖြင့် သူမရဲ့ ဦးခေါင်းလေးမှာ





သူ့မေးဖျားလေးတင်၍ ငြိမ်သက်နေသည့် ငြိမ်သက်နေသည့် ကိုမိုးကိုကြည့်၍ ထား စိတ်ပူနေမိသည်။

'ကိုမိုး'

'ထား···'

ချစ်ရတဲ့ ချစ်သူရဲ့ ဖြူစင်တဲ့မျက်နှာလေးကိုကြည့်၍ သူ မပြောရက်ပေ။ သူတို့နှစ်ယောက်ရဲ့ အရွယ်က အိမ်ထောင် တစ်ခုကို တည်ထောင်ဖို့ နောက်ကျနေတဲ့အချိန် ဖြစ်နေသော်လည်း သူသိပ်ချစ်ရတဲ့ ညီမလေးမိုးနှင်းဆက်ရဲ့ မျက်နှာလေးကို မြင်ယောင်ပြီး သူ့အိမ်ထောင်ရေးကို မဆုံးဖြတ်ရဲသေးပေ။

ထားသည် ကိုမိုးရဲ့မျက်နှာကို ကြည့်လိုက်သော်လည်း မျက်လုံးများက တစ်စုံတစ်ခုကို တွေးတောနေပုံရသည်။ ချစ်သူကိုကြည့်၍ ထား မျက်ဝန်းမှ မျက်ရည်များ ဝဲလာခဲ့သည်။

ထားရယ်··· ဒီတစ်ခါလည်း ကိုယ့်ကို ခွင့်လွှတ်ပါလို့ ပြောချင်ပါဘူးကွယ်။ ထားအပေါ်မှာ ကိုယ် နှစ်ကြိမ်တိုင်တိုင် ဖျက်စက်သလို ဖြစ်ခဲ့ပြီ။

ထားသည်လည်း ကိုမိုးရဲ့ပုံစံကိုကြည့်၍ ထား နားလည် လိုက်ရပါပြီကွယ်။ မနေ့က ကိုမိုး ညီမလေး တွေ့သွားသည့်ကိစ္စ နှင့် ပတ်သက်နေတာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမိုး ထားကို အားမနာပါနဲ့ ကိုမိုး၊ ထား ခံနိုင်ရည် ရှိပါတယ်၊ နှစ်တွေအများကြီးတောင် ခံစားလာပြီးသွားပြီပဲကွယ်၊ ထားရဲ့ ဘဝပေးကုသိုလ်ကံလို့ပဲ သတ်မှတ်လိုက်ပါ့မယ်'

'ထားရယ်'

မိုးလင်းဆက် ရင်နင့်ရပါသည်။ နားလည်ပေးနိုင်တဲ့ ထားရဲ့ စိတ်ကိုလည်း အံ့သြမိခဲ့ရပါသည်။ သက်ပြင်းမောကိုမှုတ်ထုတ်၍-

'ထားရယ်… ကိုယ့်ညီမလေးက ထားနဲ့ ကိုယ့်ကို မနေ့က မြင်သွားပြီးကတည်းက တစ်နေ့လုံး ငိုပြီး စိတ်ကောက်တယ် ထား၊ ကိုယ့်ဆီက ကတိတစ်ခုတောင်းတယ်၊ ကိုယ်နဲ့ ထားကိစ္စကို သူ…'

ထား အလန့်တကြားလေးအော်၍ ကိုမိုးရဲ့ ပါးစပ်ကို သူမရဲ့လက်ဝါးဖြင့်ပိတ်၍…

'တော်ပါတော့ ကိုမိုးရယ်၊ ထား မကြားပါရစေနဲ့တော့ကွယ်၊ ထား နားလည်ပါပြီ၊ ထား… ထားက ကိုမိုး သဘောပါပဲကွယ်၊ ထားလေ… ထား… ကိုမိုးကို အမြဲတမ်း မမေ့နိုင်ပါဘူး'

'အဟင့်…. ဟင့်…'





ထား သူ့ရင်ခွင်ထဲမှာ သည်းထန်စွာငိုကြွေးနေပါတော့သည်။

'ကိုမိုးရယ်… ထားက ကိုမိုး ဆွတ်ခူးရင်လည်း ခူးယူသူ လက်ထဲ ပါလာမယ့် ပန်းကလေးတစ်ပွင့်ပါကွယ်၊ ချန်ထားရစ်ရင်လည်း အပင်ပေါ်မှာပင် ကျန်ရစ်နေခဲ့မယ့် ပန်းလေးတစ်ပွင့်ပါ ကိုမိုးရယ်၊ ကိုမိုးကို ထား အမိန့်တွေ မပေးချင်ပါဘူး၊

'ကိုမိုးဟာ လုပ်ငန်းတွေကို ကိုင်တွယ်ဖြေရှင်းနေရတဲ့ လုပ်ငန်းရှင်တစ်ယောက်ပဲလေ၊ ကိုမိုး ညီမလေးကို ချစ်တဲ့အချစ်ဟာ တစ်ဖက်စွန်းရောက်နေပါပြီလို့ ထား မပြောရက်ပါဘူး၊ ထား ဝဋ်လည်မှာကို ကြောက်တယ်'

ထားမှာလည်း ကိုမိုးလိုပဲ သိပ်ချစ်ရတဲ့ တူလေး ရှိနေဖြင့် သူ မပြောရက်ပါ။ ညီမကိုသာချစ်ပြီး ချစ်သူရဲ့မျက်နှာကို ကြည့်တတ်တဲ့သူလို့လည်း ထား မပြောရက်ပါဘူးကွယ်။ ရင်ထဲဝမ်းနည်းငိုကြွေးနေမိသော်လည်း ကိုမိုးကိုတော့ သူမရဲ့နှုတ်ဖျား နှစ်သိမ့်မိသည်။

'ကိုမိုးရယ်… ကိုမိုးစိတ်တွေ အရမ်းပင်ပန်းနေပါပြီ၊ ထားတို့ အချိန်တွေရှိပါသေးတယ်'

ဟု နှစ်သိမ့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထားရယ်… ကိုယ့်အပေါ်မှာ စာနာနားလည် ခွင့်လွှတ်ပေးလို့ ကျေးဇူးတင်ပါတယ်ကွယ်'

'ထားကလည်း နှစ်တွေ လတွေ မပြောင်းလဲဘဲ ချစ်ခဲ့ရပြီး ထားရဲ့ အသည်းနှလုံး တစ်ထောင့်တစ်နေရာမှာ အမြဲတမ်း ကိုမိုး ရှိနေပါကွယ်'

ထားရဲ့ စိတ်ထဲမှာ အရမ်းကို နာကျင်ခံခက်တဲ့ ဝေဒနာတစ်မျိုးလည်း ကိုမိုးကိုချစ်တဲ့ အချစ်နှင့် ထပ်တူတွဲ၍ ရင်ထဲမှာ ကိန်းအောင်းသွားခဲ့ပါပြီ။ ထား ဘဝရဲ့ အချစ်ဝဋ်ကြွေးပေါ့ကွယ်။

ထား ဒီဘဝမှာတော့ ဘယ်သူ့ချစ်ခြင်းကိုမှ မခွဲပါရစေနဲ့တော့ကွယ်။

ထား အရွယ်ရောက်လာတဲ့အချစ်ကို တွေ့ရှိခံစားနားလည်လာခဲ့သော်လည်း မိန်းမသားတို့ရဲ့ သဘာဝအတိုင်း ငယ်ရွယ်စဉ်မှာ အချစ်ကို အတိအကျမသိသော်လည်း သိပ်ကိုလှပတဲ့ စိတ်ကူးယဉ် တံတားလေးတစ်ခု တည်ဆောက်ပြီး ကိုယ့်နှလုံးသားနဲ့ မြတ်နိုးချစ်ခင်ရတဲ့ ချစ်သူလေးနှင့်အတူ ပျော်ရွှင်စရာ ကျေနပ်မက်မောစရာ ချစ်ကမ္ဘာလေးကို ဖန်တီးတည်ဆောက်ပြီး

စိတ်ကူးယဉ်တံတားလေးပေါ်မှာ အတူလက်တွဲ လျှောက်လှမ်းကြဖို့ စိတ်ကူးတွေယဉ်ခဲ့ပါသည်။

ဖိုးလပြည့်စာပေ



စိတ်ကူးယဉ်တံတားလေးလို့ သူမ အမည်တပ်ထားတဲ့ တံတားလေးကို မညှာမတာ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တာကတော့ သူမချစ်သူရဲ့ တစ်ဦးတည်းသော ငါးရာနှစ်ဆယ့်ရှစ် မေတ္တာတွေဖြစ်တဲ့ မိုးနှင်းဆက်ပဲ ဖြစ်ခဲ့ပါသည်။

ထားရဲ့ လှပစွာရေးဆွဲပြီး စိတ်ကူးယဉ်ပန်းချီကားလေးကိုလည်း ငါးရာနှစ်ဆယ့်ရှစ်မေတ္တာတရားက ဖျက်ဆီးပစ်ခဲ့ပါတယ်။

ထားရဲ့ ခက်ခက်ခဲခဲ ရင်ထဲမှာ တည်ဆောက်ထားတဲ့ မျှော်လင့်ခြင်းလေးတွေနှင့် စိတ်ကူးယဉ် တံတားလေးကတော့ ပျက်စီးသွားခဲ့ရပြီး နှစ်ရှည်လများ မွန်းကျပ်ပိတ်လှောင်နေတဲ့ ဝေဒနာတွေကြားမှာ အချစ်တွေဆုံးရှုံးလို့ သည်းခံခြင်းဟူတဲ့ အရာတွေနှင့် ကျန်ရစ်ခဲ့သည်။ သူမနှလုံးသားတွေ ခြောက်သွေ့အက်ကွဲသွားခဲ့ရပြီဆိုခဲ့ရင်တောင်မှ ထားဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ကိုမိုးဆိုတဲ့ချစ်သူကို သိပ်ချစ်နေမယ့်သူပါ။

အက်ကွဲသွားခဲ့တဲ့ အသည်းနှလုံးလေးနှင့် စိတ်ကူးယဉ် တံတားပိုင်ရှင်လေးရဲ့ ချစ်ခြင်းတွေနှင့် ချစ်တတ်သူတွေရဲ့ ရင်ထဲက သောက ဝေဒနာတွေကိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မိုးနှင်းဆက်တစ်ယောက် ထပ်တူသပ်မျှ မဟုတ်ခဲ့ရင်တောင်မှ ည်းနဲ့ အများတော့ ကိုယ်ချင်းစာပြီး နားလည်နိုင်ပါစေလို့

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ဆုတောင်းမိပါတယ်။ သူမ ကျိန်ဆိုနေတာ မဟုတ်ခဲ့ပါ။ ဖြူစင်စွာ ဆုတောင်းပေးတာပါ။

မိုးလင်းဆက်ကလည်း ထားကို ဖက်တွယ်၍ နှစ်သိမ့် သည်။ ထားရယ်… ကိုယ်တို့ ဒဏ်ရာဟောင်းလေး ကျက်မလိုဖြစ် ပြီးကာမှ ဒဏ်ရာပြန်ရခဲ့ပြန်ပြီ။ ကိုယ်တို့ အပျိုနှတစ်ခုကို နားလည် စွာနဲ့ စောင့်မျှော်နေရဦးမယ်။ ကိုယ်က အစစအရာရာ ဦးဆော င် နိုင်တဲ့ ယောကျ်ားတစ်ယောက်ပါ။ မဖြစ်နိုင်ဘူးဆိုပြီး ဝမ်းနည်း အားငယ်မနေပါနဲ့ကွယ်။

'ကိုမိုးရယ်… ထား ကိုမိုးကို အစစအရာရာ နားလည် ပြီး ချစ်ခဲ့ရတာပါ၊ ထားတို့ မိန်းမသားတွေဟာ စိုးရိမ် စိတ်တွေနဲ့အတူ မျှိုသိပ်ရတာကို ကိုမိုး မသိပါဘူးကွယ်'

ကိုယ်တွယ်ဖက်ထားသူကို စိုးရိမ်စိတ်တွေနှင့်အတူ မျှော် လင့်ခြင်းတွေကို ဘယ်အချိန်မှာများ လက်ဆုပ်လက်ကိုင် ရယူ ရှိမှာလဲ။ စိုးတထိတ်ထိတ်နှင့် စောင့်မျှော်နေမှာပါ။

မိုးလင်းဆက်သည် ဒီတစ်ခါလည်း ချစ်သူကို ချစ်လျက် နှင့် လမ်းခွဲခဲ့ရပြန်ပြီ။ လမ်းခွဲစကားများကို မဆိုခဲ့သော်လည် နှစ်ဦးသား သိရှိနားလည် ခံစားလိုက်ရပါသည်။

ကိုယ်တို့နှစ်ယောက်ရဲ့ မေတ္တာစစ်မှန်ရင် တစ်နေ့





ထားနှင့်ကိုယ် ပြန်လည်ဆုံတွေ့ရမှာပါကွယ်။

ညီမလေးကို ကတိစကားများကို ပေးလိုက်ရသော်လည်း သူ့နှလုံးသားကို အပ်ဖျားချွန်ချွန်များဖြင့် ဝိုင်း၍ထိုးဆွနေသည် ထက် အဆပေါင်းမြောက်မြားစွာ ခံစားရသည့် ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

ထားကိုကြည့်၍လည်း ရင်နင့်ဖြေမဆည်နိုင်စွာ ခံစားခဲ့ ရပါပြီကွယ်။ ထားသည်လည်း သူ့ကို မပြောသာသော်လည်း သူ မကြားသိနိုင်တဲ့ စကားပေါင်းမြောက်မြားစွာတို့ကို နှုတ်ဖျားမှ ပြော၍ ပြစ်တင်ခြင်းမရှိသော်လည်း ထားရဲ့မျက်လုံးများက ပြောခဲ့ တာကို သူ ရင်နာနာနှင့် ခံစားရပါသည်။

ကိုယ့်ရင်တွေ ထိခိုက်ကြေကွဲရပါပြီ ထားရယ်။

ယောကျ်ားရင့်မာကြီးဖြစ်တဲ့ မိုးလင်းဆက်ကိုယ်တိုင် ကောင်မှ ခံစားကြေကွဲနေရပါလျှင် ထားဆိုသည့် သူ့ကို သိပ်ချစ် တဲ့ သူမသာဆိုရင် ဘယ်လောက်ခံစားလိုက်ရမှာလဲကွယ်။

သနားလိုက်တာ ထားရယ်။ ကိုယ့်ကို ခွင့်လွှတ်ပါလို့ပဲ ပြောပါရစေ။ ကိုယ်တို့ မျှော်လင့်ခြင်းကမ်းပါးမှာ ခဏတာတော့ ရပ်နေကြတာပေါ့ကွယ်။

ထားကို ရင်ထဲကနေ နက်နက်နဲနဲ တောင်းပန်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။ ထားသည် ရင်ဖွင့်တိုင်တည်သူ မိုးလင်းဆက်မှလွဲ၍
မရှိသော်လည်း နှုတ်ဖျားမှ မပြောကြားခဲ့ပါ။ ထားရဲ့ နှလုံးသား
လေးသည် သူ့အပေါ်မှာ ဘယ်လောက်အထိ နူးညံ့သိမ်မွေ့ခဲ့သလဲ
ဆိုတာ သူကိုယ်တိုင် သိခွင့်ရခဲ့လိုက်ပါပြီ။

ထားရယ်… ကိုယ်တို့ ကံဆိုးကြလေယ်ကွာ၊ ကိုယ်နှင့်
ထားတို့ရဲ့ ဘဝကို အကောင်းဆုံးဖြစ်အောင် ကိုယ် ကြိုးစားပါမယ်
ကွယ်။ နောင်တစ်ချိန်မှာ မင်းခံစားရသမျှ ကို ကိုယ် ကျေကျေနပ်
နပ် မင်းကို ပေးဆပ်မှာပါ။ အဲဒီ နေ့တစ်နေ့ကို ကိုယ်တို့ အချိန်
ကာလတစ်ခု မသတ်မှတ်ဘဲ အတူတကွ စောင့်နေပါရစေကွာ။

ထားက ကိုယ့်အပေါ်မှာ ရက်စက်သူလို့ ထင်ရင်လည်း
ကိုယ်ခံရမှာပါ။ တစ္ဆေကိုယ်ကောင်းဆန်သူ အတွက်ကို ရှေ့တန်းတင်
သူလို့ သတ်မှတ်ဘာပိုက်ရင်လည်း ကိုယ် ကျေကျေနပ်နပ်ကြီး
ခံယူမှာပါ။ ကိုယ်တန်ဖိုးမဖြတ်နိုင်တဲ့ ကိုယ့်ညီမလေးကို ချစ်ခြင်း
များဖြင့် ကိုယ်ခံယူပါရစေ။

ကိုယ်က ညီမလေး မိုးနှင်းဆက်လေးကို ဘယ်တော့မှ
မမုန်းမယ့် အချစ်တွေနဲ့ ချစ်နေမှာဖြစ်သလို ကိုယ်ချစ်ရတဲ့ ထား
ကိုလည်း ဘယ်တော့မှမမုန်းတဲ့ အချစ်နဲ့ ကိုယ်ချစ်နေပါရစေ။

ထားကတော့ သိပါလေစကွယ်။ ကိုယ့်ကို ရက်စက်သူ

မိုးလပြည့်စာပေ



ကစ်ယောက်လို့ မြင်နေပြီလားကွယ်။ အချစ်ဆိုတဲ့ ဒုက္ခကြီးကို
ကိုယ် ထပ်မံခံစားလိုက်ရပြန်ပြီ။ ဒီ အချစ်ဆိုတဲ့ ဒုက္ခကြီးကို
ကိုယ်က မြတ်နိုးတွယ်တာနေရဦးမှာပါ။ ရင်ထဲမှာ စူးနစ်နာကျင်
လေ ထားကို ပိုချစ်ရလေ ဖြစ်ခဲ့သည်။

ထားတစ်ယောက် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်
သောအခါ ခုံတန်းလေးပေါ်မှာ ချစ်သူများစွာရှိသော်လည်း
မိုးလင်းဆက်နှင့် ထားရွှေစင်တို့ သောကများနှင့် ငြိမ်သက်နေကြ
သူများ ရှိမနေကြပါ။ သူတို့မှာ ပျော်ရွှင်ကြည်နူးမှုတွေ သူတို့
အပြည့်လို့ ထား မြင်မိပါသည်။

❖

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မိုးနှင်းဆက် သူမရဲ့ မျက်နှာလှလှလေးမှာ မကျေနပ်မှု များကြောင့် ပါးပြင်လေးများ ရဲရဲနီလျက် ရှိနေသည်။

ကိုကိုကြီးသည် သူမကို ကတိပေးပြီးသော်လည်း မိုးနှင်းဆက် လှမ်း၍ ကုမ္ပဏီတွေ စုံစမ်းလိုက်တော့ ဆရာ မရောက်သေး ပါဆိုတဲ့စကားကိုသာ ကြားရသည်။ ဖုန်းဆက်တော့လည်း လူကြီး မင်းနှင့်သာ တိုးနေတော့သည်။

ဒါ့ကြောင့် ကိုကိုကြီးကို သူမ မကျေနပ်ပါ။ ကတိ မတည်တာကို မုန်းတာဖြစ်သည်။ သူမလည်း အမြဲ ကတိတစ်ခု တည်အောင် အမြဲထိန်းသိမ်းခဲ့သည်။ ကိုကိုကြီးသည် အိမ်သို့ ပြန်ရောက်လာတော့လည်း မျက်နှာမကောင်းလှစွာဖြင့် ဘယ်သူ့ကို မှ စကားမပြောဘဲ အိပ်ခန်းထဲ တန်းတက်သွားသည်။

ကိုကိုကြီးရဲ့ ပုံစံကိုကြည့်၍ သူမ ရင်နင့်ရပါသည်။





သူမနှင့် သူမချစ်တဲ့ ကိုကိုကြီးကို သွေးခွဲတဲ့ ထားဆိုတဲ့ မိန်းမကို ရင်ထဲမှာ စူးနစ်၍မုန်းမိပါသည်။ ကိုကိုကြီးရဲ့ အချစ်တွေ ကို နှုတ်ယူသွားတဲ့ ထို ထားအမည်ကို မကြားချင်ပါ။

မိုးနှင်းဆက်အကြောင်းကို မသိသေးလို့နဲ့ တူပါတယ်။ တွေ့ကြသေးတာပေါ့။ မနက်မိုးလင်းတော့ မိုးနှင်းဆက် ကိုကိုကြီး ထက် အရင်နိုးအောင် မနက်စောစော ထမိသည်။ မှန်တင်ခုံရှေ့မှာ ထိုင်မိသည်။ သူမ အိပ်ချင်မပြေသေး၍ သမ်းဝေ၍နေမိသည်။

ဟင်း… မဖြစ်သေးပါဘူး အိပ်ငိုက်နေလို့။ စိုးရိမ်စိတ် များဖြင့် ဖုတ်ပူမီးတိုက် အမြန်နှုန်းဖြင့် မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးလိုက်သည်။ ခန္ဓာကိုယ်သို့ ရေထိလိုက်တာနှင့်…

'အား…'တစ်ကိုယ်လုံး လန်းဆန်းတက်ကြွသွားခဲ့သည်။

ရေချိုးပြီးမှ မှန်ရှေ့ထိုင်ကာ မျက်နှာကိုတော့ သူမရဲ့ ယုံးစံအတိုင်း အကောင်းစားတံဆိပ် နို့ရည်လေးလိမ်းပြီး မျက်နှာ ကို ကရင်(မ်)ပေါ့တ်ပါးပါးလေးသာ ဖိတို့လိုက်ပြီး နှုတ်ခမ်းနီ ပန်းနုရောင်ပြေပြေလေးဆိုး၍ မျက်လုံးကို eye gloss လေး တင် လိုက်သည်။ သူမရဲ့ နဂိုအသားဖြူနု၍ အသားအရေလေး ကောင်း သူမို့ မျက်နှာလေးမှာ ကြွေသားပမာ တောက်ပြောင်လာတော့ သည်။ သူမရဲ့ မျက်နှာအလှဆင်ခြင်းအလုပ်ပြီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးမှုကြောင့် ကြည်လင်မှုမရှိသည့် မျက်နှာကို လည်း ပြုံးချိုသောပုံစံ ပြင်လိုက်သည်။

ဒီနေ့ အစောကြီးထ၍ အလှပြင်ခြင်းအလုပ်ကို လုပ်ရ ခြင်းမှာ ကိုကိုကြီးနဲ့ ကုမ္ပဏီသို့လိုက်သွားရန် ဖြစ်သည်။ ကိုကို ကြီးကို သူမဆီက အပြီးတိုင်ထုတ်ယူသွားမယ့် မိန်းမဆီ မပါ အောင် သူမ ကိုကိုကြီးနားမှာ ကပ်နေမှဖြစ်မည်။

သူမလေးရဲ့စိတ်တွေ ထိုအတွေးကြောင့် တက်ကြွလန်းဆန်း နေခဲ့ပြီး အဝတ်အစားကိုတော့ သူမ စကပ်အရှည်လေးနှင့် အပေါ် မှ ရှပ်အင်္ကျီပုံစံ အဖြူရောင်လေးဖြင့် တွဲဝတ်လိုက်ပြီး ဆံနွယ် ပျော့ပျော့ခွေခွေလေးများကိုတော့ ခပ်မြင့်မြင့်လေး ဖန်စီကလစ် နောက်ညှပ်အဆောင်လေးနှင့် ညှပ်လိုက်သောအခါ ပြီးပြည့်စုံ သော အလှပိုင်ရှင်လေး ဖြစ်သွားသည်။

လက်မှာပတ်ထားတာကတော့ သူမတို့မောင်နှမနှစ် ယောက်စလုံးဆင်တူ အိုမီဂါအမျိုးအစား နာရီကိုသာ စွဲမြဲစွာ ဝတ်ဆင်ကြသည်။ ပန်းနုရောင်ပြေးနေတဲ့ သူမရဲ့ လက်ချောင်း လေးများမှ လက်ခလယ်လေးမှာ ခြယ်ပုံစံ စိန်လက်စွပ်လေး တစ်ကွင်းကို ဝတ်လိုက်သည်။ ရှပ်အင်္ကျီပုံစံဖြစ်သဖြင့် သူမ ဆွဲကြိုးမဝတ်တော့ပေ။ ပြင်ဆင်ပြီးသောအခါ မိုးနှင်းဆက်က





ပြီးကိုယ်မိမိ ယုံကြည်မှုရှိသော ပုံစံမျိုးလေးဖြင့် အခန်းထဲမှထွက် လာခဲ့ပြီး လှေကားနားမှာရှိတဲ့ သူမတို့မောင်နှမ ငါးကန်လေး တွေကိုကြည့်ရင်း ရေလဲပေးဖို့ သတိရမိသော်လည်း ပြန်လာမှ လဲပေးတော့မည်။ ထမင်းစားခန်းထဲမှာ ကြီးမေ အလုပ်ရှုပ်နေသည်။

'ကြီးမေ'

သူမအသံပြုလိုက်ရင်ပဲ ကြီးမေက အံ့သြနေသောမျက်နှာဖြင့်–

'ဟော… မီးငယ်၊ အစောကြီးပါလား'

'ဟုတ်တယ် ကြီးမေ၊ ကိုကြီးနဲ့ ကုမ္ပဏီလိုက်သွားမလို့'

'ဟော… ကြားသားမိုးကြိုး မီးငယ်ရယ်၊ ဟုတ်မှလည်း လုပ်ပါဦး'

'ရှူး…တိုးတိုး၊ ကြီးမေးကလည်း မီး ကိုကြီးကို စိတ်မချ လို့၊ ကိုကြီးနားမှာနေမလို့၊ ဒါမှ ကိုကိုကြီး ဘယ်ကိုမှ မပါမှာ၊ ဟွန်း…'

'အဟင်း… ဟင်း… ဖြစ်ရမယ် မီးငယ်ရယ်၊ သားကြီး က ဒီအရွယ်ထိ နေလာပြီပဲကွယ်၊ ကလေးမှဒဟုတ်တာ၊ သမီးက ကြံဖန်ပြီးပူနေတာပါ'

'ကိုကြီးက ဟိုဘက်ကို စိတ်ပါချင်နေလို့ မီးက စိတ်ပူ နေရတာ'



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ကြီးမေ စကားပြောနေတုန်းမှာပဲ ကိုကြီး နိုးပြီး ထမင်းစားခန်းထဲ ဝင်ခဲ့လျှင် သူမ စကားရပ်လိုက်သည်။ မိုးနှင်း ဆက်ကာစ၍…

'ကိုကြီး Morning'

'မောနင်း မီးငယ်လေး၊ ဒီနေ့ ထူးထူးဆန်းဆန်း ပြင်ဆင်ပြီး အစောကြီး နိုးနေပါလား'

'အဟင်း… ဟုတ်တယ်၊ ကိုကြီးနဲ့ Breakfast စားမလို့၊ ကိုကြီး လာ… ထိုင်'

သူမက ပျာပျာသလဲ ခုံလေးကို ကိုကြီးဝင်သာအောင်လေး မ,ပေးမိသည်။

'ဒီနေ့ ကြီးမေ ဘာလုပ်ထားလဲ'

'မင်းတို့ မောင်နှမနှစ်ယောက်လုံးအကြိုက် မြောင်းမြဒေါ်ချို့မုန့်ဟင်းခါးကို ငါးဖယ်နဲ့ ဘဲဥနဲ့ ရှယ် ကြီးမေ ပြင်ချက်ထားတယ်'

ကြီးမေမှာလည်း သူမလေးက တစ်နေ့တစ်မျိုး စားချင်သောကြောင့် Ready Made အထုပ်များကိုသာ ဝယ်ထားရသည်။

မိုးလင်းဆက်က…

'ဒါဆို စားကောင်းဦးမှာပဲ'





စားနေရင်းမှ သူ့ ညီမလေးကို ကြည့်မိသည်။ ဒီနေ့ ဘယ်ထူးဆန်းနေပါလား။ ဘယ်လိုပဲပြင်ပြင် ဘာလေးပဲဝတ်ဝတ် …ပနေတဲ့ ညီမလေးရဲ့ ဖြူနုနေသော မျက်နှာလေးကိုကြည့်၍…

'မီးငယ်လေး… ဒီနေ့ ဘယ်သွားစရာရှိလို့လဲ'

'ကိုကြီးနဲ့ အတူလိုက်မလို့'

သူ့စိတ်ထဲမှာတော့ ဒီဇိုင်းအသစ်များ ရောက်နေသောကြောင့် အဝတ်အစားများဝယ်ရန်နှင့် ဆိုင်မှပစ္စည်းတွေယူရန် …ာစောထပြီး သူ့ဆီမှာ မုန့်ဖိုးတောင်းမှာပဲ ထင်နေသည်။

သို့သော် မိုးနှင်းဆက်က…

'ဒီနေ့ကစပြီး ကိုကိုကြီးနဲ့ မီးတို့ မောင်နှမနှစ်ယောက် အတူတူတွဲပြီး ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ စိတ်ဆုံးဖြတ်လိုက်ပြီ'

'အမ်…'

မိုးလင်းဆက် ပြန်ပြောဖို့ စကားမရှိ။ သူ့ညီမလေး မိုးနှင်း…က်က သူ့ကိုစိတ်မချ၍ သူ့နားမှာကပ်နေတော့မှာကို သူသိသည်။ …စ်ချိန်တုန်းက အကြောင်းအရာတစ်ခုကိုလည်း သတိရမိသည်။

မီးငယ်လေး၏ ၁၀ တန်းနှစ်က သူမ(ဂိုက်)လာပြပေး…ဘဲ့ ဆရာမတစ်ယောက်ရှိသည်။ နာမည်က ဝါဝါ။ ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ချောမောသော ဆရာမလေးဝါဝါက ကိုကြီးကိုဝင်ရောချ်၍ ပရော ပရီလုပ်တာကို သူမ မြင်ပေသည်းမြင်ရော ဘာပြောကောင်းမလဲ။ မိုးနှင်းဆက် ဒေါသတွေထွက်ကာ ဆရာမလည်းလာရော သူမရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆုံးဖြတ်ခဲ့သည်။ ဆရာမ… ဆရာမဟု ခင်မင်စွာခေါ်ခဲ့သော်လည်း အခု မခေါ်ချင်ပေ။ သူမျက်နှာတောင် မကြည့်ချင်ခဲ့ပေ။

ကိုကိုကြီးက သူ့ညီမလေးစာသင်ဖို့အတွက် စကားကို အထိုက်အလျောက် ပြောတာကို သူမက စိတ်ကူးတွေယဉ်နေ သည်။ စာသင်တာက နည်းနည်း၊ ကိုကြီးအကြောင်းကိုမေးတာ က များသည်။ ဒါကြောင့် သူမစိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်လာကာ သည်းခံနိုင်မှု အတိုင်းအတာ ပြင်းထန်သွားခဲ့သည်။

'ဆရာမ'

မိုးနှင်းဆက်ရဲ့ လေသံမာမာကြောင့်…

'ဒီနေ့ကစပြီး မဝါ ကျွန်မကို စာလာမသင်နဲ့တော့'

'ဘာဖြစ်လို့လဲ မီးငယ်'

'ဘာဖြစ်လို့လဲ ဟုတ်လား၊ ဟွန်း…ပြောနေရဦးမှာလား'

နှုတ်ခမ်းကို စုထော်၍ မျက်လုံးကိုဝင့်၍…

ဆရာမ ဝါဝါကလည်း အလျှော့မပေးဘဲ ပြန်မေးခဲ့သည်။





ဝါဝါရဲ့ ဖြူသောမျက်နှာလေးမှာလည်း သူ အသင်ပြ မကောင်းလို့ပဲလားဟု သိချင်နေသည်။

'သိချင်ရင်လည်း ပြောရမှာပေါ့'

ဝါဝါရဲ့ ပုံစံလေးမှာလည်း သိချင်စိတ်ပြင်းပြကာ…

'အဓိကအကြောင်းကတော့ မဝါက ကျွန်မအစ်ကိုကြီးကို စိတ်ဝင်စားနေလို့ပဲ'

ဝါဝါရဲ့မျက်နှာမှာ ရှက်သွေးများဖြင့် ရဲသွားသည်။

မိုးနှင်းဆက်က ပခုံးကို ဟန်ပါပါတွန့်လိုက်ပြီး…

'ဒီလောက်ဆို ဘာကြောင့်လဲ သိပါပြီနော်၊ ဒီမှာ မဝါ အတွက်၊ ဒီတစ်လအတွက် လခ၊ အခုမှ လဆန်းပဲရှိပါ သေးတယ်၊ မဝါ မနစ်နာစေရပါဘူး'

ဝါဝါသည်လည်း ငယ်ရွယ်နုနယ်သောစိတ်ဖြင့် ရုပ်ချော ဥစ္စာပေါ မိုးလင်းဆက်ကို အမှန်ပင် စိတ်ဝင်စားခဲ့ပါသည်။ ဒါပေမဲ့လည်း အစ်ကိုဖြစ်သူက မရိပ်မိဘဲ ညီမဖြစ်သူ ရိပ်မိသွား ခြင်းပင် ဖြစ်သည်။ ဝါဝါက ဘာမှမပြောသာတော့ဘဲ မိုးနှင်း ဆက် ပြောသလိုပင် ပြန်သွားတော့သည်။

ဟိုးအရင်ကတည်းက မိုးနှင်းဆက် သူမရဲ့ အစ်ကိုဖြစ် သူကို ဘယ်သူနှင့်မှ သဘောမတူခဲ့ပေ။ အခုလည်း အစ်ကိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူကို သဝန်တိုနေတော့သည်။

မိုးလင်းဆက်သည် ညီမဖြစ်သူကို ဘာမှမပြောသာတော့ဘဲ သူမလေး သဘောအတိုင်း ရှိပါစေဟု လွှတ်ထားလိုက်သည်။

သူမတို့ မောင်နှမနှစ်ယောက် မုန့်ဟင်းခါးစားလို့ မပြီးသေးခင်မှာပင် ဖုန်းသံမြည်လာခဲ့သည်။ မိုးလင်းဆက်က ကိုင်မလိုလုပ်ပြီးမှ ကြီးမေက…

'သားကြီး မုန့်စားတာ မပြီးသေးဘူး မဟုတ်လား'

'ဆက်စား သားကြီး'

'ကြီးမေ သွားကိုင်လိုက်မယ်'

စောစောစီးစီး ဖုန်းသံကြောင့် မိုးလင်းဆက် စိတ်ထဲတွင် တစ်ချက်တော့ ထင့်သွားသည်။ ဘယ်သူများပါလိမ့်။

'တူ… တူ…'

ကြီးမေက ဖုန်းခွက်ကို ကောက်ကိုင်လိုက်၍…

'ဟယ်လို… အမိန့်ရှိပါ၊ ဘယ်သူလို့ ပြောလိုက်ရမလဲ'

ကြီးမေက သူတို့အနားကို ပြန်လာ၍…

'သားကြီး မင်းနဲ့ စကားပြောချင်လို့၊ ထားလို့ ပြောတယ်'

'ကျွန်တော်လာပြီ ကြီးမေ'

ကြီးမေ စကားမဆုံးခင်မှာပဲ မီးငယ်လေးက ဖုန်းစင်သို့





လျှင်မြန်သောအရှိန်ဖြင့်ထသွား၍ မိုးလင်းဆက် တားလို့မမီတော့ပေ။

'မီးငယ်'

သူမလေးက ဖုန်းခွက်ကို ကောက်ကိုင်၍…

'ဒီမှာ ဒေါ်ထား၊ ရှင် ဘယ်တော့မှ ကျွန်မအစ်ကိုဆီ ဖုန်းမဆက်ပါနဲ့၊ ရှင်နဲ့ ကျွန်မအစ်ကိုကို ဘယ်သူမှ သဘောမတူဘူး'

တစ်ဖက်မှ ထားသည်လည်း…

အို… ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ပှင်တက်၍ ထားတစ်ယောက် ငြိမ်သက်နေသည်ကို မိုးနှင်းဆက်က ပို၍ခံပြင်းစွာ…

'ဒီမှာ ကျွန်မပြောတာ ကြားရဲ့လား'

'မိန်းမဖြစ်ပြီး…'

သူမ စကားဆက်ခွင့်မရပါ။ အဘယ်ကြောင့်ဆိုသော် ကိုကိုကြီးရဲ့ အားပါလှသော လက်တစ်ဖက်ဖြင့် သူမရဲ့ ဖုန်းခွက်ကို ဆွဲလုသွားသောကြောင့် ဖြစ်သည်။

သူမသည် ကိုကိုကြီး၏ သူမအပေါ် ဆက်ဆံသည့် ကမူအရာနှင့် မျက်လုံးစိမ်းများကြောင့် အံ့သြသွား၍ ပါးစပ်လေး ပင် ဟသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးက ဖုန်းခွက်ကိုကိုင်၍…

'ဟယ်လို… ထားလား… ဟယ်လို…'

တစ်ဖက်မှ ငိုရှိုက်သံကို ကြားလိုက်ရသည်။

'ကိုမိုး… ကိုမိုးရယ်… ထားလေ… ထား… ဟင့်'

သူမ စကားမဆိုနိုင်တော့ပါ။ သူမရဲ့ ဝမ်းနည်းမျက်ရည်များကို ကျိတ်မှိတ်မျိုချ၍ အားတင်းကာ…

'ကိုမိုးကို ထား ဒီနေ့ပြန်မှာမို့ နှုတ်ဆက်တာပါ'

'ထားရယ်… ကိုယ့်ကို ခွင့်လွှတ်ပါကွာ'

ထားသည်လည်း ပြောပြီးပြီးချင်း ဖုန်းခွက်ကိုချ၍ ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။ ပြောရက်လိုက်တာကွယ်။

သူမ ဒီအရွယ်ထိ ချစ်ကံခေနေတုန်းပါပဲလားဟုလည်း ဝမ်းနည်းစွာ တွေးနေမိပါသည်။

မိုးလင်းဆက် ဒေါသအရှိန်းထွက်နေသည်။ သူ့ရဲ့ဖုန်းကိုလုပြီး ထားကို ရက်ရက်စက်စက် ပြောတဲ့အထိတော့ ညီမဖြစ်သူ ဝင်စွက်တာ အရမ်းလွန်သွားပြီ။ သူ ရှေ့မဆက်ပါဘူးဆိုတာကိုလည်း ညီမဖြစ်သူကို ကတိပေးခဲ့ပြီး နောက်မှ ဒီကိစ္စကို ဖြေရှင်းမယ်ဟု ဆုံးဖြတ်၍ အေးအေးလူလူနေမည်ဟု ထင်ထားသော်လည်း အခုလုပ်ရပ်ကြောင့် သူ တော်တော်လေး ခံပြင်းမိသည်။





'ဟောက်…'

'မိုးနှင်းဆက်'

အံ့သြပြီးရပ်ကြည့်နေသည့် မိုးနှင်းဆက်ရဲ့ ပခုံးကို သူ ဆုပ်ကိုင်၍ သူမရဲ့မျက်နှာကို စေ့စေ့ကြည့်မိသည်။

ဟင့်အင်း… ကိုကိုကြီး၊ မီးကို အဲဒီလိုကြီး မကြည့်ပါနဲ့ဟု စိတ်ထဲကလန့်ပြီး…

'နင် သိပ်တရားလွန်သွားပြီ၊ နင် ငါ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကိုလည်း ဝင်စွက်ဖက်တယ်၊ ထားဟာ ငါနဲ့ ဟိုးအရင်ကတည်းက ငါ့ချစ်သူလို့ နင့်ကို ပြောပြထားပြီးသွားပြီ၊ နင် ဒီလို ရိုင်းစိုင်းမယ်မှန်းသိရင် ဟိုးအရင်အချိန်တည်းက နင့်ကို မငဲ့ကွက်ဘဲ ငါ လက်ထပ်လို့ရတယ်၊ သိလား၊ အခု နင်ပြောတာ ဘယ်လောက်ရိုင်းလဲ သိလား၊ နင့်ထက်လည်း အသက်အများကြီးကြီးတယ်၊ ငါ့ညီမလို့ ပြောရမှာတောင် ရှက်တယ်၊ ငါ ရှက်တယ်၊ သိလား'

သူမက ပြောလိုက်တဲ့ စကားလေးက နှစ်ကြောင်း သုံးကြောင်းလောက်ကို ကိုကိုကြီး သူမကို စွပ်စွဲချက်က ပြင်းထန်သည်။ ဒီလောက်တောင် ကိုကိုကြီးက ဖြစ်နေတာ သာမန်တော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပေ။ မှားခဲ့သည်ပဲထားဦးတော့။ ဒီလောက်တော့ ဖြစ်စရာ မလိုပေ။ ညီမဖြစ်သူကို တစ်သက်လုံး မပြောဖူးတဲ့ နင်တစ်လုံး ငါတစ်လုံးတွေနှင့် ရင့်ရင့်သီးသီး ပြောနေတဲ့ ကိုကိုကြီးကို စိတ် အရမ်းနာတယ်။ မိန်းမတစ်ယောက်အတွက် တစ်သက်လုံး ဖူးဖူး မှုတ်ထားတယ်။ ညီမဖြစ်သူကို ပြောရက်သည်။

ကိုကိုကြီးကို ဘာမှမပြောတော့။ သူမရဲ့ မျက်ဝန်းအိမ်မှ ယိုကျလာမယ့် မျက်ရည်များကို မျက်တောင်များဖြင့် ပုတ်ခတ်၍ သိမ်းဆည်းလိုက်သော်လည်း အချိန်မမီတော့ပါ။ မျက်ရည်စီးကြောင်းလေးများ ပါးဂုပ်ပေါ်သို့ အဆက်မပြတ် ကျလာသည်။ သူမရဲ့ နှုတ်ခမ်းလေးများသည်လည်း တဆတ်ဆတ်တုန်နေသည်။

မိုးလင်းဆက်သည် ရိုင်းပျသည့် ညီမဖြစ်သူရဲ့ အမူအရာကိုမြင်လိုက်ရ၍ သူ့မျက်လုံးထဲတွင် ဘာမှမမြင်တော့ဘဲ ဒေါသများဖြင့် ပြောလိုက်မိပြီးမှ သူ သတိဝင်လာကာ ညီမဖြစ်သူ၏ မျက်ရည်များနှင့် စကားများကြောင့် တုန်လှုပ်သွားတဲ့ အမူအရာလေးများကိုမြင်မှ အိပ်မက်မှ လန့်နိုးသူပမာ သူ့ညီမလေး ပခုံးလေးကိုကိုင်ပြီး ချော့မည်အကြံဖြင့် လက်အစုံကို ပုတ်ထုတ်၍...

'သွား... သွား... ကိုကိုကြီးက မီး ကိုကိုကြီး မဟုတ်တော့ဘူး'





သတိမဲ့သလို ပြောနေသည့် ညီမလေးကို ဖက်တွယ်သော်လည်း...

'မကိုင်နဲ့၊ မကိုင်နဲ့၊ ကိုကိုကြီးကို မုန်းတယ်၊ မုန်းတယ်၊ အဟင့်... ဟင့်... ဟီး...'

ကြုကြုပါအောင် ငိုကြွေး၍ သူမလေး နံရံကိုမှီ၍ ထိုင်ချလိုက်သည်။

'မီးငယ်လေး'

သူ့လက်နှစ်ဖက်ကို အကိုင်မခံဘဲ ရိုက်ပုတ်ထုတ်နေသည့် ညီမလေးကိုကြည့်ကာ သူမှားသွားပြီဆိုတာ သိလိုက်ရသည်။

ကြီးမေက ဆူဆူညံညံ အသံများကြောင့် အနောက်မှ ပြေးထွက်လာကာ အရူးမလေးပုံစံ မိုးနှင်းဆက်ကို မြင်လိုက်ရသောပုံစံကြောင့်...

'သမီးလေး...'

'ကြီး... ကြီးမေ...'

'သမီးရယ်'

'ကိုကိုကြီးကို မုန်းတယ်၊ မုန်းတယ်'

သူ့ညီမလေးရဲ့ ရုတ်တရက် အမူအရာများကြောင့် သူ ကြောင်ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'တိတ်… တိတ်ပါကွယ်'

ကြီးမေက ချော့လေ သူမက ကြီးမေရင်ခွင်ထဲဝင်၍ ငိုကြွေးနေသည်။ သူ့ညီမလေးကိုကြည့်ကာ နောင်တရမိသွားသည်။ သူတစ်ချက်လေး ဒေါသထွက်မိသွားတာနှင့် သူ့ညီမလေးရဲ့ အမုန်းကို သူ လက်ခံလိုက်ရသည်။ ညီမလေးရယ် ကိုကြီးကို ခွင့်လွှတ်ပါ။

'မုန်းတယ်… မုန်းတယ်'

ကြီးမေက ချော့၍ ဖက်တွယ်ကာ အပေါ်မှာရှိသော သူမရဲ့ အခန်းကို ခေါ်သွားတာကာ မိုးနှင်းဆက်လေးက ကြီးမေ ပခုံးမှာ မျက်နှာလေးအပ်၍ ပါသွားခဲ့သည်။

'မီးငယ်လေးရယ်… ကိုကိုကြီးကို မမုန်းပါနဲ့ကွယ်၊ ညီမလေးရဲ့ အမုန်းကို ကိုကိုကြီး မခံနိုင်ပါဘူး'

ချစ်သူရဲ့အမုန်းကို သူ ကျေနပ်စွာ ခံယူနိုင်ပါသည်။ သူ့ရင်ထဲမှာ နင့်နေအောင်ချစ်ရတဲ့ သူ့ညီမလေးရဲ့ အမုန်းကိုတော့ သူမ မခံစားပါရစေနဲ့ကွယ်။

ညီမလေးသည် ဘယ်အရာနှင့်မျှ နှိုင်းယှဉ်လို့မရနိုင်သ သူ့ဘဝရဲ့ အကြီးမားဆုံးသော မျှော်လင့်ချက် ရောင်ခြည်တစ် အဖြစ် မိုးနှင်းဆက်ဆိုသောချစ်ညီမလေး ဘယ်သောအခါမှ ကျ





ပျောက်သွားနိုင်မှာ မဟုတ်ဆိုတာ အသေအချာပဲ မဟုတ်ပါလား။

မိုးနှင်းဆက်သည် ကိုကိုကြီးကို တစ်ယောက်တည်း ချစ်ခွင့်ရရှိခဲ့သဖြင့် သူမဘဝကို ကံကောင်းသောဘဝဟု အများက သတ်မှတ်ထားသည်။ အခုတော့ အလကားပဲ။ မိန်းမတစ်ယောက် အတွက်နှင့် ကိုကိုကြီး မွှန်သွားပြီလား။

ကြီးမေက…

'မီးငယ်လေး… သမီး စိတ်ကို လျှော့လိုက်ပါတော့ကွယ်၊ စိတ်ကို သိပ်ပြီးတင်းမထားပါနဲ့၊ လောလောဆယ် ဖြုန်းဒိုင်းဆိုတော့ သားကြီးစိတ်မှာ အခန့်မသင့်လို့ ဖြစ်သွားတာပါကွယ်'

'သားကြီးနဲ့ ကြီးမေတို့ တဖြည်းဖြည်း နားလည်မှုရအောင် ကြီးမေတို့ ကြိုးစားပြီး ညှိနှိုင်းသင့်တယ်လို့ ကြီးမေ ထင်တယ်ကွယ်'

သူမ ခေါင်းမညိတ်ပါ။

ကြီးမေရဲ့ နှစ်သိမ့်မှုစကားတို့သည် သူမနားထဲမှာ ဝေဝေဝါးဝါးဖြင့် မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။

'ကြီးမေရယ် ကိုကိုကြီးရက်စက်တယ်၊ အဟင့်…ဟင့်'

ကြီးမေကတော့ သူမကျောပြင်လေးကို ပွတ်သပ်ချော့



www.burmeseclassic.com

www.burmeseclassic.com



မြူကာ အခန်းထဲမှ ထွက်သွားတော့သည်။

မိုးနှင်းဆက် အိပ်ရာပေါ်မှာ ထထိုင်ကာ…

သူမရဲ့စိတ်ကို အလိုလိုက်၍ ကိုကိုကြီးနှင့် သူမ ခဲ့သည့် ထိုမိန်းမကို အပြတ်သွားပြောရန် ဆုံးဖြတ်ပြီးမှ ဘယ် နေမှန်း မသိပေ။ ကိုကိုကြီး ပြောစကားအရဆို ထားဆိုတဲ့ မိန်း ပြန်မည်ဟု ကြားသိလိုက်သည်။ သူမ မန္တလေးကိုသွားမည် မန္တလေးမှာ သူမသူငယ်ချင်းမလေးတစ်ယောက် ရှိသည်။ သူမ သူငယ်ချင်းမလေး သူမကို အရမ်းခင်သည်။ ဖုန်းလည်း အ ဆက်သည်။

မိုးနှင်းဆက်က ကျောင်းမှာ ယောကျ်ားလေးများနှင့်သ ပေါင်းသော်လည်း ပရယ်တီကယ်နှင့် ကျူတိုရီယယ်အချိန်များ သူမရဲ့စာတွေကို အမြဲဖြေဖို့ ကူညီပေးသည့် မန္တလေးသူ ရတ ရှိသည်။ ရတနာနှင့် သူမသည် ရံဖန်ရံခါ ဖုန်းပြောဖြစ်သည်။ မိုးန ဆက်ကို အရုပ်မလေးနှင့်တူသည်ဟုဆိုကာ အရမ်းခင်သည် ချ သည်ဟုတဖွဖွပြောတတ်သည့် ရတနာကိုသွားသတိရလိုက်သည်။

ရတနာကို အကူအညီတောင်းရတော့မှာပဲ။

သူမ လက်ဂေ့ချ်အိတ်လေးထဲသို့ ဘောင်းဘီ၊ အ အစုံ ၂၀ လောက်ထည့်ပြီး သူမရဲ့ ဘဏ်စာအုပ်နှင့် လမ်းမှာ





ဖို့ ရှိတဲ့ပိုက်ဆံများကိုထည့်ကာ မန္တလေးသွားဖို့ ပြင်သည်။ ကိုကို ကြီးအတွက် စာတစ်စောင် ရေးပေးထားခဲ့သည်။

ကြီးမေ အလစ်ကိုစောင့်ကာ သူမ ထွက်ဖို့ချောင်းနေ သည်။ ကြီးမေက သူမ အစီအစဉ်ကို မသိသေးသဖြင့် အိမ်နောက် ဖေးမှာ တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။ သူမ အိတ်ကို လက်တစ်ဖက်ကဆွဲ၍ ခြံတံခါးဖွင့်သော ရီမုတ်လေးကိုယူ၍ ထွက်လာခဲ့သည်။

သူမ ခြံတံခါးကိုဖွင့်၍ အပြင်သို့ရောက်သော် ပြန်ပိတ် ပြီး ခြံတံခါးဝနားမှာရှိတဲ့ ခြံထဲက ပန်းပင်တွေကြားထဲမှာ ရီမုတ် လေးကို ပြန်ထည့်ထားလိုက်သည်။ သူမရဲ့ လျှင်မြန်လုပ်ရပ်ကို ဘယ်သူမှ သတိမထားမိလိုက်ကြပေ။

ရင်ထဲမှာ ပျော်သလိုလိုနှင့် စိုးထိတ်မှုများဖြင့် လမ်းမ ပေါ်ရောက်တော့ Taxi တစ်စီးကို လက်လှမ်းပြ၍ ရန်ကုန် အဝေးပြေး ကားဂိတ်သို့ မောင်းခိုင်းလိုက်သည်။ လေယာဉ်နှင့် ဆိုရင် လက်မှတ်မမီတော့ပေ။ ရထားနှင့်လည်း မသွားချင်ခဲ့ပါ။

မီးကို စိတ်မဆိုးပါနဲ့။ မီး ဒီလိုမှမလုပ်ရင် မဖြစ်တော့ ဘူး။ ကိုကြီးကို ဘယ်သူနဲ့မှ ခွဲဝေမချစ်နိုင်ပေ။

ထားဆိုသည့် မိန်းမကို မျက်နှာချင်းဆိုင် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပြတ်သားစွာပြောဖို့ သူမ ဆုံးဖြတ်ချက်တွေ မမှားဘူး ဟု သူမထင်သည်။

သူမရဲ့ ဆုံးဖြတ်ချက်လေးကို ပိုင်ပိုင်နိုင်နိုင်လေးချမိကာ မျက်နှာလေးကိုမော့၍ ရင်လေးကို မြှင့်ထားလိုက်သည်။ နှုတ်ခမ်းလေးကအစ သူမရဲ့ ဝမ်းနည်းမှုတွေဟာ ခံပြင်းမှု၊ ဒေါသထွက်မှုတွေဘက်သို့ မျက်နှာမှာလည်း မခံချင်စိတ်များဖြင့် တင်းမာလျက်ရှိသည်။ Taxi ဒရိုင်ဘာဦးလေးကြီးက သူမကို…

'သမီး… ကားဂိတ်ရောက်ပြီ'

Taxi သမားပြောမှပဲ ဒေါသထွက်စရာများကို မျိုသိပ်လိုက်ပြီး…

'ဩော်… ဟုတ်ကဲ့…'

'ကားခ ဘယ်လောက်လဲ ဦးလေး'

ကားသမားကလည်း သူမရဲ့ပုံစံကိုကြည့်၍…

'ငါးထောင်ပါ'

ကားခ ဈေးများ နည်းသည် များသည်ကို သူမ မသိပါ။

ကားသမားကို ငွေငါးထောင်ပေးပြီး သူမရဲ့အိတ်သည် လက်နှင့်ဆွဲပြီး သွားလို့ရသည့် လက်ဂွေချ်ဖြစ်သဖြင့် လက်ဖြင့် ဒရွတ်တိုက်ဆွဲကိုင်၍ ကားလက်မှတ်စုံစမ်းဖို့ လက်မှတ်ရောင်း





သည့်နေရာသို့ သွက်လက်စွာ သွားနေသည်။ သူမလေးကို စားသောက်ဆိုင် တစ်ဆိုင်မှ လှမ်းကြည့်နေသော ဒေါ်ထားရွှေစင်ကို သူမ မမြင်ပါ။ မြင်လည်း သူမ သိမှာမဟုတ်ပေ။ ဘာကြောင့်ဆို ကိုကိုကြီးရဲ့ ထားရွှေစင်ကို သူမ မမြင်ဖူးခဲ့ပေ။

ဒေါ်ထားရွှေစင်ကတော့ သူမကို မြင်ဖူးပါတယ်။ ကိုမိုးပြထားသဖြင့် ဓာတ်ပုံထဲမှာပင် ဖြစ်သည်။ ထားရွှေစင်၏ စိတ်ထဲတွင်လည်း ကိုမိုးရဲ့ ညီမလေးပါလား။ ဘာကြောင့် ဒီခရီးကို အဖော်မပါဘဲ တစ်ယောက်တည်း လာပါလိမ့်ဟု တွေးတောနေမိသည်။ သူမကို ရက်စက်စွာပြောသောစကားကို စိတ်မနာနိုင်သေးဘဲ စိုးရိမ်မိနေသေးသည်။

ထားသည် မိုးနှင်းဆက်ကိုကြည့်ရင်း တွေးတောနေသော်လည်း သူမစီးရမယ့် ကားပေါ် တက်ရတော့မယ့်အချိန်ရောက်သဖြင့် ပခုံးသိုင်းအိတ်လေးကို လွယ်၍ ကိုင်ထားသော မျက်မှန်လေးတပ်လိုက်ကာ ထားရွှေစင်တစ်ယောက် ကားပေါ်သို့တက်လိုက်သည်။

မန္တလာမေ Express ကားပေါ်မှာ ထိုင်ရမယ့် ထိုင်ခုံလေးမှာ စိတ်မော လူမောသမျှကို ကားထိုင်ခုံပေါ်မှ သက်သောင့်သက်သာ သက်ပြင်းမောကို မှုတ်ထုတ်ပြီး ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူး…'

သူမ အညောင်းပြေ မျက်လုံးအစုံကိုမှိတ်ကာ သက်သောင့်သက်သာ ထိုင်မိသည်။

သူမ မျက်စိကို မှိတ်ထားသော်လည်း သူမ ဘေးခုံသို့ ထိုင်ချလိုက်သည်။ အသံတစ်သံနှင့်အတူ အလွန်တန်ဖိုးမြင့်သော ရေမွှေးနံ့တစ်ချက် ရလိုက်သဖြင့် သူမ မျက်စိကို ဖွင့်ကြည့်လိုက်တော့ အရမ်းကို အံ့သြမှင်တက်မိပြီး မထင်မှတ်ထားတာကို တွေ့လိုက်ရတဲ့သူလို။

'ဟင်…'

သူမဘေးမှ ခုံသည် ကိုမိုး ညီမလေး မီးငယ်လေးရဲ့ခုံတဲ့လားကွယ်။ တိုက်ဆိုင်လှသည့် ကံကြမ္မာကိုလည်း အံ့သြမိသည်။

ကလေးမလေးကတော့ ဘာမှမသိပေ။ သူမပစ္စည်းတွေကို နေရာချထားပြီးမှ သူမကို ကြည့်နေသည်။ ထားကို တွေ့လိုက်ရတော့ နှုတ်ဆက်ပြုံးလေး ပြုံးပြလိုက်သည်။

ထားကို ပြုံးပြသည့် ကောင်မလေးကို ထားကလည်း ပြန်ပြုံးပြလိုက်သည်။

ပထမပိုင်းတော့ ထားသည် သူမကိုများ မိုးနှင်းဆက် သိမလားဆိုပြီး မျက်လုံးများက စိုးရိမ်ကြောင့်ကြမှုများဖြင့် ကြည့်





နေသော်လည်း သူမကို ပြုံးပြလိုက်သည့် မိုးနှင်းဆက်ကြောင့် ထားကို မသိဘူးဆိုတာကို သိတော့သည်။

မိုးနှင်းဆက်သည် သူမထိုင်ခုံမှာ ထိုင်ချလိုက်ပြီးမှ ယက်ပြင်းသူခိုးလေး မှုတ်ထုတ်လိုက်ပြီး သူမဘေးမှ မမလှလှ တစ်ယောက် ထိုင်နေသဖြင့် တစ်ခရီးတည်း သွားရမယ့်သူများမို့ ပြန်ပြုံးပြလိုက်ကာ…

'မမ တစ်ယောက်တည်းလား'

သူမကို စကားစပြောသည့် မိုးနှင်းဆက်ကို ထားရဲ့ ရင်ထဲတွင် လှိုက်ခနဲခုန်သွားသော ရင်ခုန်သံကိုထိန်းရင်း…

'အင်း… တစ်ယောက်တည်းပဲ၊ ဒါနဲ့ သမီးရော တစ်ယောက်တည်းပဲလား'

'ဟုတ်ကဲ့'

ဟု ပြုံး၍ပြောပြီး သူမကို သမီးဟုခေါ်ပြီး စကားပြောသည့် မမကို ကြည့်လိုက်တော့ အသက်အရွယ်အားဖြင့် ၃၀ ကျော်လောက်တော့ ရှိပြီ။ ကြည့်ရတာ ချမ်းသာပုံလည်း ရသည်။ နားတွင် ခြယ်ပုံစံ အလုံးသန့်သော စိန်နားကပ်ကို ပန်ထားပြီး လည်ပင်းတွင်တော့ ရွှေနှင့် ပလက်တီနမ်လိမ်ထားသော နှစ်ကျပ်သားလောက်ရှိမည့် ဆွဲကြိုးပုံစံဆန်းဆန်းလေးကို အရည်အသွေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည့် ဒိုင်းမွန်ပုံစံ စိန်ဆွဲသီးတို့ဖြင့် လှပတင့်တယ်နေသည့် မမသည် အတော်ကြည့်ကောင်းပါသည်။

ထိုင်ခုံမှာ ထိုင်နေသော သူမခန္ဓာကိုယ်နှင့် အရပ်အမောင်းကို မှန်းလို့ရသဖြင့် တော်တော်ကြည့်ကောင်းပါသည်။

ထားသည် သူမရဲ့ ဆံနွယ်ရှည်ရှည်လေးများကိုတော့ ဘေးနှစ်ဖက်မှာ ကလစ်လှလှလေးညှပ်ထားသဖြင့် သူမရဲ့ စိုပြည်ရှင်းသန့်တဲ့ မျက်နှာအလှကိုလည်း မိုးနှင်းဆက် မြင်မိသည်။

အလှတွင် အယဉ်ဆင့်လိုက်တာကတော့ သူမရဲ့သေသပ်လှပတဲ့ ခန္ဓာကိုယ်ကို ဓားကြီးပါတိတ် လိမ္မော်ရောင်ဝမ်းဆက်လေးပင် ဖြစ်သည်။

ထားသည် သူမကိုကြည့်နေသည့် မိုးနှင်းဆက်ကို…

'သမီးက မန္တလေးဇာတိလား'

မသိသလိုလေးမေးတော့…

'မဟုတ်ဘူး မမ၊ မီးက ရန်ကုန်ကပါ'

'သြော်…'

'မမကရော မန္တလေးကပဲလား'

'အင်း… ဟုတ်တယ်'

'မမက မန္တလေးဇာတိပါ'





'ဟာ… ဒါဆို အတော်ပဲ၊ မီးတော့ အဖော်ရတာပဲ'

'ညီမလေးက မန္တလေးကို အလည်သွားမလို့လား'

'ဟုံ…'

သူမ အမှန်အတိုင်း မပြောချင်သဖြင့်…

'မန္တလေးမှာ မီးသူငယ်ချင်းရှိတယ်လေ'

ပြောနေတုန်းမှာပင် မိုးနှင်းဆက်ရဲ့ အိတ်ထဲမှ ဖုန်းမြည်လာသည်။ ဖုန်းကို အိမ်မှာထားခဲ့ဖို့ သူမ မေ့သွားခဲ့သည်။ သူမ. မကိုင်ဘဲနေမည်လုပ်ပြီးမှ ကားပေါ်မှဖုန်းသံကြောင့် သူမကို လူတွေ သတိထားမိကြသဖြင့် သူမ ဖုန်းကိုင်လိုက်သည်။

'ဟယ်လို… မီးငယ်လား'

စိုးရိမ်ပူပန်မှုအသံများဖြင့် ကိုကိုကြီး။ သူမရဲ့ အချစ်ဆုံး ကိုကိုကြီး။ ခဏလေးခွဲရတာနှင့်တောင် အသံကြားတာနှင့် အိမ်ကို ပြန်ပြေးချင်သွားသည်။ ထိုခဏအတွင်းမှာ မိုးနှင်းဆက်သည် မျက်ရည်တောင် ရစ်ဝဲ၍လာခဲ့သည်။ နှုတ်ခမ်းကို နာနာဖိကိုက်ထားလျက် မျက်တောင်တွေကို ပုတ်ခတ်ပစ်လိုက်သည်။

'ကိုကိုကြီး အခုလာခဲ့မယ်'

'ဟွန်း… အပိုတွေ'

သူမကို ပြောတုန်းကတော့ ညီမဆိုတာကို သတိမရ…



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အခုမှ လာချော့မနေနဲ့။ မန္တလေးသွားမယ့်ကားပေါ် ရောက်နေလို့ ဘာမှမတတ်နိုင်တော့ပေ။

'ကိုကိုကြီး၊ မီး အခု မန္တလေးသွားမယ့်ကားပေါ် ရောက်နေပြီ'

'ဘာ… ဘယ်လိုဖြစ်လို့ ရောက်သွားတာလဲ'

ကိုကိုကြီးသည် မိုးနှင်းစက်စကားကြောင့် အူကြောင်ကြောင် ဖြစ်နေပုံရသည်။

'ဘယ်လိုရောက်လဲဆိုတော့ မန္တလေးသွားမလို့'

ကိုကိုကြီး အလန့်တကြားထအော်မိသည်။

'ဘာ… ဘာသွားလုပ်မှာလဲ'

ကိုကိုကြီးနဲ့ မနေချင်လို့ သူမ အစွဲ့တိုက်၍ ပြောမိသည်။

'ဟွန်း…'

စိတ်ထဲတွင်လည်း တွေ့လား။ သူ့ရည်းစားနှင့်တွေ့မှာ စိုးပြီး စိုးရိမ်နေပြီး…

'ကိုကိုကြီးရဲ့ ထားဆိုတဲ့ ကိုကိုကြီးချစ်သူကို အပြတ်သွားပြောမလို့'

'မီး'

'ကိုကိုကြီး ကတိပေးပြီးသွားပြီလေ'





သူ့ညီမအကြောင်းကို သူသိသည်။

'အခု ကားပေါ်က ဆင်းလာခဲ့၊ ကိုကိုကြီးစကား နားထောင်နော် မီး'

'အို… ဟင့်အင်း၊ မဆင်းဘူး၊ ကိုကိုကြီးဆီ မလာဘူး'

'မီး ဘယ်တုန်းက ကိုကိုကြီးနဲ့ ခွဲဖူးလို့လဲ၊ ကိုကိုကြီး စိတ်မကောင်းအောင် ညီမလေးရာ'

ကိုကိုကြီးလည်း ငိုသံပါနေပြီ။ မိုးနှင်းဆက်လည်း ကိုကိုကြီးအသံကြားမှ ငိုချင်လာခဲ့သည်။ သူမ ကိုကိုကြီးမသိအောင် ဘယ်မှမသွားဖူးပေ။ ဒါပထမဦးဆုံးအကြိမ်ဖြစ်သဖြင့် သူမ ဝမ်းနည်းမျက်ရည်များ ဝဲလာသည်။ အခုမခွဲလည်း နောင်ခွဲရမှာပါပဲ။

'ကိုကိုကြီးက မီးကို တစ်ယောက်တည်းထားဖို့ အရင်ကြံစည်တာ၊ မီး ကိုကိုကြီးရဲ့ ရည်းစားကို မျက်နှာချင်းဆိုင် ပြောပြီးတာနဲ့ ပြန်လာခဲ့မယ်'

'မီး… မီးငယ်လေး'

'ဟော… ကိုကိုကြီး၊ ကားထွက်ပြီ'

စကားစဖြတ်လိုက်သည်။ ဖုန်းပြောပြီး သူမဘေးမှာ ငိုနေသည့် မိုးနှင်းဆက်ကိုကြည့်၍ ထား စိတ်မကောင်းပါ။

ထားဟာ သူတို့မောင်နှမချစ်ခြင်းကို ခွဲမယ့်သူမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွယ်။ ကိုမိုးကို ချစ်ခဲ့တာလည်း ရယူခြင်းသက်သက်နဲ့ ညီမလေးဆီက ခွဲနုတ်ယူသွားမယ့် မိန်းမကြမ်းတစ်ယောက် မဟုတ်ပါဘူးကွယ်။ အခု မိုးနှင်းဆက်လေးက ထားဆိုသည့် သူမရဲ့ အချစ်ဆုံးအစ်ကိုကြီးရဲ့ချစ်သူ သူမကို သူ့အစ်ကိုနှင့် မပတ်သက်ဖို့ တားဖို့ကိစ္စကို မန္တလေးထိတောင် လိုက်လာပြီး ပြောမယ်တဲ့လေ။

ထား စိတ်မကောင်းလိုက်တာ။ သူတို့ပြောနေသည့် စကားများကို ကာယကံရှင်ဖြစ်တဲ့ သူမသာသိသည်။ မီးငယ်လေးမှာ တစ်ယောက်တည်းတွေးပြီး မျက်ရည်များ သုတ်လိုက်နှင့် အလုပ်ရှုပ်နေသည်။ ထားသည်လည်း ရင်ထဲမှာ ထိခိုက်ကြေကွဲရပါသည်။ မိုးနှင်းဆက်က ငိုလို့ဝတော့ ထိုင်ခုံကျောမှီကို သူမရဲ့ ခန္ဓာကိုယ်လေးကိုမှီ၍ မျက်ဝန်းအစုံကို မှိတ်၍နေလေသည်။

ထားသည် မိုးနှင်းဆက်၏ မျက်ရည်များကြောင့် ပြောင်တင်းတင်းလေးနှင့် ဖြစ်နေသည့် ပါးပြင်မို့မို့လေးနှင့် နှာသီးဖျားရဲရဲလေးနှင့် နှုတ်ခမ်းနီနီလေးတို့ကြောင့် သူမလေးရဲ့ ပုံစံလေးသည် သဘာဝအတိုင်း အပြစ်အနာအဆာမရှိအောင် ချောမွေ့ခြင်းထက် အရုပ်ကလေးတစ်ရုပ်နှင့် ပို၍တူပါသည်။

ဪ… ညီမလေးရယ်။ ညီမလေးကို မမ အပြစ်





မပြောရက်ပါဘူး။ ညီမလေးရဲ့ အစ်ကိုဖြစ်သူကို ချစ်တဲ့အချစ်ကိုလည်း မမ မယှဉ်ပြိုင်ရက်ပါဘူး။ ညီမလေး စိတ်ကျေနပ်သလိုဖြစ်စေရပါမယ်ကွယ်။

ကိုမိုးရယ်… ချစ်ခြင်းတရားထက် ထားဘက်က ပြန်လည်ပေးဆပ်နိုင်တာကတော့ ထားရဲ့သည်းခံမှုအနန္တတွေ ဖြစ်ခဲ့ပါသည်။ ဟိုးအရင်ကတည်းက ကိုမိုးအတွက် ချစ်ခြင်းဖြင့် သည်းခံခြင်းများသည် ယခုထက်ထိ မပြောင်းလဲဘဲ သည်းခံမှာပါ ကိုမိုး။ ကိုမိုးနဲ့ ထား အခုတစ်ဖန် ပြန်လည်ကာ ရန်ကုန်မှာ တွေ့ကြရတဲ့ အချိန်ခဏတာလေးဟာ ထားအတွက် ဘယ်တော့မှ မမေ့နိုင်တဲ့ ထားဘဝအတွက် ဒုတိယအကြိမ်မြောက် ပြန်လည်နိုးထလာခဲ့တဲ့ ချစ်ခြင်းပါပဲကွယ်။

ထား ထိုင်ခုံမှ ခေါင်းငုံ့ကြည့်လိုက်တော့ မိုးနှင်းဆက်လေး ငြိမ်သက်နေသော်လည်း မျက်တောင်လေးများ တလှုပ်လှုပ်ဖြင့် မျက်ရည်များ စိုစိုလေးဖြင့် မျက်တောင်လေးများမှာ ကပ်နေပုံလေးကိုလည်း ထား ကြည့်ပြီး ရင်ထဲမှာ ခံစားရပါတယ်ကွယ်။

မိုးနှင်းဆက်သည် ငိုနေရင်းမှ စိတ်လွတ်ကိုယ်လွတ်မေးခနဲ အိပ်ပျော်သွားရာမှ သတိဝင်လာတော့ သူမရဲ့ ဦးခေါင်းက သူမဘေးက မမရဲ့ပခုံးပေါ်မှာ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အို… မမ ဆောရီးနော်'

'ရပါတယ်ကွယ်'

'ဒီနေ့ မီး စောစောအိပ်ရာထထားလို့ အရမ်းအိပ်ချင်သွ
လို့၊ စိတ်မရှိနဲ့နော် မမ'

ကိုကိုကြီးနှင့် ကုမ္ပဏီလိုက်မယ်ဆိုပြီး အစောကြီးနိုးသည်။

'ဟင်း… ဟင်း…'

ရှက်ပြုံးလေးဖြင့် ပြောမိသည်။

'ဒါနဲ့ ညီမလေး ဘာစားပြီးသွားပြီလဲ'

သူမ မမမေးမှပဲ သတိရတော့သည်။ ဗိုက်ထဲမှာလည်
ဆာသလိုဖြစ်လာသဖြင့် တဖြည်းဖြည်းနှင့် ကားက အရှိန်ဖြ
သူ့ရဲ့တာဝန်ကို ကျေပွန်အောင်ပြေးနေသည်။

'ဘာမှမစားရသေးဘူး'

'လာ… မမမှာ မုန့်တွေပါတယ်'

သူမ အထုပ်ထဲမှ အိမ်အတွက်ဝယ်လာသော မုန့်များန
လမ်းမှာစားဖို့ မုန့်များထဲမှ ဆိတ်သားပေါင်မုန့်လေးကိုထုတ်၍…

'စား… ညီမလေး၊ ဒီမုန့် ကြိုက်တယ်မဟုတ်လား'

မိုးနှင်းဆက်သည် အဲဒီလို ခြောက်သွေ့သောမုန့်များ
မစားချင်သော်လည်း စေတနာနှင့်ကျွေးသောသူ့ရှေ့မှာမို့ မငြ





သာဘဲ 'စားပါတယ် မမ' မုန့်ကိုလှမ်းယူ၍ ဖြည်းဖြည်းချင်း
ဝါးနေသည်။ ပြီးတော့ ထိုမမက ရေဘူးလေးကို အဆင်သင့်
ဖွင့်ပေး၍ ရေထည့်ပေးသည်။

'ကျေးဇူးပဲ မမ'

'ရပါတယ်ကွယ်'

ထိုမမက ပစ္စည်းများကို စနစ်တကျလေး ပြန်ထည့်၍
သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာပုံစံလေးကို မိုးနှင်းဆက်
သဘောကျသွားသည်။

'မမ… မမနာမည်က ဘယ်လိုခေါ်လဲ မမ'

ဟော… သူမ မပြောချင်သော နာမည်ကို မေးနေပြီ။

ကိုမိုး ထားဆိုတဲ့ ကိုမိုးမြတ်နိုးတဲ့ နာမည်လေးကို မပြော
တာ ထားကို ခွင့်လွှတ်ပါ။

'မမနာမည်က ရွှေစင်ပါ'

'ဟာ… မမက နာမည်နဲ့လူနဲ့ လိုက်တယ်နော်'

'ဟင်း… ဟင်း… မြှောက်နေပြန်ပြီကွယ်'

သူမက ရယ်သွမ်းသွေး၍ ပြောမိသည်။ စိတ်ထဲတွင်
လည်း သူမရဲ့ ကိုကိုကြီးရဲ့ ထားမုန်းသိရင် သူမကို ဘယ်လိုပြော
မည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မမနာမည်ကိုတော့မေးပြီး ညီမလေးနာမည်ကရော ဘယ်လိုခေါ်လဲ။

'မီးတစ်လုံးတည်းလား'

-ဟင်… ဟုတ်ပါရဲ့။

'မီးနာမည်က မိုးနှင်းဆက်ပါ မမရွှေစင်'

'ညီမလေးနာမည်က ကဗျာဆန်လိုက်တာကွယ်။ ညီမလေးက နာမည်နှင့်လူနှင့် လိုက်တာပါ။ တကယ်ကို နှင်းဆက်ကလေးတစ်ပွင့်လိုပါပဲ' သူမရင်ထဲမှာ ရှိသည့်အတိုင်း ပြောမိသည်။

'ဟား… ဟား…'

သူမ သဘောကျစွာ ရယ်မော၍…

'မမက မီးကို ပြန်မြှောက်နေတယ်၊ မနက္ခလေးရောက်မှ မုန့်ဝယ်ကျွေးမယ်၊ ဟင်း… ဟင်း…'

'မမက အိမ်ရှင်ပါကွယ်၊ မမ ကျွေးပါ့မယ်'

နှစ်ဦးသား တစ်ခဏတော့ အပူအပင်များမေ့၍ လွတ်လပ်စွာ ရယ်မောကြသည်။

'ညီမလေး သူငယ်ချင်းက ဘယ်လမ်းမှာနေတာလဲ'

သူမလေးက မမှတ်မိတဲ့ ပုံစံလေးနှင့်…

'အဲ… မမပြောမှ သတိရတယ်၊ သူနဲ့က ဖုန်းပဲ အပြ





ပြောနေတော့ လိပ်စာမေ့နေတယ်၊ နေဦး မမ၊ သူ့ဆီ ဖုန်းဆက်ခေါ်လိုက်ဦးမယ်'

ထား သူမရဲ့သူငယ်ချင်းက မိန်းကလေးလား၊ ယောကျ်ားလေးလား မသိသေးချေ။ စိတ်ပူသလိုတော့ ဖြစ်သွားခဲ့သည်။

သူမ ဖုန်းခေါ်နေသော်လည်း ဖုန်းက ခေတ်တော်နှင့် မဝင်ပေ။ ပြဿနာပဲ အခုမှ အကြီးအကျယ်ဒုက္ခရောက်ပြီ။ သူမ လိပ်စာကတ်တွေကျန်ခဲ့ပြီ။ ထားမှာ မိုးနှင်းဆက်ပုံစံကြောင့် မနေသာတော့ဘဲ စကားစမိသည်။

'ညီမလေး နှင်း၊ ဖုန်းဆက်လို့ရလား'

'မရဘူး မမ'

မျက်နှာလေးကို ရှုံ့မဲ့၍ပြောမိသည်။

'ညီမလေးသူငယ်ချင်းက မိန်းကလေးလား'

'အာ… မမကလည်း၊ မိန်းကလေးပေါ့၊ မီးမှာ မိန်းကလေးသူငယ်ချင်း ရှားရှားပါးပါး သူတစ်ယောက်တည်းရှိတာ၊ နာမည်က ဘယ်သူလဲ၊ မမအသိထဲမှာ ရှိမလား မသိဘူး'

'ရတနာတဲ့ မမ'

'ရတနာ'



www.burmeseclassic.com

www.burmeseclassic.com



ထား ဝမ်းသာသွားမိသည်။ ရတနာဆိုတာ ရန်ကုန်မှ ကျောင်းသွားတက်တဲ့ သူမနှင့် ခြံချင်းကပ်ရက်က ကောင်မလေး မှန်းသိသည်။ ထိုကောင်မလေးက ခင်မင်တတ်သည်။ ထားနှင့် လည်း ခင်သည်။ ကိုဘုန်းလေးနှင့်လည်း သူငယ်ချင်းဖြစ်သည်။

'မမရွှေစင်'

'နှင်းပြောတဲ့ ရတနာဆိုတာ ပိန်ပိန်ရှည်ရှည် ယောကျ်ား လေး ဆံပင်ပုံစံအကိုလေးနှင့် အသားညိုညိုလေး ရှပ် အင်္ကျီလေးတွေပဲ ဝတ်တယ်မဟုတ်လား'

'ဟုတ်တယ် မမ၊ ဟုတ်တယ်၊ မမ ပြောတဲ့ပုံစံ ရတနာမှ ရတနာအစစ်ပဲ'

မိုးနှင်းဆက်က ယောကျ်ားလေး သူငယ်ချင်းများသာ ရှိသဖြင့် ရတနာကလည်း ယောကျ်ားလေးပုံစံမျိုးလေးနှင့် သူမကို မိတ်ဖွဲ့၍ ခင်ခွင့်တောင်းသဖြင့် ခင်မင်ခဲ့ခြင်းပင်ဖြစ်သည်။

'ဒါဆို နှင်းရေ စိတ်မပူနဲ့တော့၊ မမတို့နဲ့ ခြံချင်းကပ်ရက် မမနဲ့ အတူတူသွားကြတာပေါ့'

ဟူး… တော်သေးတာပေါ့ မမရယ်။ နို့မို့ဆို မီးတော့ ဖုန်းခေါ်လို့ မရရင်တော့ စိတ်မောရဦးမယ်။ သူမတို့ကလည်း စကားကောင်း အရှိန်မြင့်နေသလို Express ကားကြီးကလည်း





အရှိန်ဖြင့် မန္တလေးမြို့ကိုရောက်ရန် တစ်မြို့ပြီးတစ်မြို့ မောင်းနှင် နေတော့သည်။

မိုးနှင်းဆက်သည် သူမနှင့် စကားပြောနေသော မမ ရွှေစင်ကို သေသေချာချာ ကြည့်မိသည်။ သူမချစ်သော ကိုကို ကြီးရဲ့ ထားဆိုတာကရော ဘယ်လိုပုံစံမျိုးလဲ။

မိုးနှင်းဆက် ရတနာတို့အိမ်ဖုန်းကို ထပ်ပြီးခေါ်နေသော် လည်း ဖုန်းမကိုင်ပေ။

ထားက…

'နှင်း မမရဲ့အိမ်ကို ဖုန်းဆက်ကြည့်ဦးမယ်'

'ရတယ်လေ ဆက်ပါ မမ'

မိုးနှင်းဆက် သူမရဲ့ ဆမ်ဆောင်းခေါက်ဖုန်းလေးကို ပေး လိုက်သည်။

မမရွှေစင် ဖုန်းဆက်နေတာ သူမ ကြည့်မိသည်။ တော် တော်ကြည့်ကောင်းတာပါပဲဟုလည်း တွေးမိသည်။

'ဟယ်လို… ဒေါ်ဒေါ်သန်းလား'

'ကိုဖုန်း ရောက်ပြီလား၊ ကိုဖုန်းကို ခဏလောက် ရွှေစင် စကားပြောမလို့'

'သား အခုအားနေလား'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဒါဆို အန်တီလေးကို လာကြိုပါလား'

'ဧည့်သည်ပါပါလာလို့'

တစ်ဖက်က မေးသည်။ မိုးနှင်းဆက် မသိပေ။

'လာမှပဲ တီလေး ပြောပြတော့မယ်၊ ကားက မနက်ဖြ ရောက်ပြီ'

'ဒါပဲနော် သား'

ဖုန်းခွက်လေးကို ညင်သာစွာပိတ်၍ မိုးနှင်းဆက်ထံ လှမ်း ပေးလိုက်သည်။ တော်တော်သိမ်မွေ့တာပဲဟု မိုးနှင်းဆက် မှတ် ချက်ချမိပါသည်။

ကိုဘုန်းဆိုတာကရော မမနှင့် ဘာတော်သည် မသိသေး လည်း သားဟု ခေါ်သောကြောင့် မမရဲ့ သားများလား။ မဖြစ်နိုင် ပါ။ မမပုံစံသည် ကလေးတစ်ယောက်မိခင် မဖြစ်နိုင်ပေ။

မအိပ်ချင်သဖြင့် စကားတွေ ပြောနေမိကြသည်။ တစ် ယောက်ကိုတစ်ယောက် ရင်းနှီးမှုတွေ ပိုလာကြသည်။

မိုးနှင်းဆက်ရဲ့ ပြောစကားများကတော့ မိဘများ ပျ တော့ဘဲ သူမအစ်ကိုကြီးကို သူမ အသက်လောက်ချစ်ကြော ကိုကိုကြီးကလည်း သူမ လက်ညှိုးညွှန်ရာကို ဖြစ်စေခဲ့ကြော ယောက်ျားလေးအပေါင်းအသင်းများထားတာ မကြိုက်သော်လ





သူမမှာ ယောက်ျားလေးသူငယ်ချင်း များစွာရှိကြောင်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားကြောင်းနှင့် သူမအစ်ကိုနဲ့ ကတိထားခဲ့ကြသည်။ ဘယ်တော့မှ ချစ်သူမရှာပါဘူးဆိုတာကိုတော့ ထားကို ပြောပြသည်။

ထားသည် ကလေးဆန်ပြီး ပွင့်လင်းမှုရှိတဲ့ မိုးနှင်းဆက် ကလေးကိုလည်း ချစ်ခင်မိသည်၊ ထားကတော့ ထွေထွေထူးထူး သိပ်ပြောမပြဖြစ်ဘဲ နားထောင်သမားသက်သက်သာ နေခဲ့သည်။

မမရွှေစင်မှာလည်း ညီမလေးနှင့် ရွယ်တူ တစ်ဦးတည်းသော တူလေးတစ်ယောက်ရှိကြောင်း သိလိုက်ရသည်။

တဖြည်းဖြည်းနှင့် သူမတို့ မအိပ်ချင်ကြသဖြင့် စကားများပြောဆိုနေကြသည်။ သိပ်မကြာခင်မှာပင် မန္တလေးမြို့ အဝေးပြေးကားဂိတ်သို့ ကားကြီးထိုးဆိုက်လာခဲ့သည်။

ထားရွှေစင်နှင့် မိုးလင်းဆက်တို့နှစ်ယောက် အဝတ်အစား အိတ်နှင့် ပစ္စည်းများကိုယူ၍ သေသပ်အောင် ခန္ဓာကိုယ်မှ အဝတ်အစားများ ဆွဲဆန့်၍ ကားပေါ်မှ ဆင်းလာခဲ့သည်။ အောက်သို့ ရောက်လျှင်ရောက်ချင်း မနက်ခင်း နေရောင်နုနုအောက်မှ မန္တလေး မြလှကို အရင်ဆုံးမြင်လိုက်သည်။

သူမစိတ်ထဲမှာ မန္တလေးကိုလာရတာ စိတ်ထဲမှာ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်သွားသည်။ ဘယ်လိုခံစားမျိုးလဲ မပြောတတ်ပေ။

'တီလေး'

ခေါ်သံကြောင့် ထားရွှေစင်နှင့် သူမ အသံလာရာဆီသို့ လှည့်ကြည့်မိကြသည်။ လက်လှမ်းပြ၍လျှောက်လာသော လူတစ်ယောက် ရှပ်အင်္ကျီအဖြူအပေါ်မှာ အပွင့်လေးများ ပါဝင်သော လက်တိုလေးနှင့် ဆိပ်ခွန်ပုဆိုး နက်ပြာရောင်လေး ဝတ်ထားသည့် သူ့ပုံစံလေးမှာ ရှင်းသန့်နေသည်။

မိုးနှင်းဆက်ကို သူက တစ်ချက်သာလှမ်းကြည့်၍ ထားရွှေစင်လက်မှအိတ်ကိုယူကာ အဒေါ်ဖြစ်သူကို လက်ဆွဲ၍ လှည့်ထွက်ဖို့ပြင်လိုက်သည်။

ဒေါ်ရွှေစင်က...

'သား... ကိုဘုန်း၊ ခဏနေဦး၊ ဒီမှာ ဧည့်သည်ပါတယ်'

'ဗျာ...'

တီလေးက ဧည့်သည်ဆိုမှ ကြည့်မိသည်။ ဘုန်းထက်သော် အံ့သြမိသည်။ တီလေးမှာ ဘယ်တုန်းကမှ ဒီလိုအရွယ် ဧည့်သည်မရှိပါဘူး။ သူသိသလောက်ကတော့ သူ့ရှေ့မှာရပ်နေသည့် ကောင်မလေးက တော်တော်လေးကြည့်ကောင်းပါသည်။ စကတ်အရှည် နီညိုရောင်လေးနှင့် အပေါ်မှာတော့ ရှပ်အင်္ကျီပုံစံ





ဖြူရောင်နှင့် ဆံပင်ခွေခွေကောက်ကောက်လေးများ၊ ဖြူနုသော သားအရေနှင့် ပုံသဏ္ဌာန်လေးကြောင့် ရှင်းလင်းလှပနေပါ ည်။ ဝတ်ထားတဲ့ ပုံစံလေးမှာလည်း ငွေကြေးချမ်းသာသူတစ် ယာက်ဖြစ်မှန်း သိသာသည်။

တီလေးက ရပ်ကြည့်နေသော တူဖြစ်သူကို...

'သား... သူ့နာမည်က မိုးနှင်းဆက်'

အားပါး... နာမည်လေးကလည်း လှမှလှပါပဲဟု စိတ် ဲ ပျော်မိသည်။

'ဟုတ်ကဲ့'

သူ မေးဆတ်၍ ခေါင်းညိတ်ပြီး အသိအမှတ်ပြုမိသည်။

'နှင်း'

'သူက အန်တီလေးတူ ဘုန်းထက်သော်တဲ့၊ မှတ်ထား နော်'

'ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်'

ဟု ပြောကာ သူမ လက်ကမ်း၍ နှုတ်ဆက်တာမို့ ရုတ် ရက် သူကြောင်သွားသော်လည်း ဘုန်းထက်သော် သူ့ရဲ့လက် ို ပြန်လည်ကမ်း၍ နှုတ်ဆက်လိုက်ကြသည်။

သူမဟာ တော်တော်ပွင့်လင်းမှု ရှိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ မျက်ဝန်းလေးတွေနှင့် သူ့ကို စူးစူးရဲရဲ ကြည့်နေသဖြင့် သူ မနေတတ်ပေ။

ဒေါ်ရွှေစင်က သူမရဲ့ တူဖြစ်သူ ဘုန်းထက်သော် ရှက်နေသည့်အမူအရာကို သဘောကျစွာဖြင့် အနေမခက်စေရန်…

'သား… ကိုဘုန်း'

'ဗျာ…'

'ဟိုဘက်ခြံက ရတနာကို တွေ့မိသေးလား'

အဆက်အစပ်မရှိ မေးလိုက်သော အဒေါ်ဖြစ်သူရဲ့ အမေးကြောင့်…

'သတိမထားမိဘူး တီလေး၊ သားက စက်ရုံကိုသွားနေလို့၊ ဘာဖြစ်လို့လဲ တီလေး'

'မိုးနှင်းဆက်က ရတနာသူငယ်ချင်းလေ၊ ရတနာဆီလာတာ၊ ရတနာဆီ ဖုန်းခေါ်တာ ခေါ်လို့မရဘူး'

'ဟုတ်လား'

ဘုန်းထက်သော် သတိမထားမိပါ။ မနက်ကတော့ ရှိတယ်။ လှမ်းတွေ့လိုက်သည်။ သူရောက်တော့ ရက်ကန်းစင်ဘက်သွားပြီး ပြန်ရောက်တော့ မှောင်နေသဖြင့် သတိမထားမိပါ။

တီလေးက…





'ဒါဆိုရင် အိမ်ကိုအရင်သွားပြီးမှ နောက်တော့မှ ရတနာအိမ်ဘက် သွားကြတာပေါ့နော် နှင်း'

ရွှေစင်က သူမကို နှင်းဟုသာ ခေါ်သည်။

'ရပါတယ် မမရွှေစင်၊ မီးကတော့ ပင်ပန်းလို့ နားချင်နေပြီ'

အခုမှ သူမ အိပ်ချင်လာခဲ့သည်။ ဘုန်းထက်သော်က သူမရဲ့ ကလေးဆန်တဲ့ပုံစံလေးကို တစ်ချက်လှမ်းကြည့်ပြီး ပြုံးမိသည်။ ဘုန်းထက်သော်က သူမရဲ့ အိတ်လေးကိုပါ လှမ်းယူ၍ ရှေ့မှထွက်သွားသည်။ မိုးနှင်းဆက် အရမ်းအားနာသွားကာ သူ့နောက်မှ ပြေး၍ လိုက်မိသည်။

ဘုန်းထက်သော် ရပ်လိုက်ပြီး ကားတံခါးဖွင့်လိုက်တဲ့ ကားက မိုးနှင်းဆက်အကြိုက်၊ မက်တယ်လ်နစ်ရောင် တောက်ပနေသော နောက်ဆုံးပေါ်မော်ဒယ်မြင့် SURF ကား သူမ သဘောကျသွားသည်။

ကားပေါ်မှ သူမတို့ထိုင်ပြီး ဘုန်းထက်သော် ကားကို စထွက်သည်။ ကားကြီးကတော့ သခင်အလိုကျ ဖြည်းဖြည်းချင်း မောင်းနေသည်။

ဘုန်းထက်သော်သည် ကားမောင်းညင်သာသည်။ မညင်သာလို့လည်း မရပေ။ တီလေးက ကားမောင်းမြန်တာ လုံး



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ပေ။ တစ်ခါတစ်ရံ တီလေးအလစ်တွင် ကားကို အရှိန်နည်းနည်းမြင့်မောင်းတာတွေ့လျှင် အဒေါ်ဖြစ်သူရဲ့ သတိပေးတားမြစ်သံကို ကြားရသည်။

'သား… ကိုဘုန်းရယ်၊ ကားကိုတော့ ဖြည်းဖြည်းမောင်းပါကွယ်၊ တီလေးမှာ တွယ်တာစရာ ဒီတူလေးတစ်ယောက်ပဲ ရှိတာပါကွယ်၊ တီလေးကိုချစ်ရင် သား ကားကို လျှော့မောင်းပါကွယ်'

ဒါ့ကြောင့် သူ ဖြည်းဖြည်းမှန်မှန်သာ မောင်းနေရသည်။

ဘုန်းထက်သော် ကားမောင်းနေရင်းမှ ကားမှန်ထဲမှ ကောင်မလေးကို ခိုးကြည့်လိုက်တော့ သူမလေးက မန္တလေးမြို့ရဲ့ ဘေးပတ်ဝန်းကျင် ရှုခင်းများကို ငေးမော၍ လိုက်ပါလာသည်။

ရော်… ခက်တော့နေပြီ။ အခုတွေ့သော ကောင်မလေးကို သူ စိတ်ဝင်စားသွားပြီလား။ သူ မတွေးတတ်တော့ပေ။ ခဏခဏကြည့်ချင်တာတော့ အမှန်ပင်ဖြစ်သည်။

မကြာမီ ခေတ်မီလှပ ဆန်းသစ်တဲ့ ချစ်စဖွယ် နှစ်ထပ်တိုက်ကလေးနှင့် ခြံဝန်းကျယ်ထဲသို့ ကားလေးကို ဝင်လိုက်သည်။

မိုးနှင်းဆက်ကတော့ ဟိုကြည့် ဒီကြည့်နှင့် ကားပေါ်မှ ဆင်းလိုက်သည်။ ပထမဦးဆုံးအကြိမ် သူစိမ်းတွေကြားထဲမှာမို့





…းငယ်စိတ်ကလေး လှုပ်ခနဲဝင်လာသည်။ ကိုကိုကြီးကိုလည်း …ရမ်းသတိရသွားသည်။ ခရီးအစမှာတော့ လွယ်မယောင်နှင့် …က်မယ့်ပုံစံဖြစ်နေသည်။

သူမတို့ ပစ္စည်းတွေကို အိမ်ပေါ်တင်ပေးပြီး ဘုန်းထက် …သော်က…

'တီလေး… သား ဟိုဘက်ခြံက ရတနာကို သွားကြည့်လိုက်ဦးမယ်'

'ဩော်… အေး… အေး…'

ဘုန်းထက်သော် ထွက်ခွာသွားရာကို မိုးနှင်းဆက်က …သူကိုလှမ်း၍…

'ကိုဘုန်း… ခဏ၊ မီးလည်းလိုက်မယ်'

ဟု ဆိုလိုက်သည်။ သူမက ဘယ်သူနှင့်မဆို စကားပြော…ရင် မီး… မီးနှင့်ပြောတာကို သတိထားမိလိုက်ကြသည်။

ဘုန်းထက်သော်က အဒေါ်ဖြစ်သူကိုလှမ်းကြည့်နေသဖြင့်–

'သား… ခေါ်သွားလိုက်လေ'

'ဟုတ်ကဲ့'

သူမ မျက်နှာလေး ရွှင်ပျသွားကာ သူ့နောက်မှကပ်၍ …လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထက်သော် ရင်တွေခုန်နေမိသည်။ ဝေ့ခနဲ ဖြတ်သန်းသွားသည့် လေအဝေ့မှ သူမကိုယ်မှ ဆွတ်ဖျန်းထားသော မွှေးရနံ့လေးက သူ့နှာခေါင်းထဲသို့ ဝင်ရောက်လာသည်။ ခြံအပြင်ကိုရောက်တော့ လမ်းချိုးလေးတွေနှင့် ကပ်ရက်ဖြစ်နေသည့် နေရာများမှာ ရတနာနှင့် ဘုန်းထက်သော်တို့အိမ်ရှိသဖြင့် ရတနာတို့အိမ်ကိုရောက်ဖို့ လမ်းချိုးလေးကိုဖြတ်ပြီးမှ ရောက်သည်။ ရတနာတို့အိမ်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

အင်း... 'ရှိမှရှိပါ့မလားမသိ။ သူတွေးမိသည်။

ဘုန်းထက်သော် ခြံတံခါးဝမှ ဘဲလ်ကို တီးလိုက်သည်။ ဘာသံမှမကြားပါ။ အဆက်မပြတ်တီးသော်လည်း လှုပ်ရှားမှုအသံမကြားရပေ။ သူ စိတ်ရှည်စွာ ခြံစောင့်ဦးလေးကြီးရှိတာကို သိနေသဖြင့်...

'ဦးလေးချို... ဦးလေးချို'

သိပ်မခေါ်လိုက်ရပါ။ ခြံစောင့်အဘိုးကြီး ထွက်လာကာ ဘုန်းထက်သော်နှင့် ချောချောလှလှ ကောင်မလေးကို တွေ့လိုက်သဖြင့်...

'မောင်ဘုန်း... ဘာကိစ္စရှိလို့လဲကွယ့်'

'ဦးလေး ရတနာရှိလား'





'ရတနာတို့ မရှိကြဘူးကွ၊ သူတို့အဘွား နေမကောင်းဖြစ်လို့ တောင်ကြီးကို ဒီနေ့ပဲ တစ်မိသားစုလုံးသွားကြတယ်'

'ဟင်...'

သူမရဲ့ နှုတ်ဖျားမှ ဟင်... ဆိုသော အာမေဋိတ်သံလေးဖြင့် ရေရွတ်ပြီး သူ့ကို မော့ကြည့်နေသည့် မျက်လုံးလက်လက်ကလေးများကို သူတွေ့ရသည်။

ဘုန်းထက်သော်က ခြံစောင့်ဦးလေးချိုအား...

'ဦးလေးချို... ရတနာလာရင် သူ့သူငယ်ချင်း ရန်ကုန်က မိုးနှင်းဆက် ရောက်နေတယ်လို့ ပြောပေးနော်'

'ဪ... အေး... အေး... ဘယ်သူ'

သေချာရှင်းပြမှ နားထဲရောက်မယ့်ပုံစံမို့...

'ရတနာဖုန်းလာရင် ကျွန်တော့်ဆီ ဆက်ပေးပါလို့၊ အရေးကြီးလို့'

'အေး... အေး...'

ခြံထဲနှင့် ခြံပြင် ပြောနေရသဖြင့် ဘုန်းထက်သော်က စိတ်မရှည်စွာဖြင့်...

'နှင်း'

'လာ... ကိုယ်တို့ သွားရအောင်'



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ လက်ကလေးတစ်ဖက်ကို လှမ်းဆွဲ၍ သူတို့ခြံသို့ ပြန်လာခဲ့သည်။ သူမလေးကလည်း မေ့လျော့၍ သူဆွဲခေါ်ရာသို့ ပြန်ပါသည်။ မိုးနှင်းဆက်ရဲ့စိတ်ထဲတွင် တွေးနေမိသည်။ ပထမဦးဆုံး အကြိမ် ကိုကိုကြီးကို ဆန့်ကျင်ဖို့ ထွက်လာတာ မအောင်မြင်ပေ။

ကိုကိုကြီးကိုလည်း ပြင်းပြင်းထန်ထန် သတိရမိသည်။

မိုးနှင်းဆက် အတွေးများဖြင့် လျှောက်လာရာ တစ်နေရာသို့အရောက် သူမရဲ့ ချွန်မြမြဒေါက်ဖိနပ်လေးက ခဲလုံးတစ်လုံးကို တက်နင်းမိ၍ ဟန်ချက်ပျက်သွားကာ ဘုန်းထက်သော်ရဲ့ ကိုယ်ပေါ်သို့ လဲကျမလို ဖြစ်သွားသည်။

ဘုန်းထက်သော်တစ်ယောက် သူ့ရင်ဘတ်ပေါ်မှာ နွဲ့အိကျနေသည့် ကိုယ်လုံးလေးကို ထိန်းကိုင်ထားမိရင်း စက္ကန့်များစွာ ဖြတ်သန်းနေမှုကို မေ့လျော့နေမိသည်။ သူမလေးက လန့်ပြီးရုန်းတော့မှ လွှတ်ပေးဖို့ သတိရသွားသည်။ နှုတ်မှလည်း...

'ဆောရီး... နှင်း'

သူမလေးက ဘာမှပြန်မပြောတော့ သူ့ရှေ့မှ ခပ်သွက်သွက်လေး လျှောက်နေသည်။

ဘုန်းထက်သော်သည် အခွင့်အရေးယူချင်သည့်စိတ်ဖြင့် မဟုတ်တာကို နှင်း အထင်များလွဲသွားပြီလား။





ပထမဦးဆုံးအကြိမ် မိုးနှင်းဆက်သည်လည်း သူ့ရင်ခွင်ထဲမှာ ခဏတာလေးရောက်သွားမိသဖြင့် သူမရဲ့ရင်အစုံ ရေလှိုင်းမှာ ရိုက်ခတ်သလို တဝုန်းဝုန်းဖြင့် မြည်နေတော့သည်။

ခြံဝမှထွက်ကြိုနေသော ဒေါ်ရွှေစင်ကိုတွေ့၍ ဘုန်းထက်သော်က ရတနာတို့ မရှိသည့်အကြောင်းကို ပြောပြနေမိသည်။

ဒေါ်ရွှေစင်က...

'နှင်း ညီမလေး ဘာမှစိတ်မကောင်းမဖြစ်နဲ့နော်၊ မမနဲ့အတူ ဒီမှာပဲနေ၊ ဘာမှအားနာစရာမရှိဘူး၊ နှင်း ကိစ္စတွေ အဆင်ပြေတဲ့အထိ မမတို့အိမ်မှာပဲတည်းပါ'

'နှင်း ပျော်သလောက်နေ'

'ဟို... ဟို...'

'နှင်း နောက်နေ့တွေကျရင် ဟိုတယ်မှာ သွားတည်းမယ်နော် မမ'

အားနာစွာဖြင့်...

'အို... မဟုတ်တာကွယ်၊ အဖော်မပါဘဲနဲ့ တစ်ယောက်တည်း မမ စိတ်မချပါဘူးကွယ်၊ ဒီမှာပဲ ပျော်သလောက်နေ၊ ဟုတ်ပြီလား'

'နှင်း... ညီမလေး မမစကားကိုတော့ နားထောင်ပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



မမရွှေစင်က အတင်းကို ရွတ်ကြီးပြောနေသဖြင့် သူ ခေါင်းညိတ်လိုက်မိသည်။ သူမနှင့် တီလေးတို့ စကားပြောနေက ဘုန်းထက်သော်က ရပ်၍နားထောင်နေပြီးမှ သူမလေးက ဒီအိမ်မှ လာနေမည်ဆိုသည့် သူမအသံလေးကြားသည်နှင့် ရင်ထဲမှ ဝုန်းခနဲ ပျော်ရွှင်သွားခဲ့သည်။ ပျော်ခဲ့သောစိတ်ကို သူ့ရဲ့မျက်နှာ မှာပါ ဟန်ဆောင်ဖုံးကွယ်လို့မရအောင် သူ့မျက်နှာချောချောက ပြုံးနေတာကို မိုးနှင်းဆက်ကို လှမ်းအကြည့် မိုးနှင်းဆက်ကလည်း လှမ်းအကြည့်။ မျက်လုံးချင်းဆုံလိုက်တဲ့အခါမှာ မိုးနှင်းဆက် စိတ်အစုံသည် ဘာမှန်း သိသော သက်တံရောင်စုံ ခံစားချက်လေး ဖြစ်သွားခဲ့သည်။

နှစ်ဦးသား မျက်လုံးအမြန်လွှဲလိုက်သည်။ မိုးနှင်းဆက် တစ်ယောက် မျက်လုံးလွှဲလိုက်သော်လည်း မျက်လုံးထောင့်စွန်းမှ သူ့ပုံရိပ်ကို လှမ်းမြင်နေရသည်။ သူမ ဒီမှာတည်းမယ်ပြောတာနှင့် သူ့မျက်နှာ ပြုံးချိုသွားတာ ဘာ့ကြောင့်လဲ။

မိုးနှင်းဆက်ရဲ့ ဘဝမှာလည်း ကိုယ့်ကို စိုက်ကြည့်သော သူကို ပြန်လည် စိုက်မကြည့်ဘဲ မျက်လုံးလွှဲလိုက်တာဆိုလို့ ဘုန်းထက်သော်ဆိုတဲ့ မန္တလေးသား ကိုလူညိုချောတစ်ယောက် ပါပဲကွယ်။





ဒေါ်ရွှေစင်က မိုးနှင်းဆက်ရဲ့ ပခုံးလေးကို ဖက်ခေါ်၍ သူမတို့အိမ်မှာ ဧည့်သည်တွေလာရင် တည်းဖို့ အခန်းတစ်ခန်း ရှိသဖြင့် ထိုအခန်းလေးထဲသို့ လိုအပ်သမျှ ပြင်ဆင်ဖို့ ဒေါ်ဒေါ် သန်းကို ရှင်းခိုင်း၍ ပြင်ဆင်ခိုင်းသည်။

'ကဲ… ညီမလေးနှင်း၊ အနားယူ၊ အနားယူပြီးရင် ထမင်း စားရအောင် မမ လာခေါ်မယ်'

မိုးနှင်းဆက်ရဲ့ မျက်နှာမှာ မရွှင်မလန်းသော်လည်း ကိုယ့် အပေါ်မှာ အရမ်းကောင်းသည့် မမရွှေစင်ကို အားနာ၍ ပြုံး၍…

'ဟုတ်ကဲ့ မမ'

သူမနေဖို့ အခန်းထဲရောက်တော့ သူမ တစ်နေ့လုံး ကား စီးလာသဖြင့် ငြီးစီစီကြီးဖြစ်နေ၍ ရေကို တအားချိုးချင်နေသည်။ အခန်းထဲတွင်လည်း ရေချိုးခန်း အိမ်သာ တွဲရက်ရှိသဖြင့် ရေချိုး ချင်စိတ်ဖြစ်မိကာ အဝတ်အစားလဲဖို့ လုပ်နေတုန်းမှာပဲ။

'ဒေါက်… ဒေါက်… ဒေါက်… ဒေါက်'

တံခါးခေါက်သံ သဲ့သဲ့လေးကြောင့်…

'နှင်းရေ…'

မမရွှေစင် အသံ။

'မမ ဝင်လာပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



သူမက တံခါးစေ့ရုံစေ့ထားသဖြင့် ရွှေစင်က အသံပေးပြီး ဝင်လာသည်။

'နှင်း ရေချိုးမလို့လား'

'ဟုတ်တယ် မမ'

'အောင်မယ်လေး··· မချိုးပါနဲ့ကွယ်'

'ဘာဖြစ်လို့လဲ မမရဲ့'

'ရေပြောင်းမြေပြောင်းမို့ နှင်း တော်တော်ကြာ နေမကောင်းဖြစ်နေမယ်၊ ဒါ့ကြောင့် ညီမလေး ရေမချိုးနဲ့ဦးနော်'

'ဟာ···မမကလည်း၊ မီး အရမ်းအိုက်တယ်၊ မနေတတ်ဘူး'

'ကဲ··· ဒါဆိုရင်လည်း ခြေလက်မျက်နှာပဲ သစ်၊ ပြီးရင် လာခဲ့တော့၊ အောက်မှာ မမတို့ စောင့်နေမယ်'

မမတို့ဆိုတော့ သူလည်းပါမှာပေါ့ဟု တွေးမိကာ လှိုက်ခနဲဖြစ်သွားတဲ့ ရင်ခုန်သံလေးကို ထိန်း၍···

'ဟုတ်ကဲ့ မမ၊ မီး လာခဲ့မယ်'

ဟု မိုးနှင်းဆက်က ပြောလို့လွယ်သဖြင့် ဒေါ်ရွှေစင် တစ်ယောက် အခန်းအပြင်ကို ထွက်ခဲ့သော်လည်း စိတ်ထဲတွင်လည်း စိုးရိမ်နေမိသည်။ မိုးနှင်းဆက်ကို သူမ စိတ်မနာနိုင်တာ ဘာ့ကြောင့်လဲ။ ကိုမိုးဆိုတဲ့ မိုးလင်းဆက်။





သူမချစ်သော ကိုမိုး အခုဆို သူ့ ညီမလေးကို အရမ်းစိတ်ပူနေလောက်ပြီ။ ဒေါ်ရွှေစင်တစ်ယောက် ကိုမိုးဆီကို ပြီးရင် ဖုန်းဆက်မှာပဲဟု တွေးတောနေမိသည်။ သံယောဇဉ်နှင့် အချစ်ပေါင်းထားတဲ့ ကိုမိုးအပေါ်ထားတဲ့ ထားရဲ့ မေတ္တာတွေဟာ ကိုမိုးနဲ့ ပတ်သက်သမျှသော အရာတွေအပေါ်မှာတောင် တွယ်တာနေ ဟုတ်ပါပြီကွယ်။

လှေကားပေါ်မှ ဖြည်းဖြည်းချင်းဆင်းလာတဲ့ မိုးနှင်းဆက်ကို ဒေါ်ရွှေစင်နှင့် ဘုန်းထက်သော်တို့ နှစ်ယောက်သား ကြည့်မိသည်။ သူမလေးဟာ တကယ့်ကို ဘဝပေးကုသိုလ်ကံ ကောင်းတာပါပဲကွယ်။

မိုးလင်းဆက်သည် သူမရဲ့ ဖြူဖွေးသန့်စင်တဲ့ အသားအရေလေးဟာ ဝင်းဖန့်နေသည်။ ပေါ့ပေါ့ပါးပါး ဂါဝန်ရှည်လက်ပြတ်လေးကို ဝတ်ဆင်ထားကာ အပူအပင်မရှိ အေးအေးလူလူ ဆင်းလာသည်။ အပြုံးများဖြင့် ဆီးကြိုနေကြသည့် တူအရီးနှစ်ယောက်ရဲ့ အကြည့်ကို အပြုံးဖြင့် ပြန်လည်တုံ့ပြန်လိုက်သည်။

ဒေါ်ရွှေစင်က···

'လာ··· ညီမလေးနှင်း၊ ဒီမှာထိုင်'

သူမကိုယ်တိုင် ထိုင်ခုံလေးကို ဆွဲပေး၍ ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်'

သူမ အားနာစွာ…

'မမတို့ကို အလုပ်လာပေးသလို ဖြစ်နေပြီ'

'နင်း… ညီမလေး၊ မိုက်ဆာရောပေါ့'

ဟု မမရွှေစင်က ကြင်ကြင်နာနာ အမေးဖြင့် မိုးနှင်းဆက် ရင်ထဲ၌ လှိုက်ခနဲ ပျော်ရွှင်သွားရလေသည်။ စိတ်ထဲတွင် ဖျတ်ခနဲ ကိုကိုကြီးကို သတိရသွားမိသည်။

အို… ဒီလို သူမအပေါ်ထားတဲ့ ကိုကိုကြီးရဲ့ အကြင်နာလေးတွေ တစ်ရက်တာမျှ ခွဲရတာနှင့် သတိအရမ်းရသွားမိသည်။

ကိုယ့်အသည်းကို မာလှသည်ဟု မောင်းတင်၍ မန္တလေးကို လာခဲ့ရသော်လည်း ချောမွေ့မှုမရှိသဖြင့် ထင်သလောက် မလွယ်ဆိုတာ သိလိုက်ရသဖြင့် မျက်ရည်များတောင် ဝဲချင်ချင် ဖြစ်သွားသည်။ စိတ်ကို ပြန်တင်းလိုက်သည်။

မမရွှေစင်က ထမင်းများထည့်ပေးမှ အတွေးလွန်နေသော သူမ အသိပြန်ဝင်လာသည်။ မမရွှေစင်သည် ထမင်းပန်းကန်ထဲသို့ ဟင်းများတစ်မျိုးပြီးတစ်မျိုး ထည့်ပေးနေသဖြင့် သူမရဲ့ပန်းကန်ထဲတွင် ထမင်းများပျောက်ပြီး ဟင်းများသာပုံနေသည်။

'တော်ပြီ မမ'





မမရွှေစင်ကိုကြည့်၍ မတွေးထားတာ တွေးမိသည်။ ကိုကိုကြီးရဲ့ ချစ်သူရည်းစားသည် မမရွှေစင်လောက်ဆိုရင်တော့ သူမ သဘောတူမိမှာလား မသိပေ။

ထမင်းဝိုင်းတွင် စကားတစ်လုံးမှမပြောသော်လည်း သူမကိုသာ စူးစိုက်ကြည့်၍ လေ့လာအကဲခတ်နေသောသူကြောင့်လည်း မိုးနှင်းဆက် ရှက်၍ အနေရခက်ရပါတယ်။

ဟွန်း… မန္တလေးသားရဲ့ အကြည့်တစ်မျိုးကြောင့်လည်း အမျိုးအမည်မသိသော ခံစားချက်တစ်ခု သူမရင်ထဲမှာ ဖြတ်ပြေးသွားခဲ့သည်။ ခက်ပါလားကွယ်။

ထမင်းစားသောက်ပြီး အချိုတည်းဖို့ အသီးအနှံမျိုးစုံကို စီစဉ်ပေးသည့် မမရွှေစင်သည် မိန်းမပီသသော အရည်အချင်းလေး တစ်ခုကိုလည်း တွေ့ရသည်။

မိုးနှင်းဆက်က အိမ်မှာ ကိုကိုကြီးကို တစ်ခါမှ မလုပ်ပေးဖူးခဲ့ပေ။ စားသောက်ပြီး မောင်နှမနှစ်ယောက် တီဗီထိုင်ကြည့်သည့် သူမကိုသာ ကိုကိုကြီးနှင့် ကြီးမေက လုပ်ကိုင်ပေးကြသဖြင့် သူမက ဘာမှပြန်မလုပ်ပေးခဲ့ပေ။ ကိုကိုကြီးရေ မီးတော့ ကိုကိုကြီးအပေါ်မှာ မိန်းကလေးပီသစွာ လုပ်ပေးရမယ့်အချက်ကို သတိထားမိသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး သူမ ခရီးပန်းလာသောအရှိန်ဖြင့် မျက်လုံး မေးစင်းလာသလိုဖြစ်သဖြင့် မိုးနှင်းဆက်သည် အိပ်ချင်ရင် ဟန် မဆောင်တတ်ပေ။ ဒါကြောင့်လည်း ဟန်မဆောင်နိုင်စွာပင်…

'မမရွှေစင်…'

'ပြောလေ နှင်း'

'မီး သွားအိပ်လိုက်ဦးမယ်၊ အရမ်းအိပ်ချင်လို့၊ ခွင့်ပြု ပါဦး'

သူမကို နူးညံ့သောမျက်လုံးလေးများဖြင့် ကြည့်နေ ဘုန်းထက်သော်ကိုတော့ အပြုံးနှင့်သာ နှုတ်ဆက်မိသည်။

အပေါ်ထပ်သို့ အိပ်ချင်စိတ်များဖြင့် တက်လာသော သူမ ရဲ့ ခြေလှမ်းများဟာ တာဝေးအပြေးသမားတစ်ယောက်ရဲ့ ခြေ ကုန်လက်ပန်းကျနေတဲ့ ပုံစံမျိုးလေးပင် ဖြစ်သည်။

သူမကို ကြည့်နေကြသော မျက်လုံးနှစ်စုံကိုလည်း ဂရု မပြုမိတော့ပါ။

ခရီးဝေး မထွက်ဖူးသဖြင့် အရမ်းကို ပင်ပန်းနေပြီဖြစ် သဖြင့် အနားယူချင်နေသည်။

မိုးနှင်းဆက်တို့ ရန်ကုန်မှာတော့ သူမရဲ့ကိုကိုကြီး မိုးလင်း ဆက်တစ်ယောက် စိုးရိမ်ပူပန်မှုများဖြင့် တစ်နေ့လုံး ထိုင်ရမလို





ထရမလိုနှင့် စိတ်တွေ ဆောက်တည်ရာ မရခဲ့ပေ။ ညီမလေးဆီသို့ ဖုန်းကို အဆက်မပြတ် ခေါ်နေသော်လည်း ဆက်သွယ်မှုဧရိယာ ပြင်ပနှင့်သာ တိုးနေတော့သည်။

မီးငယ်လေးရယ်၊ ညီမလေး ကိုကိုကြီးအပေါ် နားမလည်ပါ လားကွယ်။ ကိုကိုကြီးရဲ့စိတ်ထဲမှာ ညီမလေးပါပဲကွယ်။ ကျန်တဲ့ ကိစ္စတွေဟာ မီးငယ်လေးလောက် ဘာမှအရေးမပါဘူးကွယ်။

ထားတစ်ယောက် ညီမလေးတွေ့ရင် ဘယ်လိုဖြေရှင်း မလဲ။ သူ အဆက်အသွယ်မရရင်တော့ မန္တလေးကိုသာ လိုက် သွားတော့မယ်။ ထားဆီဆက်မည် စိတ်ကူးပြီးမှ ဝေဒနာတွေ မပေးချင်သဖြင့် သူ မဆက်တော့ပေ။ သူ့ရဲ့ Hand Phone မှ Tingle တီးလုံးထွက်လာသဖြင့် သူ့ဖုန်းမှ နံပါတ်ကိုကြည့်လိုက် တော့ မန္တလေး Code 02 နှင့် ဖြစ်သည်။

မိုးလင်းဆက် ဝမ်းသာသွားကာ…

'ဟယ်လို… ဟယ်လို…'

'ကိုမိုးလား'

'ထား'

'ထား… အခု… ထား…'

သူ့စကားဆက်ဖို့ နှုတ်ဆွံ့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုး ထားသည်လည်း ချစ်သော ကိုမိုးရဲ့ စိုးထိတ်မှုတွေနှင့် ပြည့်နှက်နေသည့် အသံကို ကြားသဖြင့်…

'ထား အခု မန္တလေးရောက်နေပြီလား'

'အင်း…ဟုတ်တယ် ကိုမိုး၊ အခု ထားတို့အိမ်ကဆက်တာ'

'ထား… ထားကို ကိုယ် တစ်ခု request လုပ်စရာ ရှိတယ်'

ထားသိပါသည်။ ကိုမိုးပြောမယ့် စကားများကို။ ကိုမိုးသည် ထားဆီကို သူ့ညီမလေးကိစ္စပြောမှာ သိတယ်။

မိုးလင်းဆက်က…

'ထား'

'ရှင်…'

'ကိုယ့်ညီမလေး မန္တလေးရောက်နေတယ်၊ အဲဒါ ထားဆီသွားမယ် ပြောတယ်'

ထားရဲ့စိတ်ထဲမှာ ကိုမိုးဟာ ညီမနှင့် ချစ်သူကြားမှာ ဗျာပါဒများနေပြီ။ ကိုမိုးရဲ့စိတ်တွေ အရမ်း Relax ဖြစ်နေတယ်ဆိုတာ ထားသိပါသည်။ ထား ကိုမိုးကို သနားမိပါတယ်။

ကိုမိုးစိတ်ထဲက စကားတွေဟာ အပြင်ကို တော်တော်နှင့် ထွက်မလာဘူးဆိုတာ သိပါတယ်။ ပြောမထွက်ဘူးဆိုတာ





လည်း ထားသိပါတယ်။ စကားသံများ ထွက်ပေါ်မလာတော့ဘဲ သက်ပြင်းချသံနှင့် အသက်ရှူသံခပ်ပါးပါးတို့ကြောင့် ထားသည်-

'ကိုမိုး'

ထူးသံမကြားရပါသဖြင့် ကိစ္စမရှိ။ ရှိစေတော့။

'ထားပြောပြမယ်၊ ကိုမိုး သေချာနားထောင်နော်၊ ကိုမိုးညီမလေး မိုးနှင်းဆက် ထားတို့ဆီမှာ'

'ဟာ… ထား… ထား… ဘယ်လိုဖြစ်လို့ ထားတို့ဆီရောက်နေတာလဲ၊ ညီမလေး ဘာတွေပြောသွားလဲဟင် ထား၊ ထား စိတ်မဆိုးပါနဲ့လို့ ကိုယ်တောင်းပန်ပါတယ်၊ ညီမလေးက ကလေးစိတ်ဆိုတော့ သူ ထားစိတ်ညစ်အောင် သူလုပ်မှာဆိုဆိုတာ ကိုယ်သိတယ်'

'အဟင်း… ဟင်း… ဟင်း…'

အဆက်မပြတ် ပူပန်မှုများဖြင့် ပြောနေတဲ့ ကိုမိုးရဲ့ စကားကြောင့် ထားရယ်မိတာကို မိုးလင်းဆက်က…

'ထား ကိုယ်ပြောတာ ရယ်စရာပါလို့လား၊ ညီမလေး ပြောတာတွေကြောင့် ထား သွေးပျက်ပြီလား၊ ထား…'

'ရှင်…'

'ထား ဘာမှမဖြစ်ပါဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ပါဘူးရှင်၊ ကိုမိုး ညီမလေးနဲ့ ထားတို့တွေ့တာ ဒီလို ကိုမိုးရဲ့'

သူမနှင့် မိုးနှင်းဆက်တို့ တွေ့ဆုံပုံကို ကိုမိုးကို ပြောပြမိသည်။

'ထားရယ်… တော်သေးတာပေါ့၊ ဒါဆို ညီမလေးက ထားကို ထားမှန်း မသိသေးဘူးပေါ့'

'အင်း… ဟုတ်တယ် ကိုမိုး၊ ကိုမိုး စိတ်ပူနေမှာစိုးလို့ ထားက ဖုန်းဆက်တာ၊ ကိုမိုးက ထားဆီ ဖုန်းမဆက်ပေမယ့် ထားကတော့…'

သူမ စကားကို ဆက်မပြောတော့ပေ။ ထားရဲ့အသံလေးမှာ အဖျားခတ်၍ တုန်ယင်နေတော့သည်။

'သြော်… ထားရယ်'

ကိုယ်တို့ ထားတို့ အရွယ်တွေက ရင့်ကျက်တည်ငြိမ်မှုတွေနဲ့ ဖြစ်နေပါပြီကွယ်။ ရင့်ကျက်တဲ့သူဖြစ်ဖို့ဆိုတာ တော်တော်လေး ခဲယဉ်းပါတယ်ကွယ်။ အသိဉာဏ်နှင့် ထိန်းချုပ်ထားလို့သာ ရင့်ကျက်တဲ့သူအဖြစ် သတ်မှတ်လို့ ရနိုင်ခဲ့သော်လည်း ကိုယ်ဟာ ထားအပေါ်မှာ ချစ်တဲ့အချစ်တွေကတော့ နုပျိုတဲ့ချစ်ခြင်းတွေနှင့် ပြည့်နှက်နေပါတယ်ကွယ်။





ထား… ဘယ်လိုပဲ ကိုယ့်အပေါ်ထင်ထင် ထားအပေါ်မှာ ကိုယ် မတရားဘူးပဲ ယူဆယူဆ ကိုယ် ကျေနပ်စွာ ခံယူနေမှာပါ။

ကိုယ် ထားကို အမြဲတမ်း ရင်ထဲမှာ ချစ်နေမှာပါ။ လွမ်းနေမှာပါ။ နှုတ်ဆိတ်နေသဖြင့် တိတ်ဆိတ်မှုတွေ ကြီးစိုးနေသဖြင့် မိုးလင်းဆက်က ဖြိုခွင်းလိုက်သည်။

'ထား'

'ရှင်… ကိုမိုး'

'ကိုယ့်ညီမလေးကို ဂရုစိုက်ပေးပါ ထားရယ်၊ ညီမလေးက ခရီးရှည် ဘယ်ကိုမှ ခရီးထွက်တာမဟုတ်ဘူး၊ မိတဆိုးလေးလည်း ဖြစ်တယ်၊ ပြီးတော့ ကိုယ် ညီမလေးကို ကိုယ် ပစ်ထားသလို ဖြစ်သွားမိတယ်'

'သြော်… ကိုမိုးရယ်'

ကိုမိုးရဲ့ ညီမအပေါ် ချစ်တဲ့အချစ်ဟာ ဖခင်မေတ္တာရော အစ်ကိုတစ်ယောက်ရဲ့ ကရုဏာတွေပါ အပြည့်နှင့်ပါပဲကွယ်။ မိုးနှင်းဆက်လေး ကံကောင်းပါတယ်ကွယ်။

'စိတ်ချပါ ကိုမိုး'

'ထားကို ထားမှန်း သူသိသွားခဲ့ရင်လည်း သူပြောမယ့် စကားလုံးတွေကို ထား ခံနိုင်ရည်ရှိအောင် ပြုံးပြုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ကျေကျေနပ်နပ်ကြီး ကိုမိုးကိုချစ်တဲ့ ထားရဲ့စိတ်တွေ ခံယူလိုက်ပါ့မယ်ကွယ်"

"ကိုမိုး စိတ်ချလက်ချနေပါ"

"မိုးနှင်းဆက်ရဲ့ သူငယ်ချင်း ရတနာ ပြန်လာရင်လည်း သူ ထားတို့ဆီမှာ နေချင်မှနေမှာပါ"

"ထား ကိုယ့်အပေါ်..."

သူ စကားတောင်မဆုံးသေး။

ဒါဆို ဖုန်းချလိုက်ပြီဟူသော ထားရဲ့စကားနှင့် ဒေါက်ခနဲ ဖုန်းချသံနှင့်အတူ ထားနှင့် သူတို့၏စကားများ ပြတ်တောက်သွားလေသည်။ ထားရယ်... ကိုယ့်ကို ချစ်ရတာနှင့် မင်းလေး ခံစားရတာနဲ့ မမျှတပါဘူးကွယ်။ ကိုယ်တို့ရဲ့အချစ်ဟာ စစ်မှန်ရင် တစ်နေ့မဟုတ် တစ်နေ့ ကိုယ်တို့ ပြန်လည်ဆုံတွေ့ကြရမှာပါ။



## အခန်း (၁၆)

ဆိုင်သူမသိတဲ့ အချစ်ကို ဘုန်းထက်သော်တစ်ယောက် စိတ်ထဲမှာ သတ်မှတ်ခဲ့ပါတယ်။ တွေ့ဆုံမှု တဒင်္ဂမှာ သူမလေးကို အသည်းနှလုံးမှာ ထွင်းထုလိုက်သလို သူမလေးရဲ့ ပုံသဏ္ဌာန်ဟာ စွဲထင်သွားတယ်။

ဘုန်းထက်သော် ဒီနေ့ ရက်ကန်းစင်တွေရှိရာ အမရပူရကို သွားရမှာဖြစ်သည်။ ဘုန်းထက်သော် ဒီနေ့ အလုပ်ထဲသွားရမှာကို စိတ်မပါတော့ပေ။ မသွားလို့ကလည်း မဖြစ်။ သူရှိမှ ဖြစ်မည်။

မျက်နှာလေးကို မတွေ့ရပေမယ့်လည်း သူမလေးနှင့် တစ်မိုးအောက်မှာနေရရုံနှင့် သူ့စိတ်တွေ ကျေနပ်ဖြေသိမ့်နေမိသည်။

သူ့အပါးမှာ ဟိုးအရင် ကျောင်းတက်စဉ်ကလည်း သူ့ကို တိတ်တခိုး တွယ်တာမြတ်နိုးနေသူလေးများနှင့် ကြုံတွေ့ခဲ့ရသော်လည်း သူ့ရဲ့နှလုံးသားဟာ ကျောက်စိုင်ကျောက်သားလို တဖြည်းဖြည်းနှင့် မာကျောလာခဲ့ပြီးမှ သူမလေးနှင့် တွေ့လိုက်တော့

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏတာလေးမှာပဲ သူ့ရဲ့ နှလုံးသွေးကြောများဟာ တဖြည်းဖြည်းနှင့် တရှိန်းရှိန်းတက်လာကာ နှလုံးသားရဲ့ တစ်ထောင့်တစ်နေရာမှာ ပူနွေး၍နေသည်။ ဒါဟာ စိတ်ဝင်စားမှုလား၊ အချစ်လား၊ သူ သေချာစွာဆန်းစစ်ဖို့လိုလာပြီ။ သူမလေးကတော့ သိပါလေစ။

ကလေးတစ်ယောက်ပုံစံဖြင့် ခရီးပန်းလာ၍ အိပ်စက်နေပြီး သူ သဘောကျစွာ ပြုံးမိသည်။ အပျွန်း… သူ့မျက်နှာချောချောကတော့ မိုးနှင်းဆက်ရဲ့အကြောင်းကို တွေးတော၍ နှုတ်ခမ်းအစုံပြုံးနေတော့သည်။ ထားသည် မိုးနှင်းစက် အခန်းလေးထဲ ဝင်လာခဲ့သည်။ သူမလေးကို ကြည့်မိတော့ ကလေးတစ်ယောက်လို အပြစ်ကင်းစွာ အိပ်ပျော်နေသည်။

'ဩော်… နှင်း… နှင်း'

ဒါများ လူကြီးလေးလုပ်ပြီး အစ်ကိုဖြစ်သူရဲ့ ချစ်သူကိုပြောဖို့ မန္တလေးကိုလာသည့်လူကလည်း အိပ်လိုက်တာ သိုးနေတာပါပဲ။ တစ်ယောက်တည်း အဖော်မပါဘာမပါနှင့် ထားနှင့် မတွေ့မိရင် ဘယ်လိုလုပ်မလဲ။ ချောချောလှလှ မိန်းကလေးတစ်ယောက်တည်းမို့လည်း သူမရဲ့ အစ်ကိုဖြစ်သူ စိတ်မချဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါတယ်။

ကိုမိုးရယ်… ထားကတော့ ကိုမိုးနဲ့ ပတ်သက်နေသည့်





သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှကို ထား ချစ်နေမှာပါ။ ကိုမိုးကိုချစ်တဲ့ထားအချစ်တွေက ဝေးကွာမှုတွေနှင့် ပြည့်နေတာ ကြာလှပြီပေါ့ကွယ်။ သူမလေးနှင့် ထားကို တွေ့ဆုံဖြစ်အောင် တွေ့ဆုံပေးခဲ့တဲ့ ကံကြမ္မာကို ထား ဘယ်လိုဆက်တွေးထားရမှာလဲလို့ မေးကြည့်ချင်ပါတယ်။ ထားကတော့ ဘယ်သူမေတ္တာထားထား နဂိုစိတ်ထားအတိုင်း ထားကတော့ ဘယ်တော့မှမေတ္တာမပျက်ပါဘူးကွယ်။

အချိန်တော်တော်ကြာသွားခဲ့ပြီး မိုးနှင်းဆက် သူမနိုးလာတော့ နာရီကို လှမ်းကြည့်လိုက်တော့ သူမ ခရီးပန်းလာသဖြင့် အိပ်ကောင်းကောင်းနှင့် အိပ်လိုက်တာ အခုမှပဲ စိတ်ထဲမှာ ကြည်လင်လန်းဆန်းသွားသည်။

'အား…'

ဒန်းလော့မွေ့ရာပေါ်မှာ သူမရဲ့ကိုယ်လေး နစ်မြုပ်မတတ်ဖြစ်နေသည်။ သူမ အပျင်းဆန့်မိသည်။ အိပ်ရာကထထချင်း ကိုကိုကြီးကို သတိရသွားသည်။

'သတိရလိုက်တာ ကိုကိုကြီးရယ်'

နှုတ်မှ တိုးတိုးလေးရေရွတ်၍ မထသေးဘဲ ဆက်၍တွေးနေမိသည်။ သူမအိမ်မှာရှိတဲ့ ငါးလေးတွေကိုလည်း မျက်လုံးထဲပြင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံသဲ့သဲ့ကြားသဖြင့် ဝင်လာသူကိုကြည့်လိုက်တော့-

'မမရွှေစင်'

မိုးနှင်းဆက်က အရင်နှုတ်ဆက်လိုက်သည်။

'မမ'

'နှင်း နိုးနေပြီလား၊ နိုးနေရင် ယတော့၊ တော်ကြာ ခရီးပန်းလာတဲ့ အရှိန်နဲ့ ဖျားနေမယ်'

သူမလေးကို အိပ်ရာထက်မှ လက်ဆွဲပေး၍ ထူပေးမိသည်။

'မမရွှေစင်က ကိုကိုကြီးလိုပါပဲလား'

မမရွှေစင်ရဲ့ ယုယမှုလေးကို ကျေနပ်စွာခံယူမိသည်။

မမရွှေစင်က....

'နေ့လယ်စာစားပြီးသွားရင် မမ နှင်းအတွက် ဆေး သောက်ဖို့ စီစဉ်ထားတယ်'

ဟာ... တော်လိုက်တာ မမရယ်ဟု ရင်ထဲတွင်ပြောမိသည်။

'မမရယ်'

မိုးနှင်းဆက်တစ်ယောက် မမတို့ကို ဒုက္ခပေးသလို ဖြစ်နေပြီ။

'အားနာလိုက်တာ'ဟု စကားဆိုမိသည်။

'အဟင်း... ဟင်း... ရပါတယ် နှင်းရယ်၊ ဒီလောက်





လေးနဲ့ အားနာစရာမှမလိုတာ၊ မမတို့က အိမ်ရှင်တွေလေ၊ ညှော်သည်ကို စေတနာထားပြီး တာဝန်ကျေရမှာပေါ့'

'မမက သဘောကောင်းလိုက်တာ'

'မီးမှာ မမ မရှိတော့ ဒီလို ဂရုစိုက်မှုမျိုး မရခဲ့ဘူး၊ ကိုကိုကြီးက တစ်နေ့တစ်နေ့ အလုပ်သွား၊ မီးက အမြဲ အပြင်ထွက်၊ ပြန်လာရင် မောင်နှမ စကားပြောကြ၊ မီး စိတ်ကောက်ရင် ကိုကိုကြီးကချော့နဲ့ပဲ တစ်နေ့ တစ်နေ့ ပြီးသွားတာပါပဲ'

ကိုကိုကြီးသာ သူမ ဒီလိုပြောတာကြားရင် ဘာပြောမယ် မသိ။

'တစ်ခါတလေတော့လည်း အစ်မတစ်ယောက်လောက် လိုချင်သားပဲ၊ ဒါနဲ့ မမမှာရော'

'ဟို...'

'ဘာလဲ နှင်းရဲ့'

'ချစ်သူ... ချစ်သူ'

ထားသည် အသည်းနှစ်မတတ် ချစ်ခဲ့ရသည့် ချစ်သူ ရှိခဲ့ပါသည်ဟု ပြောမိပြီး တကယ်တမ်း ပြောမိတာကတော့...

'မရှိပါဘူး နှင်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



မှသားစကား ဆိုမိသည်။

ကိုမိုးလည်း သူမကို ခွင့်လွှတ်မှာပါ။

'မိုးမှာလည်း အချစ်ရဆုံးကိုကိုကြီးရှိတယ်၊ မိုး ကိုကိုကြီးကို အရမ်းချစ်တာ၊ အခု မန္တလေးလာတာကလည်း အကြောင်းရှိတယ် မမ၊ ကိုကိုကြီးရဲ့ချစ်သူနာမည်က ထားတဲ့ မမ၊ ထားဆိုတဲ့အမျိုးသမီးကိုရှာတာ မမရဲ့၊ ဒါနဲ့ မမ'

'ဟင်…'

သူမ ရင်နင့်စွာ အသံတိုက်လေး မေးဆက်ပြမိသည်။

မမမှာ ထားဆိုတဲ့ နာမည်နှင့် အသိများရှိမလား။

'ဟို… ထား'

'အင်း… ဟုတ်တယ်၊ ဒါပေမဲ့ သူက မန္တလေးမှာနေတာ မဟုတ်ဘူး မမရဲ့၊ အမရပူရမှာလို့ ပြောတယ်၊ ရက်ကန်းစင်တွေရှိတယ်'

'ဟို…' ထစ်ငေါ့သွားသော အသံကိုထိန်းရင်း…

'မမမှာတော့ မရှိဘူး၊ ဒါပေမဲ့ ညီမလေးသိချင်ရင်တော့ မမ ကိုဘုန်းလေးလာရင် မေးကြည့်ပေးမယ်'

ကိုဘုန်းဆိုမှ မိုးနှင်းဆက် ကိုဘုန်းထက်သော်ကို သတိရသွားမိသည်။





'မမ ကိုဘုန်းက ဘယ်မှာ ဘာလုပ်တာလဲ'

'ဩော်… ဟင်း… ဟင်း…'

'ဟုတ်သားပဲ၊ မမ နှင်းကို မပြောရသေးဘူး၊ ကိုဘုန်းက အမရပူရမှာ ရက်ကန်းစင်တွေရှိတယ်လေ၊ သူက ပုဆိုးတွေ ချည်ချောချိတ်တွေ အစုံပါပဲကွယ်၊ အဲဒါတွေက သူ့ကိုယ်ပိုင်လုပ်ငန်းတွေပေါ့'

'ဩော်… ဟုတ်လား၊ လုပ်ငန်းကြီးကို အုပ်ချုပ်နေတာပဲ၊ မမ ကိုဘုန်းထက်သော်ကို အားကိုးရတာပေါ့နော်'

'အင်း… မမမှာ ဒီတူလေးကိုပဲ အားကိုးနေရတာ၊ သူ စီးပွားရေးဈေးကွက်ထွင်လိုက်လို့ မမတို့ ရက်ကန်းရုံတွေမှာဆို အော်ဒါထည်တွေ တစ်နှစ်ပတ်လုံးအတွက် ရက်ချိန်းတွေအပြည့်ပဲ နှင်း'

'မမပြောတာနဲ့ မိုးတောင် စိတ်ဝင်စားပြီး လိုက်ကြည့်ချင်လာပြီ၊ မမ မိုးကို ခေါ်သွားပါလား၊ မိုး… ဟို ရက်ကန်းရက်တာ တစ်ခါမှမမြင်ဖူးဘူး မမရွှေစင်'

ဖြစ်နိုင်ပါသည်။ မိုးနှင်းဆက် ပြောစကားများကို အကြွင်းမဲ့ယုံကြည်သည်။ ဘာကြောင့်ဆို သူမလေးဟာ ရန်ကုန်သူစစ်စစ်ဖြစ်တဲ့အပြင် ဝတ်တဲ့အဝတ်အစား အသုံးအဆောင် နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြားဖြစ်များသာ ဖြစ်တဲ့အတွက် ရက်ကန်းစင်ဆိုတာဟာလည်း မြင်ဖူးမှာ မဟုတ်။ ရက်ကန်းရက်တာလည်း မြင်ဖူးမှာမဟုတ်။ အခု ရက်ကန်းတွေနှင့် အဆင်တွေ၊ ဒီဇိုင်းတွေ အသားပေး ဝယ်နေကြသည့် ကာလကြီးမှာ မြန်မာ့ချည်ထည်လုပ်ငန်းတွေက အောင်မြင်တိုးတက်နေကြပါပြီ။

သူမတို့ အမရပူရမြို့မှာ 'စက်ရက်ကန်း'၊ 'လက်ရက်ကန်း' တွေနှင့် အဆင်တွေ၊ ဒီဇိုင်းတွေဟာ နိုင်ငံခြားသားတွေအကြိုက် ပင် ဖြစ်ခဲ့ပါသည်။ ဒါတွေကို တော်ရုံတန်ရုံ မြန်မာဝတ်ကို မကြိုက်တတ်သော လူအများစု သိမှာမဟုတ်ပေ။

'မမ'

မိုးနှင်းဆက် ပြောတာကို ပြန်မပြောဘဲ တွေးနေသည့် မမရွှေစင်ရဲ့ မျက်နှာလေးကိုကြည့်၍ မိုးနှင်းဆက် ခေါ်မိသည်။

မမရွှေစင်သည် မန္တလေးသူပီသစွာဖြင့် ညိုညိုချောချော လေးပင် ဖြစ်သည်။ အလှတွင် အယဉ်ဆင့်ဆိုသလို အိမ်မှာနေ ရင်းလည်း သပ်ရပ်သေသပ်စွာ ချည်ထည်ဒီဇိုင်းဆန်းလေးများကို အပေါ်အောက် ဝမ်းဆက်လေးများ ဝတ်ဆင်၍ လှပနေသည်။

'မမရွှေစင်'

သူမ ထပ်မံအသံပြုလိုက်မှ...





'ဟင်... နှင်း'

'မီးကို ရက်ကန်းရုံတွေရှိတဲ့နေရာ ခေါ်ပြီး လိုက်ပြပါဆို'

မမက ဘာမှပြန်မပြောတော့။

'ဟို... ဟို... အို... မဟုတ်ပါဘူးကွယ်၊ သား ကိုဘုန်း လာရင် လိုက်ပို့ခိုင်းလိုက်ပါ့မယ်'

'ဟာ... မမကလည်း၊ မီးက အခုသွားချင်တာ၊ မမနဲ့ သွားမယ်'

မုန့်ပူဆာသလို ပူဆာနေသည့် ချစ်စဖွယ် မိုးနှင်းဆက် မျက်နှာလေးကိုကြည့်၍ သက်ပြင်းချမိသည်။ သူမလေးကလည်း ချစ်မွေးပါသည်ထင်တယ်။ သိပ်မပူဆာလိုက်ရ။

'ကဲ... ဒါဆိုရင် ခဏစောင့်၊ မမ အဝတ်အစားလဲ လိုက်ဦးမယ်'

'အင်း... မီးလည်း အဝတ်အစားလဲဦးမယ်'

မိုးနှင်းဆက်က သူမရဲ့ အဝတ်အစားအိတ်ထဲမှ သရီး ကွာတား ဘောင်းဘီအနီလေးကို အပေါ်မှ အစိမ်းရောင်နုနုလေး ဓအင်္ကျီ လက်ပြတ်လည်တောင်လေးနှင့် တွဲဝတ်လိုက်သည်။ အရောင်မတူတာ ဝတ်တာကလည်း တစ်မျိုးဆန်းစေသည်။ အင်္ကျီ လေးက မတိုမရှည် ချပ်ချပ်ကပ်ကပ်ပုံစံလေးဖြစ်သဖြင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



အဆီအံပိုမရှိ ချပ်ကပ်နေသော ကိုယ်ထည်လေးနှင့် မြင့်မား တောင့်တင်းသော ခန္ဓာကိုယ်အလှကို ပေါ်လွင်စေပါသည်။

နဂိုဖြူပြီးသား မျက်နှာအလှကိုတော့ နှီရည်လေးလိမ်းပြီး Two way cake လေးဖြင့် ပါးပါးလေးရိုက်လိုက်သည်။ နှုတ်ခမ်းလေးကိုတော့ ပန်းနုရောင်ဖျော့ဖျော့လေး တင်လိုက်တော့ ပြီးပြည့်စုံတဲ့ အလှပိုင်ရှင်လေး ဖြစ်သွားသည်။ ကဲ… ပြီးပြီ။ သူမရဲ့ အလှပြင်ဆင်မှု။ ရွှေအိုရောင်ဆိုးထားသော ဆံပင်များကိုတော့ ခေါင်းစည်းကြိုးလှလှလေးဖြင့် ဦးခေါင်းနောက်မှ စည်းလိုက်တော့ သူမရဲ့ သွယ်လျသောမျက်နှာလေးနှင့် လည်တိုင်လေးကိုပါ ပိုမိုရှင်းလင်း ပေါ်လွင်လာသလိုဖြစ်သဖြင့် အရုပ်မလေးနှင့်ပင်တူနေလေသည်။ အောက်သို့ဆင်းလာတော့ မမရွှေစင်က သူမကို စောင့်နေတာ တွေ့ရသည်။

'မမ'

'နှင်း'

ပြိုင်တူ သူမတို့နှုတ်ဖျားမှ ထွက်ပေါ်လာသည်။

'မမအရင်ပြောလေ'

'သြော်… ဟင်း… ဟင်း… နှင်းလေးက လှလိုက်တာလို့ ပြောမလို့ပါ'





နှင်းကလည်း…

'မမက အရမ်းရှိုင်းနေတယ်လို့ ပြောမလို့၊ ဟင်း… ဟင်း… အတူတူပါပဲ'

မမရွှေစင်က Super saloon ကားလေးကို ကျင်လည်စွာ မောင်းနှင်၍ ဘုန်းထက်သော်ရှိတဲ့ ရက်ကန်းရုံသို့ ဦးတည်သွားနေပါသည်။

မိုးနှင်းဆက်က မမရွှေစင်ဘေးတွင်ထိုင်ကာ မြင်မြင်သမျှ အရာတွေကို လိုက်ငေး၍ နှုတ်မှလည်း အဆက်မပြတ် စကားတွေပြော၍ သိလိုသမျှ မေးနေတော့သည်။ မိုးနှင်းဆက် မန္တလေးမြို့ကို စိတ်ဝင်စားစရာကောင်းမှန်း ယခင်က မသိခဲ့ပေ။ တစ်ခါမှလည်း မရောက်ဖူးခဲ့ပေ။

သူမရဲ့ သူငယ်ချင်းလေး ရတနာက အလည်ခေါ်သော်လည်း တစ်ခါမှရောက်ဖို့ မစဉ်းစားမိခဲ့ပေ။

မမရွှေစင်က သူမ စိတ်ဝင်စားမယ့်နေရာများကို ဖြတ်ကျော်၍ ကားလေးကို တဖြည်းဖြည်းနှင့် လမ်းချိုးတစ်ချိုးသို့ ကွေ့ဝင်၍ လီဗာကို တဖြည်းဖြည်းလေးနင်း၍ ဝင်လာခဲ့သည်။

ထိုလမ်းလေးထဲတွင် ကားများ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ လူများ သွားလာစည်ကားနေသဖြင့် ကားကို ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



လေး မောင်းနေသည်။ ကားထဲမှ သူမလေးကိုလည်း ဖြတ်သွား ဖြတ်လာများက ကြည့်ကြသည်။

ရွှေရောင်ဆံပင်များဖြင့် ဖြူဖွေး၍ လှပသော မျက်နှာပြင်လေးနှင့် လေးထောင့်ဆန်ဆန် ပုံဆန်ဆန်းဆန်း မျက်မှန်ဆီးရောင် အကြည် ဖန်စီမျက်မှန်လေးကြောင့် သူမလေး အရုမ်းကို လှပနေပါသည်။ ခြံဝန်းကျယ်ကြီး တစ်ခြံရှေ့ကိုရောက်တော့ မမရွှေစင်က ကားဟွန်းကို နှစ်ချက်လောက် ဆင့်တီးလိုက်သောအခါ ဟော… မန္တလေးသား ကိုဘုန်းထက်သော် ထွက်လာပါပြီ။

မမရွှေစင်နှင့် မိုးနှင်းဆက်ကိုလည်း မြင်လိုက်တဲ့အခါ…

'ဟာ…'

'တီလေးတို့ပါလား၊ တီလေး သားကို ဘာလို့ကြိုမပြော ထားတာလဲ'

ဘုန်းထက်သော်က ပါးစပ်ကလည်း ပြောနေသော သူ့ရဲ့ မျက်ဝန်းအစုံက မိုးနှင်းဆက်ကိုသာ ကြည့်နေသည်။

'မမရွှေစင်က နောက်မှပို့မယ် ပြောပါတယ် ကိုဘုန်း၊ ဒါပေမဲ့ မီးက အခုသွားချင်လို့ မမရွှေစင်ကို လိုက်ပို့ခိုင်းတာ'

အခုပဲ ရောက်နေပြီ။ ထိတ်ထိတ်ပျာပျာ ဖြစ်နေတဲ့သူကို





မျက်စောင်းဝင့်ကာ မကျေမနပ်ပြောနေတဲ့ မိုးနှင်းဆက်ပုံစံကြောင့် ဘုန်းထက်သော်က ပျာပျာသလဲ ပြန်ဖြေရှင်းတော့သည်။

'ဟာ… မဟုတ်ပါဘူး၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က တီလေးက ကားကြာကြာမောင်းရင် ခေါင်းကိုက်တတ်လို့ပါ၊ ဒါကြောင့်…'

'အို… ဟုတ်လား'

သူမ အံ့ဩမိကာ အားနာမှုတွေပါဝင်ရောက်လာခဲ့သည်။

'ဟုတ်တယ် နှင်းရဲ့၊ မမရွှေစင်က အာရုံစူးစိုက်ပြီး အလုပ်လုပ်ရင် ခေါင်းကိုက်တတ်လို့၊ အဲဒါကြောင့် အလုပ်ရုံကို မမ မလာဖြစ်တာ၊ ဒါပေမဲ့ အခု ဘာမှ မဖြစ်ပါဘူး၊ စိတ်မပူပါနဲ့ ကိုဘုန်းလေး'

တူဖြစ်သူကိုလည်း ပြောမိသည်။ မိုးနှင်းဆက်ကလည်း သူမ ဖွတ်ပူဆာသောကြောင့် မမရွှေစင် လိုက်ပို့ခြင်းဖြစ်သည်။

'ဆောရီးနော် မမ'

'ရပါတယ်ကွယ်'

တူဖြစ်သူမျက်လုံးများ မိုးနှင်းဆက်ရဲ့ မျက်နှာလေးမှ ပခွာပေ။ စူးစိုက်ကြည့်နေသည်ကို ဒေါ်ရွှေစင် မြင်မိ၍ သူမ သက်ပြင်းမောကို မသိမသာလေး မှုတ်ထုတ်၍…



www.burmeseclassic.com

www.burmeseclassic.com



'သား… ကိုဘုန်း'

'ဗျာ'

'တီလေး အလုပ်ရုံမှာ ခဏနေလိုက်မယ်၊ သား ခဏနေရင် နှင်းကို ဦးပိန်တံတားဘက် လိုက်ပြလိုက်ပါဦးကွယ်'

'ဟုတ်ကဲ့ အန်တီလေး'

မိုးနှင်းဆက်လည်း စိတ်မကောင်းဖြစ်သွားကာ…

'နေပါစေတော့ မမရွှေစင်၊ မီး မသွားတော့ဘူး၊ မမရွှေစင်နားမှာပဲ နေတော့မယ်'

'အို… မဟုတ်တာကွယ်၊ ညီမလေးကလည်း မမစိတ်မကောင်းအောင်၊ သွား… လိုက်သွားလိုက်ပါ'

တူဖြစ်သူဘုန်းထက်သော်က ဘယ်လောက်တောင် လိုက်ပို့ချင်နေသည်မသိ။ ဖင်တကြွကြွဖြစ်နေသည့် တူဖြစ်သူရဲ့ပုံစံကြောင့် ကိုဘုန်း… မင်းလည်း ဝေဒနာတွေ တိုးဦးတော့မှာပါပဲ။ ကိုဘုန်းကိုတော့ သူမ အရိပ်အမြွက်လောက်တော့ သတိပေးမှပဲ။

'မမရွှေစင် ဒါဆို မီး ခဏလိုက်သွားဦးမယ်၊ မမရွှေစင်ပါ တစ်ခါတည်း လိုက်တာမဟုတ်ဘူး၊ မီးတော့ ပျင်းစရာဖြစ်မှာပဲ'

သူနှင့်နှစ်ယောက်တည်း သွားရမှာဖြစ်သဖြင့် သူမ ရင်ထဲ





တွင် လှိုင်းများ တဝုန်းဝုန်းနှင့် တိုက်ခတ်နေသလို ဖြစ်နေသည်။

'ဦးပိန်တံတားဘက်မှာ အရမ်းစည်ကားတာ၊ နှင်း မပျင်းစေရပါဘူးကွယ်၊ ဟင်း… ဟင်း'

'သား ကိုဘုန်း'

'ဗျာ…'

'နှင်းကို စိတ်ဝင်စားမယ့် နေရာလေးတွေ လိုက်ပြနော်'

'ဟုတ်ကဲ့ တီလေး၊ စိတ်ချပါ'

ဟု ပြောပြီး ရှေ့မှ ခြေလှမ်းလှမ်း ကျဲကျဲများဖြင့် သွားမိသည်။ မသွားလို့က မဖြစ်။ သူမလေးက တီလေးနားမှာ ပေကပ်ကပ် ညစ်ကျယ်ကျယ်ပုံစံဖြင့် ရပ်နေတာကို တွေ့လို့ပင်ဖြစ်သည်။ သူ့စိတ်ကလည်း သူမလက်ကိုဆွဲပြီး လျှောက်သွားချင်စိတ်တွေ ဖြစ်မိသည်။ ဆန်းကြယ်စွာ သူ့တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောလေးများ တဖျတ်ဖျတ်နှင့် လှုပ်ရှားနေကြသည်။

မိုးနှင်းဆက် ကားနောက်ခန်းတံခါးကို ဖွင့်မည်လုပ်ပြီးမှ ဘုန်းထက်သော်က တည်ငြိမ်သောအသံဖြင့်…

'နှင်း… ကျေးဇူးပြုပြီး ရှေ့မှာ လာထိုင်ပေးပါ'

သူမ ဘာမှမပြောဘဲ ကားရှေ့ခန်းမှာ လာထိုင်သည်။ မိုးနှင်းဆက်က ကားကို ကိုယ်တိုင်မောင်းသည်။ ကားစထောင်း



www.burmeseclassic.com

www.burmeseclassic.com



တတ်ခါစကတည်းက ရွယ်တူသူစိမ်းယောကျ်ားလေးမောင်းသော ကားကို ရင်ခုန်မှုများဖြင့် ပထမဦးဆုံးအကြိမ် စီးခြင်းပင်ဖြစ်သည်။

ကားလေး စထွက်သည်နှင့် ကားပေါ်မှာ တိတ်ဆိတ်မှုများဖြင့် ကြီးစိုးနေသည်ကို ဘုန်းထက်သော် ဖြိုခွင်းလိုက်သည်။

'နှင်း'

သူမ မျက်လုံးလေးများဖြင့် ထူးမိသည်။

'ကျွန်တော်တို့ ဦးပိန်တံတားဘက် အရင်သွားရအောင်နော်'

'အင်း... သွားလေ'

'နှင်း... ကျွန်တော်နဲ့ သွားရတာ စိတ်မပါဘူးနဲ့တူတယ်'

'မဟုတ်ပါဘူး၊ မီး မမရွှေစင်ကို ဒုက္ခပေးသလို ဖြစ်သွားလို့ပါ'

'ကျွန်တော်က အဲဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး၊ တီလေး ဖုန်းဆက်ရင် ကျွန်တော် လာခေါ်မှာပါ၊ နှင်း ကျွန်တော့်ကို စိတ်မဆိုးပါနဲ့'

'ရပါတယ် ကိုဘုန်း'

သူမ စိတ်ဆိုးမှာကြောက်နေသည့် ဘုန်းထက်သော်ကို ကြည့်၍ မိုးနှင်းဆက်ရဲ့ စိတ်ထဲတွင်လည်း နှင်း စိတ်ဆိုးနေတာ မဟုတ်ပါဘူး။ လှုပ်ရှားကုန်ယင်နေတဲ့ သူမရဲ့ နှလုံးသားလေးကို





ငြိမ်သက်အောင် ထိန်းနေလို့ပါဟု ပြောမိသည်။

တောင်သမန်အင်း ဦးပိန်တံတားနားရောက်တော့ ကားလေးကို စားသောက်ဆိုင်လေးများနားတွင် ရပ်ထားလိုက်သည်။

'နှင်း... ကျွန်တော်တို့ တစ်ခုခုစားရအောင်'

သူမ သူပြောသော စကားများကို ခေါင်းညိတ်မိသည်။

မိုးနှင်းဆက်၏ မျက်နှာလေးသည် နေပူရှိန်ကြောင့် ပါးပြင်လေးတစ်လျှောက် သွေးကြောမျှင်မျှင်လေးများကို လှပစွာ တွေ့ရသည်။ သူမလေးက ဘေးမှာကပ်၍ပါလာသော ဘုန်းထက်သော်ကိုကြည့်မိသည်။ အသားညိုသော်လည်း စိုပြည်၍ ယောကျ်ားပီသသော ရုပ်ရည်နှင့် ရှပ်အင်္ကျီလက်တို အဖြူကွက်လေးနှင့် ဆိပ်ခွန်ပုဆိုးလေး တွဲဝတ်ထားတဲ့ သူ့ပုံစံလေးမှာ မိုးနှင်းဆက်အတွက် ရင်ခုန်ချင်စရာပါ။

သူမတို့နှစ်ယောက် စားသောက်ဆိုင်လေးမှာ ဝင်ထိုင်၍ ဆီချက်နှစ်ပွဲနှင့် Code အအေးနှစ်ဘူးကို မှာ၍ စားသောက်လိုက်ကြသည်။

သူနှင့် မိုးနှင်းဆက်တို့နှစ်ယောက်ကြားမှာ ပြန်လည် စိုပြည်လာခဲ့သည်။ စားသောက်ပြီး သူမတို့နှစ်ယောက် ဖြည်းဖြည်းချင်း ဦးပိန်တံတားပေါ်မှာ လမ်းလျှောက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းဆက်ကတော့ ထူးဆန်း၍နေသည်။ စိတ်ဝင်စားစွာ ဦးပိန်တံတားတိုင်ကြီးများကို ကိုင်ကြည့်လိုက် အောက်ငုံ့ကြည့်လိုက်နှင့် လျှောက်လာကြသည်။

ဘုန်းထက်သော်က ဦးပိန်တံတားကြီးအကြောင်းကို ပြည့်စုံစွာ သေချာရှင်းပြသည်။ နေပူရှိန်ကြောင့် သူမလေးရဲ့ ပါးပြင်မို့မို့လေးတွေ ရဲနေသည်မှာလည်း လှပ၍နေသည်။

သူမရဲ့ ဖိနပ်အမြင့်လေးကြောင့် လျှောက်လှမ်းရင် ဟန်ချက်ပျက်ချင်တဲ့ သူမကို သူက…

'နှင်း ကိုယ့်လက်ကို တွဲထားလိုက်နော်'

သူမ ဖိနပ်ကိုထိန်းပြီး လမ်းလျှောက်နေရသဖြင့် စိတ်မောနေမိသဖြင့် သူပြောသလိုပင် ဘုန်းထက်သော်ရဲ့လက်ကို တွဲလိုက်သည်။ ပူနွေးသော ဘုန်းထက်သော်ရဲ့ လက်ဝါးပြင်ထဲမှာ နှင်းရဲ့ လက်နုနုလေးသည် ခွန်အားများပြည့်လာသလိုခံစားလိုက်ရသည်။

တစ်နေ့ညက ရတနာတို့အိမ်မှအပြန် သူ့ရင်ခွင်ထဲ ခဏတာ ရောက်သွားမိတာကို စဉ်းစားမိရင် ရှက်သွေးများဖြင့် သူမရဲ့ လက်ကလေးကို သူ့ရဲ့ နွေးထွေးတဲ့ လက်ချောင်းများကြားမှာ မသိမသာလေးရုန်းမိတော့ သူက သူမကိုလည်းမကြည့်ဘဲ သူမရဲ့ လက်ကလေးကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။





'အို…'

မိုးနှင်းဆက် သူ့မျက်နှာ ညိုစိမ့်စိမ့်လေးကို ကြည့်မိတော့ နူးညံ့ရီဝေတဲ့ မျက်ဝန်းအစုံနှင့် ပြုံးနေသော နှုတ်ခမ်းတို့ကို တွေ့လိုက်ရသည်။

သူမရဲ့နှလုံးသားရိုင်းလေးထဲသို့ အိုအေစစ်အချစ်ကလေး တစ်ခု စီးဆင်းသွားသလို အေးမြသွားသည်။ခက်တော့နေပါပြီကွယ်။ သူမ ရှက်သွေးများဖြင့် မျက်နှာလေးအောက်ချကာ အတူတွဲ၍ လျှောက်လှမ်းနေရသည့် ကြည်နူးမှုလေးကို အမိအရဖမ်းဆုပ်လိုက်ပါပြီကွယ်။

သူမ အချစ်ကို ပထမဦးဆုံး ရှာဖွေတွေ့ရှိခဲ့တာနှင့် တစ်ပြိုင်နက် ကိုကိုကြီးကို သတိရသွားမိသည်။ ကိုကိုကြီးရေ မီးတော့ ကိုကိုကြီး ဝင်ရှုလည်တော့မယ် ထင်ပါတယ်။ ကိုကိုကြီးကိုလည်း ကိုယ်ချင်းစာစိတ်လေးများ ဖြစ်သွားသည်။

မိုးနှင်းဆက်သည် သူနှင့် တစ်ခဏလေးတွေ့ဆုံပြီး သူ့အပေါ် နှစ်ဝင်မှုတွေရှိသွားခဲ့ရင်…

ကိုကိုကြီးရော သူ့ချစ်သူအပေါ်မှာ ဘယ်လောက်များ ခံစားနေရရှာမလဲ ကိုကိုကြီးရယ်… မီး မှားသွားပါပြီ။ မီးကို ခွင့်လွှတ်ပါ။ မီး ကိုကိုကြီးရဲ့ ဝေဒနာတွေကို ကိုယ်ချင်းစာတတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ။ မီး ကိုကိုကြီးနဲ့ ကိုကိုကြီးရဲ့ချစ်သူ ထားဆိုတဲ့ မမကို မခွဲတော့ပါဘူး။

'နှင်း ဘာတွေစဉ်းစားနေတာလဲ'

သူမရဲ့ မျက်နှာအရိပ်အကဲကို သေချာကြည့်နေသော ကိုဘုန်းရဲ့ စကားသံကြောင့်…

'ဟို… ဘာမှမဟုတ်ပါဘူး ကိုဘုန်း၊ မီး ရန်ကုန် အကြောင်းတွေ စဉ်းစားနေတာပါ'

ဘုန်းထက်သော် စိုးထိတ်မိသွားသည်။ ရန်ကုန်မှာကျန်တဲ့ သူမရဲ့ချစ်သူကိုများလား၊ ကိုယ်နောက်ကျသွားပြီလား။ သူ့စိတ်ထဲမှာ မိုးနှင်းဆက် မျက်နှာလေးကိုကြည့်၍ ရင်မောနေမိသည်။

ခုံတန်းလေးတစ်ခုမှာ အမောပြေ သူတို့နှစ်ယောက်ထိုင်မိကြတော့ နှင်းရဲ့ ဖြူဝင်းသော ပန်းရောင်အသားအရေလေးမှာ ချွေးများဖြင့် ရွှဲနစ်နေသည်။

ဘုန်းထက်သော်က သူမကို သူ့ရဲ့လက်ကိုင်ပဝါလေး လှမ်းပေးမိသည်။

'အို… ရပါတယ် ကိုဘုန်း'

'ကိုယ့်လက်ကိုင်ပဝါက အသန့်ပါ နှင်း'

သူက လက်ကိုင်ပဝါမယူတာကို တစ်မျိုးထင်နေသည်။





နှင်းကလည်း မမရွှေစင် ကားပေါ်မှာ အိတ်ကျန်ခဲ့သဖြင့် ဘာပစ္စည်းမှ မပါလာခဲ့ပေ။ သူမက အားနာလို့ သူ့ရဲ့ လက်ကိုင်ပဝါကို မယူတာပါ။ ဘုန်းထက်သော်က သူမရဲ့ နားထင်စပ်လေးများမှ ချွေးများစီးနေတာကို မြင်ရော သူ စိတ်မရှည်စွာဖြင့် သူမမျက်နှာလေး ဖွဖွလေးသုတ်ပေးမိသည်။

'အို…'

သင်းပျံ့သော ရနံ့လေးတစ်မျိုးနှင့် ခပ်ဖွဖွလေး ချွေးသုတ်ပေးသည့် ကိုဘုန်းရဲ့အပြုအမူကြောင့် သူမရင်ထဲမှာ တသိမ့်သိမ့်ဖြင့် ငြိမ့်ငြိမ့်လေးရင်ခုန်သွားမိသည်။ သူမက ရှက်ရွံ့စွာ လက်ကိုင်ပဝါလေးကို လှမ်းယူလိုက်မှ သူက ရှက်ရွံ့သောအပြုံးဖြင့်…

'Sorry နော် နှင်း၊ နှင်း ပင်ပန်းနေပြီ၊ ကိုယ်တို့ ပြန်ကြရအောင် နှင်း၊ မနက်ဖြန်ကျရင် မနက်ဖြန်စောစော နေမထွက်ခင် နှင်းသွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်'

'တကယ်လား'

ဟု သူမ မေးမိတော့ ဘုန်းထက်သော်က…

'တကယ်ပေါ့ နှင်းရဲ့၊ နှင်း ဘယ်နေရာတွေရောက်ဖူးလဲ'

'ဘယ်မှမရောက်ဖူးသေးဘူး၊ ဒါ ပထမဦးဆုံး၊ အင်း… မန္တလေးတစ်မြို့လုံး အနှံ့သွားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်ထဲရှိတာ ပြောမိသည်။

'တကယ်လိုက်ပို့နော်'

မယုံသလိုလေး ပြောနေသည့် နှင်းရဲ့ မျက်နှာလေးကို ကြည့်၍ သူ့ရင်ခုန်သံတွေကို မနည်းထိန်းချုပ်ထားရသည်။

'တကယ်ပါ နှင်း၊ စိတ်ချပါ'

သူမလေးနှင့်သူ နှစ်ယောက်တည်း နေရာအနှံ့ သွားချင်နေမိပါသည်။ သူ့အနားမှာ သူမကို အမြဲတမ်းထားချင်ပါသည်။ သူမလေးမှာ သူ့အရင် ဆိုင်သူရှိခဲ့ဖူးပြီလား။ သူ စိုးထိတ်မိသည်။ သူ ရင်မောစွာဖြင့် ရင်ခုန်နေရဦးမှာပါလေ။ သူကတော့ သူမလေးရဲ့ လက်ကလေးကိုဆွဲ၍ ကားဆီသို့ လှမ်းလ[illegible]သည်။

ဘုန်းထက်သော်တစ်ယောက် နေမြင့်လေ အရူးရင့်လေ ဖြစ်နေပြီထင်တယ်။ အလုပ်ရုံကိုရောက်တော့ တီလေးက သူ့ရဲ့တူဖြစ်သူ ဘုန်းထက်သော်ပုံစံကိုကြည့်၍ သူမ တစ်ခုခုကို နားလည်လိုက်ပါပြီ။

'ကိုဘုန်း'

တီလေးမှာတောင် ဝေဒနာတွေ တနင့်တပိုးကြီးနဲ့ မင်းရဲ့ ဝေဒနာကိုပါ တီလေး မခံစားပါရစေနဲ့ကွယ်။

❖





## အခန်း (၁၇)

မိုးနှင်းဆက် အိပ်ရာမှနိုးတော့ တိတ်ဆိတ်နေသဖြင့် သူမ အခန်းထဲမှထွက်ကာ မမရွှေစင်ကို ရှာကြည့်လိုက်တော့ ဘုရားခန်းထဲတွင် ဘုရားဝတ်ပြုနေသော မမရွှေစင်ရဲ့ ပုံစံလေးကြောင့် မိုးနှင်းဆက် ရင်အေးသွားသည်။

မမရွှေစင်ရဲ့ မိန်းမပီသသော အရည်အချင်းတစ်ခုကို တွေ့မြင်မိသည်။ မိုးနှင်းဆက်က ဘယ်တော့မှ မနက်စောစော ထပြီး ဘုရားရှိမခိုးတတ်ပေ။ မေ့နေမိသည်။ သူမရဲ့စိတ်ကိုလည်း ရန်ကုန်ရောက်ရင် ပြန်လည်ပြုပြင်ဖို့ စဉ်းစားမိသည်။

မမရွှေစင်သည် အသက်အရွယ်ငယ်သော်လည်း တူဖြစ်သူ ဘုန်းထက်သော်ကို လူတော်လူကောင်းလေးဖြစ်အောင် ပြုစုစောင့်ရှောက်ခဲ့သည်။

ကိုကိုကြီးလည်း မိုးနှင်းဆက်ကို ပြုစုစောင့်ရှောက်ခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘုန်းထက်သော်က ကျောင်းပြီးလို့ လုပ်ငန်းခွင်ထဲ ဝင်တော့ သူ့ရဲ့လုပ်ငန်းကို အောင်မြင်အောင်လုပ်ခဲ့သဖြင့် တကယ်ကို အရွယ်ငယ်ငယ်နှင့် စီးပွားရေးလုပ်ငန်းရှင် ဖြစ်ခဲ့သည်။

သူမကတော့ ကျောင်းပြီးတော့ ကိုကိုကြီးအလုပ်မှာ ဝင်ကူဖို့ နေနေသာသာ သူမ သွားချင်တာ နေရာတွေလျှောက်ပြီး ကားမောင်းသည်။ လုပ်ငန်းကို အောင်မြင်အောင် ဘုန်းထက်သော် လုပ်နေသည့်အချိန်မှာ သူမကတော့ ကိုကိုကြီး ဖွင့်ပေးထားသော Bank Account ထဲက ငွေတွေကို ဘယ်လိုသုံးရမလဲဟု စဉ်းစားနေတတ်သည်။ ဟင်း... သူမပုံစံကို စဉ်းစားမိရင် တွေးပြီး ပထမဦးဆုံးအကြိမ် ရှက်မိသည်။ ဘုရားခန်းဝ[illegible] စဉ်းစားရင် ရပ်နေသည်။ မိုးနှင်းဆက်ကို တွေ့ရ၍ မမရွှေစင်က...

'ဟော... နှင်း အစောကြီးနိုးနေပါလား'

'အင်း... ဟုတ်တယ် မမရွှေစင်၊ မီးကို ဒီနေ့ ကိုဘုန်းက မန္တလေးတစ်မြို့လုံးကို လိုက်ပို့ပေးမယ်ဆိုလို့၊ အဲဒါ မီး စောစောနိုးနေတာ'

ရွှေစင်က သူမကြိုတင်မသိထားသော ကိစ္စဖြစ်သဖြင့်...

'ဩော်... ဟုတ်လား'

ပျက်သွားသော မျက်နှာကိုပြင်ရင်း...





'မမရွှေစင် မီးတို့နဲ့ လိုက်ခဲ့ပါလား'

မိုးနှင်းဆက် ခေါ်မိတော့...

'နှင်းတို့ပဲ သွားကြပါ၊ မမက ဖုန်းစောင့်စရာ ကိစ္စလေးတွေ ရှိသေးလို့၊ နှင်းတို့နှစ်ယောက်ပဲ သွားကြပါကွယ်၊ နေမပူခင် သွားကြ၊ ပြီးရင် စောစောလေး ပြန်လာနော်'

'ဒါဆို မမ နှင်း ရေချိုးလိုက်ဦးမယ်၊ ပြီးမှ အောက်ကို ဆင်းလာခဲ့မယ်နော် မမ'

သွက်လက်ရွှင်လန်းစွာဖြင့် သူမရဲ့ အခန်းထဲသို့ ဝင်သွားသည်။ မိုးနှင်းဆက် ကိုယ်လုံးလေးကိုကြည့်၍ ထားရွှေစင်တစ်ယောက် သက်ပြင်းမောကို အကြိမ်ကြိမ်မှုတ်ထုတ်မိသည်။

ရှေ့ဆက် ဘာတွေဖြစ်လာမလဲဆိုတာကို သူမ မတွေးရဲပေ။ ကံကြမ္မာရဲ့ စီမံရာအတိုင်းပဲပေါ့။ မိုးနှင်းဆက်ရဲ့ စိတ်က ဘာကိုမျှ အလေးအနက်ထားတာ မဟုတ်ပေ။

သူမတူဖြစ်သူ ဘုန်းထက်သော်သာ အသည်းမှာဒဏ်ရာတွေနှင့် ကျန်ခဲ့မှာသာဖြစ်သည့်အတွက် သူမ ပူပန်နေမိသည့် စိတ်ကို ရင်မှာပိုက်ရင်း အောက်သို့ဆင်းလာခဲ့သည်။

ထမင်းစားခန်းရောက်တော့ ဘုန်းထက်သော်က သူမထက်အရင် ကြိုရောက်နေပြီး လက်ဖက်ရည်နှင့်မုန့် စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သား... ကိုဖုန်း'

'တီလေး... ကျွန်တော် ဗိုက်ဆာလို့ အရင်စားနှင့်တာ၊ တီလေး'

'ရတယ် သား'

'တီလေးလည်း ဘုရားခန်းမှာ နည်းနည်းကြာသွားလို့' သူမ အဓိဋ္ဌာန်ပုတီးစိပ်နေသဖြင့် ကြာသွားချင်ဖြစ်သည်။

ထားရွှေစင်ရဲ့ မျက်နှာလေးမှာ ညှိုးရော်နေသည်။ ကိုဘုန်း ထက်သော် တွေ့မြင်သဖြင့်...

'တီလေး... တီလေး နေမကောင်းဘူးလား'

'ကောင်းပါတယ်ကွယ်၊ တီလေးစိတ်ထဲမှာ တစ်ခုခု အတွက် စိုးထိတ်နေမိလို့ပါကွယ်'

'ဘာအကြောင်းလဲ တီလေး'

'နောက်တော့ သားကိုပြောပြမယ်'

'ဒါနဲ့ တီလေးကို ကျွန်တော် မေးမယ်၊ မေးမယ်နဲ့ မမေးဖြစ်လိုက်ဘူး၊ ညော့သည်လည်းရှိနေတော့၊ တီလေး ပြောတော့ ရန်ကုန်မှာ တီလေးရဲ့လူကြီးနဲ့ ပြန်တွေ့တယ် ဆို၊ အဲဒါ...'

'ဆက်မမေးပါနဲ့ သားရယ်၊ တီလေး မဖြေချင်ဘူး'





မျက်ရည်များဝဲ၍ အတင်းငြင်းနေသော ဒေါ်ထားရွှေစင် ကိုကြည့်၍...

'ဟာ... တီလေးရယ်'

သူ့ရဲ့အဒေါ် အပျိုကြီးသည် ရုပ်ရည်အားဖြင့် အပြစ်ပြော စရာမရှိ။ သူနှင့် မတိမ်းမယိမ်းအသက်လောက်တောင် ထင်လို့ရ အောင် နုပျိုသည်။ မန္တလေးမှာရော အမရပူရမှာရော သူမကို လာရောက်တောင်းရမ်းစေ့စပ်တဲ့သူတွေ သူငယ်ငယ်ကတည်းက များပြားစွာ ရှိခဲ့တာကို သူ့ရဲ့ တီလေးက သူမရဲ့ ငယ်ချစ်မှ ငယ်ချစ်ဖြစ်နေသဖြင့် သူက နားလည်စွာဖြင့် တီလေးကို ဆက် သွယ်ခွင့်ပေးခဲ့သော်လည်း ငယ်ကချစ် အနှစ်တစ်ရာ မမေ့ဆိုသော သူတွေ ဘာအကြောင်းကြောင့်များ နှောင့်နှေးကြန့်ကြာနေကြတာ လဲဆိုတာ သူသိချင်မိသည်။ ရှိစေတော့။ တီလေးရဲ့ ဝေဒနာတွေ ကို သူ အခု မတူးဆွချင်သေးပါဘူး။

လေကားပေါ်မှ ပြေး၍ဆင်းလာသည့် မိုးနှင်းဆက်။

နတ်ပြည်မှ နတ်သမီးလေး နတ်သက်ကြွေလာသလား အောက်မေ့မိတယ်။ အပေါ်အောက် ပန်းနုရောင်ဝမ်းဆက်လေးဖြင့် သူမရဲ့ အသားအရေ ပန်းနုရောင်လေးနှင့် ဘောင်းဘီက ဒူးတစ် ဝက်လောက်ရှိသည့် ဂျင်းအပျော့သားလေးကို အပေါ်မှ ကြိုးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းတည်း အင်္ကျီလက်ပြတ်လေးကို အပေါ်မှ အပါးသားလက်ရှည်လေး ဝတ်ထားသည့် သူမပုံစံလေးမှာ အင်္ကျီလေးက တလွှင့်လွှင့်လေးဖြင့် လှပနေပြန်သည်။ ပန်းနုရောင်တွေ တစ်ကိုယ်လုံးလွှမ်းခြုံနေသည့် သူမလေးရဲ့ ဆံနွယ်လေးများနှင့် အရမ်းကို ကဗျာဆန်နေပါပြီ။

ဘုန်းထက်သော်ရဲ့ အသားအရေမှာ ညိုသည့်ဘက်ကို လှနေသော်လည်း သူတစ်ယောက်တည်းဆိုရင်တော့ ယောကျာ်းပီသသောရုပ်ရည်နှင့် စိုပြည်သော အသားအရေနှင့် ကြည့်ကောင်းသော ရုပ်ရည်ပိုင်ရှင်မျိုးလေးနှင့် ဖြစ်သည်။

ပိရိသေသပ်သော နှုတ်ခမ်းတစ်စုံနှင့် ညို့အားပြင်းတဲ့ မျက်လုံးပိုင်ရှင်ဖြစ်သဖြင့် မန္တလေးမှာလည်း လူချောစာရင်းဝင်ပြီး လူချမ်းသာစာရင်းဝင်လုပ်ငန်းရှင်တစ်ယောက် ဖြစ်သဖြင့် သမက်တော်ချင်သူတွေ အများပင်ဖြစ်သည်။

မိုးနှင်းဆက်နှင့် ယှဉ်လိုက်ရင်တော့ ချောမောလှပမှုနှင့် မိုးနှင်းဆက်ရဲ့ အသားအရေဖြူဝင်းတောက်ပမှုများကြောင့် အနည်းအကျဉ်းတော့ သူ့ရဲ့ အသားညိုမှုကို ပထမဆုံး စိတ်ပျက်မိသည်။

'တီလေး… တီလေးပါ လိုက်မယ်မဟုတ်လား'

'မလိုက်တော့ဘူး သား၊ မင်းတို့ပဲ သွားကြပါ၊ နှင်းကို





တော့ ဂရုစိုက်နော်၊ သူက ဧည့်သည်၊ စိတ်မညစ်စေနဲ့'

'စိတ်ချပါ တီလေး'

'မမရွှေစင် မီးတို့သွားမယ်'

'အေး… အေး…'

'သားကိုဘုန်း ကားကို ဂရုစိုက်မောင်းနော်'

'ဟုတ်ကဲ့ တီလေး'

'မမရွှေစင် တာ့တာ'

သူမကို လက်လေးလှမ်းပြ၍ ကားပေါ်ပါသွားသည့် အပြစ်ကင်းစင်သည့် မိန်းမလှကိုကြည့်၍ သူမတို့တူအရီးနှစ်ယောက်ကတော့ သံယောဇဉ်တွေ ဖြစ်နေမိသည်။

သူမလေးကရော ထားဆိုတာ သူမမှန်းသိသွားရင် သူ့အပေါ်မှာ သိရဲ့သားနဲ့ လိမ်ညာလှချည်လားဟု အပြစ်တင်မှာကို မမ စိုးရိမ်မိပါသည်။ ကားကိုရပ်ကြည့်နေရင်းမှ သူမနှင့် ကိုမိုးတို့အတွဲတုန်းကလည်း ကျောင်းမှာ ညိုချောသော သူမနှင့် ဖြူဖွေးနေသော ကိုမိုးကိုကြည့်၍ လူပြောများခဲ့သည်ပဲလေ။

ကိုမိုးတို့မောင်နှမနှစ်ယောက်က ရန်ကုန်သား ရန်ကုန်သူများ ပီသစွာပင် ဖြူဖွေးချောမောလှပကြသည်။ ကားလေးက တရိပ်ရိပ်နှင့် ဖြည်းဖြည်းမှန်မှန်လေး မောင်းနှင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဘုန်း'

'ဗျာ...'

'အခု ဘယ်သွားမှာလဲ'

'မန္တလေးမှာရှိတဲ့ တန်ခိုးကြီးဘုရားဖြစ်တဲ့ 'မန္တလေး မဟာမြတ်မုနိဘုရားကြီး' ကို အရင်သွားမယ်နော် နှင်း'

'သွားလေ'

'မီးကမှ နေရာတွေမသိတာ၊ ကိုဘုန်းသွားတဲ့နောက် လိုက်ရမှာပဲ'

'တကယ်လိုက်မှာနော်'

'အိုး...'

'ဘယ်လိုဖြစ်နေတာလဲ'

စူးလဲ့စွာ စိုက်ကြည့်၍ပြောသည့် သူ့ကို မျက်စောင်းလေး မူနွဲ့စွာ ဝင့်မိသည်။ ဘုန်းထက်သော်ရဲ့ ရင်ထဲမှာလည်း ဒေါသ မပါသော မျက်စောင်းလေးများကို ကျေနပ်စွာခံယူမိသည်။

'ဟွန်း...'

ဘုန်းထက်သော်က သူမကို မဟာမြတ်မုနိ ဘုရားကြီး၊ မန္တလေးတောင်ပေါ်တို့ကို လိုက်ပို့ပြီး သူသိသမျှတို့ကို မိုးနှင်းဆက် ကို ရှင်းပြခဲ့သည်။





'မန္တလေးက နေချင်စရာနော် ကိုဘုန်း'

'ရန်ကုန်ကလာတဲ့သူတွေက ဒီလိုပဲ ပြောတာပဲဗျာ၊ ဒါပေမဲ့ ကြာရှည် မန္တလေးသား မန္တလေးသူတွေလောက် သူတို့ ဒီဒေသမှာ မပျော်ကြပါဘူးဗျာ'

'မီး တကယ်ပြောတာပါ'

'ရန်ကုန်မှာက မီးမရောက်ဖူးတဲ့နေရာ မရှိသလောက်ပဲ၊ ကြာတော့ ငြီးငွေ့ပြီး ပျင်းလာပြီး ကားတွေများ လူတွေ က များနှင့် တစ်ခါတစ်ရံ မွန်းကျပ်နေတဲ့စိတ်တွေက အခု မန္တလေးကိုရောက်မှပဲ ပြေလျော့သွားတော့တယ်'

'ဒါဆိုရင် မန္တလေးမှာနေပါလား'

'ရှင်...'

'မီးမှာ မန္တလေးမှာမှ အိမ်မရှိတာ'

'ကျွန်တော်တို့အိမ်မှာနေလေ'

သူ့ရည်းစားစကားက အဆန်းမို့ သူမ ရယ်မောမိသည်။

'အဟင်း... ဟင်း...'

'နှင်း... ကျွန်တော့်စကားကို မရယ်ပါနဲ့၊ ကျွန်တော် တကယ်ပြောတာ၊ နှင်းကို ကျွန်တော် မြင်မြင်ချင်း စိတ်ဝင်စားပြီး ချစ်မိတယ်၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူးဘူး၊ နှင်းကို...'

ပြောနေရင်းမှ သူက စကားဆက်မပြောတော့ဘဲ နှင်းရဲ့ လှောင်ရိပ်သန်းနေတဲ့ မျက်နှာလေးကိုကြည့်၍...

'နှင်း ကိုယ့်ကိုဘယ်လိုသဘောထားလဲ နှင်း၊ ကိုယ့်အပေါ် တော်တော့်လည်တဲ့ ကိုရွှေမန္တလေးသားပါလား။ နှင်း လက်တစ်ဖက်ကိုလည်း သူ့လက်ဖြင့် အုပ်မိုးထားတယ်။

'နှင်း...'

ငုံ့လင့်နေတဲ့ သူ့မျက်နှာကိုကြည့်၍လည်း နှင်း ရင်ထဲမှာ တစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်ဝင်လာကာ ဘာမှမပြောဘဲ ငြိမ်နေတဲ့ နှင်းကို သူက အားမရစွာဖြင့် ပခုံးလေးကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်၍...

'နှင်း'

ငုံ့နေသော မိုးနှင်းဆက်ရဲ့ မျက်နှာပေါ်သို့ ဆံနွယ်လေးများ ပျော့ပျောင်းစွာကျနေသည်ကို ဘုန်းထက်သော်က လေဖြင့် မှုတ်၍ ကျီစယ်လိုက်သည်။

'အို... ကိုဘုန်း၊ ဘယ်လိုဖြစ်နေတာလဲ'

'ကိုယ် ဘာဖြစ်လို့လဲ၊ နှင်းကို ချစ်နေတာလေ'

'သွား'





'ဘယ်ကိုသွားရမှာလဲ၊ နှင်းနားမှာနေတာ နာရီဂိုင်း လောက်ပဲ ရှိသေးတယ်၊ မောင်းထုတ်နေပြန်ပြီကွာ၊ တကယ်ရက်စက်တယ်'

'နှင်း'

'ဟင်...'

'ကိုယ်မေးတာ ဖြေလေ'

'ဘာလဲ... ဘာဖြေရမှာလဲ'

'ကိုယ့်ကိုချစ်လား'

'အို... ဟိုမှာ လူတွေနဲ့'

ဟုပြောကာ သူ့အနားမှပြေးထွက်သွားသည့် နှင်းနောက်ကို သူ ခြေလှမ်းကျဲကြီးများဖြင့် အမီလိုက်ကာ နှင်းလက်ကလေးကို အမိအရဆွဲ၍ ပခုံးလေးကိုပါ သူ တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။

'နှင်းနော်... ကိုယ်မေးနေတာကို မဖြေသေးဘူးနော်၊ နှင်းမှာ ကိုယ့်ထက်ချစ်ရမယ့်သူများ ရှိနေပြီလား'

'မရှိပါဘူး၊ ကိုဘုန်းကလည်း ဘာတွေမေးနေတာလဲ'

'ဒါဆိုရင် ကိုယ့်ကို...'

'သွား'

မိုးနှင်းဆက်က ဘုန်းထက်သော်ရဲ့လက်ဖြင့် ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



သော သူမရဲ့ ပခုံးလေးကိုရှုန်းတော့ သူက မလွှတ်တဲ့အပြင် ပိုမိုတင်းကျပ်စွာ ဖက်တွယ်၍ သူမမျက်နှာကို ငုံ့မိုးကြည့်နေသော သူ့ရဲ့မျက်နှာမှာ နှုတ်ခမ်းလွန့်လွန့် လှုပ်ခတ်၍ သူမကို ဖောင်းပန်တိုးလျှိုးနေသည်။ ပန်းသီးလေးတစ်လုံးလို နီရဲသွားသည့် နှင်းရဲ့ မျက်နှာလှလှလေးကို စိုက်ကြည့်ကာ နုဖတ်နေသော သူမရဲ့ လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်မိသည်။

သူမရဲ့ နားနားမှာကပ်ပြီး…

'နှင်း ကိုယ့်ကို ချစ်တယ်နော်'

ကိုဘုန်းတစ်ယောက် ဇွတ်အတင်းပဲ မျက်နှာနားသို့ ငုံ့၍ ဖက်တွယ်မေးနေသည့် ဘုန်းထက်သော်ရဲ့ နှာခေါင်းချွန်ချွန်လေး တိုးကပ်လာတော့ သူမရဲ့ မျက်နှာလေး ရှောင်တိမ်းဖို့ အချိန်မရလိုက်ပေ။

'အို…'

အရာရာတိုင်းဟာ မိုးနှင်းဆက်နှင့် ဘုန်းထက်သော်တို့ရဲ့ ရင်ခုန်သံများကြောင့် နေရောင်ခြည်အောက်မှာ အိုအေစစ်ရေအိုင်ငယ်လေး ဖြစ်ထွန်းသွားခဲ့သည်။

❖

'နှင်း ဇကိုယ့်ကို ချစ်တယ်နော်'

ဖိုးလပြည့်စာပေ



'လူတစ်ကိုယ်လုံးတောင် သူ့ရင်ခွင်ထဲ ရောက်နေဘာ ကိုများ မေးနေရသေးလား၊ ကိုသာ နှင်းကို အညှာလွယ်တယ်ထင်မှာ စိုးရတယ်'

'ဟာကွာ'

သူ နှင်းရဲ့ နှုတ်ခမ်းလေးကို ညင်သာစွာ လက်ဖြင့် ခပ်ဖွဖွလေးပိတ်၍…

'နှင်းရယ်… ဒီလိုမပြောပါနဲ့ကွယ်'

အချစ်ဆိုတာ အရာရာဟာ အရမ်းကို သိမ်မွေ့နက်နဲပါတယ်ကွယ်။ တစိမ့်စိမ့်ကြည့်လေ ဆွဲဆောင်မှုရှိကဲ့ မျက်နှာလေးကို ငုံ့မိုးကြည့်စဉ် ခဏလေး သူ့ရင်တွေ တလှပ်လှပ် ဖြစ်သွားခဲ့သည်။

မိုးနှင်းဆက်သည်လည်း ရင်ခွင်ထဲမှာ ငြိမ်သက်နေရင်းမှ သူ့ကိုတွေ့တာ မကြာသေးတဲ့အချိန်လေးအတွင်းမှာ ဘာကြောင့် သူက ကိုယ့်အပေါ်မှာ စိုးမိုးသွားသလဲဆိုတာ ဆန်းစစ်နေမိသည်။

ကိုကိုကြီး မိုးလင်းဆက်ကိုလည်း ပြင်းထန်စွာ သတိရသွားမိသည်။ သူမရဲ့ နှုတ်ဖျားမှလည်း…

'ကိုကိုကြီး မီးတော့ ကိုကိုကြီးဝင်္ဂတွေ လည်ပြီနဲ့တူတယ်ထင်တယ်'

အစ်ကိုဖြစ်သူရဲ့ အချစ်ကို ဖြူခွင်းဖို့လာကာမှ မထင်မှတ်

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ မြားနတ်မောင်လေးက သူမချစ်ရမယ့် ချစ်သူကို သူမဆီ အရောက်ပို့လိုက်သည်။ နဖူးစာရွာလည်တယ်ဆိုတာ ဒီလိုနှင့် ထင်မိပါတယ်။ သူမအပေါ်မှာ အချစ်တွေလျှံကျလာတာ ဘုန်းထက်သော်ကိုလည်း သူမ အပြစ်မတင်ချင်ပါ။ ဘုန်းထက်သော်နှင့် မိုးနှင်းဆက်တို့ မန္တလေးရဲ့ နာမည်ကြီးစားသောက်ဆိုင်တွင် မနက်စာ ဝင်စားလိုက်ကြသည်။ ထိုဆိုင်မှာပင် မထင်မှတ်ဘဲ သူမ မမျှော်လင့်ထားတဲ့ လူတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရသည်။

သူမ အံ့ဩစွာဖြင့် ထိုသူရှိရာသို့ ထကာသွားမိသည်။ ဘုန်းထက်သော်သည်လည်း ကြောင်အမ်းအမ်းဖြစ်သွားကာ သူမ သွားရာဆီသို့ ကြည့်လိုက်ပြီး နှုတ်မှလည်း…

'နှင်း… ဘယ်သွားမလို့လဲ'

'ခဏလေးနော် ကို'

မိုးနှင်းဆက်သွားသည့် နေရာကတော့ ခပ်မိုက်မိုက်ဒီဇိုင်းနှင့် တစ်ယောက်တည်းထိုင်နေသည့် ကောင်လေးတစ်ယောက်ဆီသို့ မျက်နှာချင်းဆိုင် သွားထိုင်လိုက်သည်။ ကောင်လေးက ဘယ်သူ့ကိုမှ မကြည့်မိဘဲ ကိုင်ထားသော ဖုန်းလေးထဲမှ Game ကို ကလေးတစ်ယောက်လို ကစားနေခဲ့သည်။ သူ့ဘေးနားမှာ လာရပ်





သောအရိပ်ကြောင့် သူက ခေါင်းမော့ကြည့်လိုက်ကာ အံ့ဩသွားပြီးနောက် သူ့နှုတ်ခမ်းမှ အပြုံးတစ်ဝက်ဖြင့် မိုးနှင်းဆက်ကို ပူးစိုက်ကြည့်လိုက်သည်။ မိုးနှင်းဆက်ကလည်း ထိုကောင်လေးကို မင်းဘယ်ပြေးမလဲ မလွှတ်ပါဘူးသဘောနှင့် ကြည့်နေသည်။

'မင်းမဟာ'

သူမရဲ့နှုတ်ဖျားမှ အေးစက်နေသောအသံဖြင့်ခေါ်မိသည်။

'You တို့ကို သတိတော့ ရပါသေးတယ်နော်'

မိုးနှင်းဆက်က နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ပြောမိသည်။

မင်းမဟာက…

'နှင်းမ…'

'တို့က နှင်းမကို အမြဲသတိရနေတာပါ'

'You သတိရရင် တို့ကို ဖုန်းတော့ဆက်သင့်တာပေါ့'

'အင်း… ဘယ်လိုပြောရမလဲ နှင်းမ'

'တို့က You ကို သံယောဇဉ်ဖြတ်လက်စနဲ့ ဖြတ်လိုက်တာ'

သူမအနီးကို ရောက်လာသည့် ဘုန်းထက်သော်က သူတို့စကားများကြောင့် မျက်စိမျက်နှာပျက်စွာဖြင့် ဘေးနားရပ်နေမိသည်။ မိုးနှင်းဆက်ကလည်း ဖေမရှည်ချင်တော့သဖြင့်…

'ဒါတွေ ထားလိုက်ပါ၊ You တို့ကို ကားဖိုးပေးဖို့ ကျန်သေးတယ်လေ၊ ပြီးတော့ You က ဘော်ဒါတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို မပြောဘဲနဲ့ ထွက်သွားတာဆိုတော့ မင်းမဟာ Y။ ဘက်က မရှိးသားခဲ့ဘူး'

'နှင်းမ နင်တို့ အဲဒီလိုထင်မယ်ဆိုတာ သိပြီးသားပါ၊ အေး… တို့ တစ်ခုပဲပြောမယ်၊ ဒီကားကိစ္စကြောင့် တို့ ရန်ကုန်က လွင့်သွားရတယ်ဆိုတာ အစ်ကိုမိုးလင်း ဆက်မေးရင် အကုန်သိသွားမယ်၊ တို့ကတော့ အစ်ကို မိုးလင်းဆက်ကို ကတိပေးထားရလို့ သိပ်မပြောချင်ဘူး'

'ဘာ… ကိုကိုကြီးနဲ့ ဒီကိစ္စ ဘာဆိုင်လို့လဲ'

'ရှင်းရှင်းပြောရရင် ငါလည်း အစ်ကိုမိုးလင်းဆက်ပြော တဲ့အတိုင်း ငါ လုပ်လိုက်ရတာပါ၊ နင်တို့အပေါ်မှာ ဘော်ဒါကဏ္ဍ မရှိခဲ့ဘူးဆိုတာ ငါဝန်ခံပါတယ်'

မိုးနှင်းဆက် ခေါင်းတခါခါဖြင့် မင်းမဟာ ပြောစကား များကို အယုံအကြည်မရှိစွာဖြင့်…

'ငါ မယုံဘူး၊ မယုံဘူး၊ နင် မဟုတ်တာတွေ မပြောနဲ့ နော်၊ နင် ငါနားလည်အောင် ပြောပြနော်၊ ငါ မကျေ နပ်ဘူး၊ နင့်စကားတွေကို'

'အေး… နင်က ပြောမှဖြစ်မယ်ဆိုရင်လည်း ငါ ပြော ပြရသေးတာပေါ့၊ အကျဉ်းချုံးပြောပြရမယ်ဆိုရင်တော့ နင်တို့နဲ့ ငါတွေ့တဲ့အချိန်မှာ ငါက ငါ့အိမ်ထောင်နဲ့ စကား





များပြီး ကွဲလာတာ၊ ငါ့ကောင်မလေးက မန္တလေးက၊ သာမန်လူတန်းစေ့နေနိုင်ရုံပါပဲ၊ ငါ ရန်ကုန်ရောက်ရင် နင်တို့နဲ့တွေ့တယ်၊ အထူးသဖြင့် မိုးနှင်းဆက်ဆိုတဲ့ အရမ်းချမ်းသာပြီး အရမ်းလှတဲ့ကောင်မလေးနဲ့တွေ့တော့ ငါ အမှန်အတိုင်းပြောရရင် နင့်အပေါ်မှာ မရိုးသားခဲ့ဘူး၊ ငါ အိမ်ထောင်ရှိတာကိုလည်း နင်တို့ကို မပြောခဲ့ဘူး'

မိုးနှင်းဆက်တစ်ယောက် မင်းမဟာပြောတာကို မယုံ သလို ဖြစ်နေမိသည်။ သူ့ရဲ့ရုပ်သည် လိမ်ညာပြောမယ့်ရုပ်လည်း မဟုတ်ပေ။

'နောက်ပြီးတော့ နင်က ကားကိုပေးစီးတယ်၊ ပြီးတော့ ငါ့ကို ရောင်းတယ်၊ ငါက ဒီကားကို ဘယ်လိုဝယ်နိုင် မှာလဲ၊ မရှက်တမ်းပြောရရင်တော့ ပိုက်ဆံမရှိဘူးဟာ၊ ငါ့မိန်းမဘက်ကတော့ ငါ့ထက်စာရင်တော့ ပိုက်ဆံသုံး နိုင်တယ်၊ ယောက္ခမတွေက ငါက ဘာအလုပ်မှမလုပ်ဘဲ ပန်းချီယောင်ယောင် ဟိုလိုလို ဒီလိုလိုဆိုတော့ မကျေနပ် ကြဘူး၊ အဲဒီမှာ ငါနဲ့ စကားများကြတယ်၊ ငါ့ဘက်က မိသားစုကလည်း ဒီပြဿနာကို ဖြေရှင်းမပေးနိုင်ခဲ့ဘူး၊ ငါ့အဖေနှင့်အမေကလည်း အဆင်မပြေကြတော့ ငါ့အမေ့ဆီ ပိုက်ဆံတောင်းပြီး ငါဝါသနာပါတဲ့ရုပ်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကို အောင်မြင်အောင်လုပ်မယ်ဆိုပြီး ရန်ကုန်ဆင်းလာခဲ့တာပဲ၊ အဲ… နောက်တော့ နှင်းမတို့အစ်ကို မိုးလင်းဆက်က နင့်နဲ့ငါ သံယောဇဉ်ဖြစ်သွားမှာကို တော်တော်ကြောက်တဲ့ပုံပဲ၊ ငါ့အကြောင်းတွေကို မန္တလေးကို လူတွေလွှတ်ပြီး စုံစမ်းတယ်၊ ငါ့ အကြောင်းတွေကို စုံစမ်းတော့ တို့က နှင်းမအပေါ်မှာ ရှင်းရှင်းပြောရင်ငွေညှစ်မှာကြောက်သွားတယ်'

'ကိုကိုကြီးရယ်'

မင်းမဟာ စကားများရဲ့ အဓိပ္ပာယ်ကို နားလည်သလိုဖြစ်သွားခဲ့သည်။ မီးအတွက် ကိုကိုကြီး ကြင်နာစိတ်တွေ ပင်ပန်းသွားမှာပဲနော်။ ကိုကိုကြီးရဲ့ လှပတဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာတရားကို အပြည့်အဝရရှိရဲ့သားနဲ့ မီး ကိုကိုကြီးကို မစာနာပေးနိုင်ခဲ့ဘူး။

မင်းမဟာက ခြောက်သွေ့နေသော သူ့ရဲ့ လည်ချောင်းကို အအေးသောက်၍ စိုပြည်အောင် လုပ်လိုက်၍ စကားကို ဆက်ပြောသည်။

'မန္တလေးက ငါ့အကြောင်းတွေလည်း သိသွားရော ငါ့ဆီကို ကိုမိုးလင်းဆက် ရောက်လာတယ်၊ သူ့ညီမလေး မိုးနှင်းဆက်နဲ့ မဆက်သွယ်ဖို့ သံယောဇဉ်တွယ်အောင်





မနေဖို့နှင့် ဒီချက်ကားကို လက်ဆောင်အဖြစ် ယူသွားပါ၊ ကိုယ်ပေးပါတယ်၊ မိုးနှင်းဆက်ကိုတော့ သူပဲ နားလည်အောင် ရှင်းပြလိုက်မယ်၊ ငါ့ဘက်ကို စဉ်းစားကြည့်၊ ငါ ဘာလုပ်ရမှာလဲ၊ ကိုမိုးလင်းဆက်က နှင်းမကို ပြောမပြဘူးဆိုတာကလည်း နင် ငါ့ကို စိတ်နာပြီး မေ့သွားအောင်ဖြစ်မှာပေါ့၊ နင် ဒီကားကို ပြန်ယူချင်ရင် အချိန်မရွေး ပြန်ယူလို့ရပါတယ်'

မင်းမဟာ သက်ပြင်းငွေ့ငွေ့ချလိုက်ရင်းမှ…

'နင့်အပေါ်မှာ သံယောဇဉ်ဖြစ်မိသွားတဲ့ ငါ့ကိုယ်ငါလည်း ထိန်းချုပ်ရင်း အားလုံးချစ်ကြတဲ့ နင့်ဘဝကို မညစ်နွမ်းစေချင်လို့ ငါ နင်နဲ့ ဝေးတဲ့နေရာကိုသွားတာ နှင်းမ' ဆွေးမြည့်သလိုလေး ပြောပြီး…

'ရော့… ဒီမှာ ကားသော့၊ နင်ယူချင်ရင် ပြန်ယူသွားပါ'

သူမ အသိမဲ့သူတစ်ယောက်လို ငေးငိုင်သွားရာမှ…

'Sorry မင်းမဟာ'

'ငါ နင့်အပေါ်မှာ အထင်မှားမိတယ်၊ ဒီကားကိုလည်း ငါပြန်မယူဘူး၊ နင့်ရဲ့စိတ်ကိုလည်း ငါ လေးစားပါတယ်၊ တို့ရဲ့ ကိုကိုကြီးရဲ့ လုပ်ထားတဲ့အလုပ်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်မစွက်ဖက်တော့ပါဘူး၊ နှင့်ဘာသာနှင် ပြန်ယူသွားပါ၊ ငါ့အပေါ်မှာ ဖြူစင်တဲ့ သံယောဇဉ်ကိုလည်း ငါ လေးစားပါတယ် မင်းမဟာ'

စိတ်ထဲတွင်တော့ တို့နှစ်ယောက် တွဲနေတဲ့အချိန်မှာ နှင့်ဘက်က အခွင့်အရေးတွေ ရရဲ့သားနဲ့ နှင်ထိန်းချုပ်ခဲ့တာသိရလို့ ငါ ကျေနပ်ပါတယ်။ သူတို့ စကားပြောနေဆဲမှာပင် ကလေးချီထားသော အမျိုးသမီးတစ်ယောက် ဝင်လာသည်။

မင်းမဟာက ထရပ်၍…

'ယင်းမာ လာလေ၊ နှင်းမ ဒါ ငါ့မိန်းနဲ့ သားလေး'

ဟု မိတ်ဆက်ပေးသည်။

မိုးနှင်းဆက်က နှုတ်ခမ်းမှာ အပြုံးလေးတင်၍…

'နှင့်အမျိုး သမီးက နှင့်ထက်တောင် ချောပါသေးတယ်'

မင်းမဟာရဲ့မိန်း ယင်းမာက ချိုသာစွာပြုံး၍…

'You က ပိုချောပါတယ်ကွာ'

'မြှောက်မနေပါနဲ့ကွာ၊ ဒီဝိုင်းကို ကိုယ်ပဲရှင်းပေးလိုက်မယ်'

မင်းမဟာက…

မိုးနှင်းဆက်ရဲ့ဘေးမှာ ရပ်နေသည့် ဘုန်းထက်သော်ကို မျက်စပစ်ပြ၍…





'နှင်းမ ငါနဲ့ မိတ်ဆက်ပေးဦးလေ'

'ဪ… ဟုတ်သားပဲ'

သူမမျက်နှာမှာ ရှက်ရိပ်များသန်းသွားကာ…

'သူက နှင်တို့ မန္တလေးကပဲလေ'

'သူ့နာမည် ဘုန်းထက်သော်'

'ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်'

တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

မင်းမဟာက မိုးနှင်းဆက်ကို ပြုံးစစမျက်နှာဖြင့်…

'နှင်းမ'

မိုးနှင်းဆက်က မျက်လုံးဖြင့်ကြည့်၍ ထူးလိုက်သည်။

'နှင်နဲ့ ပုဂ္ဂိုလ်လေးနဲ့ ဘယ်လိုလဲ'

'နှင် အိမ်ထောင်ကျသွားပြီလား'

'အို… မကျသေးပါဘူး၊ ငါက ကိုဘုန်းအိမ်မှာ တည်းနေတာ၊ တို့ကို ကိုဘုန်းက မန္တလေးမြို့က တို့မရောက်ဖူးတဲ့နေရာကို လိုက်ပို့ပေးတာ'

'ဆောရီးနော် နှင်းမ'

'ရပါတယ်၊ ကိစ္စမရှိပါဘူး'

ကိုဘုန်းဘက်ကို ကြည့်လိုက်တော့ မျက်စိမျက်နှာ ပျက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မိုးနှင်းဆက်ရဲ့ စိတ်ထဲတွင်တော့ တစ်မျိုးတော့ မထင်လိုက်ပါနဲ့ ကိုဘုန်းရယ်။ မီးနဲ့ ကိုဘုန်းကို လွတ်လပ်သောစုံတွဲဟု ထင်မှာစိုးလို့ပါ။

ဘုန်းထက်သော်က နှင်းရယ် ကိုယ့်ကို တကယ်မှ ချစ်ရဲ့လားကွယ်။ စိတ်ထဲတွင်လည်း စိတ်မကောင်းဖြစ်သွားမိသည်။

မိုးနှင်းဆက်သည် ကိုဘုန်းရဲ့ မျက်နှာအရိပ်အကဲကိုကြည့်မိ၍ မင်းမဟာတို့နဲ့ စကားစဖြတ်၍ ပြန်ရန် ဆုံးဖြတ်လိုက်သည်။

'မဟာ… တို့ကို ခွင့်ပြုဦးနော်'

'ဩော်… အေး… အေး… ဒီမှာ ငါ့လိပ်စာကတ်၊ နင် မပြန်ခင် တို့ဆီလာလည်ဦးနော်'

မင်းမဟာရဲ့ဇနီး ယင်းမာကလည်း…

'မမိုးနှင်းဆက်… ယင်းမာတို့ဆီ လာလည်ပါဦးနော်'

မိုးနှင်းဆက်က…

'မပြန်ဖြစ်သေးရင် လာလည်မယ်'

'သွားပြီနော်'

'See You'

မင်းမဟာရဲ့ နှုတ်ဆက်သံကြောင့်…

'See You'





မိုးနှင်းဆက်ကပါ နှုတ်ဆက်လိုက်မိသည်။

'နှင်းမ… နင့်မင်္ဂလာဆောင်ကျရင် ငါ့ကိုဖိတ်နော်၊ အဟား… ဟား'

မိုးနှင်းဆက်က မင်းမဟာကို အပြုံးမျက်နှာလေးဖြင့် မျက်စောင်းလေးသာလှမ်းထိုးနိုင်ပြီး သူမရှေ့မှ ခြေလှမ်းကျဲများဖြင့် ထွက်သွားတဲ့ ဘုန်းထက်သော်နောက်သို့ အပြေးလေးလိုက်မိသည်။

ဘုန်းထက်သော်က ကားတံခါးကိုဖွင့်၍ အရင်ဝင်ထိုင်သည်။ မိုးနှင်းဆက်ကလည်း ကားတံခါးကိုဖွင့်၍ ဝင်လိုက်ရသည်။

ဘုန်းထက်သော်က ကားဂီယာထိုး၍ လီဗာကိုနင်း၍ စားသောက်ဆိုင်ဝင်းထဲမှ အရှိန်ဖြင့် မောင်းထွက်လိုက်သည်။ ကားလေးက မန္တလေးမြို့ရဲ့ လမ်းမကြီးမှာ ပြေးနေသည်။ ဘေးပတ်ဝန်းကျင်မှ ဆိုင်ကယ်များ၊ စက်ဘီးများနှင့် အလွန်ရှုပ်ထွေးနေသည်ဖြစ်တော့ စကားမပြောဘဲ ကားကို ဘုန်းထက်သော် ခပ်ကြမ်းကြမ်းမောင်းနေသဖြင့် သူမ ငြိမ်နေဖို့မဖြစ်တော့။

'ကိုဘုန်း… ကားကို နည်းနည်းအရှိန်လျှော့ပါဦး'

သူက နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ရှေ့တည့်တည့်ကို သာကြည့်၍ ကားကို မောင်းနေသည်။

'ကိုဘုန်း… ကားကိုအရှိန်လျှော့လို့ မီးပြောနေတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အဟွန်း… ဘာလဲ… သေရမှာကြောက်လို့လား'

မိုးနှင်းဆက်လည်း ဒေါကန်သွားရာ…

'ဟုတ်တယ်… ဟုတ်တယ်၊ သေရမှာ ကြောက်တယ်'

အော်ပြောနေရင်းမှ သူမရဲ့ မျက်လုံးများ မျက်ရည်များ အဆက်မပြတ်ကျလာသည်။ ဘုန်းထက်သော်လည်း မိုးနှင်းဆက်ရဲ့ မျက်ရည်များကိုမြင်လိုက်ရ၍ ကားကိုအရှိန်လျှော့၍ ဘေးသို့ထိုးရပ်လိုက်သည်။ သူမလေးကတော့ တသိမ့်သိမ့်နှင့် ငိုရှိုက်နေသည်။

'နှင်း… နှင်းရယ်'

မိုးနှင်းဆက်ရဲ့ လက်ကလေးကိုကိုင်၍ သူ ဘယ်လိုချော့ရမှန်းလဲ မသိပါ။ မိုးနှင်းဆက်ရဲ့ ကိုယ်လေးကို သူ ဖေးမ၍ သူ့ရင်ခွင်ထဲကို ဆွဲသွင်း၍ ချော့မိသည်။ မိုးနှင်းဆက်က သူ့လက်များကို အတင်းဖယ်ထုတ်နေတာကို သူက ပို၍တင်းကျပ်စွာ ဖက်တွယ်ခဲ့သည်။ သူမက ရုန်းကန်၍ သူ့ရင်ဘတ်ကို သူမရဲ့ လက်များဖြင့်ရိုက်ကာ…

'သွား… သွား… မုန်းတယ်… မုန်းတယ်'

'နှင်းရယ်… အခုမှ ချစ်ရတာကို မုန်းစကားဆိုနေပြန်ပြီနော်၊ ကိုယ့်ကို မရက်စက်ပါနဲ့၊ နှင်းထားရစ်ခဲ့မှာ ကိုယ်ကြောက်လို့ပါ'





ငိုထားသဖြင့် နီရဲပြီး ပြောင်တင်းချောမွေ့နေသည့် ပါးပြင်နှစ်ဖက်ကိုကြည့်၍ စိတ်မထိန်းနိုင်စွာဖြင့် အသည်းယားစွာဖြင့် သူမရဲ့ ပါးပြင်မို့မို့ပေါ်သို့ သူ့ရဲ့နှာခေါင်းချွန်ချွန်လေး နစ်ဝင်သွားခဲ့သည်။ သူ့ရဲ့အနမ်းများကိုငြိမ်သက်စွာခံယူရင်း နွယ်ပင်လိုပဲ တွယ်ငြိသွားတတ်သော အချစ်ကိုလည်း မိုးနှင်းဆက် အံ့ဩမိသွားသည်။

မိုးနှင်းဆက်ရဲ့ မျက်ရည်များလည်း တဖြည်းဖြည်း ခန်းခြောက်သွားခဲ့သည်။ သူ့ရင်ခွင်ထဲမှာ အရုပ်ကလေးတစ်ရုပ်လို ငြိမ်သက်သွားသည့် မိုးနှင်းဆက်ရဲ့ မျက်နှာကိုကြည့်၍ သူ့ရင်ထဲမှာ အချစ်စိတ်များ တဖြည်းဖြည်း ပြည့်လျှံလာခဲ့သည်။ အိမ်ရောက်ရင် တီလေးကို သူနှင့် မိုးနှင်းဆက်အကြောင်းကို ပြောပြပြီး တီလေးကို မိုးနှင်းတို့မိသားစုဆီမှာ သွားစေ့စပ်ခိုင်းမယ်၊ တီလေးလည်း သဘောတူမှာပါ။

သူ့စိတ်ကူးကို သူ ကျေနပ်စွာဖြင့် အိမ်သို့ ကားကို ပျော်ရွှင်ကြည်နူးစိတ်ကလေးဖြင့် မောင်းခဲ့သည်။ ချစ်ရသူလေးနှင့် တစ်စက္ကန့်လေးတောင် မခွဲချင်တော့ပါ။

အိမ်သို့ ဘုန်းထက်သော်နှင့် မိုးနှင်းဆက်တို့ ပြန်ရောက်ချိန်မှာ တီလေးက ဧည့်ခန်းမှာ စာအုပ်တစ်အုပ်ဖတ်လျက် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမရွှေစင်...'

မိုးနှင်းဆက်က ဒေါ်ရွှေစင်နားသို့ကပ်၍ ထိုင်ချလိုက်သည်။

'နှင်း... ဒီနေ့ ဘယ်နေရာတွေ ရောက်ခဲ့ကြသလဲ'

'မဟာမြတ်မုနိဘုရား ရောက်တယ် မမရွှေစင်၊ နောက် မန္တလေးတောင်ပေါ် ရောက်တယ် မမ၊ မောလိုက်တာ မမရာ၊ ဟင်း... ဟင်း...'

မိုးနှင်းဆက်ရဲ့ မျက်နှာလေးမှာ ရွှင်မြူးနေသလို ကိုဘုန်းရဲ့ မျက်နှာမှာလည်း ပြုံးပျော်နေသည့်ပုံစံမှာ ဖုံးမရ ဖိမရ ပေါ်နေသည်။ ကလေးနှစ်ယောက်ကို ကြည့်၍ ထားရွှေစင် သဘောပေါက်လိုက်ပါသည်။ ကိုဘုန်းလေးတော့ ခံစားရတော့မှာပဲကွယ်။

'နှင်း... မမ နှင်းအတွက် သံပရာရည်ဖျော်ပေးမယ်နော်၊ အမောပြေလေး သောက်လိုက်ဦးနော်'

'နေပါစေ မမ၊ တစ်အောင့်လောက်နားပြီးရင် မီး ရေချိုးတော့မယ်'

မမရွှေစင်ကို သူ အရမ်းအားနာပါသည်။ သူမလာတဲ့ ရည်ရွယ်ချက်က တစ်မျိုး၊ အခု သူမ မထင်မှတ်ဘဲနှင့် အချစ်ကို ရှာဖွေတွေ့ရှိသွားခဲ့ပြီ။ ကိုကိုကြီးကို ဟန့်တားခဲ့သမျှတွေဟာ သူမ အချစ်နှင့် စတွေ့မိတဲ့အချိန်မှစ၍ ကိုကိုကြီးကို စိတ်ချမ်း





သာစေချင်ခဲ့ပါသည်။ ကိုကိုကြီး မီးကို ခွင့်လွှတ်ပါကွယ်နော်။ မီး ကိုကိုကြီးကို မနှောင့်ယှက်တော့ပါဘူး။

'မမ မီးအခန်းမှာ သွားနားဦးမယ်နော်'

သူမ မမရွှေစင်ကို နှုတ်ဆက်လိုက်သည်။ အပေါ်ထပ်သို့ တက်သွားသည့် မိုးနှင်းဆက်ရဲ့ ကျောပြင်ကိုကြည့်၍ ထားရွှေစင်တစ်ယောက် သက်ပြင်းမောကြီးကို မှုတ်ထုတ်မိသည်။

အချစ်ဆိုတဲ့ ခံစားချက်ဟာ အင်မတန် သိမ်မွေ့နက်ရှိုင်းလှတာကို သူမ ခံစားဖူးပြီးခဲ့သွားပြီ။ ကိုယ်ချစ်ရတဲ့ ချစ်သူရဲ့ မျက်နှာလေးကို မြင်ယောင်နေရုံနဲ့ ပြီးပြည့်စုံတဲ့ ချစ်ခြင်းမျိုးကို သူမက မမက်မောချင်ဘဲနှင့် မက်မောခဲ့ရပြီလေ။

အချစ်နှင့်မကင်းတဲ့ လောကကြီးထဲမှာ ဘယ်သူမဆို မြတ်နိုးရတဲ့ အဖော်မွန်တစ်ယောက်လောက်ကိုတော့ မျှော်လင့်တောင့်တစမြဲပါ မိုးနှင်းဆက်လေးရယ်။ သူမလေးရော မလိုအပ်ဘူးလို့ ထင်နေဦးမှာလား။

ဘုန်းထက်သော်တစ်ယောက် ကားဂိုဒေါင်ထဲသို့သွင်းပြီး ကားကိုဝင်လာတော့ တီလေးတစ်ယောက်တည်း တွေဝေငေးမောစွာ ထိုင်နေတာကို တွေ့လိုက်သည်။

'တီလေး...'



www.burmeseclassic.com

www.burmeseclassic.com



သူ အသံပေး၍ခေါ်လိုက်ပြီး အဒေါ်ဖြစ်သူနားကိုကပ်၍ ထိုင်လိုက်သည်။ အဒေါ်ဖြစ်သူရဲ့ ပခုံးပေါ်သို့ သူ့ရဲ့ခေါင်း တင်လိုက်သည်။ ဒါဟာ ဘုန်းထက်သော်ရဲ့ စတိုင်လ်ဖြစ်သည်။ သူဟာ တစ်ခုခုကို ပူဆာချင်ရင် အဒေါ်ဖြစ်သူကို ဒီပုံစံအတိုင်းပဲ ပြုမူနေကျပဲလေ။ ထားရွှေစင်က တူဖြစ်သူရဲ့ နဖူးပေါ်က ဆံပင်အချောင်းလေးများ သပ်တင်၍ သူမရဲ့နှုတ်ဖျားမှ...

'ကိုဘုန်း... သား'

'ဗျာ...'

'သားနဲ့ နှင်းလေးတို့'

'ဟုတ်တယ် တီလေး၊ သား နှင်းကို အရမ်းချစ်မိသွားပြီ၊ အရမ်းလည်း မြတ်နိုးမိသွားပြီ တီလေး၊ အဲဒါ... အဲဒါ... တီလေး သားကို ရန်ကုန်ကိုသွားပြီး နှင်းတို့မိသားစုမှာသွားပြီး စေ့စပ်ပေးပါနော်၊ တီလေး နော်'

ဘာသံမှမကြားရ၍ ဘုန်းထက်သော် အဒေါ်ဖြစ်သူ မျက်နှာကို မော့ကြည့်လိုက်တော့ မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျှံ၍ ပါးပြင်ပေါ်သို့ စီးကျလာတာကို တွေ့လိုက်ရ၍...

'ဟာ... တီလေး... တီလေး... ဘာဖြစ်လို့လဲ၊ သားနဲ့ နှင်းကို သဘောမတူဘူးလား တီလေး၊ နှင်းမှာ





ဘာအပြစ်ရှိလို့လဲ၊ ပြောပါဦး တီလေး'

အဒေါ်ဖြစ်သူက မျက်ရည်များကျ၍ သူ့ကိုကြည့်နေတာကို သူ့စိတ်ထဲမှာ မွန်းကျပ်မှုများဖြင့် လက်ကိုကိုင်လှုပ်၍ ထပ်ကာ ထပ်ကာ မေးမိသည်။ မိုးနှင်းဆက်လည်း လှေကားမှဆင်းလာသဖြင့် ကိုဘုန်း အသံကြားသဖြင့် ရပ်၍ နားစွင့်နေမိသည်။

ကိုဘုန်းက...

'တီလေး သားနဲ့ နှင်းကို ဘာကြောင့်သဘောမတူတာလဲ၊ ရှင်းပြပါ တီလေး၊ သားနားလည်အောင်'

'သား... ကိုဘုန်း၊ တီလေးက သဘောမတူတာ မဟုတ်ဘူး၊ သားမှာလည်း အပြစ်မရှိဘူး၊ နှင်းမှာလည်း အပြစ်မရှိဘူး၊ ဒါပေမဲ့...'

'ဒါပေမဲ့ ဘာဖြစ်လဲ တီလေး'

'အပြစ်ရှိတာ တီလေးမှာပါကွယ်'

'ဗျာ...'

ဘုန်းထက်သော် နားမလည်လိုလုပ်၍ နားထောင်နေသော မိုးနှင်းဆက်လည်း မမရွှေစင်စကားကြောင့် သူမရဲ့ မျက်ခုံးလေး မြင့်တက်လာသည်အထိ အံ့သြသွားမိသည်။

ဒေါ်ရွှေစင်က...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သား၊ နှင်း မန္တလေးကလာတဲ့ ရည်ရွယ်ချက်က သူမရဲ့ အချစ်ဆုံးအစ်ကိုကြီးရဲ့ ချစ်သူကို သဘောမတူလို့ ပြောဖို့လာခဲ့တာ၊ အဲ… အဲဒါကလည်း မိုးနှင်းဆက်ရဲ့အစ်ကို မိုးလင်းဆက်ရဲ့ ချစ်သူက အခြားသူမဟုတ်ဘူး ကိုဘုန်း၊ ထားဆိုတာ တီလေးပဲ သား'

'ဗျာ…'

သူက ထင်မှတ်မထားတဲ့စကားကို ကြားလိုက်ရသဖြင့်-

'ဖြစ်မှဖြစ်ရလေ တီလေးရယ်၊ သား တကယ်မသိခဲ့တာပါ တီလေးရယ်၊ နှင်း စရောက်ရောက်ချင်းတည်းက သားကို ပြောပြထားရင် နှင်းအပေါ်မှာထားတဲ့ သားရဲ့ ချစ်စိတ်တွေကို ထိန်းချုပ်ထားနိုင်မှာပါ တီလေး၊ အခုတော့… အခုတော့… နှင်းက သူ့အပေါ်မှာ အခွင့်အရေးယူကာ နီးစပ်မှုကို အသုံးချ၍ သာယာမှုကို ဖန်တီးသူအဖြစ် အထင်ခံရမှာ အစိုးရိမ်ဆုံးပဲ တီလေး'

'တီလေးလည်း ဒီလိုပါပဲ သားရယ်'

ပထမတော့ နှင်းရဲ့ သူငယ်ချင်းနှင့်တွေ့ရင် ပြီးဆုံးသွားမှာဖြစ်သလို ကိုဘုန်းနှင့်လည်း သံယောဇဉ်တွယ်တာစရာ မရှိဟု ထင်မိသည်။





'သား… ကိုဘုန်း၊ တီလေး အမှားပါကွယ်၊ တီလေးကို ခွင့်လွှတ်ပါ'

'တီလေး မမှားပါဘူး၊ သားအမှားပါ၊ တိုတောင်းလှတဲ့ ရက်လေးအတွင်းမှာ သားတို့နှစ်ယောက် ချစ်မိကြတယ်'

ပြီးတော့… ပြီးတော့ တီလေးအပေါ်မှာ အထင်အမြင်သေးစွာ ဆက်ဆံလာမည့် အပြုအမူ အပြောဆိုတွေကို သား ခံစားနိုင်မှာ မဟုတ်ပါ။ ဒီအတွက်လည်း သူ့အချစ်တွေကို မျိုသိပ်ထားရုံပဲ ရှိတော့သည်။ သူ ပြတ်သားစွာ ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချလိုက်သည်။

'တီလေး… သား စက်ရုံမှာပဲ သွားနေတော့မယ်'

'သားရယ်'

အဒေါ်ဖြစ်သူရဲ့ ပခုံးလေးကို နှစ်သိမ့်၍ သိုင်းဖက်ပြီး…

'တီလေး နှင်းကို ပြောစရာရှိတာ ပြောပါ၊ သားကတော့ နှင်းရဲ့ဆုံးဖြတ်ချက်အတိုင်းပါပဲလို့ ပြောပေးပါ၊ တီလေး'

'ပြဿဒါးနေ့ရက်တွေပျောက်ပါစေလို့ သား ဆုတောင်းလိုက်ပါတယ် တီလေး'

မိုးနှင်းဆက်သည် ဘုန်းထက်သော် ကားကိုဂိုဒေါင်ထဲမှထုတ်၍ ခြံထဲမှ မောင်းထွက်သွားပုံမှာ တစ်ရှိန်ထိုးမောင်းထွက်သွားပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ဘဝထဲမှ အပြီးထွက်သွားသည့်ပုံစံနှင့် ပို၍တူလေသည်။ သူမရင်ထဲမှာ ဆို့နှင့်ကြေကွဲ၍နေသည်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ မှန်ပါလားဟုလည်း တွေးမိကာ ငေးငိုင်နေရာမှ…

'မမရွှေစင်'

သူမက မျက်နှာမှ မျက်ရည်များကိုသုတ်၍…

'နှင်း' ဆို့နှင့်သော အသံဖြင့် ခေါ်လိုက်သည်။

'မမ နှင်းကို ပြောစရာရှိတယ်'

'မမ ဘာမှမပြောပါနဲ့တော့၊ နှင်း အားလုံးကြားပြီးသွားပြီ မမ၊ တကယ်တော့ နှင်း အားလုံးကိုနားလည်သွားပါပြီ၊ ကိုကိုကြီးနဲ့ မမရွှေစင်ကိုလည်းစာနာ[illegible]ပါပြီ၊ မီး ကိုကိုကြီးနဲ့ မမရွှေစင်အပေါ်မှာ အတ္တကြီးသွားတယ်၊ ဒါတွေကို နှင်း နားလည်ရကောင်းမှန်း မသိခဲ့ဘူး မမ၊ အခု နှင်း အချစ်ကို စတင်တွေ့ရှိပြီးမှ ခံစားနားလည်နိုင်ခဲ့ပါပြီ မမ၊ နှင်းလေ အားလုံးအတွက် မီး မဖြစ်ချင်တော့ပါဘူး၊ အေးချမ်းတဲ့ နှင်းလေးပဲ ဖြစ်ချင်ပါပြီ၊ ကိုဘုန်းရဲ့ ခွဲခွာစကားကိုတောင် နှင်း ခံနိုင်ရည်မရှိခဲ့ရင် မမရွှေစင်ရဲ့ ရင်ထဲမှာ နှစ်ပေါင်းများစွာ ခံစားလာခဲ့တဲ့ သောကတွေကို ပြေပျောက်စေချင်ပါတယ်၊ မမ နှင်းကို ခွင့်လွှတ်ပါ'





'နှင်းရယ်… ညီမလေးရယ်'

ထားရွှေစင်ရဲ့ ရင်ဘတ်လေးမှာ မျက်နှာအပ်ရင်း မျက်ရည်များကျမိသည်။ ကံကောင်းလို့ အတ္တကို ရှေ့တန်းတင်တဲ့ လူ မဖြစ်သေးတာပါလား။

'တူ… တူ… တူ… တူ'

အဆက်မပြတ် မြည်နေသော ဖုန်းခွက်လေးဆီသို့ မမရွှေစင် သွားကိုင်လိုက်သည်။

'ဟယ်လို… ထား'

'ကိုမိုး' ဆိုတဲ့ အသံကြောင့် မိုးနှင်းဆက်က သူမအစ်ကိုဖြစ်သူ မိုးလင်းဆက်ဆိုတာ သိလိုက်သဖြင့် မမရွှေစင်လက်ထဲမှ ဖုန်းခွက်လေးကို လှမ်းယူ၍…

'ကိုကိုကြီး'

မိုးလင်းဆက်တစ်ယောက် မိုးနှင်းဆက်ရဲ့ အသံလေးကြောင့် စိတ်လှုပ်ရှားသွားသည်။

'မီးငယ်လေး…'

'ကိုကိုကြီး မီးကိုခွင့်လွှတ်ပါ ကိုကိုကြီး'

'မီးလေ… မီး… ကိုကိုကြီးနဲ့ မမရွှေစင်ကို မခွဲတော့ပါဘူး၊ မမရွှေစင်ကို မမထားမှန်း မီး ဒီနေ့မှ သိလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး၊ ကိုကိုကြီး မီးကို မုန်းနေပြီလား ကိုကိုကြီး'

သူမရဲ့ ကိုကိုကြီးက…

'မီးငယ်ရယ်… ဘယ်လိုမေးလိုက်တာလဲကွယ်၊ ကိုကိုကြီး ညီမလေးကိုချစ်တဲ့ အချစ်တွေဟာ ဘယ်တော့မှ အမုန်းမရှိတဲ့အချစ်တွေနဲ့ပါကွယ်၊ ညီမလေး မသိဘူးလား'

'ဝမ်းသာလိုက်တာ ကိုကိုကြီးရယ်၊ ဒါဆိုရင် ကိုကိုကြီး မန္တလေးကို မီတဲ့ဖလိုက်နဲ့ လိုက်ခဲ့တော့ ကိုကိုကြီး'

သူမ ပြောပြီးပြီးချင်း မမရွှေစင်ကို ဖုန်းခွက်လေး ဖုန်းခွက်လေး လှမ်းပေးလိုက်သည်။ မမရွှေစင်သည်လည်း ပျော်ပါစေတော့။ မိုးလင်းဆက်မှာလည်း ညီမလေးရဲ့ စကားကြောင့် သူ့ရဲ့အပျော်တွေ မျက်နှာမှာ လျှံထွက်နေသည်။

'ဟယ်လို… ကိုမိုး'

'ထား… ညီမလေးရော ထား၊ ဘယ်ရောက်သွားပြီလဲ'

'ခြံထဲဆင်းသွားတယ် ကိုမိုး'

'ကိုယ်တော့ ညီမလေး ပြောင်းလဲသွားတာကို နားမလည်နိုင်တော့ဘူး'

အရမ်းကိုချစ်ကြတဲ့ မောင်နှမနှစ်ယောက်ကို သူမ မုဒိတာ ပွားမိပါသည်။





'ထားရယ်… ကိုယ် အရမ်းဝမ်းသာလိုက်တာ'

'ထားလည်း ဝမ်းသာပါတယ် ကိုမိုးရယ်၊ ပြောမပြတတ်အောင်ပါပဲကွယ်၊ ကိုမိုး မန္တလေးကို လာခဲ့လေ၊ ဒီရောက်မှ ကိုမိုးကို အကြောင်းစုံရှင်းပြမယ်'

'ဘာအကြောင်းတွေများလဲ ထားရယ်၊ ကိုယ် ရင်မောအောင် လုပ်နေပြန်ပြီ'

'ကိုမိုးအတွက် ဝမ်းသာစရာပါ၊ ဒီလို ကိုမိုး…'

ဘုန်းထက်သော်နှင့် မိုးနှင်းဆက်အကြောင်းကို အတိုချုံးရှင်းပြပြီး ဖုန်းချလိုက်သည်။

မိုးလင်းဆက်သည် ထူးဆန်းလှသည့် ကံကြမ္မာကိုလည်း အံ့ဩမိသွားသည်။ သူမ ညီမလေးအတွက် စိတ်အေးသွားရပါပြီ။ ပထမတော့ သူ ထားရဲ့တူလေးနှင့် ညီမလေးကို ရည်စူးခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် လွဲသွားပြီးမှ ကလေးတွေလည်း ဖူးစာမှန်လို့ တွေ့ဆုံကြရပါသည်။ စီစဉ်စရာရှိတာများကို စီစဉ်ပြီး မန္တလေးသို့သွားရန် စိတ်တွေ တက်ကြွနေတော့သည်။ အချစ်ဆိုတဲ့အရာကို ညီမလေး တွေ့ရှိသွားသည်။

သူ အရမ်းကို ဝမ်းသာမိပါသည်။ ဒါကြောင့် ညီမလေး မိုးနှင်းဆက်ရဲ့ စိတ်တွေ ပြောင်းလဲသွားရတာဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်သလို ကံကြမ္မာက ထားရဲ့တူလေးနှင့် သူ့ညီမလေးကို အကြောင်းပါစေခဲ့တာပဲလေ။ ဒီတစ်ခါတော့ ကံကြမ္မာကို ကျေးဇူးတင်မိပါသည်။ ကျွန်တော်တို့အားလုံး ဆုံတွေ့ခဲ့ကြတာ အမုန်းမရှိတဲ့ အချစ်တွေနှင့် ဖြစ်လို့ပါ။

မိုးနှင်းဆက် ခြံထဲရှိ ဒန်းလေးပေါ်တွင် တစ်ယောက်တည်း တွေးကာနေမိသည်။ ကိုဘုန်း ခဏလေး အဝေးကိုထွက်သွားတဲ့ အချိန်လေးမှာတောင် ခံနိုင်ရည်မရှိခဲ့ပါလား။ ကိုဘုန်းက နှင်းကို မုန်းရက်သွားပြီလား။ သူမအပေါ်မှာ ကိုဘုန်းရဲ့အချစ်တွေ လျှင်မြန်စွာပျောက်ဆုံးသွားမှာ အရမ်းကြောက်နေမိတယ်။

ကိုဘုန်းရှိနေမှ ဖြစ်မှာပါ။ နှင်းအနားက ဝေးဝေးမသွားပါနဲ့၊ မချစ်စဖူး အချစ်ရူး ရူးနေမိသည့်အဖြစ်ကို သူမ တွေးနေရင်းမှ နှုတ်ဖျားမှ ကိုဘုန်းရယ်… နှင်းလေ… နှင်း… ကိုဘုန်းကို အရမ်းချစ်နေမိပါပြီကွယ်။ နှင်းအနားကနေ ဘယ်မှမသွားပါနှင့်ဟုလည်း တိုးတိုးလေး ပြောနေမိသည်။

'ဘယ်မှမသွားပါဘူး နှင်းရယ်'

မျက်လုံးလေးမှိတ်ထားပြီး နှင်းရဲ့ စကားတွေပြောနေသည့် မျက်ခွံလေးပေါ်သို့ အနမ်းပွင့်လေးပေးမိရင်း ဘုန်းထက်သော် ပြောမိသည်။



BURMESE CLASSIC .com



'အို… ကိုဘုန်း'

'နှင်းရယ်'

တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမည့်အလား တင်းကျပ်စွာ ဖက်တွယ်ထားခဲ့သည်။ ကိုဘုန်း သူမအနားသို့ ဘယ်လိုရောက်လာတာလဲ။ ကားသံလည်းမကြားပါလား။ သူမ မေးမိသည်။

'ဘယ်ကြားမှာလဲ၊ ကောင်မလေးတစ်ယောက် သူ့ချစ်သူကို လွမ်းလို့ မျက်စိကို မှိတ်ထားတာကိုး'

'အိုး… သွားပါ၊ မဟုတ်ပါဘူး'

'မရှက်ပါနဲ့ နှင်းရာ၊ ချစ်သူနှစ်ယောက်ကြားမှာ ချစ်ရတာလွမ်းရတာတွေဟာ ရှက်စရာမဟုတ်ပါဘူး ကောင်မလေးရယ်'

ရှက်နေသည့်ကောင်မလေးကို ချော့မော့ပြောမိသည်။

'နှင်းကို ကိုဘုန်း အတ္တကြီးတဲ့သူတစ်ယောက်လို့မြင်ပြီးမုန်းသွားပြီလားလို့ စိုးရိမ်သွားမိတယ် ကိုဘုန်းရယ်။ နှင်းကို ခွင့်လွှတ်ပါနော်။ မမရွှေစင်ကိုလည်း နှင်း ကိုကိုကြီးနဲ့ သဘောတူလိုက်ပါပြီ။'

'နှင်းရယ်… နှင်းရဲ့ စိတ်ထားလေးက ကလေးတစ်ယောက်လိုပါပဲကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထက်သော်က နှင်းရဲ့ မျက်နှာလေးကို သူ့ရဲ့လက်များဖြင့် အုပ်မိုး၍ သူ့ရဲ့မျက်နှာလေးကို မိုးနှင်းဆက်ရဲ့ နားနားကပ်ကာ...

'ကိုယ်က နှင်းကို ဘယ်တော့မှ မမုန်းပါဘူးကွယ်၊ မှတ်ထားနော်၊ ကိုယ့်ရဲ့ အချစ်တွေဟာ နှင်းအပေါ်မှာ ဘယ်တော့မှ မုန်းနိုင်မှာမဟုတ်သလို နှင်းကို ချစ်ခဲ့တာကလည်း မုန်းဖို့မှ မဟုတ်တာကွယ်'

'ကိုဘုန်းရယ်'ဟု တီးတိုးရေရွတ်၍ ဘုန်းထက်သော်ရဲ့ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်မိသည်။ စိတ်ထဲတွင်လည်း သူမ ကံကောင်းပါတယ်။ သူမအပေါ်မှာချစ်တဲ့ ကိုကိုကြီးရဲ့အချစ်တွေဟာလည်း အမုန်းမရှိခဲ့သလို မမရွှေစင်သည်လည်း ကိုကိုကြီးအပေါ်မှာ အမုန်းမရှိတဲ့အချစ်နှင့် အချစ်ကြီးချစ်ခဲ့သည်။ သူမကို ချစ်တဲ့ ချစ်သူကိုဘုန်းရဲ့ အချစ်တွေဟာ အမုန်းမရှိတဲ့ အချစ်တွေပဲ ဖြစ်ချင်ခဲ့ပါသည်။ သူမဆုတောင်း ပြည့်ခဲ့ပါသည်။

လူသားတိုင်း လူသားတိုင်း အမုန်းမရှိတဲ့ အချစ်တွေနှင့် တွေ့ဆုံနိုင်ကြပါစေလို့ အမြဲဆုတောင်းနေမှာပါ။

*ရင်ခုန်သံမရပ်သရွေ့ အမြဲ ကြိုးစားနေမယ့်*
ခင်ခင်မြတ်နိုး

ဖိုးလပြည့်စာပေ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ခင်ခင်မြတ်နိုး

## အမုန်းမရှိတဲ့အချစ်




www.burmeseclassic.com